
မြားနီလေးသည်တော်



စာမူ ခွင့်ပြုချက်အမှတ် ၅၉/၉၅/၁
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၅၈/၉၅/၁

ထုတ်ဝေခြင်း
ပထမအကြိမ်
၁၉၉၅ ခု၊ မတ်လ

အုပ်ရေ
၅၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

နဂါး
စာပေ
အထက်မြန်မာပြည် ဖြန့်ချီရေး မန္တလေး

# ရဲရန်အောင်

'မြားနီလေးသည်တော်'

စာစဉ် (၁)

ဖြန့်ချီရေး

ရွှေမိုးအောင်း
စာပေ
အမှတ် ၇၂-၆ လမ်း ရန်ကုန်မြို့
စာတိုက်သေတ္တာအမှတ် ၁၁၈၃
ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

လှိုင်စာပေ
အမှတ် ၁၅/၁၃၈၊ [illegible]
[illegible]
ဖုန်း ၂၁၀၄၄၄

( ၁ )

အန္တရာယ်နိဒါန်း

အချိန်ကား ယန်စီမြစ်ဝှမ်းဒေသ၌ ချူမင်းဆက် နိုင်ငံတော် မပေါ်ပေါက်မီ တရုတ်ပြည်နေရာဒေသအနှံ့ အစိတ်အမြွာမြွာ ကွဲပြားနေသောအချိန်တွင်ဖြစ်ပါသည်။

တစ်ခုသော ငွေဦးပေါက် နေ့လယ်ခင်း၌ တီယင်ချိ ရဲ့တိုက်ကြီးဆီသို့ ဦးတည်လျက် မြင်းစီးကျော်တစ်ဦးသည် မြင်းကို ဒုန်းစိုင်းနှင်လာကြသည်။

အရွယ် အားဖြင့် ၁၀-နှစ်ခန့်ရှိ၍ အသားရောင်မှာမူ နေလောင်ထားသဖြင့် ညိုရောင်သမ်းနေပြီး သမင်ရေကိုယ်ကျပ် အင်္ကျီနှင့် ဦးထုပ်စိမ်းကို ဆောင်းထား၏။

နောက်ကျောတွင်ကား သံမဏိဒူးလေးတစ်ချောင်းကို လွယ်ထားလေသည်။

တီယင်ချီရဲတိုက်ကြီးကား တီယင်ချီရွာထိပ်တွင်ရှိ၍ ရွာကို ဖြတ်သန်းပြီးမှ ရဲတိုက်ကြီးထံသို့ ရောက်ရှိနိုင်လေသည်။

ရွာမှာ ချောင်းကမ်းပါးထား၌ အိမ်ခြေငါးရာခန့်ဖြင့် စုစည်းတည်ထောင်ထားသော ရွာဖြစ်၍ လမ်းတစ်ခုမှာ ချောင်းပေါ်ရှိ တံတားအတိုင်း ဖြတ်သန်းသွားပြီး တစ်ဖက်လမ်းရှိ သစ်တောဘက်သို့ ဦးတည်လျက်ရှိလေသည်။

ထိုလမ်းကလေးများ တီယင်ချီရဲတိုက်ကြီးဘက်သို့သွားရန် ဖောက်လုပ်ထားခြင်းဖြစ်၏။

ထိုရဲတိုက်ကြီးတစ်ဖက်တွင်ကား ဘုရားရှိခိုးကျောင်းကြီး ရှိ၏။

ထိုကျောင်းမှာ ရွာနှင့် ရဲတိုက်ကြီး၏ အလယ်တွင်ရှိ၍ ပတ်ဝန်းကျင်၌ သစ်ပင်ကြီးများဖြင့် စိုပြည်သာယာလှပေသည်။

အရေးတကြီး မြင်းကို ရွာထဲသို့ ဒုန်းစိုင်းနှင်လာသူ မြင်းသည်ကျော်အား ရွာသူရွာသားများက တအံ့တသြငေးမော လျက် လိုက်လံကြည့်ရှုနေကြသော်လည်း မြင်းစီးလူရွယ်မှာ ချောင်းကူးတံတားကိုဖြတ်၍ ရဲတိုက်ကြီးဆီသို့ ဝင်ရောက်သွား ခဲ့လေသည်။

မကြာမီ ရဲတိုက်ကြီးဆီမှ ခေါင်းလောင်းထိုးသံ တဒေါင်ဒေါင်ကို ကြားကြရသဖြင့် ရွာထဲမှလူများ လယ်ကွင်း၊ မြစ်



ကမ်းပါး သစ်တောများတွင် ရောက်ရှိနေသူများမှာ ရဲတိုက်ကြီးထံသို့ စုဝေးရောက်ရှိလာကြ၏။

မြင်းစီးလူရွယ်မှာ လူကုံထံ ရောင်ချွန်း၏ မွေးစားသား စွန်ချန်းဖြစ်လေသည်။

သူ၏လက်ထဲ၌ သူ၏ဖခင်မှ ရဲတိုက်ထဲတွင်နေသည့် ဘုန်းကြီး တိုင်ရွမ်းထံ ပေးပို့လိုက်သည့် စာတစ်စောင် ကိုင်ထားသည်။

စွန်ချန်းမှာ သူ၏မွေးစားဖခင် ရောင်ချွန်းက ခေါင်းတစ်ရာရွာဘက်တွင် တိုက်နေသည့် တိုက်ပွဲတစ်ခုအတွက် တီယင်ချီရွာမှ အရွယ်ရောက်သည့် လေးပစ်နိုင်သူ ဓားသိုင်းကျွမ်းသူမှန်သမျှ စုဆောင်းခေါ်ဆောင်ရန် ဆင့်ခေါ်လာခြင်းဖြစ်၏။

သို့သော် ထိုသို့ ခေါ်လိုက်ခြင်းကား မည်သည့်ဘက်မှ တိုက်ရမည်ဆိုသည်ကိုမူ စွန်ချန်း မသိနိုင်။

သို့သော် မကြာမီ သူ့ဖခင် ရောင်ချွန်းကိုယ်တိုင် တီယင်ချီသို့ ရောက်ရှိလာတော့မည်ဖြစ်၍ မည်သည့်ဘက်မှ တိုက်မည့်အကြောင်း သိနိုင်မည်ဟု စွန်ချန်းက ပြောပြသည်။

ဤတွင် ရွာသားကြီးတစ်ဦးက ဝင်ပြောလေသည်။

'ဒီလို ဘယ်ဘက်ကမှန်းမသိဘဲ တိုက်ရရင်တော့ ဘယ်နိုင်ပါ့မလဲကွ၊ မင်းအဖေ ရောင်ချွန်းက ဟိုဘက်ရောက်လိုက် ဒီဘက်ရောက်လိုက်ကွ၊ မြို့စားကြီးလီဘက်ကလိုလို...မြို့စားကြီးတန်ဘက်ကလိုလို...'

စွန်ချန်းက ထိုရွာသားအား လှမ်းကြည့်လိုက်ပြီး မျက်မှောင်ကုတ်လျက်....

'ခင်ဗျား အဲဒီလိုမပြောပါနဲ့ဗျာ၊ ကျုပ်အဖေ ရောင်ချန်းက ခင်ဗျားတို့ရဲ့ အရှင်သခင်တစ်ဦးပဲဟာ၊ ကျေးဇူးကန်း စကားမပြောနဲ့'

ဟု စိတ်ဆိုးမာန်ဆိုး ပြောမိလိုက်လေသည်။

'ငါက အကောင်းပြောတာပါကွာ၊ ငါ့အမြင်ကို ပြောရတာပါ၊ မကောင်းပြောတာ မဟုတ်ပါဘူး၊ အေးလေ.... မင်းက ငယ်ပါသေးတယ်၊ နောက်တော့ မင်းကြီးလာရင် အကျိုးအကြောင်းမှန်တွေ သိလာပါလိမ့်မယ် စွန်ချန်းရယ်'

သူ နားမလည်သော စကားများကို လူကြီးက ပြောကြားနေခြင်းဖြစ်၍ စွန်ချန်းက သူ့ ဖခင်ဖြစ်သူအကြောင်း စဉ်းစားလိုက်မိ၏။

သူ့ ဖခင်မှာ မြို့စားလိဘက်ကဖြစ်လိုက်၊ တန်ဘက်က ဖြစ်လိုက် သာရာစီးလိုက်နေသည်ဆိုတာတော့ အမှန်ဖြစ်နေသည်။

'ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျုပ် ခုလာတာ ခေါ်သမားတွေ လေးသမားတွေ စုဆောင်းဖို့ပဲ၊ ကျုပ်တို့နဲ့ လိုက်တိုက်ရင် ငွေစမြက်မြက်လေးရမယ်၊ ဒါပဲဗျ၊ ငွေလိုချင်တဲ့လူ လိုက်ခဲ့'

ထိုသို့ ပြောနေစဉ်၌ ရွာဘက်မှ မြင်းခွာသံများကို ကြားရပြန်သည်။

ရွာသားတို့က ထိုလာနေသော မြင်းနှင့် လူအင်အားကို ကြည့်လိုက်၏။



လူကို ထံရောင်ချန်း၏ လက်ရုံးတစ်ဦးဖြစ်သူ ယင်ကဲ့ယန်း ဖြစ်သည်။

သူ၏ လက်တစ်ဖက်၌ ဓားတစ်ချောင်းကိုင်ထား၍ လှံတစ်ချောင်းစွဲကိုင်ထားလေသည်။

သူက မြင်းကို အရှိန်သတ်လိုက်ပြီး ရွာသားတို့အား မြင်းပေါ်မှ လှမ်းမေးလိုက်သည်။

'ဟေ့....ပုချောင်ကျုဆိုတဲ့ အဘိုးကြီး ဘယ်မှာနေလဲကွ'

'လယ်ကွင်းထဲက သူ့ အိမ်မှာ ရှိမယ်ထင်တယ်'

လူရွယ်တစ်ဦးက ဖြေကြားလိုက်သည်။

'ဟေ့... စွန်ချန်း၊ မင်း ငါနဲ့လိုက်ခဲ့ကွာ'

ယင်ကဲ့ယန်းက ခေါ်လိုက်သဖြင့် စွန်ချန်း သူ့ မြင်းပေါ် လွှားခနဲ တက်လိုက်သည်။

ထို့နောက် သူတို့နှစ်ဦး ရွာလယ် လယ်ကွင်းများဘက်သို့ မြင်းကို နှင်သွားကြလေသည်။

မကြာမီ လယ်ကွင်းစပ်ရှိ အိမ်တစ်လုံးဆီသို့ ရောက်ရှိသွားလေသည်။

ထိုအိမ်မှာ နောက်ဖေးဘက်တွင် လယ်ကွင်းပြင်ကြီးရှိ၍ ထိုလယ်ကွင်းအဆုံးဝယ် တီယင်ချီ သစ်တောအုပ်ကြီးအား လှမ်းမြင်ရလေသည်။

မြင်းများကို အိမ်ဝင်းတိုင်များ၌ချည်လျက် ထိုအိမ်ဝိုင်းထဲသို့ ဝင်သွားကြသည်။

အိမ်ထဲ၌ အဘိုးကြီး ပုချောင်ကျုအား အဆင်သင့်တွေ့ရှိကြရသည်။

'အဘိုးကြီး....ခင်ဗျားကို တိုင်ရှမ်းက ဆင့်ခေါ်နေတယ်၊ ဓားသမားတွေကို ခေါင်းဆောင်ရမယ်တဲ့'

ယင်ကဲ့ယန်း၏ စကားကိုကြားလျှင် ပုချောင်ကျူက မော့ကြည့်ပြီး...

'မင်းက ဘယ်သွားနေမှာတုံးကွ၊ မင်းလဲ သိုင်းသမားတစ်ဦးပဲဟာ'

'ကျုပ်လဲ တိုက်ပွဲတစ်ပွဲကို သွားရမယ်ဗျ၊ ခေါင်းတစ်ရာဘက်မှာ တိုက်ပွဲတွေဖြစ်နေကြတယ်၊ ရောင်ချန်းက ဓားသမားတွေ လိုနေလို့တဲ့'

'ဒါဖြင့် ငါနဲ့ လူဘယ်နှစ်ယောက် ခေါ်သွားရမှာလဲ'

'ခြောက်ယောက်'

'ဟာ....ခြောက်ယောက်တည်းနဲ့ ဘယ်လိုလုပ်တိုက်မှာတုံးကွ၊ အနည်းဆုံး သုံးလေးဆယ်မှ ဖြစ်တော့မှာပေါ့'

'ဟာ....ဒီအဘိုးကြီးကလဲ ပြောရတာ ဟယ်လက်ပေါက်ကတ်ပါလား၊ အဲ့လို အများကြီးနဲ့မတိုက်ရအောင် ရောင်ချန်းက ခင်ဗျားကို ခေါ်ခိုင်းတာပေါ့၊ ခင်ဗျားမှပဲ လူနည်းနည်းနဲ့ နိုင်အောင်တိုက်မှာ မဟုတ်ဘူးလား၊ ဟဲ....ဟဲ'

'အေးပေါ့ကွာ....အရေးအကြောင်းဆို ငါ့ကိုသတိရကြတာပေါ့၊ ပြီးရင် မေ့တယ် ဟုတ်လား၊ ဒါနဲ့ မင်းတို့ရထားတဲ့ လူခြောက်ယောက်ကရော လေးပစ်တတ်၊ ဓားခုတ်တတ်ကြရဲ့လား၊ သင်ပေးနေရဦးမှာလား'

'နှစ်ဦးက မြားပစ်တတ်ပြီး ကျန်တဲ့လူတွေကတော့ ဓားသမားတွေပါပဲ'



'အင်းလေ...ပစ်တတ်တိုင်း လေးသမား မဟုတ်ဘူးကွ၊ မှန်အောင်လဲ ပစ်တတ်ဖို့လိုသေးတယ်၊ ဓားသမားလဲ ဒီလိုပဲ၊ ဓားကိုင်တိုင်း ဓားသမားမဟုတ်ဘူး'

'ဒါကတော့ ခင်ဗျား ကြည့်လုပ်ပေးပေါ့၊ ခေါင်းဆောင်ကင်ပြီး ဦးဆောင်ခိုင်းပါတယ်ဆိုနေမှဗျာ၊ အဘိုးကြီးကလဲ'

အဘိုးကြီး ပုချောင်ကျူသည် စကားပြောရင်း မလှမ်းမကမ်းရှိ တောင်တန်းများဘက်ဆီသို့ လှမ်း၍ ကြည့်ရှုနေလေသည်။

နေရောင်သည် တောင်ခြေရှိ ကွင်းပြင်များတွင် ထိုးကျလျက်ရှိသည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

'ခင်ဗျား ဘာကြည့်နေတာလဲဗျ'

'ဟိုမှာ ငှက်တွေထပျံသွားတာကို ကြည့်နေတာ'

ယင်ကဲ့ယန်းက အဘိုးကြီး ကြည့်ရှုနေသော ကွင်းပြင်အဆုံးမှ တောအုပ်ဘက်သို့ လှမ်းကြည့်သည်။

ဝက်သစ်ချပင် ထိပ်ဖျားများ၌ ငှက်တစ်အုပ်မှာ လူးလာတုံ့ခေါက် ပျံသန်းလျက်ရှိသည်။

ဆူဆူညံညံနှင့်ဖြစ်သည်။

'ငှက်တွေဘာဖြစ်နေတာလဲ ပုချောင်ကျူ'

'ရန်သူရှိတယ်ဆိုတဲ့ လက္ခဏာပဲကွ၊ ငါတော့ ဒီအနေအထားကို မသင်္ကာဘူး၊ အဲဒီတောအုပ်ထဲကများ တစ်ဦးဦးက တို့တွေကို ဆော်ဖို့ ချောင်းနေလားမှ မသိတာ'

'ဟား....ဟား....ဟား....ဓားသမား ဘိုးအေကြီးကလဲဗျာ၊ ကြံဖန် ကြောက်ချေးပါနေပြန်ပြီ၊လုံဖျား ပုစဉ်းနား ကျီးကန်း ချေးပါသလို ဖြစ်နေပြီဗျ၊ ခေါင်းတစ်ရာနဲ့ အငေးကြီးပါ ပုချောင်ကျုံရယ်၊ ကြောက်ချင်းကြောက် ခေါင်းတစ်ရာမှာ ရောက်နေတဲ့ ရောင်ချွန်းက ကြောက်ရမှာဗျ၊ ဟား....ဟား.... ဟား'

'မင်းက ငါ့ကို လှောင်တာပေါ့ ဟုတ်လား၊ အေးလေ.... မင်းတို့က အတွေ့အကြုံ နည်းသေးဟာကိုး'

အဘိုးကြီး ပုချောင်ကျုံက မကျေမချမ်းဖြင့် တုံ့ပြန် ပြောနေသည်။

'ကဲ....အဘိုးကြီး ဓားလေးဘာလေးသွေး၊ မြားတံလေး ဘာလေးယူ၊ ဘုန်းကြီး တိုင်ရှမ်းဆီ ပြီးတော့ ကြွ ဟုတ်ပလား'

ထိုစဉ် ရှပ်ခနဲ လေသံတစ်ချက် ကြားလိုက်ရပြီး မြား တစ်စင်းသည် အဘိုးကြီး ပုချောင်ကျုံ၏ နောက်ကျောကို ဖောက်လျက် စိုက်သွားသည်။

ရုတ်တရက် ပုချောင်ကျုံအဘိုးကြီး ရှေ့သို့ ဟပ်ထိုး လဲသွားသည်။

ယင်ကဲ့ယန်းက တုန်လှုပ်ချောက်ချားစွာ နောက်သို့ ခုန် ဆုတ်သည်။

စွန်ချန်းကလည်း မြားလွှတ်ရာနေရာသို့ ပြေးရှောင်ရင်း သူ့ ကျောထက်မှလေးကိုထုတ်ကာ မြားတစ်စင်းတပ်ဆင် လိုက်၏။

ထို့နောက် မြား တံလာရာဆီသို့ မျှော်ကြည့်ပြီး ရှာဖွေ လိုက်သည်။



သို့သော် သစ်တောအုပ်လေးကား တိတ်ဆိတ်ပြီး ငြိမ်သက် လျက်ရှိသည်။ မည်သို့မှ အပြစ်မရှိသကဲ့သို့ရှိသည်။

ရွက်ခြောက်ကြွေသံ လေတိုးသံပင် မကြားရ။

မြင်ကွင်းထဲသို့ မြင်းတစ်အုပ်သာ မြက်စားနေကြသည်အား တွေ့ရှိရသည်။

အဘိုးကြီး ပုချောင်ကျုံကမြားတန်းလန်းနှင့်မှောက်လျက် လဲနေပြီ။

'ရန်သူမြင်လား စွန်ချန်း'

ပုန်းကွယ်နေရာမှ ယင်ကဲ့ယန်းက လှမ်းအော်မေးသည်။

'ထူးထူးခြားခြား မတွေ့တူးဗျာ'

'အဘိုးကြီးတော့ သွားပြီ ထင်တယ်'

ယင်ကဲ့ယန်းမှာ သွေးမရှိသည့် မျက်နှာမျိုးဖြင့် ပြော၏။

အတန်ကြာမှာ သူတို့ ပုချောင်ကျုံ အဘိုးကြီးထံ တွား သွားကာ ဖေးမနိုင်ကြသည်။

စွန်ချန်းက အဘိုးကြီးခန္ဓာအား ပွေ့ယူ ဖေးမထား၏။

အဘိုးကြီးခမျာမှာ မျက်လုံးကို ပြူးပြီး သူတို့အား မော့ ကြည့်နေရှာသည်။

မြားဒဏ်ရာကြောင့် ဝေဒနာခံစားနေရဟန်တူသည်။

မျက်နှာမှာ ရှုံ့မဲ့လျက်ရှိသည်။

စွန်ချန်းမှာ စိတ်မကောင်းဖြစ်ဟန်နှင့် အဘို ကြီးအား ငုံ့ကြည့်နေမိသည်။

ယင်ကဲ့ယန်းမှာမူ အကြောက်ပြေသွားဟန်မတူ၊ ပတ်ဝန်း ကျင်အား ထိတ်လန့်နေသည့် အမူအရာရှိနေသေးသည်။

‘စိုက်နေတဲ့မြားကို နုတ်ပေးစမ်းပါ ယင်ကဲ့ယန်း’

အဘိုးကြီးက တိုးလျှစွာ ပြောသည်။ ယင်ကဲ့ယန်း မျက်လုံးကြီး ပြူးသွားသည်။

‘နုတ်ပေးလိုက်စမ်းပါ စွန်ချန်းရယ်’

သူက စွန်ချန်အား တခ်ဆင့် ပြန်ခိုင်းနေပြန်သည်။

ထို့ကြောင့် စွန်ချန်းက အဘိုးကြီးအား အသာချကာ ကျောတွင်စိုက်နေသောမြားကို ဆွဲနုတ်လိုက်သည်။

သွေးများက မြားနှင့်အတူ ပန်းထွက်လာလေသည်။

ပုချောင်ကျူမှာ မျက်နှာကြီး ရှုံ့မဲ့သွားသည်။ ခေတ္တကြာလျှင် ခေါင်းစိုက်ကျသွားလေ့သည်။

အဘိုးကြီး ပုချောင်ကျူကား အသက်ပျောက်သွားခဲ့လေပြီဖြစ်သည်။

စွန်ချန်းက ဒေါသတို့ဖြင့် ဘောအုပ်ဘက်သို့ လှမ်းကြည့်သည်။

ယင်ကဲ့ယန်းကမူ မျက်လုံးကြီးပြူးကာ....

‘နောက်တစ်ခါဆို ငါ့အလှည့်ပဲ ထင်တယ်ကွ’

‘ဒါ ဘယ်သူ ပစ်တာလဲဗျ’

‘ဘယ်သိမလဲကွ၊ အင်း....အဘိုးကြီးတော့ အသက်ပျောက်ရှာပြီ’

စွန်ချန်းက စိတ်မကောင်းစွာဖြင့် လက်ထဲမှမြားကို ရုတ်တရက် ကြည့်လိုက်မိရာ ထူးဆန်းသလို ဖြစ်သွားကာ....

အရိုးက ဆေးနီသုတ်ထားပြီး နောက်မှာလည်း ငှက်မွှေးအနီကို တပ်ထားသည်။



ထူးခြားနေသဖြင့် စွန်ချန်း အသေအချာ ကြည့်မိသောအခါ မြားအရိုးတွင် စာအချို့ ရေးသားထားသည်အား တွေ့ရှိရသည်။

‘ဟော့....ယင်ကဲ့ယန်း မြားရိုးမှာ စာတွေနဲ့ဗျ’

‘ဟာ....ဟုတ်တယ် စွန်ချန်း၊ မှန်း ဖတ်ကြည့်ရအောင်’

ယင်ကဲ့ယန်းက စာကိုဖတ်ကြည့်လိုက်ရာ....

‘ချင်ထံမှ ပုချောင်ကျူသို့ မေတ္တာလက်ဆောင်’

‘မကောင်းသူ ပယ်မည် ဆိုပါလား’

‘တစ်ခုခုတော့ တစ်ခုခုပဲဗျာ၊ သေသေချာချာ စီစဉ်ပြီးလုပ်ကြံတာပဲ’

‘ဘုန်းကြီး တိုင်ရှမ်းသိရင်တော့ ဘယ်လိုနေမလဲမသိဘူး၊ ငါတော့ လန့်နေပြီကွ’

ယင်ကဲ့ယန်းမှာ အိမ်ပတ်ဝန်းကျင်ကို လှည့်လည် အကဲခတ်လိုက်သည်။

အိမ်မှာ သန့်ရှင်းသပ်ရပ်သော်လည်း အိမ်ထောင် ပရိဘောဂ များများစားစား မရှိပေ။ တစ်နေရာ၌ ဗီရိုတစ်လုံး၊ ထိုင်ခုံတစ်ခုနှင့် စားပွဲတစ်လုံးသာ ရှိသည်။

တစ်နေရာတွင် အဘိုးကြီး၏ခေါးနှင့် ခေါးအိမ်ကို တွေ့ရှိရသည်။

သည်ဓားလေးကိုပင် အဘိုးကြီး ပုချောင်ကျူ မသုံးလိုက်ရရှာ။

ယင်ကဲ့ယန်းသည် တစ်စုံတစ်ရာအစား စဉ်းစားသလိုရှိသည်။

ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်နေသည်။

'အင်း....အဘိုးကြီး ပုချောင်ကျုဆီမှာ ငွေတော့နည်းနည်းပါးပါး ရှိမှာပဲကွ၊ သေသွားတဲ့ လူတစ်ဦးဆီက အမွေဆက်ခံရတဲ့အလုပ်က အကောင်းဆုံးပါပဲ၊ ငါကတော့ရတဲ့ အခွင့်အရေးလေးကို ယူလိုက်ဦးမယ်ကွာ'

စွန်ချန်းက မျက်နှာအား ရှုံ့မဲ့ပစ်လိုက်ကာ....

'သေတဲ့လူဆီက ခင်ဗျားမို့ ယူဖို့ စဉ်းစားတယ်'

'အို....သေသူရှင်သူရယ်လို့ ခွဲခြားမနေနိုင်ပါဘူးကွာ၊ ရဖို့သာ အဓိကပါကွာ'

ယင်ကဲ့ယန်းက စွန်ချန်းပြောသည်အား ဂရုမစိုက်ဘဲ ဗီရိုများအား ဆွဲဖွင့်၍ ဟိုလှန်သည်လှန်လုပ်ပြီး ရှာဖွေနေသည်။

ထိုအခိုက် အပြင်ဘက်မှ ပုချောင်ကျု၏ အမည်ကိုခေါ်ပြီး ဝင်လာသံကို ကြားရသည်။

'ဟာ....ဘုန်းကြီး တိုင်ရှမ်းလာပြီ'

ယင်ကဲ့ယန်းနှုတ်မှထွက်သွားပြီး ပစ္စည်းရှာဖွေခြင်း အလုပ်ကို ရပ်လိုက်လေသည်။

ဘုန်းကြီးတိုင်ရှမ်းမှာ အသက် ၅၀ ခန့်ရှိပြီး အိမ်ထဲသို့ရောက်လျှင် ထိတ်လန့်တုန်လှုပ်သော အမှုအရာကို တွေ့ရှိလိုက်ရလေသည်။

'ဘုရားရေ....ဘယ်လိုဖြစ်ကြတာလဲ'

'အပြင်ဘက်က မြားနဲ့ အပစ်ခံရတာပဲ'





ဘုန်းကြီးက ပုချောင်ကျု အလောင်းဘေးတွင် ဒူးထောက်ထိုင်လိုက်ပြီး ဒဏ်ရာကို စစ်ဆေးကြည့်ရှုနေသည်။

ထို့နောက် ယင်ကဲ့ယန်းအား မော့ကြည့်ပြီး....

'ဘယ်လိုရန်သူကများ ပစ်လိုက်တာလဲကွာ'

'ဟောဒီမှာသူ့ကိုပစ်တဲ့မြား အရိုးနိုပေါ်မှာ စာရေးထားတယ်'

ဘုန်းကြီး တိုင်ရှမ်းက စာကို ဖတ်ကြည့်နေ၏။

'အလို....မကောင်းသူကို ပယ်မည်ဆိုပါလား၊ နာမည်ကလဲ ချင်တဲ့၊ ဘယ်လိုလူကများ လုပ်ကြံတာပါလိမ့်ကွာ၊ မင်း စဉ်းစားလို့မရဘူးလား ယင်ကဲ့ယန်းရဲ့'

'ဟို....တိတ်ဝှက်ဆိုတဲ့ကောင်များ ဖြစ်နေမလား မသိဘူး'

'ဟာ....မဖြစ်နိုင်ပါဘူး၊ ဒီကောင် တို့တွေကို ဒီလိုကြံရည်ရဲပါ့မလား၊ တစ်ခုတော့ ရှိတယ်ဟေ့ လီဘက်က ရောင်ချန်းနဲ့ သူ့နောက်လိုက်တွေကို အငြိုးထားနေတာတော့ အမှန်ပဲ'

ဘုန်းကြီး တိုင်ရှမ်းက မျက်မှောင်ကုတ်ပြီး စဉ်းစဉ်းစားစား ပြောနေ၏။

'ကျွန်တော် ဒီမြို့စားလီ တပ်ဖွဲ့နဲ့ မြို့စားတန့်တပ်ဖွဲ့တို့ဟာ အခုလုပ်ကြံမှုနဲ့ ဘာမှ မပတ်သက်ဘူးလို့ ထင်တယ်၊ ကျွန်တော့်အထင်ပြောရရင် လူကိုထံရောင်ချန်းကို မကျေနပ်လို့ ကလဲ့စားချေနေတာလို့ပဲ ထင်တယ်၊ ဆရာရောင်ချန်းက လူတွေကို နှိပ်စက်ညှဉ်းပန်းပြီး ပစ္စည်းတွေ ငွေတွေကို အဓမ္မ လုယူ

သိမ်းပိုက်ဖူးခဲ့တာပဲ၊ အဲဒီထဲမှာ ဘုန်းကြီးလဲ ပါတယ်မဟုတ်လား’

‘ဟာ....မဟုတ်တာကွာ၊မင်းတွေရာတွေ လျှောက်ပြောမနေပါနဲ့ ယင်ကဲ့ယန်း’

‘တိတ်ဝှက်ဆိုရင် အတော်ကလေး နှိပ်စက်ခံရဖူးတာပဲ၊ ရောင်ချန်းနဲ့ ဘုန်းကြီးတို့ကို တယ်နည်းနဲ့မှ ကျေမှာမဟုတ်ဘူး၊ သူဖြစ်ဖို့များတယ်’

‘တော်စမ်းပါကွာ’

ဘုန်းကြီးတိုင်ရှမ်းက စွန်ချန်းဘက်သို့ကြည့်လိုက်ပြီး ယင်ကဲ့ယန်းအား တားဆီးလိုက်သည်။

‘ကဲ....သွားကြရအောင်’

ထို့နောက် သူတို့သုံးဦး မြင်းများပေါ်သို့ တက်လိုက်ကြသည်။

‘ကျွန်တော်တို့ ရောင်ချန်းဆီလဲ လိုက်သွားကြရဦးမယ် မဟုတ်လား ဘုန်းကြီး’

‘အင်း....ပုချောင်ကျူလဲ သေခါနီးမှသေရပြီ၊ဘယ်လို လုပ်ရမှန်းတောင် မသိတော့ဘူး၊ တကယ်တော့ ငါ့အနေနဲ့မင်းကိုတောင် တိုက်ပွဲတွေဆီ မလွှတ်ချင်တော့ဘူး၊ မင်းပြောသလို ဆိုရင် အန္တရာယ်တွေက အနီးကပ်မှာတင် ရှိနေပြီ၊မင်း ငါ့အနားမှာ ရှိဖို့ကောင်းတယ်’

စွန်ချန်းကတော့ သူတို့ပြောသည်များအား တိတ်ဆိတ်စွာ နားထောင်နေမိသည်။



ပြီးတော့ သုံးဦးသား မြင်းများကို ရဲတိုက်ကြီးဘက်သို့ ဒုန်းစိုင်း နှင်လာကြ၏။

မကြာမီပင် ရဲတိုက်ကြီးသို့ ရောက်ရှိလာကြသည်။

ရဲတိုက်၏နောက်ဘက်၌ လူနှစ်ဆယ်ခန့်မှာ မြင်းကိုယ်စီနှင့် အသင့်ရှိနေကြ၏။

သူတို့၏လက်၌ လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြသည်။

ဘုန်းကြီး တိုင်ရှမ်းက ထိုလူများအား ကြည့်ရှုကာ....

‘အင်း....ဒီလူတွေ လူကုံထံ ရောင်ချန်းထံ ရောက်သွားရင်တော့ အသင့်တော်ဆုံးပဲဟေ့’

ထိုအခိုက် ရဲတိုက်ကြီး၏ ဇာစ်ဖက်သစ်ပင်များအောက်ဝယ် လူတစ်ဦး ရိပ်ခနဲ ဖြတ်သွားသည်ကို တွေ့လိုက်ကြသဖြင့် ယင်ကဲ့ယန်းက လှမ်းပြီး အော်လိုက်သည်။

‘ဟေ့....ဘယ်သူလဲ၊ ရပ်လိုက်’

ထိုသို့ အော်ဟစ်အမိန့်ပေးလိုက်သည်နှင့် ထိုလူသည် သစ်တောအုပ်ဆီသို့ သုတ်ခြေတင်ပြေးလေ၏။

ထို့ကြောင့် လူအချို့က မြင်းပေါ်သို့ လွှားခနဲခုန်တက်ကြပြီး ထိုလူနောက်သို့ လိုက်ကြသည်။

ပြေးသူနောက် လိုက်ကြသူများအနက် စွန်ချန်းက ရှေ့ဆုံးမှ ဖြစ်သည်။

သူသည် လက်ထဲမှ လေးကို မောင်းတင်နေရာမှ နောက်သားမှ ကပ်ပါလာသော ယင်ကဲ့ယန်းဘက် လှည့်ပြီး....

‘ပစ်လိုက်ရမလား ယင်ကဲ့ယန်း’

ဟု မေးလိုက်ရာ ဘုန်းကြီး တိုင်ရှမ်းက....

'ပစ်....ပစ်....မြန်မြန်ပစ်'
ဟု လှမ်းအော်သည်။
ရှေ့မှ ခြေကျင်ပြေးနေသူကား သစ်တောအုပ်အနီး ရောက်ရှိနေပြီ ဖြစ်သည်။

မြင်ကွင်းကား ရှင်းရှင်းလင်းလင်း ရှိ၏။

မြေပြင်က အနည်းငယ် ကုန်းမြင့်ဖြစ်နေ၍စွန်ချန်းအဖို့ ပစ်ခတ်ရသည်မှု ပို၍ထင်သာ မြင်သာ ရှိ၏။
သူက ရှေ့မှပြေးနေသူအား မြားနှင့်ချိန်ရွယ်ရင်း သူ၏ ပစ်ချက်ကို ထိုလူအား မမှန်ပါစေနှင့်ဟု ဆုတောင်းပေးနေသည်။
ထို့နောက် မောင်းကို ဖြုတ်ချလိုက်၏။
ရှေ့မှ ပြေးနေသူမှာ ငိုက်ပြီး လဲသွား၏။
စွန်ချန်း စိတ်မကောင်း ဖြစ်မိသွားသည်။
လိုက်နေကြသူများက အားရဝမ်းသာ အော်ဟစ်လိုက်ကြသည်။
သို့သော် ရှေ့မှပြေးနေသူမှာ ပြန်၍ ထပြေးနေပြန်၏။
ထို့နောက် တောအုပ်ထဲသို့ ဝင်ရောက် ပြေးဝင်ပျောက်ကွယ်သွား၏။
ယင်ကွဲယန်းက မကျေမနပ်ဖြင့်....
'မြားထိသွားတာတောင် ဒီကောင်ထပြေးနိုင်တာ အံ့ဩဖို့ကောင်းတယ်၊ ဒီကိုတောင် သူလျှိုလုပ်ပြီး လာချောင်းတာ အံ့ရော့'



'အင်း....ဒီကောင် ဘာလာလုပ်လဲ မသိဘူးဟေ့၊ တစ်ယောက် သွားစမ်းကွာ၊ အခုနှ သူ့ကိုတွေ့တဲ့နေရာမှာ ဘာသဲလွန်စများ ရမယ်ဆိုတာ သွားကြည့်ချေစမ်း'
ဘုန်းကြီးတိုင်ရှမ်းက အနီးရှိတစ်ဦးအား လှမ်းအမိန့်ပေးလိုက်သဖြင့် ထိုလူ ရဲတိုက်ဘက်သို့ မြင်းကိုစိုင်းသွား၏။
မကြာမီ ထိုလူ သူတို့ထံ ပြန်လည်ရောက်ရှိလာပြီး စာတစ်ရွက်ကို ဘုန်းကြီးတိုင်ရှမ်းလက်သို့ ထည့်လိုက်ကာ....
'ရဲတိုက်တံခါးဝမှာ ဒီစာရွက် ချိတ်ထားတာ တွေ့ရတယ်'
ဟု ပြောဆိုလိုက်၏။

ဘုန်းကြီးတိုင်ရှမ်းက အပေါ်ရှိ စွန်ချန်းအား ပေးကာ....
'ငါ စာလုံးတွေ မြင်မှာ မဟုတ်ဘူး၊ မင်း ဖတ်စမ်းကွာ စွန်ချန်း'
စွန်ချန်းက ခပ်ကျယ်ကျယ် အော်ပြီး ဖတ်လိုက်သည်။
'ငါမှာ ငါ့ကို နှိပ်စက်ညှဉ်းဆဲတဲ့လူတွေကို ကလဲ့စားချေဖို့ မြားအနီ လေးခုရှိတယ်၊ ပုချောင်ကျုဆိုတဲ့ အဘိုးကြီးကိုတော့ မေတ္တာလက်ဆောင် တစ်ချောင်းရသွားပြီ၊ သူပြီးရင်တိုင်ရှမ်း၊ နောက်တစ်ယောက်က ယင်ကွဲယန်း၊ နောက်ဆုံးလူကတော့ ရှောင်ချန်းပေါ့၊ မင်းတို့လေးယောက်စလုံး ငါ့မြားချက်ကို တစ်ဦးပြီးတစ်ဦး ခံကြရမှာပဲ၊ စောင့်လိုသာနေကြပေတော့ဟေ့၊ ကျန်လူတွေအတွက်လဲ မြားတွေ များစွာရှိသေးတယ်၊ မကောင်းသူ ပယ်မည့်....ချင်'
ဘုန်းကြီး တိုင်ရှမ်းမှာ တုန်လှုပ်ချောက်ချားစွာဖြင့်....

'အင်း....အခြေအနေက မကောင်းဘူး၊ ဒီကောင်တွေဟာ ဘယ်သူတွေပါလိမ့်ကွာ'

ဟု ညည်းတွားနေလေတော့သည်။

ထို့နောက် ယင်ကဲ့ယန်းနှင့် တိုင်ရှမ်းတို့နှစ်ဦးသည်တီးတိုးတိုင်ပင်နေကြလေသည်။

ခဏကြာလျှင် ဆွေးနွေးပြီးသွားသည်နှင့် တိုက်ပွဲထွက်မည့်သူများကို လူနှစ်စု ခွဲလိုက်လေသည်။

တစ်စုမှာ ရဲတိုက်တွင်ပင် ဘုန်းကြီးတိုင်ရှမ်းအား စောင့်ကြပ်ရန် ဖြစ်ပြီး ယင်ကဲ့ယန်းက ဦးဆောင်ရန် ဖြစ်သည်။

ကျန်တစ်စုမှာမူ ရောင်ချွန်းရှိရာ တိုက်ပွဲဒေသသို့ လိုက်ကြရန် ဖြစ်ပေသည်။

ရောင်ချွန်းထံသို့သွားကြမည့်သူများမှာ ကြမ်းတမ်းသော ဓားသမားများဖြစ်ကြသော်လည်း တိုက်ပွဲအတွေ့အကြုံ သိပ်ရှိပုံမရကြ။

စွန်ချွန်းတစ်ဦးမှာသာ ငယ်ငယ်နုနုနှင့် ဓား၊ လှံ၊ လေးမြား အသတ်အပုတ်များကို ကျွမ်းကျင် တတ်မြောက်လေသူ ဖြစ်၏။

ထိုသို့ တာဝန်များခွဲဝေပြီးနောက် ဘုန်းကြီး တိုင်ရှမ်းက စွန်ချွန်းအနီးသို့ကပ်ကာ....

'ကိုင်း....စွန်ချွန်း သွားပေတော့၊ သတိဝီရိယတော့ထား ပေါ့၊ သွားရင်လဲ တံတားပေါ်က ဖြတ်မသွားနဲ့၊ တံတားကို ရှောင်ပြီးသွား၊ သစ်တောထဲရောက်ရင် အသံမကြားအောင် ခြေလုံလုံနဲ့သွား၊ အေး....တစ်ခုတော့ မှာရဦးမယ်၊ မင်းအဖေ

( ၂ )

## ထူးဆန်းသော လူတစ်ဦး

လူကုံထံရောင်ချွန်းနှင့် သူ၏နောက်လိုက်များမှာ ခေါင်းဘစ်ရာရွာ၌ အနိုင်ကျင့်ဗိုလ်ကျလျက်ရှိသည်။

ရွာသူရွာသားများထံမှ မိုက်ကြေးခွဲ မတရားပြုမူလျက်နေသည်။

ရာထူးအာဏာရှိသူများနှင့် ပေါင်းကာ ကိုယ်ကျိုးရှာနေပေသည်။

မရှိဆင်းရဲသားများမှာ အနုနည်းနှင့် ငွေညှစ်၍ မရလျှင် ခြိမ်းခြောက်၍ လက်နက်အားကိုးဖြင့် ဥစ္စာပစ္စည်းများကို အဓမ္မ ယူငင်လုယက်တတ်သည်။

ခေါင်းတစ်ရာရွာကား သူ့အဖို့ အနိုင်ကျင့်ရန် အကောင်းဆုံး အရပ်ဒေသတစ်ခုဖြစ်နေသောကြောင့် လီနှင့် တန်မြို့စားတို့ ခိုက်ရန်ဖြစ်ပွားလျက် တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေကြချိန် အုပ်ချုပ်မှု ကင်းမဲ့နေသော ကာလတွင် သူ့မှာ ကြီးပွားချမ်းသာနေလေတော့သည်။

ထိုနေ့က ခေါင်းတစ်ရာရွာမှ စားသောက်ဆိုင် တစ်ခုဝယ် အရက်ပုလင်း တစ်လုံးနှင့် ရောင်ချွန်း စားသောက် နေလေသည်။

တစ်ဖက်ခန်း၌သူ၏နောက်လိုက်များက အရေးအကြောင်းရှိက ရောက်ရှိလာရန် အဆင်သင့်စောင့်နေကြ၏။

သူ၏အပေါ်တွင် အသက် တစ်ဆယ့်ခြောက်နှစ်၊ တစ်ဆယ့်ခုနစ်နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသော သူငယ်တစ်ယောက်သည် ကြမ်းပြင်ပေါ်တွင် ငုတ်တုတ်ထိုင်နေရှာ၏။

လူကုံထံရောင်ချွန်း၏ ရှေ့တည့်တည့်၌မူ စားသောက်ဆိုင် ပိုင်ရှင်မှာ ရှိကျိုးစွာ ရပ်နေလေသည်။

'ဒီမယ် ငါပြောမယ်၊ ငါ့ကို ဆရာတစ်ဦးလို ကြည်ညိုလေးစားတဲ့လူဆိုရင် ငါကြည့်မယ်၊ အေး....ဒါပေမယ့် ငါ့ကို ဆန့်ကျင်ပြီး ကလန်ကဆန်လုပ်တဲ့သူဆိုရင် ငါ့အကြောင်းကို မင်းတို့သိရမှာပဲ၊ အရင်က ဆရာဖြစ်တဲ့ ရှုံယိယန်ကို ဂရုစိုက်မနေနဲ့၊ ငါပြောတာ နားလည်လား'

'ရှုံယိယန်ကို ကျွန်တော် အရင်က ကြောက်ရွံ့လို့ ကြည်ညိုနေတယ်ခင်ဗျာ၊ ကျွန်တော် သူ့ကို လုံးလုံးကြည့်လို့ မရပါဘူး'



စားသောက်ဆိုင် ပိုင်ရှင်က ရောင်ချွန်း၏ အကြိုက်အားလိုက်၍ ပြောလိုက်လေသည်။ ထိုအခါ ရောင်ချွန်းက သဘောကျစွာ ပြုံးလိုက်ပြီး....

'ဟဲ....ဟဲ....မင်းက ဒီလိုလား၊ ဒါဆိုရင် စောစောက ငါပြောတဲ့ငွေလောက်မရဘူး ကိုယ့်လူရဲ့၊ အဲဒီထက် နှစ်ဆပေးရတော့မယ်၊ နားလည်လား'

စားသောက်ဆိုင်ပိုင်ရှင်မှာ သူ့အကြိုက်လိုက်ပြောလေကာမှ ဆက်ကြေးငွေ နှစ်ဆပေးရတော့မည်ဟုနောင်တရသွားလေတော့သည်။

လူကုံထံ ရောင်ချွန်းက စားသောက်ဆိုင် ပိုင်ရှင်အား လုံးဝ ဂရုစိုက်ခြင်း မရှိတော့ဘဲ အပေါက်ဝမှ သူ့နောက်လိုက် တစ်ဦးအား လှမ်းအော်ပြောလိုက်လေသည်။

'ဟေ့....နောက်တစ်ဦးလွှတ်လိုက်ကွ'

စားသောက်ဆိုင်ရှင် ထွက်သွားပြီး အဘိုးကြီးတစ်ဦး သူ့ရှေ့သို့ ရောက်ရှိလာပြန်သည်။

အဘိုးကြီးမှာ တုန်တုန်ချည့်ချည့်နှင့် ဝင်လာရှာသည်၊ နေမကောင်းဟန်မှာ သူ၏မျက်နှာဝယ် ပေါ်နေ၏။

ရောင်ချွန်းက မော့မကြည့်ဘဲ အရက်တစ်ခွက်ကို ဇိမ်နှင့် သောက်နေရာမှ....

'နာမည်ပြော'

'ကျွန်တော်နာမည် လီကျောက်ပါ သခင်'

'ခင်ဗျားဟာ သစ္စာဖောက်တစ်ဦးလို့ ပြောတယ် ဟုတ်လား'

'ခင်ဗျာ....မဟုတ်ပါဘူး သခင်ရယ်၊ ကျွန်တော် ရိုးရိုး သားသား လုပ်စားတဲ့လူပါ၊ မလိုတဲ့လူတွေပြောတာဖြစ်ပါ တယ်'

အဘိုးကြီးက တုန်တုန်ယင်ယင်နှင့် ဖြင်းဆန်နေရှာ၏။

'သူကြီးကပြောတယ်၊ ခင်ဗျားဟာ သူကောင်းမဟုတ်ဘူး တဲ့၊ ဒီတော့ ခင်ဗျားကြီးကို အရေးယူရမယ်၊ ဒါပဲ၊ အဲ.... အရေးယူမခံချင်ရင် ငွေစနှစ်ဆယ် ပေးရမယ်၊ ဒဏ်ငွေအဖြစ် ပေါ့'

'ဟာ....ခက်တာပဲ သခင်ရယ်၊ ကျွန်တော်ပိုင်တဲ့ ပစ္စည်း တွေ အားလုံးပေါင်း ရောင်းရင်တောင် အဲဒီလောက်မရပါ ဘူးခင်ဗျာ'

အဘိုးကြီးက ညစ်ညူးသော အမူအရာနှင့် တောင်း တောင်းပန်ပန်ပြော၏။

'ဒါက ခင်ဗျားကိစ္စပဲ၊ ပေးမလားမပေးဘူးလား နှစ်ခွန်း ပဲရှိတယ်၊ တစ်ခွန်းကိုပြောဗျာ ကြာတယ်'

'ပေးစရာ တကယ်မရှိလို့ပါသခင်၊ ကျွန်တော် ရှိခိုးပါ တယ်'

ရောင်ချွန်းက အဘိုးကြီးအား လုံးဝ ဂရုမစိုက်တော့၊ အပေါက်ဝမှ သူ့လူအား အော်ပြောလိုက်တော့သည်။

'ဟေ့....ဒီအဘိုးကြီးကို အပြင်ဆွဲထုတ်သွားစမ်း၊ နောက် ပြီး သစ်ပင်တစ်ပင်မှာ ကြိုးဆွဲချသတ်လိုက် ကြားလားဟေ့'

အဘိုးကြီးခမျာ မျက်လုံးပြူးသွားရှာသည်။

တုန်တုန်ယင်ယင်နှင့် ကပျာကယာ လှမ်းပြော၏။



'အသက်တော့ ချမ်းသာပေးပါသခင်ရယ်၊ မရရအောင် ရှာကြံပေးပါ့မယ်'

'ဟဲဟဲဟဲ....ဒီလိုမှပေါ့၊ ပြေပြေလည်လည်လုပ်ပါ၊ခင်ဗျား ကြီး အသက်ကြီးနေပြီနော် ဟင်း....ကဲကဲ ဒီအဘိုးကြီးဆီက ငွေစနှစ်ဆယ်ရအောင် တောင်းလိုက်ကြဟေ့၊ သွား သွား.... ကျုပ်လူတွေ ငွေရှာကြံပေးလိုက် ဟုတ်လား'

ရောင်ချွန်းက ရှေ့ရှိအရက်ခွက်ကို ပါးစပ်ထဲ လောင်း ထည့်လိုက်၏။

အဘိုးကြီးမှာ တွန်တုန်ယင်ယင်နှင့် ထွက်သွားရှာသည်။

ထိုစဉ် သူ့ရှေ့မှ လူရွယ်လေးက ခြေထောက်အား တဒုန်း ဒုန်းနှင့် ဆောင့်နေသဖြင့်....

'ဟေ့....စုဆွမ် ဘယ်လိုဖြစ်နေတာလဲကွ'

'ညောင်းလို့ပေါ့၊ ထိုင်နေတာ ဘယ်လောက်ကြာပြီလဲ'

လူငယ်လေးက မျက်နှာကို မှုန်ကုပ်ကုပ်လုပ်ပြီး မကျေ မနပ်သံကြီးဖြင့်ဆို၏။

သို့ရာတွင်လူငယ်၏မျက်နှာမှာ ငယ်နုလှသဖြင့် မိန်းကလေး တစ်ဦးကဲ့သို့ ချောမောနေ၏။

မျက်မှောင်ကုတ်မကျေနပ်သည့်အမူအရာကိုက ယောကျ်ား တစ်ဦးနှင့် မတူလှပေ။

မိန်းမချော ဆန်နေသည်။

နောက်ပြီး ကိုယ်လုံးကိုယ်ထည်မှာလည်း သွယ်သွယ် ပျောင်းပျောင်းနှင့်၊ ယောကျ်ားတစ်ဦးကဲ့သို့ မဟုတ်။

'ထိုင်နေတာညောင်းရင်လဲ ထနေပေါ့ကွာ ဟဲဟဲဟဲ'

လူငယ်မှာ မတ်တတ်ရပ်လိုက်သောအခါ အရပ်အမောင်းမှာလည်း အတော်နိမ့်ကြောင်း သိရ၏။

'မလှောင်ပါနဲ့၊ အမြဲတမ်း ရှင် အဲလို ရယ်နိုင်ပြုံးနိုင်ဖို့ကြိုးစားပါ'

'အောင်မယ်....အောင်မယ်၊ မင်းကများ ငါ့ကို ဟင်း....တစ်နေ့ကျရင် ငါ့သား စွန်ချန်းနဲ့ လက်ထပ်ရမယ့် မိန်းမက ဒီလိုပြောရသလားကွ၊ ကဲပါ....မင်းကို ငါမလှောင်ပါဘူး၊ တစ်ခုခုကျွေးပါ့မယ်ကွာ၊ ဘာစားမလဲ ပြော'

ရောင်ချန်းက သူ့ရှေ့မှ ယောကျ်ားလေးအကျီ ဝတ်ဆင်ပြီး မတ်မတ်ရပ်နေသော မိန်းမချောလေးအား ချော့မော့လိုက်ရာ....

'မစားဘူး၊ ရှင်ကျွေးတဲ့အစာ ဘာဖြစ်ဖြစ် မစားဘူး၊ရှင်ကျွန်မကို မတရားဖမ်းဆီးထားတဲ့ဟာ၊နောက်ပြီး ယောကျ်ားအဝတ်ကိုလဲ ဝတ်ထားရသေးတယ်'

စုဆွမ်ဆိုသော ယောကျ်ားအဝတ်အစားနှင့် မိန်းကလေးက မဲ့ကျေမဲ့နပ် ပြော၏။

'စားပါကွာ လိမ္မာပါတယ်၊ အစာဆိုတာ စားထားရတယ်ကွ၊ နောက်ပြီး မင်း ငါ့ကို အထင်မလွဲပါနဲ့ ယောကျ်ားလေး အဝတ်အစားဝတ်ထားရင် လုံခြုံ ဘေးကင်းရအောင်လို့၊ ဟော့....စားစရာတစ်ခုခုလုပ်စမ်းကွာ မြန်မြန်'

ရောင်ချန်းက သူ့လူများအား အော်မှာလိုက်၏။

မကြာမီ စားစရာအချို့ ရောက်ရှိလာလေသည်။

'ဟော့ စုဆွမ် စားလေကွာ'



စုဆွမ်ဆိုသော လူငယ်လေးဟန် ဆောင်ထားသည့် မိန်းကလေးမှာ ဘာမှမပြော စားပွဲပေါ်မှ ရေ တစ်ခွက်ကိုသာ သောက်ပြီး ပြန်ထိုင်နေလေသည်။

'မင်းက အတော်ခက်တဲ့ ဟာလေးပဲ'

မိန်းကလေးက ခပ်မှုန်မှုန်လုပ်နေ၏။

တိတ်ဆိတ်စွာနေသည်။

ထိုစဉ် စားသောက်ဆိုင်ထဲသို့ လူကစ်ဦး ရောက်ရှိလာသံကြားရ၏။

သူက ရောင်ချန်း၏အခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်လာသည်။

'ဟော....စွန်ချန်းပါလားကွ'

ရောင်ချန်းက ရောက်လာသူအား ခေါ်လိုက်သဖြင့် နံရံထောင့်တွင် ငုတ်တုတ်ထိုင်နေသော မိန်းကလေးမှာ တစေ့တစောင်း ငဲ့စောင်းကြည့်လိုက်သည်။

သူက ငယ်ငယ်ချောချောတစ်ဦးဖြစ်၍ မိန်းကလေးက စိုက်ကြည့်နေခြင်းဖြစ်သည်။

'အခြေအနေကောင်းပါရဲ့လား ခင်ဗျာ'

'သိပ်တော့မကောင်းဘူးကွ၊ ငါက ယင်ကဲ့ယန်း လိုက်ပါလာမယ် ထင်တာ၊ ရောက်ချလာတော့ မင်းက ပေါက်ချလာတယ်၊ ဘာတွေများ ဟိုမှာ ဖြစ်နေကြလဲကွာ၊ ပြောစမ်းပါဦး'

'ဟောဒီမှာ တိုင်ရှမ်းဆီက စာပါလာပါတယ်၊အကြောင်းစုံ သူရေးထားတယ်တဲ့ ဖတ်ကြည့်ပါ၊ ဒါထက် မိုးမခရွာဘက်

ကို သွားရင် ကောင်းမယ်ထင်ပါတယ်၊ လမ်းမှာ ကျွန်တော် စုံစမ်းမိလာသမျှတော့ မိုးမခရွာစား အတော် အထိနာနေ တယ်လို့ ပြောပါတယ်'

'အေး....အခြေအနေပေါ့ကွာ၊ ဒါနဲ့ မင်း ခေါ်လာတဲ့ ကောင်တွေကို ကြည့်ပါရစေဦး'

'အပြင်မှာ အဆင်သင့်ရှိကြပါတယ်'

ရောင်ချွန်းသည် စားပွဲပေါ်မှ မတ်တတ်ရပ် ထလိုက် သည်။

ထို့နောက် စွန်ချွန်းနောက်လိုက်ကာ အပြင်သို့ လိုက်ထွက် သွားသည်။

အပြင်ဘက်တွင်မူ စွန်ချွန်းနှင့် ပါလာသော ခါးသမား များအား တွေ့ရှိရသည်။

သူက ထိုလူများကို တစ်ဦးချင်း လိုက်လံ စစ်ဆေးနေ၏။

'မင်းကောင်တွေက တောင့်တော့တောင့်သားကွ၊ ဒါပေ မယ့် ခါးရေးထက်ဖို့တော့ လိုတာပေါ့ကွာ၊ ဘာဖြစ်လို့လဲ ဆိုတော့ အင်အားဖြည့်သွားကြရမှာ မဟုတ်လား၊ ဩော်.... လီဖုန်းလဲ ပါလာသကိုးကွ၊ ကိုင်း....မင်းလဲ ဒီတစ်ခါ အစွမ်း လေး ဘာလေး ပြစမ်းပါဦး'

'ဟုတ်ကဲ့ပါသခင်၊ ကျွန်တော် အစွမ်းကုန် တိုက်ခိုက်ပါ့ မယ်၊ ဒါပေမယ့် တစ်ဖက်တည်းကပဲ တိုက်ပေးချင်ပါတယ် ဟိုဘက်ရောက် ဒီဘက်ရောက်ဆိုတာတော့ မကြိုက်ဘူးသခင်'

ရောင်ချွန်းမျက်နှာကြီး မဲ့ရွဲသွား၏။

သို့သော် သူက မျက်နှာကို ချက်ချင်းပြင်လိုက်နိုင်သည်။



'ဟား....ဟား....ဟား....လီဖုန်းရေတော့ကွာ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ မင်းစကားတွေက ပေါက်ချိကပေါက်ချာ ကွာ၊ နောက် အဲဒီပါးစပ်ပေါက်ကြီး ဆက်ပြောနိုင်အောင် တိုက်ပွဲကျ သတိထားစမ်းဟေ့ လီဖုန်း'

သူက ရယ်သလို မောဆလိုလုပ်ကာ ပြန်ပြောလိုက်၏။

'ကဲ....ကဲ....အနားယူကြစမ်း၊ ဟေ့...အစား အသောက် တွေလဲ ထုတ်ကျွေးကြစမ်းကွာ'

ခါးသမားများ ကျေနပ်အောင် သူက စကားလမ်း ကြောင်း လွှဲလိုက်ကာ စားသောက်ဆိုင်ထဲ ပြန်ဝင်သွားလေ သည်။

စွန်ချွန်းလည်း သူ့နောက်ပါးမှ လိုက်သွားရလေ၏။

မကောင်းသူ့ယယ်မည်ဆိုတဲ့ ချင် ဆိုတဲ့ ငနဲရှိစာ မင်း ဖတ်ရလားကွ စွန်ချွန်း'

'ဟုတ်ကဲ့ ဖတ်ရပါတယ်'

'အဲဒီစာထဲမှာ မင့်အဖေနာမည်ပါပြီး မင်းအဖေကို ဘုန်းကြီးတိုင်ရှမ်းကသတ်တယ်လို့ ရေးထားတယ်ဆိုကွ'

'တိုင်ရှမ်းကတော့ သူမသတ်ပါဘူးလို့ပဲ ငြင်းနေပါ တယ်'

'ဩော်....သူက ငြင်းသလား၊ အေးကွာ ဒါတွေ ဂရုစိုက် မနေပါနဲ့၊ တစ်နေ့ကျမှ မင်းအဖေကို ဘယ်သူ သတ်သလဲ ဆိုတာ သေသေချာချာပြောပြရဦးမယ်၊ အဲဒီကိစ္စနဲ့ပတ်သတ် လို့တော့ တိတ်ဝှက်ဆိုတဲ့ငနဲတစ်ကောင်တော့ရှိတယ်၊ ဒါပေ

မယ်ကွာ ခုလို အခြေအနေတွေ ရှုပ်ထွေးတဲ့အချိန်မှာ အမှုမှန် ပေါ်အောင် လုပ်ဖို့ကလဲ အခက်သားပဲ'

'ကျွန်တော့်အဖေ အသတ်ခံရတာ ရဲတိုက်ကြီးထဲမှာဆို'

စွန်ချန်းက အံကိုကြိတ် မေးမြန်းနေသည်အား ရောင်ချွန်းက အကဲခတ် ကြည့်ရှုလျက်....

'အင်း....ရဲတိုက်ကြီးနဲ့ လောကအလင်းဘုန်းကြီးကျောင်း ကြားထဲမှာ အသတ်ခံရတာကွ၊ ကဲ...မင်းလဲ စားစရာရှိတာ စားပြီး ရဲတိုက်ကြီးဆီ သွားရဦးမယ်၊ ငါ့စာတစ်စောင်ပေး လိုက်စရာ ရှိတယ်'

စွန်ချန်းက စိတ်ပျက်သွား၏။

'တစ်ယောက်ယောက် လွှတ်ပါလားဗျာ ကျွန်တော် တိုက်ပွဲဝင်ချင်ပါတယ်၊ ဟိုနဲ့ဒီနဲ့ စာတစ်စောင်ကို လူးလာ တို့ခေါက်ပို့တဲ့ အလုပ်မလုပ်ချင်ဘူး တောင်းပန်ပါရစေ ဖခင်'

စွန်ချန်းစကားကြောင့် ရောင်ချွန်း ခေါင်းကို ယမ်းလိုက်သည်။

'အေး...စစ်တိုက်တာတော့ ကောင်းပါရဲ့၊ ငါ အခု ခေါင်းကစ်ရာကို ရောက်နေတာက စစ်တိုက်ချင်လွန်းလို့ မဟုတ်ဘူး၊ စစ်နိုင်တဲ့ဘက်က သာရေစီးမလို့ပဲ စွန်ချန်းရဲ့ ငါဒီလိုပြောလို့ မင်းက ငါ့ကို သူရဲဘောကြောင်တယ်လို့ ထင်ချင်ထင်မယ်၊ အေး....မင်းကြီးလာတော့ ဒါတွေ နားလည်လာမယ်ပေါ့ကွာ၊ ခုနေမှာ ငါကတော့ လည်သလို



ကြည့် နေထိုင်ရတာပဲကွ၊ လူနုံချမ်းသာဆိုတဲ့ စကားနဲ့အညီ ပဲ နေတယ်'

ထိုသို့ပြောပြီးနောက် ရောင်ချွန်းမှာ စားပွဲတွင် စာတစ်စောင်ကို ထိုင်ရေးနေလေ၏။

ထို့ကြောင့် စွန်ချန်းက အစားအစာများအား ဆာလောင် မွတ်သိပ်စွာ ပလုတ်ပလောင်း စားနေသည်။

ထိုအခိုက်တွင် စွန်ချန်း၏ ပခုံးပေါ်သို့ လက်တစ်ဖက်က ညင်သာစွာ ကျလာပြီး တီးတိုးလေသံဖြင့် စကားပြောလာ၏။

'ဒီမှာ ကျေးဇူးပြုပြီး ခပ်တိုးတိုး ပြန်ပြောပါနော်၊ ကျွန်တော်တို့ကို လောကအလင်း ဘုန်းကြီးကျောင်းသွားတဲ့လမ်း သိရင် ပြောပြစမ်းပါ၊ ဒုက္ခရောက်နေတဲ့ လူတစ်ဦးကို ကူညီတဲ့ အနေနဲ့ပေါ့'

စွန်ချန်းက ဆာလောင်နေသဖြင့် အစားကို ဂရုစိုက် စားနေ၍ လှည့်မကြည့်ဘဲ ပြန်လှန်ပြောလိုက်သည်။

'ရွာထဲမှာ ရေစင်ကြီးတစ်ခုရှိတယ်၊ အဲဒီဘေးက လမ်း အတိုင်းသွား ကူးဘိုဆိပ်ရောက်တော့ ထပ်ပြီးမေး ကြားတဲ့ အတိုင်းသွား'

သူမေးသည့်လေသံနှင့်ပင် ပြောပြီး အစာကိုသာ ခပ်စား နေလိုက်၏။

သို့ရာတွင် မျက်စောင်းထိုး၍ အသာလှမ်းကြည့်မိ၏။

ထိုအခါ အခန်းထဲမှ လူငယ်လေးတစ်ဦး ထွက်သွားသည်အား မြင်လိုက်ရ၏။

ထိုလူငယ် ထွက်သွားပုံမှာ တိုးတိုးတိတ်တိတ် ခြေကို ဖော့နင်းကာ ရောင်ချွန်းကြီးမသိအောင် ထွက်သွားပုံမျိုးဖြစ်၍ စွန်ချန်း သံသယစိတ်နှင့်ပင် အစာကို ဆက်လက် စားနေပြန်သည်။

ထို့နောက် ရောင်ချွန်းစာကို ရေးပြီးသွားသောအခါ စွန်ချန်းအား ထိုစာလှမ်းပေးပြီး....

'ကဲ....သွားလိုက်ပါဦး စွန်ချန်းရေ၊ ခုလောလောဆယ်တော့ မင်းပဲ သွားမယ့်လူရှိတယ်ကွာ ဟုတ်လား'

စွန်ချန်းက မည်သို့မှ မတုံ့ပြန်တော့၊ မကျေမချမ်းနှင့်ပင် စာကိုယူပြီး ထွက်ခဲ့လေတော့သည်။

'ဒီနေ့မနက် လင်းအားကြီးမှာ တိုက်ပွဲစတင်တိုက်ကြပါတယ် သခင်၊ ရန်သူအင်အားက အင်မတန်များလှတယ်၊ စစ်ကူ ထပ်ရမှ ဖြစ်ပါမယ်'

ဆက်သားက အလျင်အမြန် သတင်းပို့လိုက်သည်။

'အေး....ငါလဲ အခုချိတက်ပြီး လာမလို့ဘဲကွ'

ထို့နောက် ရောင်ချွန်းက သူ့လူတစ်ဦးအား မြားသမားလေးသမားများအား စုစည်းခိုင်းလိုက်ပြီး အမြန်ဆုံး မိုးမခသို့ လိုက်သွားကြရန် အမိန့်ပေးလိုက်လေသည်။

ထို့ကြောင့် မြားသမားများ ၆၀-ခန့် စုစည်းမိပြီး မိုးမခသို့ ထွက်ခွာရန် အဆင်သင့် ဖြစ်နေလေတော့သည်။

'ကဲ....မင်းတို့ အမြန်ဆုံးသာ သွားကြပေတော့၊ ဟိုမှာ အကူအညီ အသည်းအသန် လိုအပ်နေပြီ'



မြားသမားတို့ မြင်းကို အပြင်းနှင်ကာ ခေါင်းတစ်ရာမှ ထွက်ခွာသွားကြတော့သည်။

မြားသမားများ နောက်မှလိုက်ကြမည့် ရောင်ချွန်းနှင့် မိုးမခမှ ဆက်သားတို့မှာ မြင်းပေါ်သို့ လွှားခနဲတက်ရင်း....

'သခင့်ဆီက ဒီမြားသမားတွေ စောစောရဖို့ ကောင်းတယ်ဗျာ'

'တို့လဲ လာမလို့ပါကွ၊ မင်းမရောက်လာလဲ သွားကြမလို့ပါပဲ'

သူတို့နှစ်ဦးက မြင်းကိုနှင်ရန် ပြုလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ပြန်လှည့်၍....

'ဟေ့....စုဆွမ်ရေ....စုဆွမ်'

စားသောက်ဆိုင်ထဲသို့ အော်ခေါ်နေသည်။

'ဘာလဲ ဆရာ၊ ဘယ်သူ့ကိုခေါ်တာလဲ'

ဟို....ကျင်ကျူးဆိုတဲ့ ကောင်မလေး ဘယ်ရောက်သွားပါလိမ့်'

'ကောင်မလေး....ဟုတ်လား ဆရာ၊ ဒီမှာ ကောင်မလေး တစ်ဦးမှမရှိဘဲ'

ဆိုင်ရှင် နားမလည်စွာ ရောင်ချွန်းအား ပြန်မေး၏။

'အေး ...ဟုတ်သားပဲ၊ ကောင်လေးကွ၊ သူ့နာမည်က—စုဆွမ်လို့ခေါ်တယ်၊ယောကျ်ားလိုဝတ်ထားတဲ့ကောင်မလေး ပြောတာ'

‘ဩော်....အဲဒါ ကောင်မလေးလား၊ သိပါဘူးဗျာ၊ အဲဒီကောင်လေးကတော့ မြင်းဇောင်းထဲက မြင်းတစ်ကောင်ကတ်နေတာတော့ တွေ့လိုက်မိတယ်’

‘ဟာ....ဒုက္ခပါပဲကွာ၊ ဒီကောင်လေးကို ငါ ငွေသား ငါးရာမှ ပြန်လွှတ်မယ်ဆိုပြီး ဘမ်းထားတာ၊ ခုတော့ လက်လွှတ်ပါပြီကွာ’

သူက ညည်းညည်းညူညူနှင့် ပြောနေသဖြင့် မိုးမခရွာသားမှ လွှတ်လိုက်သော ဆက်သားက....

‘အင်း... သခင်ကတော့ ငွေစ ငါးရာလောက် လက်လွှတ်တာနဲ့ ကျူကျူပါအောင် ညည်းနေတော့တာပဲ၊ မိုးမခမှာတော့ တိုက်ပွဲတွေ ရှုံးသလား နိုင်သလား သေရေး ရှင်ရေး ဖြစ်နေတဲ့အချိန်မှာ’

ဟု စိတ်ပျက်စွာ ပြောဆိုနေလေ၏။

လူကုံထံ ရောင်ချွန်းကမူ ထိုဆက်သား ပြောဆိုနေသည်အား ဂရုမစိုက်နိုင်။

သူ့နောက်လိုက်များအား ဆက်လက်မှာကြားနေပြန်လေသည်။

‘ဟေ့....လူဖုယွမ်၊ ခေါ်သမား ခြောက်ယောက်နဲ့ ဒီကောင်မလေးကို လိုက်စမ်း၊ လေးသမားပါ ခေါ်သွား၊ ငါ တိုက်ပွဲကပြန်လာရင် ကောင်မလေးကို ရဲတိုက်မှာ ဖမ်းဆီးပြီးသား တွေ့ချင်တယ်ကွ၊ ကိုင်း....မင်းခေါင်းဆောင်ပြီး ဒီကာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရစ်....ကြားလား ပေကျီချန်’

( ၃ )

**ကန္တာရခရီး**

ကောင်းကင်တစ်ခုလုံး၌ တိမ်ခိုးတိမ်လိပ်များ ကင်းစင်ကာ အပြာရောင်လွှင်ပြင် မိုးသားကြီးက တပြန့်တပြောရှိနေစဉ် လေပြည်လေညင်းများက တဖြူးဖြူး တိုက်ခတ်လျက်ရှိပေသည်။

ကိုင်းပင်များက လေတိုးသဖြင့် တယ်ညာယိမ်းနွဲ့နေသည်မှာ ယိမ်းကသည်နှင့်ပင် တူနေသေးတော့သည်။

အချိန်မှာ နံနက်စောစောဖြစ်၏။

စွန်ချန်းမှာ သူ၏မွေးစားဖခင် ရောင်ချန်း၏စကားကို ယူဆောင်လျက် တီယင်ချီရဲတိုက်ဆီသို့ မြင်းကို ဒုန်းစိုင်းနှင်လျက်ရှိလေသည်။

မကြာမီ ရွှံ့ညွှန်ပေါသည့်အရပ်သို့ စွန်ချန်းရောက်ရှိလာလေသည်။

နောက်ဘက်တွင် ကျန်ရစ်ခဲ့သည့် ခေါင်းတစ်ရာရွာကိုလည်းကောင်း၊ ရှေ့ဝယ်ရှိသည့် တီယင်ချီ ရွာဘက်ဆီသို့ လည်းကောင်း မမြင်ရတော့ဘဲရှိ၏။

နှံဘား တစ်ဖက်တစ်ချက်ဝဲယာတွင် ကိုင်းပင်များ၊ မြက်ပင်များသာဖုံးလွှမ်းနေရာ အချို့နေရာများ၌ ရေအိုင်များ၊ နွံများ၊ ချိုင့်များ စသည်တို့အား မြင်တွေ့နေရလေသည်။

လမ်းဟောင်းတစ်ခုဖြစ်၍ ပျက်စီးယိုယွင်းနေသဖြင့် ရွှံ့နွံအိုင်များ ရေများက လမ်းအား ကျော်လွှားဖြတ်သန်းနေကြသည်။

သည်လမ်း၌ သွားနေကျ ခရီးသည်များပင်လျှင် ရေဖုံးလွှမ်းနေသဖြင့် လမ်းမှားသွားနိုင်ပေသည်။

ထို့ကြောင့် ခေါင်းတစ်ရာရွာ စားသောက်ဆိုင်ဝယ် သူ့လမ်းညွှန်လိုက်သည့် စုဆွမ်ဆိုသည့် လူငယ်ကလေးအဖို့ လမ်းများ မှားသွားပြီလားဟု စွန်ချန်း စိုးရိမ်နေမိ၏။

ထိုသို့ စဉ်းစားရင်း စမ်းတဝါးဝါးဖြင့် မြင်းကိုနှင်လာခဲ့ရာ ကုန်းမြင့်လေးတစ်ခုနားသို့ အရောက်၌ လမ်းဘေး တစ်နေရာဝယ် လှုပ်လှုပ်ရှားရှား အသံတစ်စုံတစ်ရာအား စွန်ချန်း ကြားလိုက်မိလေ၏။



ထိုအသံမှာ နွံဗွက်ထဲ ရုန်းကန်နေသည့် အသံတစ်ခုဖြစ်၍ မြင်းတစ်ကောင်၏ ဟီသံကိုပါ ကြားနေရသဖြင့် ထိုနေရာသို့ ရောက်အောင် စွန်ချန်း ချဉ်းကပ်သွားလေသည်။

ထိုအခါ သူ၏ စိတ်ထဲ၌ သူ့လမ်းညွှန်လိုက်သော လူငယ်လေး၏ မြင်းများ ဖြစ်နေမည်လားဟု စိုးရိမ်ပူပန်လိုက်မိ၏။

မြင်းပိုင်ရှင်ကိုကား အနီးအပါး၌ မတွေ့ရှိရဘဲ ရှိသည်။

မြင်းမှာ သနားဖွယ် ကောင်းလောက်အောင် ကူညီရန် တောင်းပန်နေသည့်အလား ဟီနေရှာပါသည်။

သို့ရာတွင် ထိုနွံ တောကား သူ့ကို ကူညီဖို့ရန် မဆိုထားနှင့် ကိုယ်ပင် လွတ်အောင် မနည်း ရုန်းကန်ရမည့် အနေအထား ဖြစ်နေလေသည်။

ထို့ကြောင့် စွန်ချန်းအဖို့ သည်မြင်းအား သူ မကူညီ မကယ်တင်နိုင်မှန်း သိရှိလိုက်ရလေသည်။

မြင်း၏ သနားဖွယ်ရာ အဖြစ်သည်ကိုလည်း စွန်ချန်း မမြင်ရက်တော့ရာ နောက်ဆုံးဝယ် သူ၏ မြားတံကိုထုတ်လျက် ထိုမြင်းအား ပစ်သတ်ရလေတော့သည်။

ထို့နောက် သူ၏ခရီးကို ဆက်ရန် မြင်းကို နှင်မည်ပြုစဉ် သူ့အား တစ်စုံတစ်ဦးက လှမ်းခေါ်လိုက်သဖြင့် အသံလာရာဘက်သို့ ကြည့်လိုက်ရာ ကိုင်းများကြား၌ စုဆွမ်ဆိုသည့် လူငယ်လေးအား စွန်ချန်းတွေ့ရှိရတော့သည်။

'ဟာ...မင်းဘယ်လို ဖြစ်တာလဲကွ၊ ကိုင်းတောထဲမှာ ပုန်းနေတာလား၊ ဟိုမှာ နွံနစ်နေတဲ့ မြင်းကိုတော့ ငါမကြည့်ရက်လို့ သတ်ပစ်လိုက်ပြီကွ'

စုဆွမ်ဆိုသည့် လူငယ်လေးက ကိုင်းပင်များအား ဖြဲလျက် လမ်းပေါ်သို့ တိုးထွက်လာခဲ့လေသည်။

'ကျွန်တော့်မှာ ဘာလက်နက်မှ မရှိဘူးဗျ၊ အေးလေ.... ရှိလဲ ကျွန်တော် ဘာလုပ်တတ်မှာလဲ၊ ဒါကြောင့် ကျွန်တော် ပုန်းနေမိတာပါ၊ ကျွန်တော့်ကို ကူညီပါဗျာ၊ ကျွန်တော် လောကအလင်း ဘုန်းကြီးကျောင်းကို မရောက်လို့ မဖြစ်ဘူး'

သူက စွန်ချန်းအား အားကိုးတကြီးဖြင့် တောင်းခံနေလေသည်။

စွန်ချန်းက ထိုလူငယ်အား သနားသွားမိသည်။

'အေးပါငါ ကူညီပါ့မယ်ကွာ၊ ဒါပေမယ့် မင်းမြင်းက သေပြီ၊ ငါ့မြင်းနဲ့ပဲ သွားရမှာ၊ အေးလေ ဖြစ်သလိုပေါ့၊ တစ်ယောက်တစ်လှည့် မြင်းစီးကြတာပေါ့ ဟုတ်လား'

လူငယ်လေးက ဝမ်းသာသွား၍ မျက်နှာလေး ဝင်းထိန်သွားရှာသည်။

'ကဲ....လာ၊ မင်းအရင်စီး၊ ငါ ခြေကျင်လျှောက်မယ်'

စွန်ချန်း မြင်းပေါ်ကဆင်းပြီး လူငယ်လေးအား တက်စေသည်။

သူကမူ အောက်က ခြေကျင် လျှောက်လိုက်နေသည်။

သူတို့ စကားတပြောပြောနှင့် ခရီးကို ဆက်သွားကြ၏။

'မင်းနာမည် ဘယ်လိုခေါ်လဲကွ'

'စုဆွမ်လို့ ခေါ်ပါတယ်'

'လောကအလင်းကို ဘာသွားလုပ်မှာလဲ'



'နှိပ်စက်တာ မခံချင်လို့ ဘုန်းကြီးကျောင်းကို ထွက်ပြေးမလို့'

'လူကုံထံ ရောင်ချွန်းဆီ မင်းက ဘယ်လို ရောက်နေခဲ့တာလဲကွ'

လူငယ်လေးက သွားနှင့်နှုတ်ခမ်းကိုက်နေပြီးမှ စွန်ချန်းအား ပြောပြသည်။

'ကျွန်တော့်ကို အဖေမှ ဖမ်းဆီးထားတာလေ၊ ဒါကြောင့် ဝှက်ထားတာပေါ့၊ ဟင်း....မနိုင်လို့ ကြည့်နေတာ၊ တစ်နေ့နေ့တော့ အဲဒီ ရောင်ချွန်းကြီးကို ပြန်ကို ဆော်ပြမယ်ဗျ'

လူငယ်လေးက ကြုံးဝါးနေသည်အား စွန်ချန်း ပြုံးကြည့်နေမိသည်။

သူလို ချာတိတ် တစ်ဦးကရောင်ချွန်းကြီးကိုအန်တုဖို့စိတ်ကူးနေသဖြင့် သူက ရယ်ချင်မိသည်။

'မင်းကများ ရောင်ချွန်းကြီးကို ကလဲ့စားချေဖို့ ကြိမ်းနေသေးတယ် ဟုတ်လား၊ ငါတောင် မင်း ထွက်ပြေးနိုင်အောင် အကူအညီပေးလိုက်မှန်းသိရင် ဘယ်လောက်များ စိတ်ဆိုးနေလိုက်မလဲ၊ ဟင်း....ငါလဲ ခပ်လန့်လန့်ရယ်'

'အင်း....ခင်ဗျားက သူ့ရဲ့ မွေးစားသား တစ်ဦးဆို၊ ကျုပ်ကို ဖမ်းတုန်းကလဲ မွေးစားမယ်လို့ ပြောသေးတယ်'

'အောင်မယ်....မင်းကများ ငါ့ကို ခင်ဗျားနဲ့ဘာနဲ့ ပြောရသလားကွ'

'အို...ခင်ဗျားကို ခင်ဗျားလို့ မခေါ်ရင် မိန်းမကြီးလို့ ခေါ်ရမလား၊ ပြောစမ်းပါဦး'

‘ဟာ…ဟာ…မလုပ်ပါနဲ့ ငါက မိန်းမဆို သိပ်ကြည့်ရတာ မဟုတ်ဘူး’

‘ဘာလဲ ခင်ဗျားက မိန်းမမုန်းသမားလား’

‘ဟုတ်တယ်၊ မိန်းမဆို မုန်းတယ်ကွ’

‘ခင်ဗျား တကယ်မုန်းနိုင်လို့လားဗျာ’

‘ဘာလို့ မမုန်းနိုင်ရမှာလဲ၊ သိပ်မုန်းတာပေါ့ကွာ’

‘ဟဲ…ဟဲ…မိန်းမနဲ့ယောကျ်ားဆိုတာ သဘာဝတရားအရ ဖိုနဲ့မပဲဗျာ၊ အာဒမ်နဲ့ ဧဝဟိုကစတဲ့ဇာတ်ပဲလေ၊ ခင်ဗျား မသိဘူးလား၊ ဒါကို ခင်ဗျား ဆန့်ကျင်မလို့လား’

‘ဘယ်ကာဝစ ဘယ်သဘာဝတရားပဲဖြစ်ဖြစ် ငါကတော့ မုန်းတယ်ကွ’

‘အင်း…ခင်ဗျားကသာ မိန်းမတွေမုန်းနေ၊ ခင်ဗျားကြီး လက်ထပ်ရတော့မယ်ဆိုတာ မသိသေးဘူးလား…ဟ…ဟ’

လူငယ်လေးက ကျီစယ်နောက်ပြောင်လိုဟန်နှင့်ရယ်ကျဲကျဲ လုပ်ပြော၏။

‘ဘာကွ…ငါက လက်ထပ်ရမယ်…ဟုတ်လား၊မင်းဘယ်က ကြားလဲ၊ ဘယ်သူနဲ့လဲ ပြောစမ်း’

‘လူကုံထံ ရောင်ချွန်းကြီးက ခင်ဗျားကို ကျင်ကျူးဆိုတဲ့ ကောင်မလေးနဲ့ လက်ထပ်ပေးမလို့တဲ့၊ အဲဒီ ကောင်မလေး ကလဲ ခင်ဗျားကို လက်မထပ်ချင်လို့ စိတ်တွေ ဆင်းရဲနေရှာ တယ်ဆိုပဲဗျ၊ သူလဲ ခင်ဗျားလို ယောကျ်ားမုန်းသမားလားမှ မသိတာ ဟင်း…ဟင်း…ဟင်း’



‘ဟွန်း…မိန်းမယူရတာ ဘေးရတာနဲ့အတူတူပါပဲကွာ၊ မယူ ချင်ပါဘူး၊ မင်းပြောတဲ့ ကောင်မလေးကလဲ ငါ့ကို မမြင်ဘူး ဘဲနဲ့ မကြိုက်ဘူးတဲ့လား၊ လာလာချည်သေးတယ်ကွ နေဦး၊ သူ့ကိုရော ငါက ကြိုက်မယ်ထင်လို့လား၊ မင်း အဲဒီကောင်မ လေးကို မြင်ဖူးလားကွ၊ လှရောလှရဲ့လား၊ ပြောစမ်းပါဦး’

‘မယူဘူးလဲငြင်းသေးတယ်၊ လှမလှလဲ လာမေးနေတယ်၊ မလွယ်ပါလားဗျ၊ဘာပဲဖြစ်ဖြစ်ခင်ဗျားမွေးစားအဖေကတော့ ပေးစားမယ် ကျိန်းသေပဲ၊ ခင်ဗျားမယူနိုင်လို့မရဘူး’

‘အေးလေ…မင်းပြောတာလဲ ဟုတ်ပါတယ်၊ သူကယူဆိုရင် တော့ ယူရမယ်ပေါ့’

‘ကောင်မလေးက တကယ့်ကြီးကြီးကျယ်ကျယ်မှလိုချင်တာ ဗျ၊ သနားပါတယ်’

‘အောင်မယ်…မင်းက ဘာလို့သနားနေရတာလဲ’

‘သူက ဘာကြီးကျယ်နေတာလဲ၊ သူက တကယ်တော့ တောသားနဲ့ရမှာကိုးဗျ…ဟား…ဟား…ဟား’

လူငယ်လေးက စွန်ချန်းအား ခင်မင်ရင်းနှီးစွာ ကျီစယ် နေလေသည်။

‘ကောင်းကွာ၊ မင်းက ငါ့မြင်းလဲစီးသေး၊ ငါ့လဲ တော သားလို့ခေါ်သေး၊ တကယ့်ကောင်ကွာ’

‘အို…တောင်းပန်ပါတယ်ဗျာ၊ စိတ်မဆိုးပါနဲ့၊ ကျွန်တော် က ခင်လို့မင်လို့ ကျီစယ်တာပါဗျာ’

ထိုသို့ စကားတပြောပြောနှင့် နောက်ဘက်၌ မြင်းခွာသံ အချို့ကို ကြားရသဖြင့် စွန်ချန်းက…

‘မြင်းခွာသံကြားရတယ်၊ ရန်သူလား, မိတ်ဆွေလားတော့ မသိဘူး’

‘ကျွန်တော့်ကို လိုက်ဖမ်းတဲ့လူတွေဖြစ်မယ် ထင်တယ်၊ မြင်းလဲ မရှိတော့ ဘယ်လိုလုပ်ကြမလဲဟင်’

လူငယ်လေး စုဆွမ်က စိုးရိမ်ပူပန်သည့်အမူအရာနှင့် ပြောသည်။

ထို့ကြောင့် စွန်ချန်းက သူ့အား နှစ်သိမ့်စကားပြန်လည် ဆိုလိုက်ရသည်။

‘ကိစ္စမရှိပါဘူးကွ၊ ဝေးတော့ ဝေးဦးမယ် ထင်တယ်၊ မကြာခင် တို့လဲ ရွှေသဲဝါမြစ်နား ရောက်တော့မှာပဲ၊ အဲဒီ ရောက်ရင် ကူးတို့နဲ့ ကူးကြရတော့မှာကွ၊ အခုနေ မြင်းမရှိတာက ငါရယ်ပါ၊ မင်း မဟုတ်ဘူး’

သို့ရာတွင် လူငယ်က စိုးရိမ်ပူပန်သည့် အမူအရာက မပျောက်။

‘ခင်ဗျား ကျွန်တော့်ကိုတော့ ပစ်မထားပါနဲ့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်နော်’

‘မစိုးရိမ်စမ်းပါနဲ့၊ ဘယ်သူတွေ ဘယ်လိုပဲ လိုက်လိုက် မင်းကို လောကအလင်းရောက်အောင် ငါပို့ပေးပါ့မယ်၊ ကဲ... မြင်းကို နည်းနည်းနှင်လိုက်စမ်း၊ ငါ့ကို အားမနာနဲ့၊ ငါ ပြေးနိုင်ပါတယ်’

လူငယ် စုဆွမ်က မြင်းကို အရှိန်မြှင့်နှင်လိုက်သဖြင့် စွန်ချန်းလည်း အပြေးကို ခပ်သွက်သွက်လေး မြန်လိုက်ရတော့သည်။



သို့ဖြင့် မကြာမီမှာ သူတို့နှစ်ဦး ရွှေသဲဝါမြစ်ဆိပ် ကူးတို့ဆိပ်သို့ ရောက်ရှိသွားကြတော့သည်။

ထိုကူးတို့ဆိပ်၌ ကူးတို့သမား၏တဲတစ်တဲကား ထိတ်ဆိတ်ငြိမ်သက်စွာ သူတို့အား စောင့်ကြိုနေလေသည်။

## ( ၄ )

## မြားနီဂိုဏ်းနှင့် တွေ့ဆုံခြင်း

ကူးတို့သမား၏ တဲလေးတည်ရှိရာ ပတ်ဝန်းကျင်၌ ရွှေသဲဝါမြစ်မှာ ကျယ်ပြော၍ ရေများ နုံးမြေများ သယ်ဆောင်ခဲ့သဖြင့် ညိုပုပ်ပုပ် အရောင်များ ဖြစ်လျက်ရှိပေသည်။

ကမ်းနံ့ဖူးတွင်ကား ရွှံ့နွံ များရှိနေပြီး ကိုင်းပင်များ ဒိုက်ပင်များ ရှိနေ၏။

နံနက်ခင်း နေရောင်ခြည်အောက်ဝယ် ရွှေသဲဝါမြစ်၏ ရေပြင်မှာ လေပြည်လေညင်းလေးများကြောင့် လှိုင်းကြက်ခွပ်လေးများ ထလျက်ရှိပေသည်။

စွန်ချန်းက ကူးတို့သမား၏ တဲလေးဆီသို့ သွားရောက်ကာ အခြေအနေကြည့်လိုက်၏။

တဲလေးကား တံခါးပိတ်ထားလေသည်။

သို့သော် စေ့ထားသည်ဖြစ်၍ စွန်ချန်းက တံခါးကိုအသာ တွန်းဖွင့်လိုက်သည်။

ကူးတို့သမားမှာ မြေပေါ်ဝယ် အဝတ်စုတ် တစ်ခုကို ခင်းလျက် လှဲနေသည်အား တွေ့ရှိရသည်။

ပင်ပန်းနွမ်းနယ်၍ နေမကောင်းသည့်အသွင် ပေါ်နေသည်။

သူက စွန်ချန်းအား မြင်သည်နှင့်....

'အို....စွန်ချန်းပါလား၊ ကူးတို့ကူးမလို့လား၊ အချိန်မကောင်းဘူးကွာ၊ ငါ နည်းနည်းပင်ပန်းပြီး ဖျားနေတယ်ကွ၊ မင်းဘာသာကူးနိုင်ရင် ကူးတော့'

ကူးတို့သမားက ကြိုတင် ငြင်းဆန်လိုက်သဖြင့်....

'ဟာ....မလုပ်ပါနဲ့နောင်ကြီးရယ်၊ ကျုပ် အရေးကြီးလာတယ်၊ ခင်ဗျား လိုက်ပို့ပေးမှဖြစ်မှာဗျ'

'မင်းမလဲ အမြဲတမ်းအရေးကြီးနေတော့တာပဲ'

'လုပ်ပါဗျာ၊ ထစမ်းပါ မြန်မြန်'

စွန်ချန်းက အတင်းဆွဲထူနေသဖြင့် ထို ကူးတို့သမားမှာ မထချင် ထချင်နှင့် မတ်တတ်ရပ်ရရှာတော့သည်။

ထိုအခါ ကူးတို့သမားမှာ စုဆွမ်အား မြင်သွားပြီး....

'ဒါက ဘယ်သူလဲကွ'



'သူက ကျုပ်မိတ်ဆွေတစ်ဦးပါ၊ ညီ ဝမ်းကွဲတော်တယ်၊ စုဆွမ်လို့ ခေါ်ပါတယ်'

'ဟုတ်ပါပြီအစ်ကိုကြီးရာ ကျွန်တော်တို့ကိုပို့ပေးစမ်းပါ၊ အရေးကြီးနေလို့ပါနောင်'

စုဆွမ်ကလည်း ဝင်ရောက် တိုက်တွန်း ပူဆာလေတော့သည်။

'မြန်မြန်လုပ်စမ်းပါနောင်ကြီးရာ၊ အေးတိအေးစက်နဲ့'

'အင်း...မင်းကတော့ ငါ့ကိုကောင်းကောင်းနိုင်တော့တယ် စွန်ချန်းရယ်၊ ဒါဆိုလဲ ပို့ပေးရတာပေါ့ကွာ'

ကူးတို့သမားခမျာ နေမကောင်း ဖြစ်နေသည့်ကြားမှ လိုက်ပို့ရရှာ၏။

တကျိကျိ တအိအိနှင့် သူတို့ တစ်ဖက်ကမ်းသို့ ရောက်ရှိလာကြတော့သည်။

မြစ်ရေပြင်မှာ လှိုင်းကြက်ခွပ်ထလျက်ရှိပြီး မြစ်လယ် သောင်ထွန်းသည့် ကျွန်းလေးများပေါ်မှ ကိုင်းပင်များမှာ လေယိမ်းရာတိမ်းပြီး ယိမ်းနွဲ့ လှုပ်ရှားနေကြလေ၏။

သို့သော်လည်း ထိုသောင်ကျွန်းလေးများပေါ်၌ လူသူ အရိပ်အယောင်ကိုမျှ လှမ်း၍မမြင်ရချေ။

'စွန်ချန်းရေ ငါတော့ မြစ် ညာဘက် လှော်ပေးရမယ် ထင်တယ်၊ အဲဟိုကျွန်းပေါ်မှာ ချင် ဆိုတဲ့ကောင်တစ်ဦးရှိတယ်၊ ဒီကောင်က လူကုံထံ ရောင်ချွန်းရဲ့လူဆိုရင် သိပ်မှန်းတာကွ၊ ငါ့ကိုလဲ ကျေနပ်ပုံမရဘူး၊ အဲဒီတော့ မင်းတို့နဲ့ ဒီလူနဲ့ မတွေ

အောင် ကျွန်းနဲ့ဝေးတဲ့ မြစ်ညာဘက်ကို လှော်သွားမှဖြစ်မှာ၊ အဲဒီဘက်ရောက်မှ တစ်နေရာရာမှာ ချရမှာပဲ'

'ခင်ဗျားသဘောပဲ'

'ကဲ....ဒါဖြင့် လူရော မြင်းရော လှေပေါ်တက်ကြ၊ မင်းရဲ့ လေးနဲ့ မြားနဲ့ကိုလဲ အဆင်သင့်လုပ်ထား'

'လေးနဲ့မြားက ဘာလုပ်ဖို့လဲ'

'ဟ ...ဘာလုပ်ရမှာလဲ၊ အဲဒီ ချင် ဆိုတဲ့ကောင်က စိတ်ချရတာ မဟုတ်ဘူး၊ အချိန်မရွေး အန္တရာယ်ပေးနိုင်တာ'

'အောင်မယ်လေးဗျာ၊ ဒီ ကူးတို့ကို လူကုံထံ ရောင်ချွန်းထောင်ထားတာပဲဗျ၊ ကြောက်စရာမလိုပါဘူး'

'အေး ..မင်းကသာ မင်း မွေးစားအဖေကို အားကိုးနေ၊ မင်းဖခင်ရောင်ချွန်းက မကြာမီ ပျက်စီးရှုံးနိမ့်ရမှာ၊ မယုံရင် စောင့်ကြည့်'

ကူးတို့သမားက လှေကို လှော်ခတ်စပြုနေသည်။

လှေသည် မြစ်လယ် သောင်ကျွန်းလေးအား ရှောင်ကွင်းလျက် မကြာမီအတွင်း တစ်ဖက်ကမ်းရှိ မြစ်တွင်းသို့ စီးဝင်သော ချောင်းလက်တက်လေးတစ်ခုအတွင်းသို့ ဝင်ရောက်နေ၏။

တစ်နေရာရောက်သော် ကူးတို့သမားသည် လှေကိုလှော်ခတ်နေရာမှ ရပ်တန့်လျက်....

'မင်းတို့ ဟောဒီ ကိုင်းတောထဲဆင်းရင် ကောင်းမယ် ထင်တယ်၊ ဘေးရန်ကင်းမယ်'



'ဟောဒီမှာ လမ်းမရှိဘူးဗျာ၊ ရှိန့်တွေချည်းပဲ၊ တခြားနေရာမှာ ချပေးစမ်းပါဗျ'

'မဖြစ်ဘူးကွ၊ဒီနေရာပဲ အန္တရာယ်ကင်းတယ်၊ တော်ကြာတို....ချင်ဆိုတဲ့ကောင် မြင်ပြီး လေးနဲ့ပစ်တာ ခံနေရဦးမယ်၊ဒီကောင်က ရောင်ချွန်းရဲ့လူဆိုရင် အကုန်သတ်ပစ်မယ်လို့ ကြိမ်းနေတာ အမျှင်ရရအသေရရဆိုနေတဲ့လူ'

ထိုစဉ် မြစ်လယ်သောင်ကျွန်းဘက်ဆီမှ လူသံကို ကြားလိုက်သဖြင့် ကူးတို့သမားမှာ ကြောက်လန့်တကြားနှင့် စွန်ချွန်းအား....

'ဟော့....စွန်ချွန်း မင်းငါ့ကို လေးနဲ့ ရွယ်ထားပေးစမ်းကွာ၊မင်း ခြိမ်းခြောက်လို့ လိုက်ပို့ရတဲ့ ဟန်မျိုးဆောင်နေစမ်းပါ'

ထိုသို့ပြောနေစဉ်တွင်ပင် လှေသည် ကိုင်းတောထဲသို့ တိုးဝင်ဆိုက်ကပ်သွားလေ၏။

ထိုအခါ....

စုဆွမ်သည် ကြောက်လန့်သည့်အမူအရာနှင့် လှေဦးသို့ ပြောင်းကာ ကုန်းပေါ်သို့ တက်လိုက်လေ၏။

စွန်ချွန်းမှာကား လက်တစ်ဖက်က မြင်းဇက်ကြိုးကိုဆွဲပြီး ခုန်ချရန် ကြိုးစားနေရသည်။

သို့သော် မြင်းမှာ လှေပေါ်၌ ကျဉ်းကျဉ်းကျပ်ကျပ်လိုက်ရသည်အား ထိတ်လန့်ဟန်ဖြင့် ခုန်ဆွခုန်ဆွ လုပ်လိုက်ရာ လှေသည် ရေထဲသို့ပြန်ရွေ့သွားကာ မြင်းရော စွန်ချွန်းပါ ရေထဲသို့ ဗွမ်းခနဲမြည်လျက် ကျရောက်သွားတော့သည်။

စွန်ချွန်းမှာ ရေလယ်၌ ယက်ကန်ယက်ကန်ဖြစ်နေရင်း ဟိုဟိုသည်သည် ကြည့်လိုက်ရာ အလယ်သောင်ကျွန်းပေါ်မှ သန်မာထွားကျိုင်းသည့် လူကြီးတစ်ယောက်သည် လေးနှင့် လှမ်းချိန်ရွယ်နေသည်ကို လှမ်း၍မြင်လိုက်ရ၏။

ထို့နောက် ထိုလူကြီးထံမှ အော်ဟစ်မေးမြန်းသံ ကြားရသည်။

'ဟော့....ဘယ်သူတွေလဲကွ'

ကူးတို့သမားက ကြောက်ရွံ့ထိတ်လန့်စွာဖြင့်....

'စွန်ချွန်းဟော့....စွန်ချွန်း'

ဟု ပြန်လည်ဖြေကြားလိုက်ရာ....

'ဩော်....စွန်ချွန်းဆိုတဲ့ကောင်လား၊ ဒါဖြင့် သေပေတော့ကွ'

ဟု ပြောပြောဆိုဆိုနှင့် လေးကို ဖြုတ်ချလိုက်လေသည်။

စွန်ချွန်းက မြင်းကို ကမန်းကတန်း ကွယ်လိုက်သဖြင့်မြားတံမှာ အရှိန်ပြင်းစွာဖြင့် မြင်းခန္ဓာအား သွားရောက် ထိမှန်လေသည်။

မြင်းမှာ လူးလွန့်ရင်း ရေထဲသို့ တစ်စတစ်စနှင့် မြုပ်သွားတော့၏။

စွန်ချွန်းကား ရေပေါ်သို့ ပြန်၍ ခေါင်းမဖော်ရဲတော့ပေ။

အသက်ကိုအောင့်ကာ ရေထဲဝယ် ငုပ်နေရတော့သည်။

သို့ရာတွင် ကြာရှည်လာလျှင် ရေမွန်းလာသဖြင့် ရေပေါ်သို့ပြန်ပြီး ပေါ်လာရပြန်၏။



ထိုအခါ လမ်းနှင့် သိပ်မကွာလှမ်းသော နေရာသို့ရောက်ရှိနေသည်ကို တွေ့ရလေသည်။

သူ့အဖို့ကား ကမ်းစပ်သို့ ရောက်ရှိရန် ခက်ခဲပင်ပန်းဆဲရှိသည်။

ထိုစဉ် သူ၏လက်ကို တစ်စုံတစ်ဦးက ခိုင်မြဲစွာ ဆုပ်ပြီး ကမ်းဘက်သို့ ဆွဲယူလာခြင်းကို ခံရသည်။

ကမ်းစပ်သို့ရောက်မှ သူ့အား လွှတ်ချလိုက်လေ၏။ သည်တော့မှ သူ့အား ဆွဲယူကယ်တင်လာသူမှာ စုဆွမ်ဆိုသော လူငယ်လေးပင် ဖြစ်တော့သည်။

'ကျေးဇူးပါပဲ စုဆွမ်ရာ၊ ငါတော့ မင်းပေးတဲ့အသက်ပဲ ရှိတော့တယ်၊ ကံကောင်းလို့ ရေနစ်သေမလို့'

မြစ်ဘက်သို့ ပြန်လှည့်ကြည့်လိုက်ရာ ကူးတို့သမားမှာ နစ်မြုပ်သွားသောသောလှေကို စွန့်ပစ်ပြီး တစ်ဖက်ကမ်းသို့ ပြန်လည် ကူးခတ်နေလေသည်။

မြစ်လယ်ကျွန်းမှ လူကြီးကား သူပစ်ခတ်လိုက်သော မြားတံများက ထင်သလို မမှန်သဖြင့် ဒေါသထွက်ပြီး ကျိန်ဆဲနေတော့၏။

စွန်ချွန်းနှင့် စုဆွမ်တို့ကား ကမ်းပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ကုန်းပေါ်သို့ လျင်မြန်စွာ ပြေးတက်ကြတော့သည်။

ခြေဦးတည့်ရာ ပြေးကြခြင်းဖြစ်၍ မြစ်နှင့် ဝေးဝေးရောက်လျှင် ပြီးရောဟူသည့် သဘောမျိုးနှင့်ဖြစ်သည်။

မကြာမီ စွန်ချန်းနှင့် စုဆွမ်တို့မှာ ဝက်သစ်ချပင်များ ပေါက်နေသော ကုန်းစောင်းတစ်ခုဆီသို့ ပြေးတက်နေကြရလေ၏။

ထိုအခါ စုဆွမ်မှာ မပြေးနိုင်လေသည့်ဟန်နှင့် ဘစ်နေရာဝယ် လဲကျသွားလေတော့၏။

'ပြေး....ပြေး....ဆက်ပြေး၊ ခင်ဗျား လွတ်အောင်သာ ပြေးပေတော့၊ ကျွန်တော် မပြေးနိုင်တော့ဘူး၊ ထားခဲ့ပါ'

စုဆွမ်က စွန်ချန်းအား အော်ဟစ်ပြောလိုက်၏။

စွန်ချန်းက နောက်ပြန်လှည့်ကြည့်လိုက်ရာ စုဆွမ်လဲနေသည်ကိုမြင်သဖြင့် ပြန်လှည့်ပြေးလာ၏။

'ဟ... ဘယ်ဟုတ်ပါ့မလဲကွာ၊ ငါ မင်းကို ထမ်းသွားပါ့မယ်'

ပြောပြောဆိုဆိုဖြင့် စွန်ချန်းက စုဆွမ်၏ ကိုယ်လေးအား ဇွတ်ခနဲ ထမ်းချလိုက်တော့သည်။

'ကျေးဇူးပဲဗျာ၊ ခင်ဗျားကို အားနာလိုက်တာ'

'ငါ ရေနစ်တုန်းကလဲ မင်းကယ်တင်ခဲ့တာပဲကွာ'

'ကျွန်တော်က ရေကူးတတ်လို့ ကယ်တင်နိုင်တာပါ'

'ဩော်....မင်းက ရေကူးတတ်တာကိုး၊ ဒါကြောင့်မင်းက ရေထဲပြန်ဆင်းပြီး ဆယ်လိုက်တာပေါ့ ဟုတ်လား'

'ဒါပေါ့'

စွန်ချန်းက စုဆွမ်အား အထင်ကြီးသွားလေသည်။



သူကား အခြား ခါးရေး၊ လှံရေး၊ မြင်းစီး စသည့် အတတ်ပညာတို့ကို အတော်ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်သော်လည်း ထိုရေကူးခြင်းကိုမူ လုံးဝ မတတ်ကျွမ်းခဲ့ပေ။

သူ့အား ရေထဲဆင်းကာ ကြိုးကြိုးစားစား ကယ်တင်ခဲ့သူ လူငယ်အား အထူးကျေးဇူးတင်နေမိ၏။

'ငါ မင်းကို လောက အလင်းထိ ရောက်အောင် ပို့ပေးပါ့မယ်'

'ကျေးဇူးပါပဲ'

အတန်ကြာတော့ သူမောလာသဖြင့် သူ့အား အောက်သို့ချလိုက်၏။

'ကိုင်း....ဆက်ပြေးကြဦးစို့၊ မင်းပြေးနိုင်မလား'

'ဟင့်အင်း၊ ကျွန်တော့်ခြေထောက်တွေ သိပ်နာကျင်နေပြီ'

သူက လူငယ်အား သနားကြင်နာစွာကြည့်လျက် အကြမ်းတမ်း မခံနိုင်ခြင်းအား ခွင့်လွှတ်လိုက်ရသည်။

'ဒါဖြင့် ငါ့ကိုမှီပြီး လိုက်ခဲ့ပေါ့'

လူငယ်လေးက သူ့အားတွဲ၍ လိုက်ပါလာခဲ့၏။

ထိုအခါ လူငယ်လေးစုဆွမ်၏အရပ်မှာ အလွန်ပင်နိမ့်လှကြောင်း စွန်ချန်း သိရှိရသည်။

'မင်းအရပ်ကလဲ နိမ့်လှချည်လားကွာ'

'အသက် ဘယ်လောက်ရှိပြီလဲ'

'၁၆ နှစ်'

‘အေးလေ၊ မင်းက ငါ့ထက်ငယ်တာကိုး၊ လာကွာ.... ဘာမှအားမငယ်ပါနဲ့၊ ငါတစ်ယောက်လုံး ရှိပါသေးတယ်၊ တစ်ခုခုဖြစ်လာရင် ငါအသေခံပြီး ခံချမှာပါကွာ’

သူက လူငယ်လေးအား နှစ်သိမ့်ပေးလိုက်မိသည်။

သို့ဖြင့် သူတို့နှစ်ယောက်သည် တောင်ကုန်းစောင်းအား တဖြည်းဖြည်း တက်သွားကြ၏။

‘ငါတို့ လမ်းမှန်ကို ပြန်ရောက်အောင်တော့ သွားရမှာပဲကွာ၊ ဒါပေမယ့် လမ်းကိုရောက်ဖို့ မလိုသေးပါဘူး’

သူက လူငယ်လေး၏လက်ကို လှမ်းဆွဲတင်ရင်း ပြောလိုက်သည်။

ထို့ကြောင့် စုဆွမ်၏လက်ကလေးအား သတိထားမိသွားပြန်သည်။

‘မင်း လက်မောင်းလေးတွေကလဲ သေးလိုက်တာနော်၊ ကူးတို့သမားကြီးကတောင် မင်းကို မိန်းကလေးလို့ ထင်နေတယ်’.

‘ဟာ....မဟုတ်တာဗျာ’

လူငယ်က ရှက်ရွံ့စွာဖြင့်မျက်နှာလွှဲသွားရင်း ပြောသည်။

‘ဒါပေမယ့် မင်းကြည့်ရတာ တစ်မျိုးပဲကွာ၊ မိန်းကလေး သာဆိုရင် တော်တော်ချောမယ့်ကောင်ပဲ၊ငနဲလေးတွေ ဝိုင်းနေမှာ’

‘အာ....ခင်ဗျားကလဲ မဟုတ်တာတွေ လျှောက်ပြော မနေစမ်းပါနဲ့’



စုဆွမ်က မျက်နှာကြီးနီမြန်းလာပြီး ရှက်သလိုလို ပြောသဖြင့်...

‘နောက်တာပါကွာ၊ မင်းက လူသာငယ်ပေမယ့် ရေတော့ ကူးတတ်သားပဲ မဟုတ်လား’

စုဆွမ်ရှက်သွားသည်ကိုသိ၍ စွန်ချန်း နှစ်သိမ့်လိုက်ရပြန်သည်။

‘ခဏနေဦးဗျာ၊ ကျွန်တော် ရေငတ်တယ်’

စုဆွမ်သည် မြေပေါ်တွင် အိုင်လေးတစ်အိုင်ကို တွေ့ရ၍ ရပ်ပြီး ပြောလိုက်သည်။

‘ဆာလဲဆာလိုက်တာဗျာ၊ ဗိုက်ကို တကြုတ်ကြုတ်နဲ့ နေတာပဲ’

သူက ပြောပြီး ရေငုံသောက်နေသည်ကို ကြည့်လျက် စွန်ချန်း သနားသွားသည်။

‘မင်း ခေါင်းတစ်ရာမှာတုန်းက ဘာမှ မစားခဲ့ဘူးလား’

‘ဟင့်အင်း....ကျွန်တော့်ကို ရောင်ချန်းက ကျွေးတော့ ကျွေးသား၊ ကျွန်တော်က မစားခဲ့တာ’

‘ဘာလို့ မစားရတာလဲကွာ၊ မိုက်တဲ့ကောင်ပဲ’

‘သူကျွေးတဲ့အစာကို မစားချင်လို့ပါဗျာ’

စွန်ချန်းက သူ၏ခါးတွင် ချည်နှောင်ထားသော အထုပ် တစ်ထုပ်ကို ဖြေလိုက်သည်။

ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်များ ထွက်လာ၏။

‘ကိုင်း....ဒါဖြင့် ဟောဒါတွေစားနှင့်၊ ငါ ရှေ့ကို လမ်းလေး ဘာလေး သွားရှာကြည့်လိုက်ဦးမယ်’

စွန်ချန်းက ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်ကို စုဆွမ်အား ပေးခဲ့ကာ ထွက်သွားသည်။

စုဆွမ်မှာ ဆာဆာနှင့် ပလုတ်ပလောင်း စားလေတော့သည်။

ရှေ့နား၌ ချောင်းငယ်လေးတစ်ခု ဖြတ်သန်းစီးဆင်းနေသည်ကို တွေ့ရပြီး တစ်ဖက်ကမ်းတွင်ကား ဝက်သစ်ချတောကြီးကို မြင်နေရ၏။

လေတိုက်သဖြင့် သစ်ရွက်များ တရှဲရှဲနှင့် မြည်နေ၏။ စွန်ချန်း သတိကြီးစွာနှင့် ရှေ့သို့ တိုးသွားသည်။

ထိုအခိုက်တွင် ဒရယ်တစ်ကောင်သည် ချုံစပ်ဘစ်နေရာမှ ရှုတ်တရက် ထပြေးသည်ကို မြင်ရသဖြင့် ရပ်လိုက်၏။

သစ်တောက လူသူကင်းမဲ့နေ၏။

သို့သော် ဒရယ်ထွက်ပြေးခြင်းဖြင့် အခြားတစ်နေရာရှိ လူများရှိရာသို့ ရောက်သွားလျှင် ထိုလူများကမူ လန့်၍ပြေးလာသော ဒရယ်ဖြစ်ကြောင်းကို သိကြလိမ့်မည်ဟု တွေးမိကာ ရှေ့သို့ဆက်မသွားဘဲ အနီးရှိ အမြင့်ဆုံးသစ်ပင်တစ်ပင်ပေါ်သို့ တက်လေသည်။

သစ်ပင်မှာ အတော်ပင်မြင့်ရာအထက်သို့ရောက်လျှင် အရပ်လေးမျက်နှာကို လှမ်းမျှော်၍ မြင်နိုင်ပေသည်။

အနောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ ကိုင်းတောကြီးနှင့် ခေါင်းတစ်ရာရွာကို မြင်နေရ၏။



ရွှေသဲဝါမြစ်မှာ ဆိတ်ငြိမ်စွာ စီးဆင်းနေပြီး ကမ်းပါးတစ်နေရာတွင် တီယင်ချီသို့ သွားသည့်လမ်းမှာ တောထဲတွင် ဟိုကွေ့ သည်ကောက်နှင့် ဦးတည်လျက် နေလေသည်။

မြစ်ဘက်တွင် လူသူအရိပ်အခြည်ကို မမြင်ရပေ။

သို့ဖြင့် စွန်ချန်းသည် ပြန်ဆင်းတော့မည်ပြင်ပြီးမှ နောက်ဆုံးကြည့်သောအနေနှင့် အရပ်လေးမျက်နှာကို သေချာစွာ လှမ်းကြည့်လိုက်ရာ ကိုင်းတောတစ်နေရာတွင် တစ်စုံတစ်ခု လှုပ်ရှားနေသည်ကို လှမ်းမြင်ရလေသည်။

သေချာစွာကြည့်လိုက်ရာ လူခုနစ်ယောက်ခန့် ပါသော မြင်းသည်တော်များ လာနေသည်ကို တွေ့ရလေသည်။

သို့ဖြင့် သစ်ပင်ပေါ်မှ ဆင်းကာ စုဆွမ်ရှိရာသို့ ပြန်၍လာခဲ့လေ၏။

စုဆွမ်မှာ ရပ်နားခွင့်ရသဖြင့် အတော်အတန် အင်အားပြည့်တင်းလာသည်။

စွန်ချန်းက နောက်မှ စုဆွမ်ကို လိုက်ဖမ်းနေသော စားသမားတို့အား သစ်ပင်ပေါ်မှ မြင်ရသည်ဟု ပြောသဖြင့် နှစ်ဦးသား ကြာကြာဆိုင်းမနေတော့ဘဲ သုတ်ခြေတင်ပြေးကြရာ မကြာမီ လမ်းမကြီးကို ဖြတ်ကူးကာ တီယင်ချီ သစ်တောကုန်းမြင့်ပိုင်း တစ်နေရာသို့ ရောက်လာကြ၏။

သစ်တောမှာ ထူထပ်သည်ထက် ထူထပ်လာပြီး နေပြောက် ထိုးသော အကွက်များကို တစ်ခါတစ်ရံမှသာ တွေ့ကြရပေသည်။

လေမှာလည်း ခပ်ပြင်းပြင်းကလေး တိုက်ခတ်လျက်ရှိရာ သစ်ရွက်များ တရှဲရှဲနှင့် မြည်နေပေ၏။

သူနှစ်ယောက်သည် သစ်ပင်ရှင်းသော ကွက်လပ်နေရာသို့ ရောက်လာရာ စွန်ချန်းသည် မတ်တတ်ထ၍ မလျောက်ဘဲ ကုန်းကုန်းနှင့် တွားသွားကာ ဖြတ်ကျော်လေသည်။

စုဆွမ်မှာကား အဖော်လုပ်သူ လုပ်ပုံကို နားမလည်။ သို့သော်လည်း သူလည်း တွားသွားကာ ကွက်လပ်ကို ဖြတ်ကျော်ပြီး တစ်ဖက်ရှိသစ်တောအုပ်များဆီသို့ ရောက်အောင်လာလေသည်။

စွန်ချန်းနားရောက်မှ ဘာကြောင့် တွားသွားရသည်ကို မေးရာ စွန်ချန်းက လက်ညှိုးထိုးပြလျက် ဖြေ၏။

သူ လက်ညှိုးထိုးပြသော အရပ်တွင် သစ်ပင်တစ်ပင်မှာ အခြားအပင်များထက် မြင့်မားစွာ ပေါက်နေ၏။

သစ်ပင်မှ သစ်ကိုင်းတစ်ခုသည် ဘယ်ဘက်သို့ ထိုးထွက်နေရာ ထိုသစ်ကိုင်းခွကြားပေါ်တွင် အစိမ်းရောင် အဝတ်အစားဝတ်ထားသော လူတစ်ယောက်သည် အရပ်ဆယ်မျက်နှာကို ကင်းထောက်ရင်း ကြည့်ရှုနေသည်ကို တွေ့ရပေသည်။

ထိုသူသည် လက်နှင့် မျက်ခုံးပေါ်တွင် နေရိပ်ကာလျက် အဝေးသို့ လှမ်းမျှော်ကြည့်ရှုနေ၏။

'ငါတို့ ဘယ်ဘက်အေးကို သွားမှဖြစ်မယ်၊ ကံကောင်းပေလို့ပေါ့၊ တည့်တည့်ကြီး ဝင်တိုးတော့မလို့'

စွန်ချန်းက စုဆွမ်အား လေသံနှင့် တိုးတိုးပြောပြလိုက်သည်။



ထို့နောက် သူတို့သည် လူရှိနေသည့် သစ်ပင်နှင့် ဝေးရာအရပ်ဘက်သို့ တိုး၍ သွားကြလေသည်။

'ဟိုဘက်သွားလို့မဖြစ်ဘူး၊ အခု တို့ရောက်နေတဲ့ သစ်တောပိုင်းကို ငါကလဲ မကျွမ်းကျင်တော့ သွားရတာ မလွယ်ဘူး၊ ခက်တာပဲ....ဟောဒီ လူသွားလမ်းလေးက ဘယ်ကိုများရောက်တဲ့ လမ်းလေးပါလိမ့်၊ အဲဒီလမ်းအတိုင်း လျှောက်သွားကြည့်ဦးတာပေါ့'

စွန်ချန်းက သူလည်း မသိသည့် မတော်တဆတွေ့ရသော လူသွားလမ်းလေးအတိုင်း လိုက်လာကြရာ ကုန်းမြင့်တစ်ခုသို့ ရောက်လာပြီး ကုန်း၏ တစ်ဖက်တွင် ဒယ်အိုးပုံသဏ္ဍာန်ချိုင့်ကြီးတစ်ခုအား တွေ့ရှိကြရလေသည်။

ထိုချိုင့်အောက်ပိုင်း၌ အိမ်ပျက်ကြီးတစ်ခုအား လှမ်းမြင်နေရလေသည်။

'ဟိုအိမ်က ဘာများပါလိမ့်'

စုဆွမ် လက်ညှိုးထိုးပြီး ပြောသည်။

'အေး....ငါလဲ မသိဘူး၊ ဒါပေမယ့် စွန့်ပြီး သွားကြဦးတာပေါ့'

သို့ဖြင့် သူတို့နှစ်ဦးမှာ ထိုနေရာသို့ ရင်ခုန်စွာနှင့် ဆင်းသက်ကြလေ၏။

အချို့နေရာများဝယ် ထွန်ယက်စိုက်ပျိုးထားသော မြေယာဟောင်းများကို တွေ့ရ၍ အချို့နေရာများတွင် သစ်သီးဝလံပင်များကို တွေ့မြင်ရလေသည်။

သူတို့မှာ ဥယျာဉ်ဟောင်းတစ်ခုကို ဖြတ်သန်းနေရဟန်ရှိပြီး မကြာမီအတွင်း အိမ်ပျက်ကြီးဆီသို့ ရောက်ရှိလာကြ၏။

အိမ်ကြီးမှာ တစ်ချိန်တစ်ခါက အလွန်ခန့်ညားသော အိမ်ကြီးဖြစ်ဟန်တူသော်လည်း ယခုမူကား ပျက်စီး ယိုယွင်းနေကာ ထုပ် လျှောက် ဒိုင်း အစရှိသည့် ပျဉ်များပင် ကျိုးပဲ့ပြီး ကျလျက်ရှိ၏။

အိမ်ပတ်လည်တွင် ခံကတုတ်ကျင်းတစ်ခု တူးထား၍ ကျင်းကို ဖြတ်ကူးရန်အတွက် တန်းတစ်တန်းကို ကန့်လန့်ချထား၏။

အိမ်နံရံနှစ်ခုမှာ မတ်မတ်ကြီးအတိုင်း ရှိနေမြဲဖြစ်၍ နေရောင်သည် နံရံရှိ ပြတင်းများအတိုင်း တိုးဝင်လျက်ရှိ၏။

သို့သော်လည်း အိမ်ကြီး၏အခြားအပိုင်းများမှာ ပျက်စီး ယိုယွင်းလျက်သာ ရှိပေသည်။

နံရံနောက်ဘက် အချို့နေရာများတွင် သစ်ပင်ငယ်များပင် ပေါက်လျက်ရှိနေလေပြီ။

'ဩော်...ဒီအိမ်ဟာ ကျောက်စိမ်းဆိုတဲ့ အိမ်ကြီးနဲ့ တူတယ်၊ ပိုင်ရှင်က ဝမ်တောလီဆိုတဲ့ လူပဲ၊ ရောင်ချန်းကြီးရဲ့ အမိန့်နဲ့ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ယင်ကဲ့ယန်းက မီးတင်ရှို့ပစ်ထယ်လို့ ကြားတယ်'

စွန်ချန်းက စုဆွမ်၏ ပခုံးကိုဖက်ကာ လေသံဖြင့် ပြောပြလေသည်။

ထို့နောက် စုဆွမ်အား တိတ်တိတ်နေရန် ပါးစပ်ကို လက်ညှိုးနဲ့ပိတ်ပြပြီး စောင့်ကြည့်ကြ၏။



မကြာမီ လူတစ်ဦး ချောင်းဟန့်သံကြားရပြီး အသံအောအောကြီးဖြင့် သီချင်းတစ်ပုဒ်ကို သီဆိုနေသည်အား ဆက်၍ကြားရပြန်၏။

သီချင်းဆိုသူမှာ ဆိုခြင်းအား နားလိုက်ပြန်ကာ သံကိုသံချောင်းနှင့် ရိုက်ခတ်သံတစ်ချက် ထွက်ပေါ်လာပြန်သည်။

ထို့နောက် တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။

သူတို့နှစ်ဦးမှာ တစ်ဦးမျက်နှာကို တစ်ဦးကြည့်လိုက်ကြသည်။

အသံမှာ အိမ်နံရံတစ်ဖက်ဆီမှလာနေသော အသံဖြစ်၏။

ရုတ်တရက် စုဆွမ်မှာ ကတုတ်ကျင်းကို ဖြတ်ကူးလာ အမိုးမဲ့သော အိမ်ပျက်ကြီးအတွင်းရှိ ကျိုးကျနေသော ထုပ်ပေါ်တွင် ညင်သာစွာ ကြောင်တက်တက် နေလေ၏။

စွန်ချန်းမှာ စုဆွမ် ဤသို့ပြုမူ လှုပ်ရှားလိုက်သည်အား မတားမြစ်နိုင်ဘဲ ရှိနေသည်။

အိမ်ပျက်ကြီးထောင့် တစ်နေရာတွင် ထုပ်နှစ်ခုမှာ တစ်ခုနှင့် တစ်ခု ကြက်ခြေခတ်တင်နေကာ အောက်သို့ ကျနေ၏။

ထုပ်နှစ်ခုအောက်၌ နေရာ ကွက်လပ်လေးတစ်ခုရှိသဖြင့် စွန်ချန်းတို့နှစ်ယောက်သည် ထိုကွက်လပ်လေးထဲသို့ လျှောဆင်း လိုက်ကြ၏။

သူတို့၏ ခေါင်းပေါ်တွင်ကား ထုပ် နှစ် ချောင်းက ကာထားသဖြင့် အပြင်မှ သတိမထားမိလျှင် ရုတ်တရက်မြင်ရန် မလွယ်လှပေ။

ထိုနေရာဝယ် အခန့်သင့်ပင် မြားပစ်ရန် ဖောက်ထားသော အပေါက်တစ်ခုကို နံရံတွင် တွေ့ရသောကြောင့် ချောင်း၍ ကြည့်လိုက်ရာ နှစ်ယောက်သား အထူးပင် တုန်လှုပ်ချောက်ချားသွားကြရတော့သည်။

သို့သော် ထိုနေရာမှ ပြန်လည်ထွက်ခွာသွားရန်ကား မဖြစ်နိုင်ကြတော့ချေ။

သူတို့ အသက်ပင် ပြင်းပြင်းမရှူရဲဂုံဘော့ပေ။

ထိုမြားပစ်ပေါက်မှ ကိုက် ၂၀ ခန့်ဝေးသော နေရာတွင် တွင်းတစ်တွင်းကို မီးများထည့်ထားကာ တွင်းပေါ်၌ ဒယ်အိုးကြီးတစ်လုံးသည် ကျိုက်ကျိုက်ဆူလျက် ရှိ၏။

ထိုဒယ်အိုးနား၌ အရပ်ထောင်ထောင် မောင်းမောင်းနှင့် မျက်နှာနီစပ်စပ် လူကြီးတစ်ဦးသည် သံယောက်မကြီးနှင့် ဒယ်အိုးကို မွှေလျက်ရှိလေသည်။

သူ၏ခါးတွင်ကား မြားထည့်သည့် အိမ်တစ်ခုနှင့် ဓားမြှောင် တစ်ချောင်းကို ချိတ်ဆွဲထားလေသည်။

လူကြီးသည် ဒယ်အိုးကို မွှေနေသော်လည်း စွန်ချန်းတို့ ထုပ်မှ လျှောဆင်းသံအား မသဲမကွဲ ကြားလိုက်မိဟန်ဖြင့် နားစွင့်နေပုံ ရလေသည်။

သူနှင့် မလှမ်းမကမ်းတွင် အခြားတစ်ယောက်မှာ စောင်တစ်ထည်ကိုခြုံလျက် မြေပေါ်၌ အိပ်ပျော်လျက်ရှိ၏။

အနားရှိ သစ်ပင်ငယ်တစ်ခုတွင်ကား မြားနှင့် လေးကိုလည်းကောင်း၊ မကြာမီက သတ်ဖြတ်ထားသော သွေးစိမ်းရှင်ရှင်ရဲရဲနှင့် သမင်ကိုယ်တစ်ပိုင်းကိုလည်းကောင်း သစ်ကိုင်းတွင် ချိတ်ဆွဲထားသည်အား မြင်ရလေသည်။



ဒယ်အိုးနားမှ လူကြီးသည် အတန်ကြာ နားစွင့်နေပြီး စိတ်ချသွားဟန်ဖြင့် သံယောက်မတွင် ကပ်ပေနေသော အရာများကို လျှာနှင့်လျက်ရင်း မြည်းကြည့်ကာ သဘောကျပြီး ဒယ်အိုးကို ဆက်လက်မွှေလျက် စောစောက ဆိုလက်စ သီချင်းအား ဆက်ဆိုနေလေသည်။

လူကြီးသည် သီချင်းဆိုလိုက် ချက်နေသောအရာကို မြည်းကြည့်လိုက်နှင့် နှစ်ခါသုံးခါလုပ်ပြီး ကိစ္စကြီးပြီးစီးသွားဟန်နှင့် ခါးမှဓားကို မှုတ်လိုက်လေသည်။

ထိုအခါ မလှမ်းမကမ်းတွင် အိပ်နေသူက မျက်လုံးဖွင့်ကြည့်ကာ....

'ဘာလဲဟေ့'

'ညနေစာလေ ကိုယ့်လူရဲ့၊ ညနေစာ စားချိန်ရောက်နေပြီ၊ ဒါပေမယ့် အရက်တော့မပါဘူးနော်၊ တောထဲရောက်နေတဲ့ အခါလဲ တောထဲအလိုက် အကျင့်ရအောင်လုပ်ကြ၊ မကောင်းသူပယ်မည့် ချင်က တို့ကိုစောင့်ရှောက်ထားတာပဲကွာ'

'ဟား....ဟား....ဟား....ဝရမ်းပြေးဟာ ဝရမ်းပြေးပေါ့'

'အို ....ဝရမ်းပြေးနေတာ ကောင်းပါတယ်၊ ကောင်းကောင်း နေလို့မရတဲ့ဘဝမှာ ဆိုးဆိုးနေတာပေါ့၊ ဟော.... ကိုယ့်လူတွေ လာကြပြီ'

စားဖိုမှူးကြီးက ပြောလိုက်စဉ်ပင် အလျှိုလျှိုနှင့် လူများ ရောက်ရှိလာကြ၏။

လူတိုင်းတွင်ပင် ခရာတစ်ခုခွက်တစ်ခုနှင့် ဓားတစ်ချောင်းစီ ကိုင်လာကြသည်။

အနားရောက်လျှင် စားဖိုမှူးထည့်ပေးသော အစာကိုယူကာ မြက်ခင်းပေါ်တွင်ထိုင်ပြီး ညနေစာကို စားသုံးနေကြလေ၏။

လူများမှာ လက်နက်ချိုးစုံကို ကိုင်ဆောင်လာကြပြီး အစိမ်းရောင် ယူနီဖောင်းများကို ဝတ်ဆင်ထားကြသည်။

ခါးပတ်ပေါ်တွင်နဂါးရုပ်ကိုတပ်ဆင်ထားကြကာ နံဘေးဝယ် ဓားရှည်များ, ဓားမြှောင်များ, သေနတ်များ စသည်တို့ကို ချိတ်ဆွဲထားကြသည်။

အားလုံး လူပေါင်း တစ်ရာကျော်ခန့်ရှိပြီး ဆူညံစွာ စကားပြောဆိုနေကြလေသည်။

သို့သော်လည်း သူတို့၏ဆူညံသံမှာ လူခြောက်ယောက်ထမ်းလာသော ဝေါတစ်ခု ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် တိတ်တိတ်လှုပ်သံမျှ မကြားရတော့ပေ။

ဝေါပေါ်မှ အရပ်မြင့်မြင့် ခန္ဓာထွားကျိုင်းလှသည့် လူတစ်ဦး ဆင်းလာသည်။

မျက်နှာမှာ နေလောင်ထားသဖြင့် နီစပ်စပ်ဖြစ်နေပြီး နောက်ကျောဝယ် သံမဏိလေးတစ်ခု လွယ်ထားသည်။

ခါးတွင်မူ ဓားရှည်တစ်ချောင်း ချိတ်ထားသည်။

ထိုလူမှာ သူတို့၏အကြီးအကဲ ဖြစ်ပုံရလျက် ညစာ စားနေကြသူများကြားတွင် ရပ်တန့်ကာလက်ထဲတွင် ကိုင်စွဲထားသော လှံကိုဝင့်လျက်....



'သွေးသောက်တို့ တော်တော်ပျော်နေကြတယ် ထင်ပါရဲ့၊ မင်းတို့ ဒီနေ့အဖို့ ကံကောင်းတယ်လို့ ဆိုရမယ်'

ထိုသို့ပြောဆိုပြီး ဝေါပေါ်မှ အရက်စည်ကြီးတစ်လုံးကို လှိမ့်ချလိုက်ရာ ညစာ စားနေသူများမှာ အသွန်ဝမ်းသာသွားကြကာ အော်ဟစ်ဆူညံ၍ သွားလေသည်။

'ကိုင်း....စားလဲစားကြ သောက်လဲသောက်ကြ၊ ဒါပေမယ့် မြန်မြန်စား မြန်မြန်သောက်ကြပါ၊ ရွှေသဲဝါမြစ် ကူးတဲ့နေရာမှာ လူခုနစ်ယောက် ရောက်နေကြတယ်၊ ရောင်ချွန်းရဲ့လူတွေပဲ၊ ဒီကောင်တွေ ဒီသစ်တောထဲရောက်လာရင် အကုန်လုံး မြားစာကျွေးပစ်မယ်၊ မင်းတို့အကုန်လုံး ရောင်ချွန်းရဲ့နှိပ်စက်တာကို ခံရတဲ့လူချည်းပဲ မဟုတ်လား၊ အဲဒီ လူယုတ်မာဟာ ပစ္စည်းကိုယူ အိမ်ရာကိုသိမ်း အိမ်ကိုအပိုင်စီးခဲ့သူ၊ ဒီလောက်နှိပ်စက်တဲ့လူရဲ့ နောက်လိုက်တွေကို ဒီတောထဲမှာ အဖြတ်ခံလိုက်ရရင် ရာဇဝင်ရှိုင်းတော့မပေါ့၊ တစ်ဦးမှ မကျန်စေရဘူး၊ အကုန်သတ်ပစ်ရလိမ့်မယ်'

ခေါင်းဆောင်လုပ်သူ ချင်က နာနာကြည်းကြည်း ပြောလိုက်သဖြင့် စားဖိုမှူးကြီးက....

'အိုး....ခေါင်းဆောင် ချင်ကတော့ လက်စားချေဖို့အတော်စိတ်စောတ်ပြင်းထန်နေတာပဲ၊ ညစာကလဲ စားပြီးသို့ ဗိုက်ကလဲ ပြည့်ပြည့်၊ အရက်ကလေးကလဲ တမြမြနဲ့ဆိုတော့ လူသတ်ရမှာ တော်တော်အရသာရှိမှာပဲဗျို့'

ပျော်ပျော်ရွှင်ရွှင်နှင့် သူ့ရဲ့ အသံအောအောကြီးနှင့် ဝင်ရောက် ပြော၏။

'အေး....ရဲတိုက်ကြီးကို ပြန်ဖို့ဆိုရင် ရှောင်ချွန်းဆိုကဲ့ကောင် ဒီတောကို မဖြတ်လို့ကို မရဘူးကွ၊ ဒီတောကိုဖြတ်သမျှ အကုန်လုံးကို သုတ်သင်ရမယ်၊ အဲဒီနည်းနဲ့ ရှောင်ချွန်းတို့ နောက်လိုက်အင်အား ဆုတ်ယုတ်သွားတော့မှ ခွေးမသားကြီးကို လက်ရဖမ်းဆီးပြီး ကောင်းကောင်းနှိပ်စက်၊ ကောင်းကောင်း ပြန်သတ်ရမယ်ကွ၊ ဒီကောင်ကြီးရဲ့အသားကို စားပြလိုက်ဦးမယ်ကွာ'

'လူသားက စားလို့တော့အကောင်းသားဗျ၊ ဒါပေမယ့်နူးအောင် တော်တော်ချက်ယူရတယ်၊ အေးလေ....ခုတော့ ကျုပ်တို့တွေ မြားနီလေးတွေလုပ်ပြီး တစ်ယောက်သတ်လိုက် နှစ်ယောက်သတ်လိုက် ခြိမ်းခြောက်တဲ့စာတွေ ရေးပို့လိုက်၊ ဒါပဲလုပ်နေရတယ်၊ တစ်နေ့ကျရင်တော့ တကယ်ပဲ လူသားစားကြရမှာပေါ့'

'မနေ့ညက ရှောင်ချွန်းရဲ့ ဆက်သားတစ်ဦးက ငွေ ၃၀ လောက်ရတယ်၊ နောက်ကုန်သည်တစ်ဦးဆီကလဲ ၄၀လောက်ရတယ်'

'ဒီနေ့ ကျွန်တော် လောကအလင်းကိုသွားတဲ့ ဘုန်းကြီးတစ်ပါးဆီက လုလိုက်သေးတယ်၊ အင်း....ဟောဒီမှာ သူ့ပိုက်ဆံအိတ်'

'ဟာ....ငွေ ၆၀ တောင် ပါလားဟေ့'

ထိုသို့ ပြောပြီးနောက် ခေါင်းဆောင်မှာ ပိုက်ဆံအိတ်ကို ခါးကြားထဲသို့ ထည့်လိုက်လေသည်။



ဓားသမားတို့မှာ သူတို့ခေါင်းဆောင်က ခပ်မြန်မြန်စားဟု ဆိုသဖြင့် ခပ်သုတ်သုတ် စားနေကြလေသည်။

စားပြီးသူ အချို့မှာလည်း သူတို့၏ ဓားလှံ လက်နက်များကို တိုက်ပွဲအတွက် ပြင်ကြဆင်ကြနှင့် လုပ်နေကြလေသည်။

ထိုအချိန်၌ စွန်ချွန်းနှင့် စုဆွမ်တို့မှာ နားရွက်ပင် မလှုပ်ရဲဘဲ ရှိနေကြ၏။

စွန်ချွန်းမှာ အရေးကြုံလျှင် အဆင်သင့်ဖြစ်ရန် ရန်သူ၏လေးကို ဖြည်းညင်းစွာ မောင်းတင် ကိုင်ဆောင်ထားခဲ့လေသည်။

ထိုစဉ် အိမ်ပျက်ကြီး၏ မီးခိုးခေါင်းတိုင် ထိပ်ဖျားဆီသို့ မြားတစ်စင်း လာရောက်စိုက်ဝင်လေသည်။

သစ်တောအတွင်းရှိ သစ်ပင်မြင့်တစ်ပင်ထက်မှ သူတို့၏ ဂိုဏ်းသားတစ်ဦးက အချက်ပေးသည့်သဘောဖြင့် ပစ်ခတ်လိုက်သော မြားဖြစ်လေသည်။

ထိုမီးခိုးခေါင်းတိုင်မှာ စွန်ချွန်းတို့ခေါင်းပေါ် တည့်တည့်တွင်ရှိရာ စုဆွမ်သည် မြားမှန်သည်အားကြည့်လျက်ထိတ်လန့်သွားသဖြင့် အော်ဟစ်မိမတတ်ဖြစ်သွားလေသည်။

ညစာစားနေကြသူဂိုဏ်းသားများမှာ မြား ခေါင်းတိုင်ကို မှန်ပြီး လာစိုက်သည်နှင့်တစ်ပြိုင်နက် နားလည်ပြီးသားအချက်ပေးမှုဖြစ်သောကြောင့် ရုတ်တရက် နေရာမှ အားလုံးထလိုက်ကြတော့၏။

ထို့နောက် သူတို့၏လက်နက်များကို ကိုယ်စီစွဲကိုင်ကြပြီး အဆင်သင့်ရှိနေကြသည်။

'ကဲ....သွေးသောက်တို့ မင်းတို့ ကိုယ့်တာဝန် ကိုယ်သိကြတယ်နော်၊ အမှားအယွင်းမရှိကြစေနဲ့၊ ရန်သူကို ဘယ်လိုမှ လွတ်ထွက်မသွားစေနဲ့ဟေ့'

ခေါင်းဆောင်ဖြစ်သူကသူ့ဂိုဏ်းသားများအားညွှန်ကြားနေစဉ် အထောက်တော်တစ်ဦး မြင်းတစ်စီးနှင့် ရောက်ရှိလာလေ၏။

'အခုလာတဲ့လူတွေထဲမှာ လူကုံထံ ရောင်ချွန်းပါမလာဘူး၊ အားလုံး လူခုနစ်ယောက် မြားနဲ့ အချက်ပေးပြီးပြီ'

'အေး....ခုပဲ မိုးခိုးခေါင်းတိုင်ကို အချက်ပေးမြားမှန်တယ်'

မကြာမီပင် ခေါင်းဆောင်နှင့် အတူ ဂိုဏ်းသားများ ထိုနေရာမှ ဝတင်ထွက်ခွာသွားကြလေသည်။

အိမ်ပျက်ကြီးတွင်ကား စားပို့မှုးနှင့် သစ်ပင်တွင်ချိတ်ဆွဲထားသော သမင်ခန္ဓာတစ်ပိုင်းတစ်စသာလျှင် ကျန်ရစ်ခဲ့ကြလေတော့သည်။

( ၅ )

ခွဲခွာခြင်း သို့မဟုတ်

စွန်ချွန်းနှင့် စုဆွမ်တို့သည် ဂိုဏ်းသားများ တစ်ဦးမကျန်ထွက်သွားကြမှ ပုန်းအောင်းနေရာမှ ထုပ်အတိုင်း မြန်တက်ကာ ခံကတုတ်ကျင်း တူးထားသည်ကို ဖြတ်ကျော် ထွက်ခဲ့ကာ...

'ကိုင်း....လောကအလင်းကို သွားကြစို့'

စုဆွမ်က စွန်ချွန်းအား သတိပေးလိုက်၏။

'ဟ....ဘယ်သွားလို့ ဖြစ်ဦးမလဲ၊ ဟိုမှာ ငါ့လူတွေအသတ်ခံရတော့မယ်'

'ဒါဖြင့် ခင်ဗျား ကျုပ်ကို ထားပစ်ခဲ့တော့မှာလား'

'ထားခဲ့ရမှာပေါ့၊ ငါတို့ဘက်ကလူတွေကို မြားနီဂိုဏ်းက ချောင်းတိုက်ဖို့စောင့်နေကြတယ်ဆိုတာ သွားပြောဦးမှ ဖြစ်မယ်၊ ငါနဲ့အတူနေလာခဲ့တဲ့လူတွေ ငါ သစ္စာမဲ့ရာ ဥပေက္ခာပြုရာကျသွားမှာပေါ့၊ ကဲ....ပေး ငါ့မြားအိမ်'

စွန်ချုန်းက စုဆွမ်လက်ထဲတွင် ကိုင်ထားသောမြားတံထည့်သော အိမ်ပြန်၍ တောင်းလေသည်။ သို့သော် စုဆွမ်က ပြန်မပေးသေးဘဲ....

'ခင်ဗျားပြောတော့ ကျွန်တော့်ကို လောကအလင်းရောက်အောင် လိုက်ပို့ပေးမယ်ဆိုဗျ၊ ကတိကို မေ့သွားပြီလား'

'အေး....ဟုတ်သားပဲ၊ ဒါဆို ပို့ပေးရမှာပေါ့ကွာ၊ ဒါပေမယ့် ငါ့လူတွေကိုတော့ သွားပြီး သတိပေးပါရစေဦးကွ၊ ပြီးရင် မင်းကို လောကအလင်းထိအောင် ငါပို့ပေးပါ့မယ်'

စွန်ချုန်း လူငယ်အား နှစ်သိမ့် အားပေးလိုက်လေသည်။ သို့သော် စုဆွမ်က ကျေနပ်ပုံမရချေ။

'ခင်ဗျားသွားကယ်မယ့် လူတွေက ကျုပ်ကို လိုက်ဖမ်းတဲ့လူတွေ'

'ဒါတော့ ငါမငြင်းနိုင်ဘူး၊ ခုဟာက သူတို့တွေ သေရမယ့်ကိစ္စ၊ ကဲ....ပေး....ငါ့မြားအိမ်'



'အစ်ကိုစွန်ချုန်း....ခင်ဗျားကြီး လူကုံထံ ရောင်ချုန်းရဲ့လူတွေနဲ့ သွားပြန်ပေါင်းဦးမလို့ပေါ့....ဟုတ်လား၊ ခင်ဗျား မြားနီဂိုဏ်းခေါင်းဆောင် ချင် ပြောနေတာ မကြားဘူးလား၊ ခင်ဗျား အဖေရင်းကို သတ်ခဲ့တဲ့ ဒီရောင်ချုန်းကြီးကို ကူညီပေးဦးမလို့လား၊ ခင်ဗျားအဖေပေကျီချန်းကို ရောင်ချုန်းသတ်ပစ်တာဗျ....သိရဲ့လား'

'အေးလေ....သူသတ်ချင်လဲ သတ်မှာပေါ့၊ ဒါပေမယ့် ရောင်ချုန်းကြီးဟာ ငါ့ကိုမွေးစားပြီး ကျွေးမွေးခဲ့တဲ့လူကြီးပဲ၊ နောက် သူ့လူတွေဆိုတာလဲ ငါ့ရဲ့အပေါင်းဖော်မိတ်ဆွေတွေချည်းပဲ၊ အဲဒီလူတွေ အသတ်ခံရခါနီးမှာ ငါက ဒီအတိုင်း ကြည့်နေရမှာလားကွ၊ ငါ့ကို မတားပါနဲ့ကွာ'

စွန်ချုန်းက စုဆွမ်အား လိုက်လိုက်လှဲလှဲ တောင်းပန်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် ခင်ဗျားအဖေကိုလဲ အဲဒီ ရောင်ချုန်းကြီး သတ်တယ်၊ ကျွန်တော့်ကိုလဲ လောကအလင်း ပို့ပေးမယ်ဆိုပြီး ကတိဖျက်တယ်၊ မကျေနပ်ဘူး'

'အေးပါ....ငါ့အဖေကို လူကုံထံရောင်ချုန်းကြီး သတ်တယ်ပဲ ထားပါ၊ အဲဒီအတွက် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ငါ သူ့ကို ပြန်ပြီး လက်စားချေရမှာပါ၊ ဒါပေမယ့် အပြစ်မရှိတဲ့လူတွေ အသတ်ခံရမယ့် အရေးကိုတော့ ငါ ကယ်တင်ရလိမ့်မယ်၊ ငါ့တာဝန်တစ်ခု ဖြစ်နေတယ်၊ မင်းကို ပေးခဲ့မိတဲ့ ကတိတစ်ခုအတွက်နဲ့ လူတွေအများကြီး သေရမယ့်အဖြစ်ကို မင်း ကျေနပ်စမ်းပါ စုဆွမ်ရယ်၊ မတားပါနဲ့'

'တားလို့ မရရင် မတားတော့ပါဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားကြီးပေးထားတဲ့ ကတိကို ဖျက်လို့ ကျွန်တော်ပြောနေမိတာပါ'

စုဆွမ်က မျက်မှောင်လေးကြုတ်ပြီး ပြန်လှန်ပြောနေ၏။

'ကဲ....ပေး....ငါ့မြားအိမ်၊ ငါသွားတော့မယ်'

'မပေးဘူး'

'ဘာ...မပေးဘူး ဟုတ်လား'

'ဟုတ်တယ်'

စွန်ချုန်း မျက်နှာမှာ ဒေါသသံဖြင့် တင်းမာခက်ထန်လာတော့၏။

ချော့မော့နှစ်သိမ့်နေရာမှ စိတ်ဆိုးလာသဖြင့် မျက်နှာကြီးမှာ နီမြန်းလာသည်။

သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး စောင်လျက် ကြည့်ရှုနေကြသည်။

ထိုစဉ် စွန်ချုန်းက ရုတ်တရက် စုဆွမ်အား ခုန်ပြီး အုပ်လိုက်၏။

စုဆွမ်က ဘေးသို့ ခုန်ရှောင်ပြီး ထွက်လိုက်သည်။

သို့သော် နောက်တစ်ကြိမ်တွင်မူ စွန်ချုန်း စုဆွမ်ကို ဖမ်းမိသွားသဖြင့် နှစ်ဦးသား နပန်းလုံးရင်း လုံးထွေးနေကြတော့သည်။

မကြာမီပင် ခွန်အားကြီးသော စွန်ချုန်းလက်ထဲသို့ မြားအိမ် ပြန်လည် ပါသွားရတော့သည်။



စွန်ချုန်းမှာ မြားအိမ် ပြန်လည်ရရှိသော်လည်း ဒေါသမှာ ပြန်လည် မပြေပျောက်သေးပေ။

'ကဲ....မင်းလမ်း မင်းသွားတော့၊ ငါသွားပြီ'

ပြောဆိုပြီး စွန်ချုန်း ချာခနဲ လှည့်ထွက်ပြီး ပြေးလေသည်။

သို့သော် နောက်မှ ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ စုဆွမ်ကို တွေ့ရပြန်သဖြင့် ရပ်တန့်လိုက်ရပြန်၏။

'ဟေ့ကောင်....မင်း ဘာလိုချင်လို့လဲ၊ မင်း ငါ့ဆီက ဘာမှ မရတော့ဘူး၊ နေရစ်ခဲ့တော့'

စွန်ချုန်းက ဒေါသဖြစ်ဖြစ်နဲ့ မျက်မှောင်ကုတ်ပြီး စောင်လိုက်သည်။

စုဆွမ်က ဂရုမစိုက်သလို လုပ်ကာ....

'ကိုယ့်သဘောနဲ့ကိုယ် လိုက်တာပဲဗျ၊ ခင်ဗျားရဲ့ ခြေထောက် ငှားလိုက်တာမှ မဟုတ်တာ'

စုဆွမ်က ဂျစ်ကန်ကန်နှင့် ပြန်ပြောနေသဖြင့် စွန်ချုန်းက အလွန် ဒေါသထွက်သွားတော့သည်။

'မင်း ပြောလို့မရဘူးလား၊ ငါလေးနဲ့ပစ်လိုက်မှာနော်'

စွန်ချုန်းက လေးကို မောင်းတင်ပြီး ချိန်ရွယ်လိုက်သည်။ စုဆွမ်က ပြုံးသည်။

ထို့နောက် ရင်ကို ကော့ပြီး....

'ဩော်....ခင်ဗျားက သတ္တိကောင်းလှချည်လား၊ ခင်ဗျားတောင် ပစ်ရဲသေးရင် ကျွန်တော်လဲ သေရဲပါတယ်ဗျ၊ ပစ်....ပစ်....သေအောင်သာ ပစ်သတ်လိုက်'

စွန်ချန်း လေးနှင့် မြားကို ရွယ်ထားရင်းမှ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားရသည်။

သူက ခြိမ်းခြောက်ခြင်းသာ ဖြစ်၏။

လေးနှင့်မြားကို ရွယ်ထားရာမှ အောက်သို့ ချလိုက်ရတော့သည်။

'မင်းဟာအတော့်ကို ပြောရတာ လက်ပေါက်ကတ်တဲ့ကောင်ပဲ၊ ကိုင်း....ဒီသောက်တောင် လိုက်ချင်ရင်လဲ မင်းရှေ့က ပြေး၊ အဲဒီတိုက်ပွဲဖြစ်တဲ့ နေရာရောက်အောင်ပြေးကွာ'

စိတ်ပေါက်ပေါက်နှင့် စွန်ချန်း ပြောပစ်လိုက်မိ၏။

'အို....ခင်ဗျားက ကျွန်တော့်ထက်ကြီးတယ်၊ ကျွန်တော့်ထက်လဲ အားကောင်းတယ်၊ လက်နက်ရှိတယ်၊ ခင်ဗျား ကျွန်တော့်ကို လုပ်ချင်သလိုလုပ်၊ ကျွန်တော်ကတော့ လိုက်မှာပဲ'

စုဆွမ်မှာ ဇွတ်တရွတ်ပင် ပြောဆိုနေသည်ဖြစ်၍ စွန်ချန်း မကျေမချမ်းဖြစ်မိ၏။

ဟိုမှာကလည်းသေဘေး၊ သူ့အတွက်တော့ အဖမ်းခံရမည့်အရေး။ ထို့ကြောင့် သူ့အား မခေါ်ချင်။ သူ့ကို အဖမ်းအဆီး မလုပ်စေချင်။

ခုတော့ သူကိုယ်တိုင်ပင် မကြောက်မရွံ့ လိုက်ဦးမည်ဟု ဆိုနေသဖြင့် စွန်ချန်း မကြံတတ်အောင် ဖြစ်နေ၏။ တစ်ခုခု လုပ်ပစ်ခဲ့ရန်လည်း သူ မလုပ်ရက်ခဲ့။

'ဟေ့ကောင်....မင်း ရှုးမနေနဲ့ကွ၊ငါ မင်းကို ဖမ်းဆီးမယ့် သူတွေဆီ သွားတွေ့မလို့'



'အဲဒီလူတွေက အရေးမကြီးပါဘူး၊ ခင်ဗျား သေရမယ့်ကိစ္စတစ်ခုကို စွန့်စားမလို့ မဟုတ်လား၊ ဘာထူးလဲ ကျွန်တော်လဲ လိုက်ခဲ့မှာပေါ့၊ သေလဲအတူတူပေါ့ဗျာ၊ ဒုက္ခရောက်လဲ အတူတူပေါ့ မဟုတ်ဘူးလား'

စုဆွမ်က သူဒုက္ခရောက်မည့်အရေး ရှေ့မှာ သူ အဖမ်းခံရမယ့်အရေး တွေးပြီး မပူပင်သလိုလုပ်ပြီး ပြောနေခဲ့၏။ စွန်ချန်း စိတ်ပျက်ပျက်နှင့် ဆုံးဖြတ်လိုက်ရတော့သည်။

'ကိုင်း....မင်းနဲ့ငါ ရန်ဖြစ်နေလို့ အပိုပဲ၊ လိုက်ချင်လိုက်ခဲ့၊ အေး....ဒါပေမယ့် လမ်းမှာ ကဖျက်ယဖျက် လုပ်ရင်တော့ မင်းနဲ့ငါတွေ့မယ်....နားလည်လား'

ထို့နောက် စွန်ချန်း ရှေ့မှပြေးလေသည်။ စုဆွမ်က နောက်မှ ပြေးလိုက်သည်။

ပြေးလွှားရင်း ရန်သူအား သတိထားသွားနေလေသည်။ မကြာမီ ကွင်းပြင်ကွက်လပ်လေးတစ်ခုသို့ ရောက်ရှိလာလေ၏။

ထိုကွက်လပ်လေး၏ တစ်ဖက်တွင် ကိုင်းပင်များ ပေါက်လျက်ရှိ၏။

ထိုနေရာမှ ရှေ့သို့လှမ်းမျှော်ကြည့်ပြီးမှ ဆက်သွားမည်ဟု တွေးပြီး ကိုင်းစပ်သို့ လျှောက်သွားလေသည်။

ထိုစဉ် စုဆွမ်က စွန်ချန်း၏ ပခုံးအား လှမ်းပုတ်ပြီး လက်ညှိုးထိုးပြလေသည်။

အရှေ့ဘက်ချိုင့်ဝှမ်းတစ်ခုမှ ဝက်သစ်ချပင်များဆီသို့ ဖြစ်သည်။

ထိုဝက်သစ်ချပင်အောက်ဝယ် အစိမ်းရောင် ဝတ်စုံများ ဝတ်ဆင်ထားသည့် မြားနီဂိုဏ်းမှ လူများအား တွေ့ရှိ၏။ ခေါင်းဆောင်ဖြစ်သူအား သူတို့ ရှေ့ဆုံးမှ တွေ့ရှိရလေသည်။

စွန်ချန်းက ထိုနေရာအား မမြင်တဲ့ ရှေ့သာ ဆက်သွားမိလျှင်တော့ ထိုအစိမ်းရောင်ဂိုဏ်းနှင့် ရင်ဆိုင်တိုးမိသည်မှာ အသေအချာပင်ဖြစ်သည်။

'ဒီလိုကျတော့လဲ မင်းက ငါ့အပေါ် သစ္စာရှိသွားပဲကွ'

စွန်ချန်းက ကျေးဇူးတင်မိသဖြင့် ပြောလိုက်သည်။

'ငါက မင်းကို ရန်သူဘက်ကလို့ အောက်မေ့နေတာ'

'ဒီလိုမပြောနဲ့ဗျာ၊ ကျွန်တော် စိတ်မကောင်းဘူး၊ ကျွန်တော်က အဲဒီလိုလူမျိုး မဟုတ်ဘူး'

စုဆွမ်က အမှန်တကယ်လည်း ဝမ်းနည်းသွားသည့် အမူအရာအတိုင်း မျက်နှာပေါ်ဝယ် ဖြတ်သန်းသွားသည်ကို တွေ့ရ၏။

'မင်းက ငါ့မြားအိမ်ကို လုထားတာကိုးကွ'

စုဆွမ်က မည်သို့မျှ ပြန်မပြောတော့။ ငြိမ်သက်စွာ ငိုင်လျက်ရှိသည်။

'ငါနဲ့လိုက်လာရင်တော့ ငါ့စကားကို နားထောင်ကွာ၊ လာ... သွားကြမယ်'

စွန်ချန်း နောက်သို့ပင် လှည့်ခကြည့်တဲ့ ရှေ့သို့ ဂရုစိုက်ပြီး သွားလေတော့သည်။

စုဆွမ် ငိုင်ပြီး ရပ်နေမိသေး၏။



စွန်ချန်း အတော်ဝေး ဝေးသွားတော့မှ သူ ဆက်၍လိုက်ပြန်သည်။

မြေသားပြင်က ဖုန်းဆိုးမြေနုယ်ဖြစ်၍ ကြမ်းတမ်းလှ၏။ စွန်ချန်းကား ခရီးအတော်ရောက်နေလေပြီ။

ကိုင်းတောထဲတွင် သူက ပုန်းအောင်းဝပ်နေသည်။

အတန်ကြာမှ စုဆွမ် သူ့အပါးသို့ မောပန်းနွမ်းလျစွာ ရောက်ရှိလာ၏။

အသက်ကို ခပ်မျဉ်းမျဉ်းရှူရှိုက်ကာ စွန်ချန်းအပါး၌ လာရောက်ဝပ်နေရှာသည်။ စွန်ချန်းက သူ့အား သနားမိသွားသည်။

ချိုင့်ဝှမ်း၌ တီးယင်ချီမှလာသော ဖြတ်လမ်းလေးတစ်ခုကာ ရွှေသဲဝါမြစ်ကူးတို့ဆိပ်ဆီသို့ ဦးတည်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

လမ်းတစ်လျှောက်လုံးကို မြင်နေရသော်လည်း စင်စစ်အားဖြင့် လမ်းမှာ ချုံပုတ်များ သစ်ပင်များနှင့် ဖုံးလွှမ်းနေပေသည်။

ထိုလမ်းပေါ်၌ လူဖူယွမ်နှင့် ရောင်ချန်းကစုဆွမ်အား ဖမ်းဆီးရန် ထည့်လိုက်သော စားသမားတို့ မြင်းများကိုနှင်ပြီး လာနေကြသည်။

လေမှာ တဖြူးဖြူးနှင့် တိုက်ခတ်နေသဖြင့် သစ်ရွက်များမှာလည်း တရှဲရှဲမြည်ညံ နေလေသည်။

စွန်ချန်းက စုဆွမ်အား တီးတိုးလေသံဖြင့် ပြောလိုက်၏။

'လူဖူယွမ်တို့လူစု ဒီနေရာက မြန်မြန်သွားနိုင်မှ လွတ်နိုင်မှာပဲ၊ သစ်ပင်တွေက အောက်ချိုင့်ထဲမှာ ပေါက်နေလိုက်တာ၊ အဲဒီသစ်ပင်တွေကြားထဲ ရောက်လာရင်တော့ လွတ်မှာပဲ၊ ဒါပေမယ့် မလွယ်လှပါဘူး၊ သူတို့က ခုနစ်ယောက်တည်း၊ ရန်သူက အများကြီး၊ ဟိုဘက်ကိုကျော်လာရင်တော့ ဒီကောင်တွေကို ငါဆီးကြိုပြီး သတိသွားပေးနိုင်ဟာပေါ့'

ထိုအခိုက်တွင် လူဖူယွမ်တို့လူစုမှာ ဘေးအန္တရာယ်ကိုမသိသည့်အတွက် ခရီးနှင်မြဲ နှင်လျက်ရှိရာ တဖြည်းဖြည်း သစ်ပင်စုဘက်သို့ နီးကပ်လာ၏။

သို့သော်လည်း သူတို့သည် တစ်နေရာတွင်ရပ်ကာ အသံတစ်ခုကို နားထောင်နေကြဟန် ရှိသည်။

ထို့နောက်မှ စိတ်ချသွားသည့်ပုံနှင့် ခရီးကိုဆက်၍နှင်ကြပြန်သည်။

မကြာမီ သစ်ပင်များရှင်းသည့် ကွက်လပ်ထဲသို့ သူတို့လူစု ရောက်ရှိသွားကြ၏။

ထိုနေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လူဖူယွမ်၏ လူတစ်ဦးမှာ မြားတစ်စင်း ကျောသို့ လာရောက်ထိမှန်ပြီး မြင်းပေါ်မှ လိမ့်ကျသွားသည်အား မြင်လိုက်ကြ၏။

သူတို့ ပုန်းအောင်းနေသည့် နေရာနှင့် ထိုကွက်လပ်မှာ အတော်လေး ကွာလှမ်းလှသော်လည်း ထိုလူစု၏အော်ဟစ်သံများ၊ မြင်းများ၏ လန့်ပြီးဟီသံများ စသည်တို့ဖြင့် ဆူညံသွားလေတော့သည်။

လူတစ်ဦးမှာ မြင်းထက်မှဆင်းလျက်ရှိ၏။



ထိုအခိုက် ထိုသူ၏မြင်းကျောသို့ မြားတစ်စင်းလာစိုက်ပြန်သည်၊ မြင်းမှာ လန့်ဖျပ်ပြီး ခွာစုံချပြေးလေတော့ရာ ထိုမြင်းစီးသမားမှာ မြင်းနောက်သို့တရွတ်တိုက်ပြီးပါသွားလေတော့သည်။

ထိုသူမှာ လမ်းပေါ်ရှိ ကျောက်ခဲများ သစ်ငုတ်များနှင့် ရိုက်ခတ်မိသဖြင့် သွေးချင်းချင်းနီနေပေတော့သည်။

ကျန်လူများမှာ အတိုက်ခံရသည်ကို သိသည်နှင့် လူစုခွဲကာ မြင်းကို စိုင်းနှင်လျက် ပြေးကြတော့သည်။

မြားတို့က သူတို့၏နောက်မှ အငင်းပေါင်းများစွာ လိုက်ပါသွားကြသည်။

လူဖူယွမ်တို့ လူစုမှာ ရွှေသဲဝါမြစ် ကူးတို့ဆိပ်ဘက်သို့ ဦးတည်ပြေးလျက် ရှိ၏။

ထိုအခိုက် မြင်းတစ်ကောင်ကို မြားတစ်စင်း လာရောက်ထိမှန်ပြန်သည်။

မြင်းမှာ ဘိုင်းခနဲ လဲကျသွားလေသည်။

မြင်းစီးသမားမှာ မြေပြင်ပေါ်သို့ မြင်းနှင့်အတူ လဲကျသွားပြီး သူ့အပေါင်းအသင်းများနောက်သို့ ခြေကုန်သုတ်ပြေးလိုက်နေရရှာ၏။

ရှေ့မှ မြင်းနှင့် ပြေးလျက်ရှိသော လူများမှာ တစ်ဦးပြီး တစ်ဦး မြားမှန်ပြီး ပြုတ်ကျလျက်ရှိ၏။

နောက်ဆုံး သူတစ်ဦးသာလျှင်ကျန်ရစ်၍ ခြေကျင်ပြေးနေရရှာ၏။

သခင်များ မရှိတော့ဘဲ ကြောက်လန့်တကြားနှင့် ခြေဦးတည့်ရာ ပြေးနေသော မြင်းများမှာလည်း ဟိုဟိုသည်သည် လျှောက်ပြေးနေလေသည်။

ထိုမြင်းများကိုလည်း ထိုသူ လိုက်ဖမ်း၍ မရနိုင်အောင် ရှိသည်။

ထိုအချိန်ထိရန်သူ၏ အရိပ်အယောင်အား လုံးဝ မတွေ့ရသေးဘဲ ရှိသည်။

မြားတံများမှာ သစ်တောထဲမှ ထွက်ပေါ်လာခြင်းသာ မြင်နေရသည်။

တိုက်ပွဲဖြစ်ရာကွက်လပ်၌ လူသေများ၊ မြင်းသေများဖြင့် မြင်မကောင်းအောင် ရှိနေလေသည်။

မြေပြင်ပေါ်၌ အသက်ရှင်သူဟူ၍ တစ်ဦးတည်းသာ ကျန်ရှိလေသောလူမှာ ချုံဘေးတစ်ခုဝယ် ဘာဆက်လုပ်ရမည်မသိနိုင်၍ ရပ်နေရှာသည်။

သူနှင့် စွန်ချန်းတို့ ပုန်းအောင်းနေရာမှာ အတော်လေးကွာလှမ်းလှသေးသည်ဖြစ်ရာ လူလုံးမကွဲဘဲ ရှိသေး၏။

နောက်ဆုံး၌ ထိုသူမှာ ကြံရာမရဘဲ လွယ်ထားသောကျောပေါ်မှလေးကိုဖြုတ်ကာ မောင်းတင်နေလေသည်။

ထိုအခါ ထိုသူမှာ လူဖူယွမ်ဖြစ်ကြောင်း စွန်ချန်း သတိပြုမိသည်။

လူဖူယွမ် လေးတင်နေသည်ကို မြင်သောကြောင့်လားမသိ တောတွင်း၌ရှိ ရန်သူများမှ ကျယ်လောင်စွာအော်ဟစ်ရယ်မောလိုက်သံကို ကြားလိုက်သဖြင့် လူဖူယွမ်မှာ မည်သည့်နေရာ



အား ပစ်ခတ်ရမည်မှန်းမသိဖြစ်နေရာ လေးကို ဟိုဘက်ချိန် သည်ဘက်ချိန်နှင့် ယောင်နန ဖြစ်နေရှာတော့သည်။

သူပစ်ခတ်ရမည့် ပစ်မှတ်ကိုမူ လုံးဝမတွေ့ရဘဲ သူ့အား ပစ်ခတ်မည့် သူတစ်ဦးတည်းသာ ပစ်မှတ်အဖြစ် ထင်းထင်းလင်းလင်း ရှိနေရရှာသည်။

ရယ်သံများကလည်း သူ့အား တုန်လှုပ်ချောက်ချားနေစေတော့၏။

ထိုစဉ် မြားတံပေါင်းများစွာက သူ့ထံ တစ်ပြိုင်နက်ရောက်ရှိပြေးဝင်လာကြသည်။

မြားတစ်ချောင်းက သူ့နောက်ကျောဆီသို့ လာရောက်မှန်သည်။

လူဖူယွမ် ထိတ်လန့်ပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။

ထိုစဉ် မြားတစ်စင်းက သူ့ခြေထောက်အား လာမှန်ပြန်သည်။

သူ ဒူးထောက်ပြီး ကျသွား၏။

တစ်ပြိုင်နက်ပင် ရယ်ဂမာသံများက တောအုပ်အတွင်းမှ ပေါ်ထွက်လာလေသည်။

တတိယမြားတစ်စင်းက လူဖူယွမ်၏ လက်မောင်းတစ်ဖက်အား လာရောက်စိုက်ပြန်သည်။

ရန်သူများမှာ လူဖူယွမ်အား သားကောင်တစ်ကောင်သဖွယ် ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်း ဖြစ်၏။

လူဖူယွမ်မှာ မြားတန်းလန်းနှင့် မြေကွက်လပ်စပ်၌ လဲကျနေလေ၏။

သည်တော့မှ ရန်သူများမှာ တိုက်ပွဲပြီးဆုံးသွားပြီဟု သတ်မှတ်လျက်ထင်၏။

အစိမ်းရောင်ဝတ် သေးသေးသမားတစ်ဦး သစ်ပင်တစ်ပင်ထက်မှ ဖုတ်ခနဲ ခုန်ဆင်းချလာလေသည်။

ထို့နောက် ပစ်ပြီးသား မြားများအား လိုက်လံကောက်ယူနေခဲ့သည်။

လူဖူယွမ်မှာ မသေသေးဘဲရှိ၍ ရန်သူအား ယခုမှပင် မြင်တွေ့လိုက်ရကာ လှန်စွာ ဒေါသထွက်ပြီး သူ့လက်ထဲမှမောင်းတင်ပြီးဖြစ်နေသည့်လေးကို ချိန်ရွယ်၍ ရန်သူအား ပစ်ခတ်လိုက်လေသည်။

ရန်သူမှာ လူဖူယွမ်၏ မြားချက်ထိမှန်ပြီး တစ်ချက်အော်ကာ လဲကျသွားသည်။

လူဖူယွမ်မှာ ရန်သူ ထိမှန်ပြီး လဲကျသွားသည်နှင့် တစ်ပြိုင်နက် သွေးရူးသွေးတန်းဖြင့် စွန်ချန်းတို့ ပုန်းအောင်းနေသည့်ဘက်သို့ တစ်ဟုန်ထိုး တော့ကျိုးတော့ကျိုးဖြင့် ပြေးလာနေသည်။

ထိုအခါ မြားနီဂိုဏ်းမှ ဂိုဏ်းသားတို့က မြားများဖြင့် ပစ်ခတ်ကြပြန်သည်။

လူဖူယွမ်က ပြေးလမ်းကို ကွေ့ကောက်ပြေးနေပြီးသစ်ပင်ကွယ်လိုက် ချုံပုတ်ကွယ်လိုက်ဖြင့်တောအုပ်နှင့်ဝေးရာသို့ ရွေ့ပြောင်းပြေးနေရရှာလေသည်။

မကြာမီ သူ့မှာ သစ်ပင်များ အကာအကွယ်ကောင်းသည့်နေရာသို့ ရောက်ရှိခဲ့တော့သည်။



ရန်သူ၏ မြားချက်များလည်း သူ့အား ထိမှန်ရန် ခဲယဉ်းသွားတော့သည်။

ထိုအချိန်ဝယ် လူဖူယွမ်၏ တစ်ဖက်၌ရှိသော တောအုပ်ဆီမှ လူသံသူသံ ရုတ်ရုတ်ရက်ရက် ကြားရပြန်၏။

ထို့အတူ ဒရယ်တစ်ကောင်သည် လန့်ဖျပ်ပြေးထွက်လာလေသည်။

လူဖူယွမ်ကား ခြေကုန်သုတ်ပြေးမြဲပြေးလျက်ရှိ၏။

စွန်ချန်းတို့ ပုန်းအောင်းနေသည့်နေရာနှင့် အလှမ်းကွာဝေးသော ထိုအချိန်ဝယ် မြားတစ်စင်းက သူ့အား လာရောက် ထိမှန်ပြန်သည်။

သူရှေ့သို့ ဟပ်ထိုး လဲကျသွားသည်။ သို့ရာတွင် သူကပြန်ထပြီး ပြေးပြန်၏။

လူဖူယွမ်၏ ဇွဲနပဲကား ကြီးမားလွန်းလှသည်။

အသက်ကိုလု၍ ပြေးနေသူဖြစ်၍ မြားချက်ပေါင်းများစွာ ထိမှန်နေသော်လည်း သူအမှုမထား လွတ်မြောက်ဖို့သာ သူ အားစိုက်ပြေးနေရသည်။

ထိုစဉ် စွန်ချန်းတို့နှင့် လူတစ်ခေါ်ခန့် အကွာအလှမ်းသို့ ရောက်ခဲ့လေသည်။

စွန်ချန်း မနေနိုင်ပါတော့ ပုန်းအောင်းနေရာမှထပြီး....

လူဖူယွမ်....ဒီဘက်ကိုပြေးခဲ့၊ ဒီမှာ ရန်သူမရှိဘူး

ထိုသို့သူကအော်ဟစ်ခေါ်လိုက်၍လူဖူယွမ်သူ့ထံသို့ဦးတည်ပြေးလာပြန်သည်။

ထိုအခါ မြားတစ်စင်းကလူဖုယွမ်၏ကျောကိုဖောက်လျက် ရင်ဘတ်မှ ပေါက်ထွက်လာလေသည်။

သည်တစ်ကြိမ်ဝယ် လူဖုယွမ်ခမျာ စွန်ချန်း၏ရှေ့နားဝယ် လဲကျသေဆုံးသွားရှာတော့သည်။

ရန်သူများကား မမျှော်လင့်ဘဲ စွန်ချန်း မတ်တတ်ရပ် လိုက်ခြင်းအား တွေ့မြင်သွားကြပြီး ခလေးနှင့် ပစ်ခတ်ကြ ပြန်သည်။

သစ်ပင်များပေါ်မှလည်း တဘုတ်ဘုတ်နှင့် ခုန်ဆင်းကာ လိုက်လာကြကုန်သည်။

လေးသမားတို့က မုဆိုးဒူးထောက်လျက် စွန်ချန်းအား ချိန်ရွယ်ပြီး ပစ်ခတ်ရန် အဆင်သင့် အနေအထား ရှိနေ ကြသည်။

ထိုစဉ် ခေါင်းဆောင်လုပ်သူ ချင်က ရှေ့သို့ထွက်လာပြီး တားမြစ်လိုက်ကာ....

'ဟေ့....ဟေ့....နေကြဦးကွ၊ ဒီကောင် ငါ့သူငယ်ချင်း ပေကျီချန်းရဲ့သား စွန်ချန်းပဲကွ၊ မပစ်ကြနဲ့ လက်ရဖမ်းဆီး ကြစမ်း

ထို့ကြောင့် လေးသမားတို့ ဓားကိုဆွဲထုတ်လျက် စွန်ချန်း နောက်သို့ ပြေးလိုက်ရန် ပြင်သည်။

စွန်ချန်းက စုဆွမ်ကို ဆွဲထူလိုက်ပြီး....

'ဟေ့ကောင်ထ မြန်မြန်ထ၊ ပြေးနိုင်မှလွတ်မယ်'

စုဆွမ်လည်း ကြောက်လန့်တကြား ထရပ်လိုက်လေ၏။



ထိုအချိန်၌ အစိမ်းရောင်ဝတ်တို့မှာ စွန်ချန်းနောက်သို့ လိုက်ရန် ပြင်ကြလေပြီ ဖြစ်သည်။

ထို့ကြောင့် စွန်ချန်းမှာ စဉ်းစားမနေတော့ဘဲ စုဆွမ်ကို ဆွဲခေါ်လျက် ရှေ့တူရူသို့ ခြေကုန်သုတ် ပြေးရလေတော့၏။

လူငယ်လေး စုဆွမ်မှာလည်း ဘာမှန်းညာမှန်းမသိ စွန် ချန်းနောက်မှ ကောက်ကောက်ပါအောင် လိုက်ခဲ့ရပေတော့ သည်။

( ၆ )

## သံယောဇဉ်

သူတို့ နှစ်ဦးအဖို့ ပြေးရသောအလုပ်မှာ မလွယ်ကူလှချေ။ အဘယ်ကြောင့်ဆိုသော် အရပ်မျက်နှာတိုင်းမှ မြားနီဂိုဏ်းသားများသည် တောင်ကုန်းဆီသို့ ရှေးရှုကာ ဖမ်းဆီးရန် လိုက်နေသောကြောင့် ဖြစ်သည်။

အချို့မှာ ချိုင့်ထဲမှလည်းကောင်း၊ အချို့မှာ တောအုပ်ဝဲယာမှလည်းကောင်း သူတို့နှစ်ဦးအား ဝိုင်းလိုက်နေကြသည်။

စွန်ချန်းမှာ ကုန်းမြင့် အောက်ခြေသို့ ဆင်းပြေးပြန်၏။

အောက်ခြေမြေမှာ ညီညာနေပြီး ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းနေသဖြင့် သူမြန်မြန် ပြေးနိုင်လေသည်။

မကြာမီ ကွက်လပ်တစ်ခုဆီသို့ ရောက်လာပြန်သည်။

သို့သော် ထိုကွက်လပ်အား မဖြတ်ဘဲ ရှောင်ပြီး ဘယ်သို့ ချိုးကွေ့ ပြေးလေသည်။

သို့ရာတွင် ထိုဘက်သို့ ကပ်လေ လိုက်နေသူများနှင့်နီးလေ ဖြစ်ကာ သူတို့နှစ်ဦးမှာ ရွှေသဲမြစ်ဘက်ဆီသို့ ပြန်ရောက်စ ပြုနေသည်ကို သတိပြုမိလေသည်။

အဆိုးထဲမှ အကောင်းဖြစ်သွားရသည်မှာကား ရန်သူ များမှာ မြစ်ဘက်သို့ လုံးဝမလိုက်မိဘဲ တီယင်ချီရွာဘက် ဆီသို့ မှားပြီးလိုက်နေလျက် ရှိကြသည်။

ထို့ကြောင့် သူတို့နှစ်ဦး အမောဖြေရန် ရပ်တန့်လိုက်ကြ၏။

နောက်မှလိုက်သူများ ခြေသံကို မကြားရတော့ချေ။

စုဆွမ်မှာ ခြေထောက်များ နာကျင်လှသဖြင့် ထော့နဲ့ ထော့နဲ့နှင့် လမ်းလျှောက်နေရရှာသည်။

မကြာမီ တောင်ကုန်းကလေးတစ်ခုအတိုင်း ဆင်းနေကြရ ပြန်သည်။

သစ်ပင်ကြီး တစ်ပင်အောက်သို့ရောက်လျှင် ခေတ္တရပ်လိုက် ကြသည်။

ထိုသစ်ပင်ကြီးမှာ အလွန်မြင့်မားလှပြီး ထိပ်ဖျားတွင် သစ်ရွက်သစ်ကိုင်းများ ဝေ စည် ဖား လျား ရှိ သ လောက် အောက်ခြေတွင် အခက်အလက်များ မရှိဘဲ ရှင်းလင်းနေ သည်။



ထိုသစ်ပင်ကြီး၌ ခေတ္တနားနေပြီး ရှေ့သို့တိုး၍ သွားကြ ပြန်သည်။

ကွက်လပ်တစ်ခုသို့ ရောက်သွားကြသည်။

သူတို့ ထိုကွက်လပ်အား ဖြတ်မည်ဟု ခြေလှမ်းကာစ ရှိသေး....

'တော့....ရပ်လိုက်'

အသံတစ်ခုက မလှမ်းမကမ်း ချုံထဲမှပေါ်ထွက်လာသဖြင့် နှစ်ဦးစလုံး ကြောင်သွားပြီး ရပ်တန့်လိုက်မိကြသည်။

ထိုစဉ် ချုံကြားထဲမှ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထား သော လူကြီးတစ်ဦး လေးနှင့်ချိန်ရွယ်ပြီး သူတို့နှစ်ဦးအား စိန်းစိန်းကြည့်ရှုကာ ထွက်လာလေသည်။

စွန်ချန်းက ရန်သူအားတွေ့သည်နှင့်ပင် မည်သို့မျှမစဉ်းစား အားပေ။

ခါးမှ ဓားမြှောင်ကိုထုတ်ပြီး လူကြီးထံသို့ တစ်ဟုန်ထိုး ပြေးသွားလေသည်။

လူကြီးမှာ စွန်ချန်း ပြေးဝင်လာသည်ကို ကြက်သေသေ အံ့အားသင့်နေရာမှ စွန်ချန်းအား ဓားမြှောင်နှင့် သူ၏လည် မျိုကို ထိုးချလိုက်သည်။

ထိုအခါမှ သူသည် ကြောက်လန့်တကြား ရှောင်တိမ်းလိုက် ရာ လည်မျိုသို့ မထိုးမိဘဲ လွဲသွားပြီး ပခုံးကို ရှပ်ထိုးမိသွား သည်။

လူကြီး၏လက်မှ လေးနှင့် မြားလည်း လွှတ်ကျသွားလေ သည်။

စွန်ချန်းက ဒုတိယအကြိမ် ဓားမြှောင်နှင့် တိုက်ခိုက်ရန် ကြိုးပမ်းပြန်သောအခါဝယ် လေးကိုင်လူကြီးမှာ သိုင်းကွက် နင်းလျက် စွန်ချန်းအား ခုခံရန် အဆင်သင့် ဖြစ်နေတော့ သည်။

သို့သော် သူ၏ ပခုံးသား၌ ဓားမြှောင် ဒဏ်ရာမှ သွေးတို့ ယိုစီးထွက်နေလေသည်။

သူက စွန်ချန်းအား မမှိတ်မသုန် ကြည့်နေသည်။

စွန်ချန်းက ဓားမြှောင်နှင့် ပစ်ခတ်ပြီး ခုန်ဝင်လိုက်လေ သည်။

လူကြီးက ဘေးသို့ အသာတိမ်းရှောင်ပြီး စွန်ချန်း၏ ဓားကိုင်လက်အား ခပ်ဆတ်ဆတ်ခုတ်ထည့်လိုက်ရာ ဓားမြှောင် မှာ လွင့်စဉ်ထွက်သွားလေသည်။

ထိုအခါ လက်နက်မဲ့ချင်း ဖြစ်သွားကြလေသည်။

လူကြီးက လင်းယုန်နှုတ်သီး သိုင်းကွက်ကို နင်းလျက် စွန်ချန်းအား တိုက်ခိုက်သည်။

စွန်ချန်းကလည်း ကျားလက်သည်းသိုင်းကိုဆင်ပြီး ခုခံနေ ရသည်။

လူကြီးမှာ ခန္ဓာကလည်း သန်မာ ထွားကျိုင်းလှသဖြင့် စွန်ချန်းအဖို့ အနိုင်ရရှိဖို့ အတော်ပင် ခက်ခက်ခဲခဲ တိုက်ခိုက် ရမည် ဖြစ်သည်။

ထို့ပြင် အခြားရန်သူများလည်း ထပ်မံမရောက်ရှိလာပါမှ သူတို့ ထွက်ပြေး လွတ်မြောက်နိုင်ကြမည်ဖြစ်သည်။



ထို့ကြောင့် စွန်ချန်းက တိုက်ပွဲကို အမြန်ဆုံး အပြီးသတ် လို၏။

ပထမဆုံး သူ၏တိုက်ကွက် လူကြီး၏လည်မျိုအား ဓား မြှောင်နှင့်ထိုးခြင်း လွဲသွားသည့်အတွက် သည်မျှ ကာလ အချိန်တာရှည်နေရခြင်းဖြစ်တော့သည်။

ခုတော့ သူကပင် ထိုလူကြီး၏ တိုက်ခိုက်ခြင်းအား ခုခံ ကာကွယ်နေရတော့သည်။

ထိုစဉ် လူကြီးက လင်းယုန်နှုတ်သီးဖြင့် ခုန်ဝဲကာ သုတ်လေ သည်။

စွန်ချန်းက ကျားလက်သည်းဖြင့် လှမ်း၍ လက်ကုတ်လိုက် သဖြင့် လူကြီး လွန်ထွက်သွားလေသည်။

သို့သော် လူကြီး၏ ခြေဖျားတစ်ချက်က စွန်ချန်းအား ခတ်မိသွားခဲ့၏။

စွန်ချန်း နောက်လန်လဲသွားသည်။

လူကြီးက လျင်မြန်စွာပင် လဲနေသော စွန်ချန်းအပေါ် လွှားခနဲ ခုန်ရောက်သွားပြန်၏။

စွန်ချန်း၏ လည်မျိုအား သူ၏ တုတ်ခိုင်လှသော လက် မောင်းကြီးဖြင့် ဖိညှစ်ထားလေသည်။

စွန်ချန်း လုံးဝ မရုန်းသယ်နိုင်အောင် ရှိသည်။

သူ၏ ကြီးမားသော ခန္ဓာကြီးနှင့် ဖိထားပြီး လည်မျိုကို အဖိအညှစ်ခံရသဖြင့် စွန်ချန်းမျက်လုံးတို့ ပြာဝေ မှုန်ရီလာ သကဲ့သို့ အသက်ရှူရလည်း မွန်းကျပ်လာလေသည်။

သူ၏လျှာသည် အပြင်သို့ ထွက်နေရှာခဲ့ပြီဖြစ်သည်။

ထိုစဉ် လူကြီးမှာ တွန့်ခနဲ ကစ်ချက်ဖြစ်လျက် သူ၏ခွန်အားကိုလည်း ပြေလျော့ကျသွားသဖြင့် စွန်ချန်း အံ့အားသင့်သွားရလေသည်။

နောက်တစ်ကြိမ် လူကြီးမှာ ဦးခေါင်းကို မော့ပြီး အင့်ခနဲ တစ်ချက်ညည်းညူကာ ဘေးတိုက် ထိုးလဲကျသွားလေတော့သည်။

စွန်ချန်းမျက်လုံးအစုံ ပြန်လည်ကြည်လင်လာသောအခါ၌ သူ၏မြင်ကွင်း၌ စုဆွမ်၏ ပုံရိပ်တို့ ထင်ဟပ် တွေ့မြင်နေရလေသည်။

စုဆွမ်၏လက်၌ သူ၏ ဓားမြှောင်ကို လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ် ညှစ် ထား သည် ကို တွေ့ရှိရလေသည်။

သည်တော့မှ သူ နားလည်လိုက်ပါသည်။

သူ့ အား စုဆွမ် ကယ်တင်လိုက်ခဲ့ပြီဖြစ်သည်။

'ကျေးဇူးပါပဲစုဆွမ်ရယ်'

သူက လည်မျိုကို လက်နှင့်ပွတ်ရင်း စုဆွမ်အား ကျေးဇူးတင်စကား ဆို၏။

'ဟာ....ဒီလူကြီးက ဘီလူးကြီးပဲ၊ ဓားမြှောင်နဲ့တောင် အတော်ထိုးယူရတယ်'

စုဆွမ်က စွန်ချန်း၏ ဓားမြှောင်အား ပြန်လည် ကမ်းပေးသည်။



စွန်ချန်းဓား၌ ပေနေသော လူကြီး၏ သွေးများအား လူကြီး၏ ဦးထုပ်နှင့် ပွတ်တိုက်သုတ်ပစ်ပြီး ခါး၌ ပြန်လည် ထိုးထည့်ထားလိုက်၏။

ထို့နောက် သူတို့နှစ်ဦး တစ်ဦးကို တစ်ဦး စိုက်၍ကြည့်လိုက်သည်။

တစ်ဦးကို တစ်ဦး နားလည်မှုများနှင့် ပြုံးဖြစ်ကြ၏။

'ကိုင်း....ဆက်ပြီး ပြေးကြဦးစို့'

နှစ်ဦးစလုံး ဆက်လက်ပြီး ရှေ့သို့ ပြေးကြရပြန်၏။

မကြာမီ သစ်တောတစ်ခုအနီးသို့ ရောက်ရှိလာကြသည်။

ရှေ့နားတွင် မျောက်ပါးစပ်ရွာနှင့် မိုးမခရွာနှစ်ခုကို ဆက်သွယ် ဖောက်လုပ်ထားသောလမ်းကို တွေ့မြင်ကြရလေသည်။

ထို့ကြောင့် နှစ်ယောက်သား ရပ်တန့်လိုက်ကြ၏။

တောထဲ၌ ပြေးနေကြစဉ်က စွန်ချန်းမှာ ထူးဆန်းသော အသံတစ်ခုကို ကြားမိသည်ထင်၏။

ယခု ထိုအသံများမှာ ကျယ်သည်ထက် ကျယ်လာလေသည်။

ပထမအသံမှာ လေပြင်းပြင်း တိုက်ခတ်လာသောအသံကဲ့သို့ ထင်ရသော်လည်း မကြာမီအတွင်း မြင်းခွာသံများ စုံချ၍ စိုင်းလာသံဖြစ်သည်ကို ကွဲပြားစွာ ကြားလာရ၏။

ထိုသို့ကြားနေရာမှ ရှေ့နားရှိလမ်းအတိုင်း လက်နက်မျိုးစုံ ကိုင်ဆောင်လာကြသော လူတစ်စုသည် ကသောကမျောဖြင့် စိုင်းနှင်လာကြလေသည်။

ခေါင်းဆောင်မဲ့၍ ကစဥ့်ကလျား ဆုတ်ခွာခြင်း ဖြစ်ကြဟန် ရှိ၏။

အချို့မှာ ဒဏ်ရာများဖြင့် ကသောကမျော သွေးရူးသွေးတန်း လျှောက်ပြေးနေလေသည်။

အချို့မြင်းများမှာလည်း ပိုင်ရှင်မရှိဘဲ လျှောက်ပြေးလေသည်။

တကယ်တော့ မိုးမခရွာနှင့် ခေါင်းတစ်ရာရွာတွင်တိုက်ခိုက်နေကြသော တိုက်ပွဲမှ အရေးနိမ့်လာကြသော ဓားသမား အချို့ဖြစ်ကြောင်း သိသာလှသည်။

ထိုသို့ လွတ်မြောက်လာကြသော လူစုမှာ မျောက်ပါးစပ်ရွာဘက်သို့ မရောက်မီပင် နောက်မှ အပြင်းအထန် လိုက်ချလာသော လူတစ်စုကိုလည်း လက်နက်မျိုးစုံတို့ဖြင့် တွေ့ကြရပြန်သည်။

နောက်မှပါလာသော လူစုကိုမူ ဦးဆောင်သည့် ခေါင်းဆောင်နှင့်တူသည့် လူတစ်ဦး ရှေ့ဆုံးမှ မြင်းကိုအပြင်းနှင်လာလျက် ရှိသည်ကို တွေ့ရ၏။

သို့သော်လည်း ရှေ့မှပြေးနေသော လူစုအတွက် လွတ်လမ်းက မရှိတော့ချေ။

အဘယ်ကြောင့်ဆိုသော် မြင်းလှည်းများ စွန်ချန်းတို့ရှေ့တည့်တည့်သို့ ရောက်ရှိသောအခါဝယ် ဘယ်ကပေါ်လာမှန်း မသိသော ဓားသမားတစ်ဦးသည် မြင်းလှည်းပေါ်သို့ ခုန်တက် ရောက်ရှိလာကာ မြင်းလှည်းမောင်းသမားအား ဓားနှင့် ပိုင်းလျက် အောက်သို့ကန်ချလိုက်လေ၏။



အခြား မြင်းလှည်းသမားများမှာလည်း ကြောက်အားလန့်အားနှင့် ခုန်ချကာ သစ်တောထဲသို့ ပြေးဝင်သွားကြကုန်သည်။

ထိုသို့ဖြစ်ပျက်နေချိန်တွင်ပင် အဝေးမှ အသံကြီးတစ်ခု ပေါ်လာပြန်ပြီ။

ပကြာမီတွင် မြင်းများ စိုင်းနှင်သံများ မြင်းခွာသံများ၊ လူအော်သံများ၊ မြင်းလှည်း မောင်းလာသံများကို ကြားရပြန်သည်။

လမ်းတစ်ခုလုံးမှာ တိုက်ပွဲတစ်ခုဝယ် ရှုံးနိမ့်လာသော မြင်းသမားတို့၏ ထွက်ပြေးရန် လမ်းကဲ့သို့ ဖြစ်နေလေ၏။

စွန်ချန်းမှာ ပထမဦးစွာ ဘည်လမ်းအတိုင်း လိုက်သွားကာ လောကအလင်းသို့ သွားရန် စိတ်ကူးထားသည်။

ယခုသော်ကား မဖြစ်နိုင်တော့ပေ။ ရှုံးနိမ့်လာသော ဓားသမားများမှာ မြို့စားလီဘက်မှတိုက်သော မိုးမခရွာစား၏တပ်ဖြစ်ရာ ရောင်ချွန်းသည် မိုးမခနှင့် ပေါင်းတိုက်ပြီး တိုက်ပွဲဝယ် ရှုံးနိမ့်နေပြီလော၊ သို့မဟုတ် သစ္စာဖောက်ကာ မြို့စားတန်ဘက်သို့ ဝင်ရောက် ခိုလှုံပြီလော ဆိုသည့် အချက်ကို မတွေးတတ်အောင် ဖြစ်နေလေသည်။

သို့ဖြစ်၍ စွန်ချန်းသည် စုဆွမ်အား သစ်တောဘက်သို့ ပြန်လည်ခေါ်၍ ခရီးဆက်ကြရပြန်သည်။

အချိန်မှာ နေဝင်လုပြီ ဖြစ်နေရာ နေရောင်သည် အနောက်ဘက် ခေါင်းတစ်ရာရွာဘက်မှနေပြီး တီယင်ချီရွာဘက်ဆီသို့ နေရောင် ဖြာထိုးလျက် ရှိနေလေပြီ။

မကြာမီ အမှောင်ထုက စိုးမိုး ဝင်ရောက်စ ပြုလာမည် ဖြစ်သည်။

အအေးဓာတ်ပင် စတင်ပြောင်းလဲ အေးစက်စ ပြုလာ၏။

စွန်ချန်းမှာ ပြေးရာက ရပ်တန့်လိုက်ပြီး သူ၏ ဝမ်းဗိုက်ကို ပွတ်သပ်ပြီး ...

'စားစရာကလဲ ဘာမှ မရှိတော့ဘူးကွာ၊ ဗိုက်ကလဲ ဆာလိုက်တာ'

ဟု ပြောပြီး ညည်းညူလိုက်သည်နှင့် စုဆွမ်မှာ စိတ်ပျက်အားငယ်စွာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါသည်။

ထို့နောက် တရှုပ်ရှုပ်နှင့် ရှိုက်ငိုနေလေတော့သည်။

'အင်း...မင်းကတော့ဖြင့် ငိုနေလိုက်တာ၊ မင်းအတွက် ညနေကပဲ လူခုနစ်ယောက် အသက်ခံရတာများ စာနာပါဦးကွာ၊ ငါ့ဒီအကြောင်း စဉ်းစားမိရင် မင်းကို မကျေနပ်ဘူး'

'ခင်ဗျားကတော့ ကိုယ့်ကို လေးနဲ့ချိန်ရွယ်ချိန်တဲ့ လူကို ဓားနဲ့ပြေးထိုးတာတော့ မပြောဘူးလား'

'ဟာ....ဒါက သူ လေးနဲ့ ချိန်ထားလို့ ကိုယ်က လက်ဦးမှုယူရတာလေကွာ၊ ဒီလိုမှ မလုပ်ရင် သူက ကိုယ့်ကိုယ် ဖမ်းသွားမှာပေါ့၊ သတ်ချင်လဲသတ်မှာပေါ့'

'ကိုယ့်အဖေတစ်ယောက်လုံးကိုသတ်တဲ့ ရောင်ချွန်းလိုလူကိုတော့ လက်စားပြန်မချေဘူး၊ ကိုယ့်ကို လေးနဲ့ ချိန်ရွယ်ချိန်ပြီး အလျော့ပေးတဲ့လူကိုတော့ သတ်ဖို့ကြိုးစားတယ်၊ ခင်ဗျားသာ မိန်းမရရင် အားနွဲ့တဲ့မိန်းမကို ဘယ်လောက် နှိပ်စက်လိုက်မလဲ ဘဲ'



'ဘာကွ....ငါမိန်းမရရင် ဟုတ်လား၊ ခင်းတော့ ခါးကြိုးနဲ့ ချွတ်ရိုက်ဖို့ပဲ ကောင်းတော့တယ်'

စွန်ချန်းက စိတ်ဆိုးမာန်ဆိုးနှင့် ခါးကြိုးကို ချွတ်နေလေသည်။

စုဆွမ်ကား ကြောက်စိတ်ဝင်နေသည့် အမူအရာနှင့် ဖြစ်နေရှာ၏။

သို့သော် သူသည် စွန်ချန်း၏မျက်နှာကို စေ့စေ့ကြည့်လျက်ရှိ၏။

စွန်ချန်းမှာ ကြောက်စိတ်ဝင်နေသော စုဆွမ်၏ မျက်နှာဝိုင်းဝိုင်းနှင့် အားငယ်နေသောအသွင်ကိုကြည့်လျက် သနားစိတ်ဝင်လာပြီး....

'ဟေ့ကောင်....မင်း ငါ့ကို ဝန်ချပြီး တောင်းပန်စမ်း'

'မတောင်းပန်ပါဘူး .... ကျွန်တော် မှန်တာပြောနေတာ၊ ခင်ဗျား သတ်ချင်သတ်လိုက် ခင်ဗျားကို ကျွန်တော် ဘယ်လိုမှ မခံဘူး'

စွန်ချန်းမှာ ရိုက်မည်ဟု ခါးကြိုးကို တအားလွှဲလိုက်၏။

သို့သော်လည်း နာကျင်သွားမည်စိုးသဖြင့် ကိုယ်ကိုပုနေသော စုဆွမ်အားမြင်ရလျှင် မရိုက်ရက်ဘဲ လက်ကို အောက်သို့ အသာပြန်ချလိုက်ကာ....

'မင်း တော်တော်မိုက်တဲ့ကောင်ပဲ၊ ငါနဲ့ အားချင်းမမျှရင် စကားပြောတာကို ကြည့်ပြောဖို့ကောင်းတယ်၊ ငါ စိတ်ဆိုးအောင် မလုပ်ချင်စမ်းပါနဲ့၊ မင်းဟာ ငါ့ကျေးဇူးရှင် မွေးစားဖခင်ရဲ့ ရန်သူပဲ၊ တစ်လမ်းလုံး ငါ့မြင်းကိုစီးခဲ့တယ်၊ ငါ့လူတွေ

အသတ်ခံရမယ်လုပ်တော့ ငါက ကယ်တင်မယ်ကြံကာ ရှိသေးတယ် မင်းက နှောင့်ယှက်တယ်၊ အေး ...မင်း ဒုက္ခရောက်ရင်တော့ ငါကြည့်နေမယ်ကွ....နားလည်လား'

စွန်ချန်း ရင်ထဲ၌ရှိသော မကျေနပ်ချက်များအား ဖွင့်ချပြီး ပြောဆိုနေလေသည်။

'ဒါဖြင့် ခင်ဗျား ကျွန်တော့်ကို မရိုက်တော့ဘူးပေါ့....ဟုတ်လား'

'အေး....မင်းကတော့ ပေါင်းလို့သင်းလို့ကောင်းတဲ့ ကောင်လေး မဟုတ်ဘူး၊ ဒါပေမယ့် ငါ့ကို နှစ်ကြိမ်တိုင်တိုင် အသက်ကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှိနေလို့ သည်းခံလိုက်ရဦးမယ်၊ ကိုင်း....လာ မြန်မြန်၊ ဒီနေ့ညဖြစ်ဖြစ် မနက်ဖြန်ဖြစ်ဖြစ်လောကအလင်းကို အရောက်သွားကြမယ်'

စွန်ချန်းက ခွင့်လွှတ်မှုဖြင့် သဘောထားကြီးလျက် ရှိသော်လည်း စုဆွမ်ကမူ သူ့အား ဓါးကြိုးနှင့်ရိုက်မည်ဟု ရှယ်ခဲ့သည်အား မကျေနပ်သော အမူအရာနှင့်....

'ကိုင်း....ခင်ဗျားလမ်း ခင်ဗျားသွား၊ ကျွန်တော်လဲ ကျွန်တော့်လမ်း ကျွန်တော်သွားမယ်၊ ခင်ဗျားနဲ့ကျွန်တော် တူတူ မသွားတော့ဘူး'

'ဒါဆိုလဲ ကောင်းပါ့ဗျာ'

သို့ဖြင့် သူတို့နှစ်ဦး လမ်းခွဲ၍သွားကြလေတော့၏။

သို့သော်လည်း သူကိုနှစ်ဦးစလုံး ရည်ရွယ်ချက်ကား မရှိကြချေ။



ခြေဦးတည့်ရာသွားနေကြပြီး စကားများခဲ့ကြသည့်အဖြစ်များကို စဉ်းစားနေကြသည်။

စွန်ချန်းက လေးငါးဆယ်လှမ်းမျှ မရောက်သေးမီပင် စုဆွမ်က သူ့နောက်သို့ အပြေးလေး ပြန်လိုက်လာကာ....

'ဒီမှာ စွန်ချမ်း၊ ခင်ဗျားနဲ့ကျွန်တော် ဒီလို မကျေမနပ်နဲ့ လမ်းခွဲသွားကြတာတော့ မကောင်းပါဘူး၊ ခင်ဗျား ကျွန်တော့် အပေါ်မှာ ကောင်းခဲ့တာတွေ ရှိတဲ့အတွက် လက်ဆွဲနှုတ်ဆက်သွားပါဦး'

'အေးကွာ....ဖြစ်ခဲ့တာတွေ မေ့လိုက်ကြတာပေါ့၊ ကဲ....ကဲ....သွားတော့'

စွန်ချန်းက စုဆွမ်အား လက်ချင်းဆွဲနှုတ်ဆက်ပြီး ဒုတိယအကြိမ်မြောက် လူချင်းခွဲသွားကြပြန်၏။

သို့ရာတွင် ယခုတစ်ကြိမ်တွင်ကား စွန်ချန်းကား ပြန်လှည့်လာပြီး....

'ဟော့....ဟော့....နေဦး စုဆွမ်၊ မင်း ငါ့လေးနဲ့မြားကို ယူသွား၊ ရော့....မင်းလက်နက်မပါဘဲနဲ့ ခရီးသွားလို့မဖြစ်ပါဘူး'

စွန်ချန်းက သူ့ရဲ့ လေးနှင့်မြားကို လှမ်းပေးသည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်က လေးကို မောင်းလဲမတင်တတ်ဘူး၊ ပစ်လဲမပစ်တတ်ဘူးဗျ'

နေမှာ တောင်ပေါ်တွင် လုံးဝ ငုပ်လျှိုးဝင်ရောက်သွားပြီဖြစ်ရာ အမှောင်ထုသည် ညီအစ်ကိုမသိတသိ အချိန်လို ဖြစ်မနေလေသည်။

'မှောင်တော့လာပြီ .. မင်းကို ငါ စိတ်မချဘူး၊ မင်းနဲ့ငါ အတူလိုက်ခဲ့ဦးမယ်၊ တော်တော်ကြာ မင်းတစ်ယောက်တည်း မျက်စိလည်နေလိမ့်မယ်'

သို့ဖြင့် သူတို့နှစ်ဦး အတူသွားကြပြန်ကာ ခရီးဆက်ကြပြန်သည်။

အချိန်ကား မှောင်သည်ထက် မှောင်မိုက်လာ၏။

သစ်ပင်ကြီးများ ထူထပ်သော သစ်တောဖြစ်၍ ကွက်လပ်ကွင် ပြင်များရောက်မှသာလျှင် ကောင်းကင်အား မြင်နိုင်ကြရလေသည်။

အတန်ကြာသွားမိကြလျှင် ချုံပုတ်ထူထပ်သော ကွက်လပ်တစ်ခုသို့ ရောက်လာကြရာ ရပ်တန့်ပြီး တစ်ယောက်နှင့် တစ်ယောက် ကြည့်မိကြ၏။

'မင်း အတော်ပင်ပန်းနေပြီထင်တယ်'

'ပင်ပန်းတာပေါ့ဗျ၊ နားတောင်နားချင်ပြီ'

'မင်းနားထောင်စမ်း၊ ချောင်းရေစီးသံကြားမိတယ် ထင်တယ်၊ ချောင်းနားရောက်အောင် သွားကြည့်ကြရအောင်'

သို့ဖြင့် ချောင်းစပ်ကို သူတို့နှစ်ဦး ရောက်ရှိသွားကြ၏။ ထို့ကြောင့် ချောင်းထဲဆင်းပြီး ရေအဝသောက်ကြလေသည်။

'ကျွန်တော်တော့ လမ်းမလျှောက်နိုင်တော့ဘူး'

'ချောင်းနဖူးမှာ ချိုင့်ကစ်ခုတွေ့ခဲ့တယ်၊ အဲဒီမှာ အိပ်မလား'

'ကောင်းသားပဲ'



ချိုင့်ကလေးမှာ သဲများ ဖုံးလွှမ်းနေပြီး အထက်တွင် သစ်ပင်တစ်ပင်မှ ထိုးထွက်နေသော သစ်ကိုင်းတစ်ခု ရှိနေသဖြင့် သူတို့နှစ်ဦးသည် ဝမ်းသာအားရနှင့် ထိုချိုင့်ထဲဝင်၍ အိပ်စက်ကြရလေတော့၏။

## ( ၇ )

**အနူကြီး**

နောက်တစ်နေ့နံနက်လင်းအားကြီးအချိန်၌ အိပ်ရာမှ နိုးကြသောအခါ နေပင်မထွက်သေးချေ။

သို့ရာတွင် ရောင်နီက အရှေ့၌ သန်းစပြုနေပြီ ဖြစ်သည်။ သူတို့နှစ်ဦးစလုံး ပင်ပန်းကြသဖြင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေကြ၍ မထသေးဘဲရှိ၏။

ထိုစဉ် ခေါင်းလောင်းသံတစ်ခုကို သူတို့နှစ်ဦးစလုံး ကြားလိုက်ကြရသည်။

'နားထောင်စမ်း၊ ခေါင်းလောင်းသံပါလား၊ တို့တွေ လောကအလင်းနဲ့မျာ၊ နီးနီးလေး ရောက်နေပြီလား မသိဘူး'

ခဏကြာလျှင် ခေါင်းလောင်းသံအား ထပ်ပြီး ကြားရပြန်၏။

သို့သော် ယခုကြားရခြင်းမှာ မနီးမဝေးဆီမှ ဖြစ်၏။ ထို့နောက် ခေါင်းလောင်းသံကို မြတ်ကောင်းမြတ်တောင်း ကြားနေရပြီး အသံမှာ နီးသည်ထက် နီး၍နီး၍လာလေ၏။

'ဘာများပါလိမ့်ကွာ'

'တစ်ယောက်ယောက် ခေါင်းလောင်း ကိုင်ပြီး လမ်းလျှောက်နေတာ ထင်တယ်ကွ'

'အေး....ဟုတ်လိမ့်မယ်၊ ဒါပေမယ့် ဘယ်သွားမှာတုံး၊ ဒီလူက ဘာလုပ်လို့ ဒီခေါင်းတစ်ရာ သစ်တောထဲကို လာတာလဲ၊ မင်းက ငါ့ကို လာမမေးစမ်းပါနဲ့၊ ဒီခေါင်းလောင်းသံမျိုး ကြားရတာ မကောင်းဘူး'

'အင်း....ခေါင်းလောင်းသံကတော့ မကောင်းဘူး'

ထိုအခိုက်တွင် ခေါင်းလောင်းသံမှာ ခပ်သွက်သွက် အသံထွက်လာပြီး နောက်ဆုံးတစ်ချက်တည်း မြည်သွားကာ ရပ်တန့်သွားလေ၏။

'အင်း....ခေါင်းလောင်းကိုင်တဲ့ ကောင်ဟာ ချောင်းကို ပြေးပြီး ခုန်လိုက်တယ်ထင်တယ်'

ထိုစဉ် ခေါင်းလောင်းသံက ပြန်ပေါ်လာပြန်၏။



'ဟော....မြည်လာပြန်ပြီ၊ ချောင်းကိုခုန်ပြီး လမ်းလျှောက်သွားနေတယ်ထင်ပါရဲ့'

'ဒီလူဟာ ရန်သူ့ဆီက ပြေးခဲ့တဲ့ လူရင်လဲ ဖြစ်ရမယ်၊ အရေးကြီးတဲ့ကိစ္စနဲ့ သွားနေတဲ့လူရင်လဲ ဖြစ်ရမယ်'

'ဟော....ကျွန်တော်တို့နဲ့ နီးလာပြီ'

ထို့နောက် သူတို့ ချိုင့်ထဲမှမြေပြင်ပေါ်သို့ တက်လာကြသည်။

မြေမှာ အနည်းငယ်မြင့်သဖြင့် ခပ်လှမ်းလှမ်းသို့ လှမ်းမျှော် ကြည့်ရှုနိုင်လေသည်။

ယခုအခါတွင် နေရောင်မှာ သိသိသာသာပင် လင်းလက်လာပြီဖြစ်၍ ချိုင့်ထဲမှနေ၍ ကြည့်လိုက်ရာတွင် စွန်ချန်းသည် ရဲတိုက်ကြီးဆီသို့သွားသော လမ်းကလေးကို မြင်နေရလေသည်။

ထိုလမ်းကလေးဘေးတွင် ပ်ရှိသော သစ်တောအုပ်လေး အစပ်နားတွင်ကား ဝတ်ရုံအဖြူကို ဝတ်ထားသော လူ တစ်ယောက် သွားနေလေသည်။

လက်ထဲတွင် ခေါင်းလောင်းတစ်လုံးကို ကိုင်ထားကာ ဦးခေါင်းကို အဝတ်များဖြင့် ဖုံးအုပ်ထားသည်။

ထိုလူသည် ခေတ္တရပ်တန့်နေရာမှ ရှေ့သို့ တိုးသွားပြန်၏။

လှုပ်ရှားလိုက်တိုင်းပင် ခေါင်းလောင်းသံ ကလေးကိုကြားရလေသည်။

ထိုလူကိုကြည့်ကာ စွန်ချန်းတို့မှာ ကြောက်ရွံ့သလိုလိုရှိ၏။

'နူနေတဲ့လူထင်တယ်၊ ဒါကြောင့် တစ်ကိုယ်လုံး ဖုံးထားတာ'

'ဟာ....အနူဆိုရင် အထိအတွေ့ခံလို့ မဖြစ်ဘူး၊ သွားကြရအောင်၊ ဒီရောဂါက အလွန်ကြောက်ဖို့ကောင်းတယ်'

'မကြောက်ပါနဲ့ကွာ၊ ဒီလူက မျက်စိလဲကန်းနေပါယ်ထင်ပါတယ်၊ မမြင်ဘူးလား တုတ်ကိုင်ပြီး လမ်းလျှောက်နေတာ နေပါစေ သူ့ဘာသာ သူ့လမ်းသူလျှောက်နေတာ၊ သွားပါလိမ့်မယ်၊ တို့ဆီလာမှာ မဟုတ်ပါဘူး'

လက်မှကိုင်ထားသောတုတ်ကို ထောက်ကာ ထောက်ကာနှင့် လမ်းကိုမှန်းဆပြီး သွားနေ၏။

သူ့မျက်နှာတွင် မျက်မှန်နက်တစ်ခုကို တပ်ဆင်ထားရာ တစ္ဆေသဖွယ် ကြောက်စရာအသွင်ကို ဆောင်လျက်ရှိ၏။

စွန်ချန်းတို့ရှိရာ ချိုင့်နားသို့ရောက်လျှင် အနူကြီးသည် သူတို့နှစ်ဦးအား ငေ့ငေ့ကြည့်သွားလေ၏။

တို့နောက် ထိုအနူသည် ဆက်၍ထွက်သွားပြန်၏။

လေးငါးလှမ်းခန့်ရောက်လျှင် တစ်ခါပြန်ရပ်ကာ စွန်ချန်းတို့ဘက် လှည့်ကြည့်ပြန်၏။

ဤတစ်ကြိမ်တွင်ကား စွန်ချင်းပင်လျှင် တစ္ဆေခြောက်ခံသူလို ကြောက်လာလေသည်။

သို့သော် ခေါင်းလောင်းသံမြည်လာပြန်ကာ လူကြီးသည် ရှေ့သို့ဆက်၍ ထွက်သွားလေ၏။

စုဆွမ်က အနူကြီးဘက်သို့ လှည့်ကြည့်ရင်း....

'ဒီအနူကြီးဟာ မျက်စိမြင်တယ် ထင်တယ်ဗျ'



'မဟုတ်ပါဘူးကွ မြင်မယ်မထင်ပါဘူး၊ တို့စကားသံကို ကြားလို့ လှည့်နားထောင်တာက ဝိုက်ကြည့်နေတာလို ဖြစ်နေလို့ပါ၊ မျက်စိမမြင်တဲ့လူဆိုတော့ နားအကြားကောင်းတာပေါ့ကွာ၊ တို့က နည်းနည်းလေး လှုပ်ရှားလိုက်တာနဲ့ သူကြားတာပဲ'

'မဟုတ်ပါဘူးဗျ မြင်ပါတယ်၊ ကျွန်တော်တို့ကို ကြည့်နေတာများ စိုက်နေတာပဲ၊ နားထောင်ရုံ ထောင်တာ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်တော့ သူ့အမူအရာကို ဘယ်ပြီးမသက်သာချင်ဘူး၊ ဟော....ခေါင်းလောင်းသံတောင် မကြားတော့ဘူး ရပ်နေပြီထင်တယ်'

အမှန်ပင် ခေါင်းလောင်းသံကို မကြားရတော့ချေ။

'အေး....ဟုတ်တယ်၊ ဒီကောင်ကြီးကြည့်ရတာ သိပ်မဟန်ဘူး'

'အနူကြီးဟာ အရှေ့ဘက်ကို သွားတယ်ဗျ၊ အနောက်ဘက်ကို လစ်ကြရအောင်'

'မင်းကလဲ ကြောက်လိုက်တာကွာ၊ ငါတို့ လောကအလင်းကို သွားရမှာကွ၊ အဲဒီတော့ မြောက်ဘက်ကို သွားမှဖြစ်မယ်'

သို့ဖြင့် သူတို့နှစ်ယောက်သည် နေရာမှထကာ ချောင်းကိုဖြတ်ပြီး ကူးကြကာ တစ်ဖက်ကမ်းသို့ ရောက်လာကြ၏။

ဤနေရာတွင် သစ်ပင်များ ထူထပ်စွာ ပေါက်နေပြီး မြေမညီမညာ ချိုင့်များ ကုန်းများဖြင့် ပြည့်လျက်ရှိ၏။

ယမန်နေ့က အပန်းကြီးပန်းပြီး ဗိုက်ထဲတွင်လည်း အစာ မရှိသော စွန်ချန်းနှင့် စုဆွမ်တို့မှာ ခရီးကို သွက်သွက်ထွက် မသွားနိုင်ကြဘဲ ခပ်ဖြည်းဖြည်းသာ သွားနိုင်ကြလေသည်။ တောင်ကုန်းတစ်ခုပေါ်သို့ တက်မိကြသောအခါတွင်ကား ရှေ့ခပ်လှမ်းလှမ်းဝယ် အနူကြီးသည် သစ်တောအုပ်တစ်ခုဆီ သို့ သွားနေသည်ကို လှမ်းမြင်နေရ၏။

သို့သော် အနူကြီးလက်ထဲ၌ ခေါင်းလောင်းမရှိတော့ပေ။

ထောက်၍လျှောက်နေသော တုတ်လည်း မရှိတော့ဘဲ မျက်စိမြင်ရသည့် လူကောင်းပကတိအတိုင်း ခပ်သွက်သွက် ကြီး ခြေလှမ်းလျက်ရှိ၏။

စွန်ချန်းမှာ အနူကိုမြင်လျှင် မြင်ချင်း ချုံပုတ်ဘေးတွင် ပုန်းကွယ်ကာ....

'အင်း....အဲဒီလူတို့ကို လိုက်ချောင်းနေတာပဲကွ၊ ခေါင်း လောင်းကို မမြည်အောင် တော်ရာမှာ ပစ်ထားခဲ့ပြီနဲ့ တူ တယ်၊ ခက်တာပဲကွာ ငါတော့ ဘာပြောပြော ဒီအနူးကြီးနဲ့ တော့ဖက်မသတ်ချင်ဘူးဟေ့'

'ဘာဖြစ်လို့ ကျွန်တော်တို့နောက်ကို လိုက်နေရပါလိမ့်၊ ကျွန်တော်တို့နဲ့ ပတ်သက်တဲ့ အတွင်းရေးတစ်ခုခုတော့ ရှိပြီထင် တယ်'

'ဘာအတွင်းရေးရှိရှိ အရေးမစိုက်ပါဘူးကွာ၊ ဒါပေမယ့် ငါလဲ တော်တော်ကို ခရီးပန်းနေပြီ'



'ကိုင်း....ဒါဖြင့် လာဗျာ၊ ကွင်းပြင်ထဲကပဲ လျှောက်သွား ရအောင်၊ ကွင်းပြင်ထဲမှာဆိုရင် လိုက်မချောင်းနိုင်ဘူး၊ တော ထဲမှာဆိုတော့ ချောင်းနိုင်တာပေါ့'

'နေပါစေကွာ၊ ဒီလူကြီး လွန်သွားပါစေဦး ပြီးတော့မှ နောက်ကလိုက်တာပေါ့'

'ဒါဖြင့် ကျွန်တော့်ကို လေးတင်ပေးစမ်းဗျာ၊ ကျွန် တော် ဒီအနူကြီးကို ပစ်သတ်လိုက်မယ်'

'အမယ်လေး....မလုပ်ပါနဲ့ကွာ၊အနူကိုသတ်ပြီး ကိုယ့်ကိုယ် ကို ကျက်သရေ အယုတ်မခံနိုင်ပါဘူး၊ လူကောင်းချင်း သတ် ရတယ်ဆို တော်သေးတယ်'

ထိုသို့ပြောနေကြခိုက် ခေါင်းလောင်းသံကို တစ်ဖန်ကြား ကြရပြန်သည်။

'ဟာ....ခေါင်းလောင်း သူ့လက်ထဲမှာရှိသေးတယ်ဟေ့၊ မမြည်အောင် အထဲက အသီးကို ထိန်းပြီး ကိုင်ထားတယ် ထင်တယ်၊ အသံကတော့ နီးလာပြန်ပြီ'

ထိုစဉ် အနူကြီး၏ ဝတ်စုံဖြူကြီးမှာ သစ်ပင်၏နောက်ကွယ် မှ ပေါ်လာပြီး အရပ်လေးမျက်နှာအား အကဲခတ်လေ့လာ နေသည်ကို တွေ့ရသည်။

ထိုနောက် အနူကြီးသည် စွန်ချန်းတို့ဘက်သို့ ဦးတည်ပြီး ပြေးလာလေသည်။

စွန်ချန်းနှင့် စုဆွမ်တို့မှာ ကြောက်လန့်တကြား တကဲ့ ကပြားစီ ထွက်ပြေးကြရတော့သည်။

သို့သော် စုဆွမ်မှာ ခြေထောက်နာနေသဖြင့် ဝေးဝေး မပြေးနိုင်၊ ခဏလေးပင် အနူကြီးလက်ထဲတွင် မိသွားလေတော့သည်။

စုဆွမ်၏ အော်သံကြား၍ စွန်ချန်းအား ပြန်လာကာ ဒေါသဖြင့် လေးနှင့် ပစ်သတ်မည်ဟု ချိန်ရွယ်လိုက်ရာ အနူကြီးက လက်နှင့်ကာပြီး....

'ဟော့....ဟော့....မပစ်နဲ့ စွန်ချန်း ငါပါကွ လူမှားပါ့မယ်၊ အနူကြီးက စုဆွမ်အား လွှတ်လိုက်ကာ သူ၏ခေါင်းတွင် အုပ်ထားသော ဝတ်ရုံဖုံကြီးကို လှပ်ပြလိုက်ရာ သူ၏ မွေးစား ဖခင် လူကုံထံ ရောင်ချန်းကြီးဖြစ်နေသည်ကို မြင်ရလေသည်။

ရောင်ချန်းကြီးက စုဆွမ်အား လက်ညှိုးထိုးပြလျက်....

'မင်း သူ့နာမည်ကို ဘယ်လိုခေါ်သလဲ'

'စုဆွမ်လို့ခေါ်တာပဲ၊ အစက ကျွန်တော်နဲ့မသိဘူး၊ ဖခင် သူ့ကိုသိသလား'

'သိတာပေါ့ကွာ၊ မင်း လူကြောက်ပြီး မေ့လဲနေပြီ၊ မင်း ငါ့ကိုတွေ့တော့ အံ့ဩနေတယ်မဟုတ်လား'

ရောင်ချန်းကြီးက စွန်ချန်းအား အကဲခတ်၍မေးမြန်းလိုက်သည်။

'အံ့ဩတာပေါ့၊ ကျွန်တော်က တကယ့်အနူကြီးထင်နေတာ၊ ဖခင် ရုပ်ဖျက်လာမှန်း ဘယ်သိမလဲ၊ ပြောပြပါဦး ဘာဖြစ်လို့ ရုပ်ဖျက်လာရတာလဲ'



ရောင်ချန်းကြီးမှာ စွန်ချန်း၏ အမေးစကားကို ကြားရတော့ အနည်းငယ် မျက်နှာပျက်သွားပြီး....

'အမယ်လေးကွာ မင်းနှယ် မေးနေရသေးတယ်၊ တို့ကောင်တွေ မိုးမခရွာမှာ တိုက်ပွဲရှုံးလို့ ခွေးပြေး ပြေးပြီး မျောက်ပါးစပ်ရွာကို လင်ခဲ့ရတယ်၊ ရှုံးတဲ့လူတွေဆိုတော့ ဘယ်နေရာဖြစ်ဖြစ် စိတ်မချရဘူးလေကွာ၊ အဲဒီတော့ အနူယောင်ဆောင်ပြီး ရဲတိုက်ကြီးကိုသွားမလို့၊ မြားနီဂိုဏ်းကကောင်တွေကလဲ ငါ့တွက် တပ်ရန်ဆိုတော့ ကြောက်ရသေးတာပဲ၊ အနူယောင်ဆောင်ထားတော့ ဘယ်သူမှမကပ်ချင်တဲ့ အေးကင်းတာပေါ့၊ ရဲတိုက်ကြီးကိုသွားရင်းနဲ့ အခု မင်းတို့နဲ့တွေ့တာပဲ၊ ခေါင်းမှာ အဝတ် အုပ်ထားရတော့ ကောင်းကောင်း မမြင်ရဘူးကွ၊ ဒါကြောင့် ဟိုဘက်လှည့်ချောင်း ဒီဘက်လှည့်ချောင်းနဲ့ကြည့်နေရတာ၊ ငါတော့ မင်းတို့နှစ်ဦးကို တွေ့ရတာကိုပဲ အံ့ဩနေမိပြီကွာ၊ ဟော...မင်းတော့ သတိရလာပြီနဲ့တူတယ်'

ရောင်ချန်းကြီးက ပြောပြောဆိုဆိုနှင့် ခါးကြားမှ ပုလင်းတစ်ခုကိုထုတ်ပြီး စုဆွမ်၏ နှာထင်နှင့် ပါးစပ်ကို ဆေးနှင့် သုတ်ပေးလိုက်ရာ စုဆွမ်မှာ မကြာမီအတွင်း သတိပြန်လည်လာကာ မျက်လုံးဖွင့်ပြီး သူတို့နှစ်ဦးအား ငေးကြည့်နေ၏။

'ဟော့ကောင် ဘာမှမကြောက်နဲ့တော့၊ အနူမဟုတ်ဘူး လူကုံထံရောင်ချန်းပါကွ'

စွန်ချန်းကား စုဆွမ်အား နှစ်သိမ့်လိုက်လေ၏၊

ရောင်ချန်းက ဝတ်ရုံထဲမှ ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်များကို ထုတ်လျက်....

'ကိုင်း....ငါ့မှာ စားစရာပါလာတယ်ဟေ့၊ ပြီးရင် တို့သုံးယောက် ရဲတိုက်ကြီးကို သွားကြတာပေါ့၊ အဲဒီရောက်မှ စိတ်ချရမှာပဲ၊ အခုတော့ ငါ့မှာ ဥစ္စာ ပစ္စည်းတွေ အတော်ဆုံးရှုံးခဲ့တယ်၊ ဒါပေမယ့် ငါ့လူတွေတော့ ရှိပါသေးတယ်'

စွန်ချန်းက မည်သို့မှ မတုံ့ပြန်ဘဲ တိတ်ဆိတ်စွာနားထောင်နေသည်။

စုဆွမ်ကမူ မျက်မှောင်ကြီးကြုတ်ပြီး ငြိမ်နေ၏။

'ယင်ကဲ့ယန်းနဲ့ လူနည်းနည်းပါးပါးရှိပါသေးတယ်၊ ဖူလူယွမ်နဲ့လဲ လူခြောက်ဦးပါသွားသေးတယ်၊ မြို့စား တန်က လူတွေနဲ့ စေ့စပ်လို့ရရင်တော့ ငါ သက်သာမှာပဲဟေ့'

စွန်ချန်းကတော့ ဖူလူယွမ်၏နာမည်ပါလာ၍စိတ်မကောင်းဖြစ်သွားလေသည်။

'အင်း....ဖူလူယွမ်၊ ဖူလူယွမ်'

'ဖူလူယွမ် ဘာဖြစ်လို့တုံးကွ....စွန်ချန်း'

စွန်ချန်းက ဖူလူယွမ်တို့လူစု အသတ်ခံရပုံကို အသေးစိတ်ပြန်ပြောပြလိုက်ရသည်။

ရောင်ချန်းက စိတ်ငြိမ်စွာနားထောင်နေ၏။

သို့ရာတွင်မူ သူ့မျက်နှာမှာမူ ပျက်လျက်ရှိသည်။

'ခွေးမသား မြားနီခေါင်းဆောင် တိတ်ဝှက်ဆိုတဲ့ကောင်၊ ဒီကောင့်ကို ငါ အိမ်တွေမီးနဲ့ရှို့ ပစ္စည်းတွေလုပြီး ရွာက နှင်လိုက်တာ အခု ငါ့ကို အန်တုနေပြီ၊ အေး....သိစေမယ် တိတ်ဝှက်ရေ၊ ငါ့လူတစ်ယောက်အသတ်ခံရရင် သူ့လူဆယ်ယောက်



ပြန် သတ်ပြမယ်ကွ၊ လက်စားမချေရရင် မကျေဘူး၊ ကဲ....မင်းတို့လဲ မြန်မြန်စားကြ၊ ခရီးဆက်ရဦးမှာ'

ရောင်ချန်းက ကြုံးဝါးရင်း စုဆွမ်ဘက်ကိုပါ လှည့်ပြီး....

'ဟေ့....မင်း ရဲတိုက်ကြီးကိုလိုက်ခဲ့ရမှာနော်၊ နားလည်လား'

'လိုက်ဆိုလဲ လိုက်ရတာပေါ့'

စုဆွမ်က မျက်စောင်းထိုးပြီး မကျေမနပ်နှင့် ဖြေလိုက်၏။

ထို့နောက် စွန်ချန်းသည် ဝတ်ရုံကို ခေါင်းပေါ် ပြန်ဖုံးကာ တုတ်နှင့် ခေါင်းလောင်းကို ပြန်ကိုင်ပြီး....

'ကိုင်း....သွားရင်း လာရင်းစားကြကွ၊ ငါ့နောက်ကနေ ရဲတိုက်ကြီးကို လိုက်ခဲ့ကြ'

ခေါင်းလောင်းကိုလှုပ်ကာ တုတ်ကိုထောက်ကာ အနူတစ်ဦးကဲ့သို့ ရဲတိုက်ဘက်သို့ ထွက်ခွာသွားတော့သည်။

ရောင်ချန်း တော်တော်လှမ်းလှမ်းသို့ရောက်လျှင် စွန်ချန်းက စုဆွမ်အား တိုးတိုးလေး မေးမြန်းလိုက်သည်။

'မင်း....ရဲတိုက်ကြီးဆီကို လိုက်မလို့လား'

'လိုက်ရမှာပေါ့၊ ခုမှတော့ မတူးပါဘူး'

သို့ဖြင့် သူတို့နှစ်ဦးမှာ ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်ကို စားရင်း ရောင်ချန်း၏နောက်မှ လိုက်လာခဲ့ရလေသည်။

အတန်ကြာလျှင် ရဲတိုက်ကြီးအား လှမ်းမြင်ကြရလေသည်။

စုဆွမ်က ခေတ္တရပ်လိုက်ပြီး....

'ကိုင်း... ခင်ဗျား စုဆွမ်ဆိုတဲ့ကောင်ကို မေ့လိုက်တော့၊ နောက်ကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး၊ ကျွန်တော့်မှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်'

သူ့စကားက ထူးဆန်းနေသဖြင့် စွန်ချန်း နားမလည်သလို သူ့အားကြည့်လိုက်ပြီး....

'ဟ....မင်း ငါနဲ့အတူတူ ရဲတိုက်ကြီးကို လိုက်မှာမဟုတ်ဘူးလား၊ နောင်ကိုလဲ ခဏခဏတွေ့နိုင်တာပဲဟာ'

'ဟင့်အင်း....ခင်ဗျား အဲဒီ စုဆွမ်ဆိုတဲ့လူကို ဘယ်နည်းနဲ့မှ မတွေ့နိုင်တော့ဘူးဆိုတာ ယုံပေတော့'

သူက စွန်ချန်းအား ပြန်ပြောရင်း ခပ်ငေးငေးလေးဖြစ်နေသည်။

'လူကုံထုရောင်ချန်းဟာ အသွင်ပြောင်းနေပြီဗျ၊ အရင်က ခင်ဗျားသူ့ကို သိတုန်းက သူဟာကံကောင်းနေတဲ့လူ၊ခင်ဗျား သတိထားမိရဲ့လား သူ့မျက်လုံးထဲမှာ ကြောက်စိတ်တွေ ဝင်နေတာ၊ ကြောက်စိတ်ဝင်တဲ့လူဟာ ဘယ်သူ့ကိုမဆို သက်မကောင်းဖြစ်တတ်ပြီး အလွန်ရန်ရှာတတ်တယ်ဆိုတာကို သတိသာ ထားပေတော့ အစ်ကိုစွန်ချန်း'

မကြာမီ သူတို့နှစ်ဦးသည် ရောင်ချန်း၏ ရဲတိုက်ကြီးဆီသို့ ရောက်ရှိလာကြ၏။

တီယင်ချီရဲတိုက်ကြီးမှာ ဘေးပတ်လည်တွင် ရေကျုံးများဖြင့် ဝန်းရံထားပြီး ဖြတ်ကူးရန်အတွက် တံတားအရှင်



တစ်ခု တပ်ဆင်ထား၍ မြင့်မားသော ကျောက်နံရံများဖြင့် ဆောက်လုပ် ကာရံထားလေ၏။

ရဲတိုက်ကြီး၏ တံခါးတွင် ရောင်ချန်းကြီးနှင့် ယင်ကဲ့ယန်းတို့မှာ စွန်ချန်းနှင့် စုဆွမ်တို့နှစ်ဦးအား အသင့်စောင့်ကြိုနေကြလေတော့သည်။

စုဆွမ်က စွန်ချန်း၏လက်ကို ဖျစ်ညှစ်ရင်း နှုတ်ဆက်လိုက်လေတော့သည်။

( ၈ )

သဲလွန်စ

တီယင်ချီ ရဲတိုက်ကြီးမှာ ကျောက်အနီများဖြင့် တည်ဆောက်ထားသော တီယင်ချီသစ်တောသို့သွားရာ လမ်းနှင့် မလှမ်းမကမ်းတွင် တည်ရှိ၏။

ပုံသဏ္ဌာန်မှာ လေးထောင့် မကျတကျဖြစ်ပြီး ထောင့်တစ်ထောင့်စီတွင် ပြအိုးသဖွယ် ရဲတိုက်ငယ် ခပ်သေးသေးလေးများကိုလည်း တည်ဆောက်ထား၍ လေးပစ်ရန်အကာအကွယ်များ၊ အပေါက်များ၊ သူရဲခိုများ အသင့်ပြုလုပ်တည်ဆောက်ထား၏။

ရဲတိုက်အောက်၌ ရှုံးအဖြစ် တည်ဆောက်ထားသော အဆောက်အအုံတစ်ခုရှိ၍၊ ရဲတိုက်၏ လမ်းမှာ တော်တော် ကလေး ကျယ်၏။

တံခါးအရှင်တစ်ခုကိုလည်း တပ်ဆင်ထားလေသည်။

ရဲတိုက်နံရံနှင့် လေးတစ်ပစ်စာလောက်အကွာတွင် သစ်ပင် ကြီးတစ်ပင်၊ နှစ်ပင် ပေါက်နေသည်မှအပ ရဲတိုက်ကြီးမှာ ထုထည်အလွန်ကြီးမားသော အဆောက်အအုံကြီးတစ်ခု ဖြစ် လေသည်။

ရဲတိုက်ထဲဝင်သွားလျှင် အဆောက်အအုံအလယ်၌ အသင့် ပြင်ဆင်ထားကြသော ဓားသမားများမှာ တိုက်ပွဲအကြောင်း၊ သိုင်းကွက်များအကြောင်း ဓားများအကြောင်း စသည်များ ကို စကားစမြည်ပြောဆိုဆွေးနွေးနေကြလေသည်။

အချို့မှာ ဓားသွေးသူသွေး၊ အရိုးတပ်သူတပ်၊ မြားချွန် သူချွန် စသဖြင့် အသီးသီးလုပ်ကိုင်နေကြသည်အား တွေ့ရှိရ မည်ဖြစ်သည်။

မိုးမခရွာ တိုက်ပွဲမှ ရှုံးနိမ့်၍ ထွက်ပြေးလာကြသော ဓား သမားအချို့လည်း ရဲတိုက်ကြီးဆီသို့ ရောက်ရှိနေကြသည်။

သူတို့အနက် လူသုံးယောက်က ဒဏ်ရာရရှိလာခဲ့လေသည်။

လူကိုထံရောင်ချွန်းအပါအဝင် စွန်ချန်း၊ ယင်ကဲ့ယန်း စသည့်လူများ အစုံအညီ ရောက်နေကြသဖြင့် ရဲတိုက်ကြီး၏ ခုခံကာကွယ်ရေးမှာ အင်အားမသေးလှပေ။

ရဲတိုက်တွင်းမှ ဓားသမား၊သိုင်းသမားတို့ကား သူတို့ ရင်ဆိုင်တိုက်ခိုက်နေရသည့် မြို့စားကြီးတန်၏ လူများအက်



မြားနီဂိုဏ်းအား ပို၍ကြောက်လန့် ပို၍ ထိတ်လန့်လျက်ရှိလေ သည်။

မြို့စားတန်နှင့် ပြန်လည်စေ့စပ်ရန် လွယ်ကူ၏။

လက်ဆောင်ပဏ္ဏာများနှင့် လက်အောက်ခံလိုက်ရင် ဖြစ် သည်။

မြားနီဂိုဏ်းမှာမူကား အငြိုးနှင့် လက်စားချေနေသော ဂိုဏ်းဖြစ်၍ သူတို့အား တွေ့ရာသင်္ချိုင်းဓားမဆိုင်းသော် ဘေး အန္တရာယ်ပြုမည့်သူများ ဖြစ်သည်။

ထို့ပြင် ထိုဂိုဏ်းက ထင်ထင်ရှားရှား ရင်ဆိုင်တွေ့ပြီး တိုက် ရလေသည်မဟုတ်ဘဲ တောများ၊ချုံများမှ ထွက်လာ၍ တိုက် ခိုက်တတ်သဖြင့် သူတို့မှာ ပို၍ တုန်လှုပ်ချောက်ချားနေကြ၏။

နောက်ပြီး မြားနီဂိုဏ်းခေါင်းဆောင် ချင်ဆိုသည့် ဂိုဏ်း ခေါင်းဆောင်၏ အမိန့် အာဏာကိုလည်း သူ့လူများက တစ်သဝေမတိမ်း လိုက်နာတတ်ကြသည်။

သေဆိုသေ၍ ရှင်ဆိုရှင်လိုက်ရှာပြီး အင်မတန် ခက်ခဲသည့် ကိစ္စရပ်များကိုပါ ရှုပ်ရှုပ်ချွချွ အံ့ဩတုန်လှုပ်ဖွယ် ဆောင် ရွက်လေ့ ရှိကြသဖြင့် သူတို့ဂိုဏ်းသားများမှာ သစ္စာရှိမှုနှင့် ပြောင်မြောက်သော တိုက်ခိုက်ထိုးဖောက်တတ်သည့် ဓား သမား လေးသမားများ ဖြစ်ကြ၏။

အချို့ကား ကိုယ်တွေ့ ရင်ဆိုင်ကြဖူး၍ ကြောက်ရွံ့ ထိတ် လန့်ကြကုန်သည်။

ကံကောင်း၍ လွတ်မြောက်ခဲ့ရသော်လည်း မြားနီဂိုဏ်း ဟု ဆိုလျှင် လန့်ဖျားပင် ဖျားကြရသည်။

ခုတော့ တိုက်ပွဲကလည်း ရှုံးနိမ့်ခဲ့၊ မြားနီဂိုဏ်းသားများ၏ ရန်အန္တရာယ်ကလည်း ကြောက်ရွံ့ရနှင့် ရောင်ချွန်း၏ နောက်လိုက်ဓားသမားများမှာ တုန်လှုပ် ချောက်ချားနေကြလေသည်။

တစ်ခါတစ်ရံ ညနေခင်းနှင့် ညအချိန်များ၌ စီးသူမပါသော မြင်းများမှာ အသံကုန်ဟီ၍ ရဲတိုက်တံခါးဝသို့ ရောက်လာတတ်ကြလေသည်။

အချို့မှာ မြားနီဂိုဏ်း၏ သုတ်သင်ခြင်းကို ခံရ၍ဖြစ်ပြီး အချို့ကား တန်မြို့စား၏ တပ်ဖွဲ့များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပြီး ရှုံးနိမ့်၍ ပြန်လာရသူများ ဖြစ်လေသည်။

အရုဏ်တက် ဝေလီဝေလင်းအချိန်ဝယ် ဓားသမား တစ်ဦးသည် ရဲတိုက်တံခါးဝသို့ ရောက်လာရာ သူ့ခေါင်းမှာ မြားနီဂိုဏ်း၏ လက်ချက်ဖြင့် မြားသုံးချောင်း တန်းလန်းကြီးမှ နေရှာခဲ့သည်။

ရဲတိုက်ထဲ သွင်းလိုက်သည်နှင့်ပင် ၎င်းဓားသမားခမျာ ရဲတိုက်ပေါက်ဝတွင်ပင် လဲကျသွားရှာလေတော့သည်။

ယင်ကဲ့ယန်းမှာ စွန်ချန်း၏ ပြောပြချက်ကြောင့် လူဖူယွမ်တို့လူစု အသက်ပျောက်ခဲ့ရပုံကို ကြားရသည်နှင့် ထိတ်လန့်တုန်လှုပ်နေလေသည်။

အခြားသူများမှာလည်း သူ့နည်းနှင်နှင် ကြောက်ရွံ့နေကြကုန်၏။

'အေးကွာ ...လူဖူယွမ်ဆိုတာ ငါ့ရဲ့အခင်ဆုံး တိုက်ဖော် တိုက်ဖက် တစ်ဦးကွ၊ ပထမဆုံး မြားနီဂိုဏ်းလက်ချက်နဲ့ အဘိုး



ကြီး ပုချောင်ကျူ သေခဲ့တယ်၊ နောက် လေးစူးတစ်ခါ ဘန်တိတ် သေပြန်ရော၊ ဟိုတစ်ခါတုန်းကလဲ ရဲတိုက်တံခါးဝမှာ စာကပ်သွားခဲ့သေးတယ်၊ ဘာတဲ့....ရေးထားတာ မင်းတို့အသံ နက်နက်ထဲကို မြားနက်နက်ဝင်အောင် စိုက်ပြမယ်ဆိုလား၊ ဟင်း....အခုထိလာပြန်ပြီ ဒေါင်အိုက်မင်း၊ ငါတော့ ဒီကောင်တွေရဲ့ အဆာတ်ကို ခုလို ခုခံနေရမယ့်အစား ဒီကောင်တွေရှိတဲ့ နေရာကိုရှာပြီး တိုက်ပစ်ချင်လာပြီကွ'

စွန်ချန်းက ရဲတိုက်တံခါးပေါက်ဘက် လှမ်းကြည့်ပြီး ယင်ကဲ့ယန်းအား လှမ်းမေးလိုက်သည်။

'ဒါနဲ့ အဲဒီ ဒေါင်အိုက်မင်းကို ဘယ်မှာထားလဲ'

'ဟောဟိုခန်းထဲမှာ ရှိလေရဲ့၊ ဒါပေမယ့် သေမှာပါပဲကွာ၊ သူ့ခမျာ ခေါင်းနီးလို့ ထင်ပါရဲ့ သရဏဂုံတင်ဖို့ ဘုန်းကြီးတစ်ပါး ခေါ်ပေဖို့ချည်း ပြောနေရှာတယ်၊ ဟိုဘုန်းကြီး တိုင်ရှမ်းကလဲ ခုထိ ဘာလို့ မလာသေးတာလဲ မသိပါဘူး၊ အေးလေ ဒေါင်အိုက်မင်းကတော့ ကံကောင်းပါသေးတယ်၊ အဘိုးကြီးပုချောင်ကျူနဲ့ လူဖူယွမ်တို့က သရဏဂုံတောင် မတင်လိုက်ရရှာဘူး'

စွန်ချန်း ယင်ကဲ့ယန်းပြောသော အခန်းဆီသို့ ထွက်သွားသည်။

အခန်းက မှောင်နေသော်လည်း အောက်ကြမ်းပြင်တွင် လဲကျ ညည်းတွားနေသော ဒေါင်အိုက်မင်းအား ကောင်းစွာ မြင်တွေ့ရလေသည်။

'ဟော့ ဒေါင်အိုက်မင်း....ဘယ့်နှယ်လဲဟေ့ နေသာရဲ့လား'

'ဩော်....စွန်ချန်းပါလား၊ ငါတော့ သေမှာပါပဲကွာ၊ ငါသေခါနီး နောက်ဆုံးကူညီတဲ့အနေနဲ့ ဘုန်ကြီး တစ်ပါးလောက် ပင့်ပေးစမ်းပါ သူငယ်ချင်းရယ်'

ဒေါင်အိုက်မင်း စွန်ချန်းအား မြင်မြင်ချင်း ဘုန်းကြီး ပင့်ခိုင်းနေတော့သည်။

ထိုအခိုက် ရောင်ချွန်း ရောက်လာလေသည်။

သူ့လက်ထဲ၌ စာတစ်စောင်ကိုင်ကာ သူ့နောက်လိုက် ဓားသမားများအား ခပ်ကျယ်ကျယ် ပြောလိုက်သည်။

'ဏဲ....ငါ့လူတို့ ခု ငါတို့ တိုက်ပွဲမှာ ရှုံးနိမ့်နေခဲ့ကြတယ်၊ တို့တွေ အကျဉ်းအကျပ်ထဲ ရောက်နေတယ်၊ ငါတို့ရဲ့ဆိုးရွားတဲ့ အခြေအနေကို ကယ်တင်မယ့် နည်းတစ်ခုပဲရှိတယ်၊ အဲဒီနည်းကတော့ တစ်ဖက်ကလူတွေနဲ့ စေ့စပ်ဖို့လိုတယ်၊ ဒီလိုစေ့စပ်ပြီး ငါတို့အပြစ်တွေကို ဆေးကြောပစ်ဖို့နဲ့ အနာဂတ်ကာလမှာ တို့တွေ ကြီးပွားဖို့ ငါ့မှာ မိတ်ဆွေတစ်ဦးရှိတယ်၊ အဲဒီ မိတ်ဆွေက မြို့စားကြီး တန်နဲ့အင်မတန် ရင်းနှီးတဲ့လူဖြစ်တယ်၊ သူ့နာမည်က သူဌေးကြီး ရန်ကျင့်ဖေလို့ ခေါ်တယ်၊ သူ့ဆီကို အကျိုးအကြောင်း အစုံအလင်ရေးပြီး ပို့ချင်တယ်၊ ဒီစာကို ယူသွားပေးနိုင်မယ့်လူ ဘယ်သူရှိလဲ ထွက်ခဲ့စမ်းကွာ'



ရောင်ချွန်းက ဆက်လက်ပြောပြန်၏။

'စာက အရေးကြီးတယ်၊ နောက်ပြီး စာက သူဌေးကြီး ရန်ကျင့်ဖေ့ထံ အမြန်ဆုံး ရောက်ဖို့လိုတယ်၊ လမ်းမှာ မြားနီဂိုဏ်းရဲ့ အန္တရာယ်ကလဲ ရှိသေးတော့ ဒီတာဝန်ယူမယ့်သူဟာ အင်မတန် သတိထား ဂရုစိုက်ဖို့လိုတယ်၊ ဘယ်သူနဲ့ သင့်တော်မလဲ ငါရွေးမယ်'

ဤတွင် လူတစ်ဦး မတ်တတ်ရပ်လိုက်၏။

'ကျွန်တော် ပို့ပေးပါမယ်ခင်ဗျာ'

'ဩော် တန်အင်တိုင်၊ မင်းနဲ့ မဖြစ်ပါဘူး၊ မင်းက သတ္တိသာရှိတာ ပါးနပ်မှုမရှိတဲ့ကောင်'

'ဒါဖြင့် ကျွန်တော်ပို့ပေးမယ်လေ'

'အေး....မင်းကတော့ ပါးနပ်ပုံရတယ်၊ ဒါပေမယ့် မဖြစ်ပါဘူး၊ မင်းက တဇွတ်ထိုးသမားပဲကွ'

ထိုဓားသမားအားလည်း ရောင်ချွန်း ငြင်းပယ်လိုက်ပြန်သည်။

ဤတွင် ယင်ကဲ့ယန်းက မတ်တတ်ရပ်လိုက်သည်။

'ဟော့....ယင်ကဲ့ယန်း၊ မင်းသွားလို့ မဖြစ်ဘူးကွ၊ မင်းက ဒီမှာဦးဆောင်ဖို့ရှိတာ၊ ရဲတိုက်ဆိုပေမယ့် လုံခြုံမှုက သိပ်ရှိတာ မဟုတ်ဘူး'

ဓားသမားအချို့ မတ်တတ်ရပ်ပြီး ရှေ့တိုးလာကြသည်။

ထိုအခါ လူတစ်ဦးအား ရောင်ချွန်းကိုယ်တိုင် ရွေးချယ်လိုက်၏။

'ကျူးစီရှာ'

ရောင်ချွန်းက ကျူ့စီရှာ၏ ပခုံးအား ဖက်လိုက်ကာ....

'ကိုင်း....မင်းသွားပို့ချည်၊ ခပ်မြန်မြန်ပို့နော်၊ သတိလဲထား၊ အားလုံးရှိနေခင်ရေးဟာ မင်းအပေါ်မှာ တည်တယ်၊ သူဌေးကြီး ရန်ကျင့်ဖေ့ဆီက စာပြန်ပြီးယူခဲ့၊ အဲ့ဒီအဖြေက တို့များအတွက် အရေးကြီးတယ် ဟုတ်လား၊ အဲ့ဒီတစ်ပတ်တွင်းမှာတော့ ဒီပြောက်ကျားကောင် မြားနီဂိုဏ်းကို ငါ အပြုတ်ချေမှုန်းပစ်မယ်ကွ'

ကျူ့စီရှာက လီမွာပါးနပ်သလောက်သတ္တိအရာတွင်လည်း သေရဲသတ်ရဲသူ ဖြစ်သည်။

ခါးသိုင်း လှံ ထိုး မြင်းစီးမှာလည်း ကျွမ်းကျင်သည်။

'အေး....မင်း ဒီစာကိုယူသွားတဲ့အခါ ညဘက်မှသွား၊ ရွှေသဲဝါမြစ်ကိုတော့ မင်းကြည့်ကူးပေါ့ကွာ၊ ကူးတို့နဲ့မကူးနဲ့'

ထိုအခါ ကျူ့စီရှာက....

'ကျွန်တော် ရေကူးသွားပါ့မယ်ခင်ဗျာ၊ စိတ်ချသာ နေပါ၊ မစိုးရိမ်ပါနဲ့၊ တာဝန် ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်'

'ကိုင်း....ကိုင်း....ဒါဖြင့် မင်း ရိက္ခာဂိုဒေါင်ကို လိုက်ခဲ့၊ အစားအစာတွေ ယူသွား လုံလောက်အောင်သာ ဆောင်သွားပေါ့'

ရောင်ချွန်းက ထိုသို့ပြောဆိုပြီး ကျူ့စီရှာအား ပခုံးဖက်ကာ ခေါ်ဆောင်သွားလေတော့သည်။

သူတို့ထွက်သွားသည်နှင့် ယင်ကဲ့ယန်းက စွန်ချန်းအား ပြောသည်။



'ကြည့်စမ်း၊ ရောင်ချွန်းကြီးဟာ ပြောပုံ ဆိုပုံ ခိုင်းပုံ ဘယ်လောက် လိမ္မာကျွမ်းကျင်လဲ၊ ကျူ့စီရှာကို အသက်နဲ့လဲပြီး သူ့အလုပ်ကိုလုပ်ချင်အောင်သိမ်းသွင်းတော့မယ်၊ ဟား....ဟား....ဟား'

ယင်ကဲ့ယန်းက လူကုံထံ ရောင်ချွန်းကြီးအား ချီးမွမ်းစကား ဆိုနေသော်လည်း စွန်ချန်းကမူ တစ်စုံတစ်ရာအား အလေးအနက် စဉ်းစားနေဟန် ရှိလေသည်။

အတန်ကြာမှ မမျှိသိပ်နိုင်ဟန် ပေါ်လာပြီး ရုတ်တရက်ကြီး ယင်ကဲ့ယန်းအား ခေါက်ကာငင်ကာ မေးမြန်းလိုက်လေသည်။

'ကျွန်တော့်အဖေ ပေကျီချန်း သေသွားတာဟာ ဘယ်ပုံဘယ်နည်းနဲ့ သေသွားတာလဲ ဗျ ဟင်'

ယင်ကဲ့ယန်းက စွန်ချန်းအား အံ့အားကြီးသင့်၍ စိုက်ကြည့်၏။

'ငါ့ကို မေးမနေစမ်းနဲ့ စွန်ချန်းရယ်၊ သူ့ကိုသတ်တဲ့အထဲ ငါလဲမပါဘူး၊ ငါကိုယ်တိုင်လဲ သတ်တာမဟုတ်ဘူး၊ အေး....သိရင်လဲ မပြောရဲဘူးကွာ၊ မေးချင်ရင်တော့ တိုင်ရှမ်းဖြစ်ဖြစ်၊ ဒေါင်အိုက်မင်းဖြစ်ဖြစ် သွားမေးချေ'

စကားကိုဖြတ်လျက် ယင်ကဲ့ယန်း စွန်ချန်းထံမှ လျင်မြန်စွာ ထွက်ခွာသွားပါတော့သည်။

စွန်ချန်းမှာ ယင်ကဲ့ယန်း သူ့အား စကားဆက်မပြောလို၍ ရှောင်ထွက်သွားမှန်း သိလိုက်၏။

ထို့ကြောင့် သူပြောသွားသည့်အတိုင်း သေခါနီးလူ ဒေါင်အိုက်မင်းထံသို့ ပြန်လာခဲ့ရပြန်သည်။

'မင်း ဘုန်းကြီးပင့်ခဲ့ပြီလား စွန်ချန်း'

သူ့အား တွေ့လျှင်တွေ့ချင်း ဒေါင်အိုက်မင်းက စတင် မေးမြန်းသည်။

'မပင့်ရသေးဘူး၊ မပင့်ခင် ခင်ဗျားကို မေးစရာတစ်ခုရှိလို့၊ ကျုပ်အဖေ ပေကျီချန်းဟာ ဘယ်လို သေသွားရတာလဲ'

ဤတွင် ဒေါင်အိုက်မင်း၏ မျက်နှာမှာ ပျက်သွားတော့သည်။

'ငါမသိပါဘူးကွာ'

သူက စွန်ချန်းမျက်နှာအား မကြည့်ဘဲ ငြင်းလိုက်သည်။

'ခင်ဗျားသိပါတယ်'

'မသိပါဘူးဆိုနေကွာ'

'အေး....ခင်ဗျားမပြောဘူး ဆိုရင်တော့ ကျုပ်ဘုန်းကြီးကို ဒီအထဲအဝင်မခံဘူး၊ ခင်ဗျားသရဏဂုံ မတင်ဘဲ သေချင်တယ်ဆိုလဲ သေတော့ဗျာ'

ဒေါင်အိုက်မင်းကစွန်ချန်းအား သနားစဖွယ် လှည့်ကြည့်၏။

'အဲဒီလိုတော့ ငါ့ကိုမရက်စက်ပါနဲ့ စွန်ချန်းရယ်၊ ငါမင်းကိုပြောပြရမှာ အင်မတန်ခက်တယ် သူငယ်ချင်း'

သူက တောင်းပန်သည့် အမူအရာနှင့် ညည်းသည်။

'ယင်ကဲ့ယန်းကလဲ မင်းသိတယ်လို့ ပြောနေတယ်၊ နောက်ပြီး မင်းက သေလူ၊ ဘယ်သူ့မှ ထောက်ထားစရာ မရှိဘူး၊



မင်းကို နောက်ဆုံး ကူညီနိုင်တဲ့လူက ငါပဲရှိတယ်၊ ငါ့ကိုလဲ မင်းကူညီခဲ့ပါ ဒေါင်အိုက်မင်းရယ်'

ဒေါင်အိုက်မင်းမျက်နှာမှာ ပျော့ပျောင်းသွားလေတော့သည်။

( ၉ )

## အတိတ်၏ အရိပ်

ပေကျီချန်းကား လယ်များ မြေများ ယာများကို ပိုင်ဆိုင် ကြွယ်ဝသော သူကြွယ်တစ်ဦးဖြစ်သည်။

တီယင်ချီရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်၌ ပေကျီချန်းဆိုလျှင် မသိသူမရှိလောက်အောင်ပင် လူသိများ ထင်ရှားသူတစ်ဦး ဖြစ်၏။

ငယ်စဉ်က ဆင်းရဲသားတစ်ဦးဖြစ်ကာ သူ၏ ကြိုးစားမှုဝီရိယရှိမှု သစ္စာရှိမှုတို့ကြောင့် တစ်စတစ်စ ကြွယ်ဝချမ်းသာလာသူ တစ်ဦးဖြစ်လေသည်။

ထို့ကြောင့် ပေကျီချန်းမှာ အောက်ခြေမှ ဘဝကို မမေ့ဆင်းရဲသားများအား ကြင်နာတတ်ပြီး အဆင့် မခွဲခြားတဲ့ ပေါင်းသင်းဆက်ဆံသဖြင့် တီယင်ချီရွာ၌ လူချစ်လူခင်များသော သူတစ်ဦးဖြစ်သည်။

ထို့အတူ တီယင်ချီ၌ အန်ချန်းအမည်ရှိသော ရွာသူဌေးကြီးတစ်ဦး ရှိသည်။

ထိုသူဌေးကြီး၌ ရောင်ချန်းဟုခေါ်သော သားတစ်ဦးရှိသည်။

ယင်းသူဌေးသား ရောင်ချန်းမှာ ရွာ၌ သူဌေးသားဂုဏ်နှင့်အပေါင်းအသင်းနောက်လိုက်များဖြင့် သောက်စားပျော်ပါး ရမ်းကားနေတတ်ပြီး သူနှင့်ရွယ်တူသာသာရှိသော သူကြွယ် ပေကျီချန်းအား မနာလို အမုန်းပွားနေခဲ့သူ ဖြစ်လေသည်။

ရွာသူရွာသားတို့ ပေကျီချန်းအား ချစ်ခင်နေကြသည်ကိုလည်း ကြည့်လို့မရဘဲ ရှိလေသည်။

'ပေကျီချန်းဆိုတဲ့ကောင်က အလကားကောင်၊ သူ့ကိုယ်သူ စိတ်ထားကောင်းသူ ပေါင်းသင်းဆက်ဆံရေးကောင်းသူဆိုပြီး လူကြီးတွေက ပြောဆိုတာကို ဘဝင်မြင့်ပြီးနေတဲ့ကောင်ကွ၊ ရပ်ရေးရွာရေးမှာလဲ ရှေ့ဆုံးက သူဌေးဆိုပြီး လူလည်လုပ်ချင်တာ၊ ငါတော့ ကြည့်လို့ကို မရဘူး ဟင်း'

ရွာရှိ စားသောက်ဆိုင်၌ အရက်သောက်စားရင်း သူ၏ အပေါင်းအဖော် အရက်သမားများအား ပြောဆိုကြုံးဝါးနေလေသည်။



ထိုသို့ သူ၏ ပြောဆိုနေမှုအား အခြားစားပွဲရှိ လူတချို့က မကျေနပ်ဘဲ ရှိနေခဲ့သည်။

တကယ်တော့ သူတို့အုပ်စုကိုသာ ရွာသားများက ကြည့်လို့ မရခြင်း ဖြစ်သည်။

သူဌေးသားဆိုသည့် ဂုဏ်ဖြပ်နှင့် အခြေအရံများ ခြံရံကာ သောက်စားရမ်းကား နေလေ့ရှိသဖြင့် မကြာခဏ ရွာသားတို့နှင့် ခိုက်ရန်ဖြစ်ပွား တတ်ခဲ့သည်။

ထိုအခါတိုင်းလည်း သူက သူ၏ အပေါင်းအဖော် ခားသမားများ အားကိုးနှင့် ထိုရွာသားအား ဝိုင်းဝန်းအနိုင်ကျင့်တတ်လေသည်။

ထို့ကြောင့်ပင် သူ့အား ရွာသားများက အလွန်ပင်ရွံရှာမုန်းတီးကြသလို ကြောက်ရွံ့တတ်ကြလေသည်။

'မင်းတို့က ဒီရွာမှာ ရပ်ကျိုးရွာကျိုး ဘာတွေများ လုပ်ခဲ့လို့ ပေကျီချန်းကို မကောင်းမပြောနေကြတာလဲကွ၊ တော်တော် ရမ်းကားတဲ့လူတွေကများ ဟင်း'

မခံချင်သူတစ်ဦးက ပေကျီချန်းဘက်မှ နာပြီး ဝင်ရောက်ပြောဆိုလေတော့သည်။

ထိုသူ စားပွဲ၌ လူနှစ်ဦးသာရှိသည်။

ရောင်ချန်း စားပွဲမှာ သူ၏နောက်လိုက် ခါ သမားများ လေးငါးခြောက်ဦး ရှိနေကြသည်။

'ဘာကွ....မင်းက ဘာကောင်မို့လို့ ဝင်ပြောတာလဲ'

'ပေကျီချန်းရဲ့အိမ်က ခွေးလား'

‘ဟေ့ကောင်….ရောင်ချွန်း၊ မင်းကိုယ်မင်း သူဌေးသား ဆိုပြီး ရွာမှာနေချင်သလိုနေ စော်ကားချင်သလို စော်ကား ပြောချင်တာပြောနေတာတွေကို နားကြားပြင်း ကပ်လို့ကွ နားလည်လား’

‘ဩော်….မင်းက တို့တွေ ပျော်ပျော်နေတာကို ကြည့်လို့ မရဘူးဆိုပါတော့’

ရောင်ချွန်းက ထိုသူ၏ မျက်နှာအား အေးစက်သော မျက်လုံးတို့ဖြင့် ကြည့်ရင်း ပြောလိုက်သည်။

‘မင်းတို့ဘာသာ မင်းတို့ ပျော်နေတာဆိုရင် ဘာအရေး လဲကွ၊ ခုတော့ မင်းတို့က ပျော်ရုံတင် ပျော်တာမဟုတ်ဘူး၊ သူများတွေကိုပါ နှောင့်ယှက်စော်ကားနေကြတာကွ’

‘ဟေ့ကောင်….ဟူချောင်ချန်၊ သွားပြောမနေစမ်းနဲ့၊ ရန် များတယ်’

‘ရန်များတော့ကော ကြောက်စရာလားကွ၊ လူလူချင်းပဲ’

သူ၏အဖော်က တားမြစ်သော်လည်း ထိုလူကမရ။

‘ဟဲ….ဟဲ….ဟဲ….အသားကောင်းလို့ ဓား တောင်း တယ် ထင်တယ်၊ ကဲ….အပေါင်းအသင်းတို့ရေ ဒီ ဟူချောင်ချန်ဆိုတဲ့ ကောင်ကို မှတ်လောက်သားလောက် ဆုံးမလိုက်ကြစမ်း’

ရောင်ချွန်းက သူ၏ လူများအား မျက်ရိပ်ပြလျက် ပြော ဆို အမိန့်ပေးလိုက်သည်နှင့် ဓားသမားတို့ ဓားများကိုလက် နှင့် ဆွဲယူလိုက်ကြ၏။

ထို့အတူ တစ်ဖက်စားပွဲမှ လူများကလည်း သူတို့၏ဓား များကို ကိုင်ဆုပ်လိုက်ကြပါသည်။



အုပ်စုနှစ်စု ဓားများကိုကိုင်စွဲလျက် တစ်စုကိုတစ်စု စောင် ၍ စိုက်ကြည့်နေကြ၏။

‘ယေား’

ရောင်ချွန်း၏ ဓားသမားတို့က အတင်းပင် ဝင်ရောက် တိုက်ခိုက်သည်။

တစ်ဖက်စားပွဲမှ လူသုံးဦးကလည်း သူတို့၏ ဓားများ နှင့် ပြန်လည်ခုခံနေကြလေသည်။

ရောင်ချွန်း၏လူများက ခြောက်ယောက်ဖြစ်၍ နှစ်ယောက် တစ်ယောက် တိုက်ခိုက်နေကြတော့သည်။

စားသောက်ဆိုင်ရှိ လူများက ရောင်ချွန်းတို့ဘက်မှ မတရား တိုက်ခိုက်နေကြသော်လည်း မည်သူမှ ဝင်ရောက်မပါရဲဘဲ ရှိ သည်။

ရောင်ချွန်းကမူ အရက်ဝိုင်းစားပွဲမှ လုံးဝမထဘဲ သူ့လူ များ၏ ဓားရေးကို ယုံကြည်စိတ်ချနေဟန်နှင့် အေးဆေးစွာ ဖြင့် အရက်ကိုသောက်နေလေသည်။

ဓားသံတို့က တချွင်ချွင်နှင့် အပြင်းအထန် တိုက်ခိုက်နေ ကြသည်။

‘ဆရာ….ဆရာ ရောင်ချွန်း၊ လုပ်….လုပ်ပါဦး၊ ကျွန်တော့် ဆိုင်တော့ ကုန်ပါပြီဗျာ’

‘ဘာ ခုမှလာညည်းနေရတာလဲ၊ စောစောထဲက မင်းမသိ ဘူးလား၊ ငါတို့သောက်စားတဲ့ ဝိုင်းအနီးမှာ ဒီလိုကောင်တွေ ကို မင်း နေရာချထားရလား’

‘ကျွန်တော့်ပစ္စည်းတွေတော့ ပျက်စီးပါပြီဗျာ’

'ဟေ့ကောင်....လာဝိုမနေနဲ့....သွားစမ်း၊ ငါပြောနိုင်တာ တစ်ခုပဲရှိတယ်၊ ငါတို့ရန်စတဲ့ပွဲ မဟုတ်ဘူး၊ ဒါကြောင့် ဒီပွဲမှာ ငါမလျော်နိုင်ဘူး၊ ရှုံးသွားတဲ့လူကို သွားလျော်ခိုင်း... ကြားလား၊ ငါ့ဆီကတော့ ဓားပဲရမယ်'

ဆိုင်ရှင် သူ့အပါးမှ လုံးဝ ထွက်ခွာပြေးလေတော့သည်။

မကြာမီ သူ့လူများက တစ်ဖက်လူတို့၏ ရင်ဘတ်များကို ဓားများနှင့် ထောက်ထားနိုင်ခဲ့ကြပြီ ဖြစ်သည်။

သူတို့က သူတို့၏ဆရာ ရောင်ချွန်းထံ ခေါ်ဆောင်လာခဲ့သည်။

'ဘယ်လိုလဲ ဟူချောင်ချန်ရဲ့၊ အဲ့လိုမယှဉ်နိုင်ဘဲနဲ့ ဘာလို့ အန်တုချင်ရတာလဲကွ ဟေ'

ရောင်ချွန်း အရက်ကို နှုတ်ခမ်းနှင့်ဟေ့သောက်ရင်း မေးသည်။

'ဟေ့ကောင်....ရောင်ချွန်း၊ မင်းသတ္တိရှိရင် ကိုယ်တိုင်ဝင်တိုက်ကွ၊ မင်းရဲ့ကြေးစားလူမိုက်တွေနဲ့ မတိုက်ခိုင်းနဲ့၊ ဟင်း'

ဟူချောင်ချန်၏ စကားကြောင့် ရောင်ချွန်း မျက်နှာကြီး နီမြန်းသွားသည်။

ရှက်လည်း ရှက်သွား၏။

သူ စုန်းခနဲ ထရပ်လိုက်သည်။

မျက်ထောင့်နီကြီးနှင့် ဟူချောင်ချန်အား စိုက်ကြည့်လေသည်။

'ဟေ့ကောင်တွေ....သူ့ကို ဓားတစ်ချောင်း ပေးလိုက်စမ်း'



သူကမူ အနီးရှိ ဓားသမားထံမှ ဆွဲယူလိုက်၏။

ထို့နောက် သူတို့နှစ်ဦး ဓားတစ်လက်စီဖြင့် ရင်ဆိုင်လိုက်ကြသည်။

တစ်ဦးကိုတစ်ဦးအား အလစ်မပေးဘဲ စောင့်ကြည့်နေကြသည်။

ရောင်ချွန်းက သူ၏ ဝံပုလွေအစွယ်သိုင်းကွက်ကို စတင်လိုက်သည်။

သူက ဓားအား ဘေးသို့ရွဲ့ကိုင်ပြီး လှစ်ခနဲ တိုက်ခိုက်လိုက်သည်။

ဟူချောင်ချန်ကလည်း မျှော့မျက်လုံး သိုင်းကွက်အား ပြန်လည် ခုခံရန် အသုံးပြု၏။

တိုက်ခိုက်လိုက်သော ရောင်ချွန်း၏ ဓားချက်အား သူက လက်ပြန်ပတ် ခတ်ထုတ်လိုက်သည်။

'ဟဲ....ဟဲ....ဘယ်ရမလဲ ရောင်ချွန်းရဲ့'

ရောင်ချွန်းက သူ၏ဓားချက် လွဲသွားသဖြင့် ကျဲမြိုးတိုသွားသည်။

ဝံပုလွေအစွယ်သိုင်းကွက်အား တရကြမ်းဆင်၍ ဝင်တိုးပြန်၏။

ဓားအား ဆတ်ခနဲ လှမ်းထိုးပြီး နောက်ကျွမ်းပြန် လေထဲသို့ ပစ်လိုက်သည်။

ဟူချောင်ချန်က ရုတ်တရက် ပခုံးသို့ စူးခနဲထိုးခံရ၍ လေထဲသို့ မြောက်တက်လာသော ရောင်ချွန်းအား ရိုက်ချလိုက်ရသည်။

ရောင်ချွန်း၏ ပခုံးသားအား မှုပ်ခနဲ ဖြတ်သန်းသွားလေသည်။

ရောင်ချွန်းပခုံးနှင့် ဟူချောင်ချန်၏ ပခုံးတို့၌ ဒသွေးစများနှင့် ရဲရဲ နီမြန်းလျက်ရှိသည်။

နှစ်ဦးစလုံး လက်ရည်တို့က တူညီနေလေသည်။

နှန်အားချင်းကလည်း မျှနေသောကြောင့် မည်သူမှ အနိုင်မတိုက်နိုင်ဘဲရှိသည်။

ရောင်ချွန်း ဒေါသတို့ အလိပ်လိပ် တက်နေခဲ့၏။

သူသည် ဟူချောင်ချန်အား မနိုင်၍မဖြစ်။ မနိုင်လျှင် သူ၏ သိက္ခာ ကျတော့ပေမည်။

ထို့ကြောင့် ရောင်ချွန်း ဉာဏ်ကူရတော့၏။ ကောက်ကျစ်ရပါတော့သည်။

တစ်ကြိမ်၌ ရောင်ချွန်းနှင့် ဟူချောင်ချန်တို့ နှစ်ဦးစလုံး ဓားချင်းထစ်မိကြသည်။

'ချွင်'

လေထဲ၌ ထိတွေ့ကြပြီး အားပြိုင်နေကြသည်။

တစ်ဦးမျက်နှာတစ်ဦး စိုက်ကြည့်ပြီး မျက်လုံးချင်းများက လိုက်အားပြိုင် နေကြပြန်သည်။

ထိုစဉ် ရောင်ချွန်း ကောက်ကျစ်မှုကို စတင် အသုံးပြု၏။ ဓားချင်း အားပြိုင်နေကြရာမှ ရောင်ချွန်းလက်က ဟူချောင်ချန်၏ မျက်နှာဆီသို့ ဆတ်ခနဲ ရောက်သွားပြီး အမှုန့်၌ ခရမ်းရောင်တို့ ဖွာခနဲ လွင့်စဉ် ကုန်တော့သည်။

ဟူချောင်ချန် ထိုခရမ်းရောင်ငွေ့များကို ရှူရှိုက်မိလေ၏။



သူ့မျက်လုံးတို့ ပြာဝေလာသည်။ အမြင်၌ မှုန်ဝါးဝါး ဖြစ်ပြီး မပီသတော့။ ထိုအခိုက် သူ့ထံသို့ ဓားတစ်လက်က ဖြတ်ပြီး ဝင်ရောက်လာသည်ကို ရိပ်ခနဲ တွေ့လိုက်သည်။

ထိုဓားချက်အား သူသတိမမူလိုက်ခြင်းမှာ ညံ့ဖျင်းမှု တစ်ခုပင် ဖြစ်သည်။

ထိုဓားချက်အား ခုခံရန် လက်မမြောက်လာနိုင်တော့ချေ။

ထိုအခါ ရောင်ချွန်း၏ ပိပြင်သော ဓားချက်တစ်ချက်က ဟူချောင်ချန်ဝမ်းဗိုက်သို့ စွပ်ခနဲ ဝင်သွားလေသည်။

'အ....အ....'

ဟူချောင်ချန် ဗိုက်နှိပ်ပြီး လဲကျသွားသည်။

'ဟား....ဟား....ဟား'

ရောင်ချွန်း ကျေနပ်အားရစွာဖြင့် အော်ဟစ် ရယ်မော၏။

'မင်း... မင်း...လူယုတ်မာ'

ဟူချောင်ချန်မှာ ရောင်ချွန်းအား စွပ်စွဲရင်း အသက်ပျောက်သွားရှာလေတော့သည်။

ဟူချောင်ချန်၏ လူတို့မှာလည်း ရောင်ချွန်းအား မည်သို့မျှ မပြောဝံ့တော့ချေ။

'တီယင်ချီမှာ ရောင်ချွန်းကိုယှဉ်ရင် ဘယ်သူမှ အရှင်မထားဘူး၊ အဲဒါမြဲမြဲမှတ်ထားကြ'

ရောင်ချွန်းက ထိုသို့ ကြိမ်းဝါးရင်း သူ၏ အပေါင်းအဖော်များနှင့်အတူ ဓားသောက်ဆိုင်မှ ထွက်ခွာသွားပါလေတော့သည်။

* * *

တီယင်ချိန်၌ စေးရားဆိုသည့် အလွန်လှပချောမွေ့သော မိန်းမပျိုတစ်ဦးရှိသည်။

သူ၏ မိဘများက ငွေကြေးချမ်းသာသော ကုန်သည်မျိုးရိုးများ ဖြစ်သည်။

စိတ်သဘောထား ရိုးသားဖြူစင် ဖြောင့်မတ်သူများ ဖြစ်ကြသည်။

တစ်ဦးတည်းသောသမီးလေး စေးရားအား အသက်တမျှ ချစ်ခင်ကြသူတွေ ဖြစ်သည်။

သမီးဖြစ်သူ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ရန် အရိပ်တကြည့်ကြည့်နှင့် ကြည့်နေသူမိဘများဖြစ်သည်။

စေးရားက မာနရှိသူတစ်ဦး ဖြစ်သည်။

သူကြွယ်အနန်ချွန်း၏သားရောင်ချွန်းကလှပသောစေးရားကို မျက်စိကျသည်။

သို့သော် စေးရားက အိမ်ထဲမှ အပြင်သို့ မထွက်တတ်။ ထွက်ပြန်လျှင်လည်း သူ၏ အထိန်းတော် မိန်းမဖော်ကြီးနှင့် ဖြစ်သည်။

သည်တော့ ရောင်ချွန်းမှာ စေးရားကို ဝေးဝေးမှသာ ငေးမောကြည့်ရှုရင်း မကျေမနပ် ဖြစ်တတ်သည်။

'ဆရာ့ကို အားမရဘူးဗျာ၊ ကျွန်တော်သာ ဆရာလို သူဌေးသား ရုပ်ချော အပြောကောင်းဆိုရင် နေရာမရွေးဘူး ဆရာရေ့၊ ဒီစေးရားဆိုတဲ့ အလှအပလေးကို ဘယ်လိုနည်းနဲ့ ရရ ရအောင်ကိုယူမှာ၊ ဟင်း'



ထိုသို့ အပေါင်းအဖော်များက မြှောက်ပေးလာလေ ရောင်ချွန်း မခံချိမခံသာ ဖြစ်လာသော ဖြစ်နေရလေသည်။

သူ၏ စိတ်ထဲ၌လည်း စေးရားအား မရရအောင် ယူမည်ဟု ပိုင်းဖြတ်ထားခဲ့သည်။

'မင်းတို့ ငါ့အကြောင်း တစ်နေ့ တွေ့ကြရမှာပေါ့ကွာ'

သူပြောသည့် အတိုင်းပင် ထိုကဖနေ့က ရောင်ချွန်းအဖို့ ရောက်ရှိလာခဲ့သည်။

ထိုနေ့က သူတို့သူစုက စားသောက်ဆိုင်ထဲ ရှိနေစဉ်ဖြစ်၏။ စေးရားနှင့် အထိန်းတော် မိန်းမဖော်တို့ ဆိုင်ရှေ့မှ ဖြတ်သွားသည်။

'ဟာ....ဆရာရောင်ချွန်း ဟို....ဟိုမှာ စေးရား....စေးရား'

ရောင်ချွန်း ဂုန်းခနဲ ခုန်ထလိုက်သည်။ ထို့နောက် စေးရားတို့နောက် ပြေးလိုက်သည်။

'စေးရား....စေးရား....ခဏ....ခဏ....ငါ....ငါ'

စေးရား၏ အထိန်းတော် မိန်းမဖော်က ရှေ့မှအလျင်အမြန် ကာဆီးလိုက်သည်။

'ဟာ....တောင်တော်ရှုပ်တဲ့ ဟာကြီး'

မိန်းမအဖော်ကြီးအား ရောင်ချွန်း ဒေါသဖြစ်စွာ တွန်းဖယ်ပစ်လိုက်၏။

သူ၏ ရှန့်ရင်းကြမ်းတမ်းစွာသော အမူအယာအား စေးရားက မျက်မှောင်လေးကုတ်ပြီး ကြည့်ရှုသည်။

စေးရားက ရောင်ချွန်းအား သူဌေးသားမှန်း သိလိုက်သည်။

ရမ်းကားသော အကျင့်စရိုက်များအကြောင်းလည်း နား မဆံ့အောင် ကြားသိ၏။

ရွာက ကျဉ်းကျဉ်းလေးဖြစ်၍ ထစ်ခနဲ တစ်ရွာလုံး ပျံ့နှံ့ သွား၏။

ထို့ကြောင့် ရောင်ချွန်း၏ မကောင်းသတင်းက မကြား ချင်အဆုံး။

'စေးရား....နင့်ကို ငါ....ငါချစ်တယ်'

အထိန်းတော်ကြီး မြေပေါ်လဲကျနေစဉ်၌ သူကစေးရား အား ချစ်ရေးဆိုလေသည်။

စေးရား၏မိန်းမဖော်ကြီးက တစ်ဖန်ပြန်ထသလာကာ ရောင် ချွန်းအား တားဆီး၏။

ရောင်ချွန်း ဒေါသဖြစ်လေပြီ။

'ဟဲ့ အကောင် ရောင်ချွန်း၊မင်း အဲဒီလို မစော်ကားနဲ့'

'ဟာ....ဒီမိန်းမကြီး ပြောလေကဲလေပါလား၊ သေတော့ မှာပဲ၊ကဲဟာ'

ရောင်ချွန်း စိတ်မရှည်တော့ဘဲ အထိန်းတော်ကြီးအား ရိုက်ချလိုက်ပါသည်။

'ဖြန်း....'

အထိန်းတော်ကြီးမှာ တစ်ပတ်လည်လျက် မြေပြင်ပေါ်သို့ ပုံလျက်လဲကျသွားတော့သည်။

'စေးရား....နင်....နင် ငါ့ကို အဖြေပေးပါ'

ရောင်ချွန်းမျက်လုံးတို့က မျှော်လင့်မှုများနှင့် ဖိတ်လက်နေ သည်။



သို့သော် စေးရား၏ မျက်လုံးနက်နက်လေးများမှာမူ သူ့ အား ရွံရှာမုန်းတီးမှုများနှင့် ပြည့်လျှမ်းနေလေသည်။

'ပြောပါ....စေးရား၊ နင့်ကိုငါချစ်တယ်၊ငါ့ကို နင် ပြန်ချစ် ပါ'

တစ်ချိန်လုံး မျက်မှောင်ကုတ်ကြည့်နေသော စေးရားထံမှ စကားတစ်လုံးကပြတ်သားစွာထွက်ပေါ်လာသည်အား ရောင် ချွန်း ကြားလိုက်ရသည်။

'ရှင့်လို လူရမ်းကားမျိုးကို ကျွန်မ အရမ်းမုန်းတယ်'

'ဘာ....'

ရောင်ချွန်း ဒေါသများစွာဖြင့် ဘာ ဟု ပြန်အော်ဟစ်လိုက် သည့်အခါ၌သူမက ချာခနဲလှည့်ကာထွက်သွားသည်မှာအဝေး သို့ပင် ရောက်သွားခဲ့လေပြီ။

သူမ၏ အထိန်းတော်ခမျာမှာလည်း နောက်မှအပြေး ကလေး လိုက်သွားရရှာလေ၏။

သူ၏ အခြေအနေအား စောင့်ကြည့်နေသော အပေါင်း အဖော်များကို သူတို့၏ဆရာ အခြေအနေ မလှတော့ပြီကို သိ လိုက်ကြပြီး ရောင်ချွန်းက အံကိုကြိတ်ပြီး တက်တခေါက် ခေါက်နှင့် ရှိသည်။

သူ့နှယ် သူဌေးသားအား ပက်ပက်စက်စက်ပြောရက်လေ သည့် မိန်းကလေးဟု ယူဆသည်။

'စိတ်ခတ်မကျဆင်းပါနဲ့ ဆရာရယ်၊ လူငယ်နည်းနဲ့ မရ ရင် လူကြီးနည်းနဲ့ ဝင်ပေါ့၊ ဆရာ့ဖခင် အန်ချွန်းကြီးကလဲ

အပြောအကောင်းပဲဗျာ၊ ကိုယ့်သက်ထဲရောက်မှ ဟဲဟဲ ဘယ်လို မာနကို ချိုးရတယ်ဆိုတာ ဆရာသိပါတယ်'

သို့ဖြင့် ရောင်ချွန်း အပေါင်းအသင်းများ၏ အာ ပေးချက်အတိုင်း မိဘများကို အပူကပ်နေလေသည်။

မိဘများကား တစ်ဦးတည်းသော သားဖြစ်သူ၏ဆန္ဒကို ဖြည့်ဆည်းပေးရန်အလို့ငှာ စေးရားတို့၏ မိဘများထံ သွားရောက် ကြောင်းလမ်း၏။

'ကျွန်တော်တို့သားကိုသာ လက်ခံမယ်ဆိုရင် ရွှေစ ဘယ်လောက်၊ ငွေစ ဘယ်လောက်တင်တောင်းရ တောင်းရ တောင်းပါမယ်ဗျ'

အန်ချွန်းကြီးက စေးရား၏ မိဘများအား ဥစ္စာပစ္စည်းများနှင့် စကားကို အဆင်တန်ဆာဖွဲ့၍ဆို၏။

စေးရား၏ မိဘများကလည်း ကုန်သည်များပီပီ ယဉ်ယဉ်ကျေးကျေးနှင့် တုံ့ပြန်သည်။

'လူကြီးချင်း ပြောစရာမရှိပါဘူး အန်ချွန်းကြီး၊ လူငယ်ချင်း ကျေနပ်မှု ရှိဖို့သာ အဓိကပါခင်ဗျာ'

'ဟုတ်တာပေါ့...အဲဒီမိန်းကလေး ကျေနပ်လို့ မင်္ဂလာဆောင်ရင် ကုန်ကျစရိတ်ကျုပ်တို့ အားလုံးသာဝန် ယူပါ့မယ်ဗျာ၊ ဘယ်လောက်ကုန်ကုန် ကျုပ်စည်းစိမ်ရှိတာ အကုန်ချပေးမယ်နော်၊ ဒီသား ဒီသမီးပဲရှိကြတာ မဟုတ်လား၊ ကဲ... မေးစမ်းပါဦးဗျာ၊ သမီးလေးကို ဟဲဟဲ'



မိဘများ အပါးငယ် မျက်လွှာလေးချကာ တိတ်ဆိတ်ငြိမ်သက်နေသည့် စေးရားအား အန်ချွန်းကြီးက ဖြုံးဖြုံးကြီးဖြင့် ကြည့်ရင်းမေးမြန်းလိုက်၏။

ထို့ကြောင့် စေးရား၏ ဖခင်က သမီးဖြစ်သူအား မေးစမ်းရလေတော့သည်။

'ကဲ...သမီး၊ သားရှင်ဖြစ်တဲ့ဘက်ကတော့ သမီးကြားတဲ့အတိုင်းပဲကွယ်၊ သမီး သဘောတစ်ခုပဲ အဖေတို့ သိချင်တယ်၊ အဖေတို့ကတော့ သမီးကျေနပ်မှ သဘောတူမှ စီစဉ်ချင်တယ်လေ'

ဖခင်ဖြစ်သူ စကားကို တိတ်ဆိတ်စွာ စေးရားက နားခံနေရှာသည်။

ဖခင်၏ စကားဆုံးတော့ သူဌေးကြီး အန်ချွန်းတို့လင်မယားနှင့် သူတို့၏သား ရောင်ချွန်းအား စေးရား မော့ကြည့်သည်။

ရောင်ချွန်းကလည်း စေးရားအား မျှော်လင့်မှုဖြင့် စူးကြည့်သည်။

'ကျွန်မ ရောင်ချွန်းလို ကြမ်းကြုတ်တဲ့ လူရမ်းကားကို ဘဝကြင်ဖော်အဖြစ် ရွေးချယ်ဖို့ ဘယ်လိုမှ စဉ်းစားလို့ မရအောင်ပါပဲရှင်'

'ဟေ....'

'ဘာကွ'

'ဩော်....သမီးရယ်'

သူဌေးကြီး အန်ချွန်း၊ သူ၏သား ရောင်ချွန်းနှင့် စေးရား၏ ဖခင်တို့မှ အာမေဒိတ်အသီးသီး ထွက်ပေါ်သွားကြသည်။

စေးရားက သူပြောပြီးသည်နှင့် ဆတ်ခနဲထလျက် အိမ် ခန်းထဲသို့ ပြန်လည် ဝင်ရောက်သွားတော့သည်။

အန်ချွန်းတို့သားအဖမှာ အရှက်ရပြီး ပြန်လာခဲ့ရတော့၏။ ရောင်ချွန်းမှာကား ရင်ထဲတနုံ့နုံ့ဖြင့်စေးရားဆိုသည့် မိန်း ကလေးအား တစ်နေ့နေ့ တစ်ချိန်ချိန်ဝယ် လက်စားချေ မည်ဟု စိတ်ကို ပိုင်းဖြတ်ခဲ့မိလေတော့သည်။

* * *

မကြာမီ သူဌေး ပေကျိချန်းနှင့် စေးရားတို့မှာ တီယင် ချိဋ္ဌ အကြီးအကျယ် မင်္ဂလာဆောင်ခြင်းကို တွေ့မြင်ကြ လေတော့သည်။

ကြားသိရသူ မြင်တွေ့ရသူ အပေါင်းမှာလည်း ကျေနပ် အားရ ဝမ်းသာကြရလေသည်။

ငွေကြေးဥစ္စာကလည်း ကြွယ်ဝချမ်းသာ၊ စိတ်သဘော ထားကလည်း ဖြူစင်မြင့်မြတ်၊ ရုပ်ရည်ကလည်း ရည်မွန်



ခန့်ညားသဖြင့် ပေကျိချန်းနှင့် စေးရားတို့အား နေနှင့်လ ရွှေနှင့်မြပမာ တင်စားချီးကျူးကြကုန်သည်။

'အင်း....သူဌေးလေး ပေကျိချန်းနဲ့ရတဲ့ စေးရားအဖို့ အတော််ကို စိတ်ချမ်းသာဖို့ ကောင်းမှာပဲနော်'

မိန်းမသားချင်းမှာလည်း စေးရားအား ကြည့်လျက် အားကျကုန်သည်။

'ဒီလောက်လှပချောမောတဲ့ စေးရား, အရုပ်လေးလို နုပျို ပြေပြစ်တဲ့ စေးရား,ဒီလို မိန်းကလေးနဲ့ရတဲ့ သူဌေးသားလေး ပေကျိချန်းအတွက် သိပ်ကို ကံကောင်းတာပဲကွာ၊ယောကျ်ား ချင်းတောင် မနာလိုချင်တော့ဘူးဟ၊ ဟဲဟဲဟဲ'

'အေး....မင်းရုပ်ကြီး အကျည်းတန်နဲ့ ခြူးတစ်ပြားမှ မရှိတဲ့ကောင်ကို စေးရားလိုလှတဲ့ မိန်းကလေးက ဟင်း...ငါ မပြောလိုက်ချင်ဘူး'

ယောကျ်ားများကလည်း ပေကျိချန်းကို တွေ့မြင်ပြီး အားကျကြလေသည်။

ဟကယ်တော့ ပေကျိချန်းနှင့် စေးရားတို့မှာ တစ်ဦးကို တစ်ဦး အဝေးမှ အကဲခတ် စောင့်ကြည့်နေကြရင်း သဘောကျ နှစ်ခြိုက်လျက်ရှိကြသည်။

ပေကျိချန်း၏ ရိုးသားဖြောင့်မတ်မှု၊ ရပ်ကျိုးရွာကျိုး သယ်ပိုးမှုစသည့် သတင်းများကို ကြားသိနေရသည့် စေးရား အဖို့ ထိုကဲ့သို့ ယောကျ်ားမျိုးအား မျှော်လင့်နေစဉ် သူမ၏ မိန်းမ ပီသမှုတို့ ဂုဏ်သတင်းတို့ ကြားသိနေသည့် ပေကျိ ချန်းမှာလည်း မိသားဖသားပီပီ ရပ်ရွာမှ လူကြီးလူကောင်း

များကို ဧေါ်ဆောင်ကာ စေးရား၏ မိတ်များထံ လာရောက် တောင်းရမ်းခဲ့လေသည်။

မိဘများ မရှိသော်လည်း ကိုယ့်ဒူးကိုယ်ချွန်လျက် သူဌေး လေးဘဝကို ရောက်ရှိလာသည့် ပေကျ ိချွန်းအား စေးရား၏ မိဘများကိုယ်တိုင်ကလည်း ကျေနပ်အားရ သဘောကျနေ ကြသည်။

သမီး ကိုယ်တိုင်က ခေါင်းညိတ်လိုက်သော အခါတွင်မူ အတိုင်းအက်အလွန် ဖြစ်သွားလျက် အလျှင်အမြန်ပင် မင်္ဂလာ အခမ်းအနားကို ကျင်းပလိုက်ခြင်းဖြစ်သည်။

တစ်ရွာလုံးဟာ အုတ်အုတ်ကျက်ကျက်နှင့် ပေကျီချွန်းနှင့် စေးရားတို့ မင်္ဂလာဆောင်ပွဲတွင် နွှဲနေကြသောအချိန်၌ရောင် ချွန်းနှင့် သူ၏အဖော်အပေါင်းတို့မှာ အရက်ဝိုင်းဝယ် မကျေ မနပ်နှင့် ကြမ်းဝါးနေကြလေသည်။

'ဆရာ....ကောင်မလေး စေးရား ဟိုသူဌေးကောင် ပေကျီ ချွန်း လက်ထဲပါသွားတာတော့ နာသဗျာ'

တစ်ဦးက အစဖော်ပေးပြီး ထောင်လိုက်သည်နှင့် အခြား တစ်ဦးက ဝင်ရောက် ဆွပေးလိုက်ပြန်သည်။

'ဆရာ ရောင်ချွန်းအစား ငါတော့ အသည်းနာတယ် ကိုယ့် လူ၊ ငါသာ ဆရာ့လို သူဌေးသားဖြစ်ရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် အဲဒီ မိန်းကလေး သူများလက်ထဲ အရောက်မခံဘူးကွ'

သည်တွင် ရောင်ချွန်းရောဂါတွေက ဆောင့်တက်လာတော့ သည်။



'အေး ..မင်းတို့ ပြောထားကြဦးပေါ့ကွာ၊ တစ်နေ့ ရောင် ချွန်း ဆိုတဲ့ကောင်ဟာ ဘယ်လောက် အမှတ်သည်းခြေရှိသလဲ ဆိုတာ မင်းတို့ သိရစေမယ်ကွ'

'ဟာ....ကျွန်တော်တို့ကတော့ ဟစ်နေ့တွေတာတွေမစောင့် ချင်တော့ဘူး ဆရာရဲ့၊ ဆရာ့အစား ခံစားရလွန်းလို့ပါ၊ ခုပဲ မင်္ဂလာဆောင် သွားရမ်းပစ်လိုက်ချင်တော့တာပဲ'

'ဟုတ်တယ်....အဲဒါ ထောက်ခံတယ်၊ ဘယ့်နှယ်လဲ ဆရာ.... သွားကြမလား'

အပေါင်းအသင်းများကစားလို့သောက်လို့ကောင်းအောင် မြှောက်ထိုးပင့်ကော်လုပ်ပြီး တွန်းကြ၏။

'မင်းတို့ ဆန္ဒရှိရင် လုပ်လိုက်လေ၊ ငါက သွေးဆာနေတဲ့ ကောင်၊ ဓားကာထုတ်ပြီးရင် ခုတ်ရမှ ထစ်ရမှ'

သို့နှင့် ရောင်ချွန်းတို့တစ်သိုက် ပေကျီချွန်းတို့မင်္ဂလာဆောင် ပွဲသို့ မူးမူးနှင့် ရောက်ရှိသွားကြတော့သည်။

ထိုအခါ....

ပေကျီချွန်းနှင့် ရောင်ချွန်းတို့ ရင်ဆိုင် တွေ့ကြလေတော့ သည်။

'မင်းတို့ ဘာအလိုရှိသလဲ ပြောပါ၊ အရက်လား,ငွေလား, အစားအစာလား အားလုံးရစေရမယ်'

ပေကျီချွန်းက ထွက်လာပြီး ညှို့ခံစကား ပြော၏။

ရောင်ချွန်းက ပေကျီချွန်းအား ဂရုမစိုက်သလို ကြည့် တာ....

'ကျုပ်တို့လာတာ ခင်ဗျားတို့မင်္ဂလာပွဲမှာ အဲဒါတွေ သုံးဆောင်ကြဖို့ အပျော်လာကြတာ မဟုတ်ဘူး'

'ဒါဖြင့် ဘာလို့လာကြတာလဲ'

'မင်္ဂလာပွဲကို ဖျက်မလို့'

ပေကျီချွန်း ဝုန်းခနဲ ထရပ်လိုက်၏။

'မင်းတို့လူစု မူးနေကြပြီ၊ ပြန်ကြရင်ကောင်းမယ်၊ အေး... ငါ့တာဝန်က မင်းတို့လိုတာ ဖြည့်ပေးဖို့ပဲရှိတယ်၊ ပြီးရင် ပြန်ကြ၊ ဘာအလိုရှိလဲ ပြော'

'စေးရား'

ရောင်ချွန်း စကားမဆုံးလိုက်၊ လှင့်စဉ်မြောက်တက်သွားသည်။

အမူးလည်း ပြေသွားသည်။

ပေကျီချွန်းအား သည်နှယ် လှုပ်ရှားနိုင်မည်ဟု သူ မထင်မှတ်ခဲ့။

ခုတော့ မမျှော်လင့်ဘဲ ပေကျီချွန်း၏ တိုက်ကွက်.ꩻ လျှင်မြန် သွက်လက်လွန်းသည်။

သို့သော် ရောင်ချွန်းတို့ကို သည်လိုဆက်ဆံ၍ မရ။

ရောင်ချွန်း လုံးဝခွင့်မလွှတ်နိုင်။ ထို့ကြောင့် ရောင်ချွန်း သူ၏ဓားကို ထုတ်လိုက်သည်။

သူ့ဓားက သွေးစွန်းမှ ပြန်သိမ်းလို့ရတော့မည်လေ။

သူ၏ နောက်လိုက်များကလည်း ရောင်ချွန်းနည်းတူ ဓားကိုယ်စီနှင့် တိုက်ရန် အဆင်သင့်ပြင်လိုက်ကြ၏။



သူတို့၏လက်ထဲမှာလည်း ရရာလက်နက်များ ဆွဲကိုင်လျက် ရှိကြ၏။

'ရောင်ချွန်း....မင်း ဘာကို မကျေနပ်လို့ ခုလို အနှောင့်အယှက် ပေးရတာလဲ'

'ခင်ဗျားကို မကျေနပ်လို့'

'ကောင်းပြီ....ငါ့ကို မကျေနပ်ရင် မင်း ငါနဲ့ တိုက်ရရင် ကျေနပ်မလား'

ရောင်ချွန်း တွေသွားသည်။

သူ့လူများကို ကြည့်၏။

ထို့နောက် လက်နက်ကိုယ်စီနှင့် ရွာသားများကို ကြည့်ရင်း....

'ကျေနပ်တယ်'

'အေး....ဒါဆို မင်းနဲ့ငါတိုက်မယ်၊ အခြားလူတွေ မပါစေနဲ့၊ သူတို့ပါလာရင် သက်သက် ဒုက္ခရောက်နာတာရတွေ ရကုန်ကြမယ်၊ မင်းနဲ့ငါ့ကိစ္စ မင်းနဲ့ပါပဲ ရှင်းကြမယ် ဟုတ်လား'

'ကောင်းပြီလေ'

သို့နှင့် ပေကျီချွန်းက ရွာသားတစ်ဦးထံမှ ဓားတစ်လက်ကို ဆွဲယူသည်။

ရောင်ချွန်းကို ရင်ဆိုင်လိုက်သည်။

ရောင်ချွန်းက ကျားနဂါးလက်သည်း သိုင်းကွက်အား နင်းပြီး ပေကျီချွန်းအား စတင်တိုက်ခိုက်သည်။

ပေကျီချွန်းက အလွယ်တကူ နဂါးမြီး သိုင်းကွက်နှင့် တားဆီးလိုက်၏။

ရောင်ချွန်း မျက်လုံးပြူးသွား၏။

သူလာရောက်ခြင်းက သူဖွေး ပေကျ ိချန်းဆိုသည်က ဓားရေး လုံရေးတို့၌ ကျွမ်းကျင်လိမ္မာသူ မဟုတ်ဟု ထင်ခဲ့၍ ဖြစ်သည်။

ခုတော့ အထင်နှင့်အမြင် ပါစင်အောင် လွဲနေခဲ့ပြီး ဖြစ်သည်။

သို့သော် သူ့ဓားက ဓားအိမ်မှ ထုတ်ခဲ့ပြီးဖြစ်၏။

သည်တော့ သူ ပေကျ ိချန်းအား အနိုင်တိုက်ရပေတော့မည်။

ကျားနက်လက်သည်းနှင့် နောက်တစ်ကြိမ် သူ ခုန်ဝင်လိုက်ရပြန်သည်။

ဓားကိုဆန့်ထုတ်ပြီး ပေကျ ိချန်း လည်မျိုကို ရှပ်တိုက်ခုတ်ချလိုက်၏။

သူက သတိလက်လွှတ် ခပ်သွက်သွက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ပေကျ ိချန်းက ပါးနပ်သော ဓားသမားတစ်ဦး ဖြစ်သည်။

သတိတစ်ချက်လွှတ်သော ဓားသမားအား တစ်ချက် ဒုက္ခပေးလိုက်၏။

နဂါးမြီးနှင့် ပြန်လည်ပက်ခတ်ထုတ်ကာ ကိုယ်ဟန်ပျက်သွားသော ရောင်ချွန်း၏ ဓားကိုင်လက်အား ရိုက်ချလိုက်၏။

'အား'

ရောင်ချွန်း၏လက်မှ သွေးတို့ ဖြာခနဲ ထွက်လာ၏။



ပေကျ ိချန်း၏ဓားသွားက သူ၏လက်မောင်းအား ခွဲပ်ထိသွားသောကြောင့် ဖြစ်သည်။

ရောင်ချွန်း ရှက်သွေးသည် ယူတွေရေ့မို့ ပို၍ရှက်သွားသည်။

မျက်တောက်ကြီးနီလျက် တရကြမ်း ပေကျ ိချန်းအား ကိုက်တိုက်သည်။

ပေကျ ိချန်း၏ ဓားကွက်တို့က တိကျသည်။

သေချာသည်။

ကိုယ်နှင်းသောတိုက်ကွက်ကို ကိုယ်သေချာအောင် ယုံယုံကြည်ကြည်နှင့် လှုပ်ရှားသည်။

တစ်ချက်လေးမှ မမှား၊ နဂါးမြီး ပီပီသသဖော်ဆောင်နေ၏။

ရောင်ချွန်းကမူ ဒေါသနှင့်အရှက်တို့ ပေါင်းစပ်ပြီး ဆက်တိုက် အမှားကျူးခဲ့တော့သည်။

ထို့ကြောင့် သည်တစ်ကြိမ်ဝယ် ပေကျ ိချန်း၏ နဂါးမြီး ရိုက်ချက်နှင့် သူ၏ဓားမှာ အဝေးသို့ လွင့်စဉ်သွားတော့၏။

သူ့လည်မျိုအားလည်း ပေကျိချန်း၏ ဓားသွားနှင့် ထောက်ထားခြင်းကို ခံလိုက်ရလေတော့သည်။

'ကဲ....ရောင်ချွန်း၊ မင်း ခကျနပ်ပလား၊ မင်္ဂလာပွဲမှာ ငါ သတို့သားပဲဖြစ်ချင်တယ်၊ လူသတ်သမားမဖြစ်ချင်ဘူး၊ဒီတော့ မင်းသူစုကို မင်းခေါ်ပြီး ပြန်ပါ'

ပေကျိချန်း ရောင်ချွန်းမျက်နှာအား အသေအချာကြည့်၍ ပြောလိုက်၏။

ရောင်ချွန်းမှာ အားမတန်၍ မာန်လျှော့လိုက်ရသည့်နှယ် ပေကျီချန်းအား မျက်လုံးနီကြီးများနှင့် တုံ့ပြန်ကြည့်ပြီး သူ့နောက်လိုက်တို့နှင့်အတူ မင်္ဂလာပွဲမှ လျင်မြန်စွာထွက်သွားတော့သည်။

'ပေကျီချန်းကွ'

ရွာသားတို့၏ ဩဘာသံတို့က သူတို့နောက်သို့ပါလာလေတော့၏။

* * *

ပေကျီချန်းကို လွယ်လွယ်နှင့် အနိုင်မရနိုင်မှန်း ရောင်ချွန်းသိသွားခဲ့၏။

ထို့ကြောင့် ပေကျီချန်းအား ထိပ်တိုက်ရင်မဆိုင်ဖို့ သူ အမြဲသတိထားခဲ့သည်။

သူ့ငွေးလေး ပေကျီချန်းကလည်း သူ့စီးပွားရေးနှင့်သူ လုံးပန်းနေသဖြင့် ရောင်ချွန်းအား သတိပင်မရတော့။

တီယင်ချီ၌ ပေကျီချန်းနှင့် စေးရားတို့ ဇနီးမောင်နှံမှာ အေးချမ်းပျော်ရွှင်စွာ နေထိုင်ကြလေသည်။



သားလေးတစ်ဦးလည်း ထွန်းကားလာခဲ့သည်။ စေတနာကောင်းသော စေးရား၏ မိဘများလည်း ကွယ်လွန်ကုန်ပြီဖြစ်၍ မိဘ၏ လက်ငုတ်အလုပ်ဖြစ်သည့် ကုန်သည်လုပ်ငန်းကို စေးရား ဦးစီးပြီး ဆက်လက်လုပ်ကိုင်သည်။

တစ်ဦးတည်းသော သားလေးကိုလည်း သူတို့ဇနီးမောင်နှံနှစ်ဦးမှာ အလွန်ချစ်ကြသည်။

စွန်ချန်းဟူ၍ အမည်ပေးထားပြီး ချန်းချန်းဟုသာ ချစ်စနိုး ခေါ်ဝေါ်ကြလေသည်။

သူတို့၏မိသားစုလေးမှာ အိမ်ထောင်ရေးသုခကိုအေးအေးချမ်းချမ်း ရရှိခံစားခဲ့ကြ၏။

ထိုအချိန်၌ ရောင်ချွန်းမှာ ရွာသူကြီး လူဖောင်စုနှင့် ပူးပေါင်းကာ သူ၏နောက်လိုက်များဖြစ်သည့် ယင်ကဲ့ယန်း၊ ဒေါင်အိုက်မင်းတို့နှင့်အတူ ရွာ၌ ဩဇာအာဏာ ထူထောင်နေခဲ့လေသည်။

ဘုန်းကြီးတိုင်ရှမ်းမှာလည်း ရောင်ချွန်း၏ ဩဇာအာဏာကို မလွန်ဆန်နိုင်၊ ရောင်ချွန်းအကြိုက် လိုက်၍ နေထိုင်ခဲ့ရလေသည်။

ရှေးမှ သူကြီးတစ်ဦး တည်ဆောက်ခဲ့သည့် တီယင်ချီရဲတိုက်ကြီးမှာလည်း ရွာသူကြီး လူဖောင်စုနှင့်ရောင်ချွန်းတို့၏ အစီကာ လှုပ်ရှားခဲ့သည့် နေရာဌာနတစ်ခုဖြစ်ခဲ့လေသည်။

ရွာ၌ လူဖောင်စုနှင့် ဩဇာအာဏာ တည်ထောင်ခဲ့သော ရောင်ချွန်းမှာ နောက်ဆုံး၌ သူကြီးလူဖောင်စုကို တိတ်တဆိတ် သူ၏လူများက လုပ်ကြံသတ်ဖြတ်ပစ်လိုက်ခဲ့လေသည်။

ထို့နောက် ရှာ၍ သူကြီး မရှိသော်လည်း နောက်ထပ် သူကြီးအဖြစ် မည်သူမှ မတင်မြှောက်ရဲကြချေ။

ရောင်ချွန်းကိုလည်း ရွာသားတို့က သူကြီး မတင်ကြ။ ရောင်ချွန်းကလည်း မတောင်းဆို။

သို့သော် သူ့အား ကြောက်ရွံ့နေကြရသဖြင့် သူ၏တန်ခိုး အာဏာမှာ သူကြီးရာထူးနှယ်ပင်ဖြစ်နေတော့သည်။

ရွာခံ ဘုန်းကြီးတိုင်ရှမ်းကိုယ်တိုင် ရောင်ချွန်းအား မလွန်ဆန်နိုင် ဖြစ်နေရတော့သည်။

တိုင်ရှမ်းမှာ သူဌေးပေကျို ချန်း အိမ်နှင့်လည်း အဝင်အထွက် ရှိ၏။

ထို့ကြောင့် ပေကျို ချန်းတို့ အိမ်တွင်းရေးများကို တစ်စွန်း တစ်စ သိနိုင်၏။

ရောင်ချွန်းက ထိုအခွင့်အရေးကို တိုင်ရှမ်းထံမှ ရနိုင်မည်ကို သိထားသည်။

ရွာ၌ သူ့လက်သူ့ခြေ သူ့ဩဇာ တူထောင်လာနိုင်သည့် လူကုံထံရောင်ချွန်းဟု အခြားရွာများကပါ သိရှိထင်ရှားလာသည့်တစ်နေ့ဝယ် သူ့အား တစ်ချိန်က အရှက်တကွဲ အကျိုးနည်း ဖြစ်စေခဲ့သည့် ပေကျို ချန်းကို လက်စားချေရမည်ဟု သူ ဆုံးဖြတ်ခဲ့လေတော့သည်။

ဘုန်းကြီးတိုင်ရှမ်း၏ လက်ယောက်ချသတင်းပေးမှုကြောင့် သူဌေးကတော် စေးရားခရီးထွက်မည့်ရက်ကို ရောင်ချွန်းသို့ ရလေသည်။



မိဘလက်ငုတ်ဖြစ်သည့် ကုန်အရောင်းအဝယ် လုပ်ငန်း တစ်ခုကို စေးရားကိုယ်တိုင် သွားရောက် ဝယ်ယူရမည့်အကြိမ် ဖြစ်၏။

ယခင်ကလိုပင် စေးရားမှာ အဖော်တစ်ဦးနှင့် ခရီးထွက်လာခဲ့စဉ် လမ်း၌ ကြိုတင်စောင့်ဆိုင်းနေခဲ့သော ရောင်ချွန်း၏ ဖမ်းဆီးခြင်းကို ခံရတော့သည်။

## ( ၁၀ )

'ဟား....ဟား....ဟား.... သူဌေးကတော်ကြီး စေးရား၊ သူဌေးကြီး ပေကျ ချွန်းရဲ့ဇနီး နောက်ဆုံးတော့ ငါ့လက်ထဲ ရောက်ရတာပဲ မဟုတ်လားကွ....ဟေ့'

လက်ခြေတို့ကို ကြိုးနှင့် တုပ်နှောင်ခံထားရသည့် စေးရားမှာ ရောင်ချွန်းကို မုန်းတီးစက်ဆုပ်စွာကြည့်ပြီး....

'ဟဲ့....လူယုတ်မာကောင်၊ ငါ့ယောကျ်ား ပေကျချွန်းသာ သိရင်တော့ နှင့်လည်ပင်းကို ဖြတ်ပစ်မယ်ဟဲ့၊ လွှတ်စမ်းပါ၊ ငါ့ကို အခုလွှတ်'

'ဟား....ဟား....ဟား'

'ခြွင်.... စေးရားမလှရှင်၊ စေးရား နင့်ယောကျ်ားက နင့်ကို ကူညီပေးဖို့နေနေသာသာ နောက်နေ့ ဒီအချိန်ဆိုရင် နင့်ယောကျ်ား လူ့ပြည်မှာ ရှိတော့မှာမဟုတ်ဘူးကွယ့်'

ရောင်ချွန်း၏စကားကြောင့် စေးရားမှာ ခင်ပွန်းသည်အတွက် စိုးရိမ်ပူပန်သွား၏။

မျက်လုံး မျက်ဆံလည်း ပြူးကျယ်သွားသည်။

'နင်....နင်....ငါ့ယောကျ်ားကို သတ်ပစ်မယ်ပေါ့၊ ဟုတ်လား'

'ဒါပေါ့၊ သူ့မယားလိုချင် သူ့လင်လှံနဲ့ထိုးတဲ့'

'လူယုတ်မာ'

စေးရားက အသံကုန်အော်ဟစ်လိုက်သည်။

'အော်စမ်းပါကွယ်၊ မကြာမီ ငါ့ဇနီးသည် ဖြစ်တော့မယ့် စေးရား၊ မင်းကို ငါ ခွင့်လွှတ်တယ်'

'ရှင်....ရှင် ကျွန်မ ယောကျ်ားကို မသတ်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်'

ရောင်ချွန်းက ဦးခေါင်းကိုရမ်းခါသည်။

'မသတ်လို့ဖြစ်ပါ့မလား၊ သူ လူ့ပြည်မှာမရှိမှ မင်းနဲ့ငါ ပေါင်းလို့ရမှာပေါ့ကွာ၊ ဟဲ ဟဲ ဟဲ။

'တစ်ချိန်တုန်းက မင်းရဲ့စကားတွေကိုမှတ်မိသေးပါရဲ့လား စေးရားရယ်၊ မင်းကိုချစ်တဲ့လူက ငါရယ်ပါ'

'ရှင့်လိုလူယုတ်မာကို မယူဘူး၊ အသက်ကို အသေခံမယ်' စေးရားက နာကြည်းရှုံ့မှုန်းစွာဖြင့် ပြန်လည် အော်ဟစ်သည်။



'အေးပါကွယ်၊ မင်း ဘယ်လောက်နေနိုင်မလဲ၊ ငါ စောင့်ပါ့မယ်ကွ၊ ခုတော့ မင်းလင်ကြီးကိုသုတ်သင်ဖို့ ငါ သွားရဦးမယ်'

ရောင်ချွန်းက တောတွင်း တစ်နေရာ၌ စေးရားအား ချုပ်နှောင် ဖမ်းဆီးထားခြင်း ဖြစ်လေသည်။

'ကဲ....ငါသွားဦးမယ်၊ ကောင်းကောင်းမွန်မွန် နေရစ်ခဲ့ စေးရား'

ရောင်ချွန်း သူ့လူနှစ်ဦးကို ဦးဆောင်လျက် ထွက်သွားခဲ့သည်။

ယင်ကဲ့ယန်းနှင့် ဒေါင်အိုက်မင်းတို့ဖြစ်ကြသည်။

'ကဲ....မင်းတို့တာဝန်က ငါပြောထားတဲ့နေရာမှာ လူမမြင်အောင် စောင့်နေကြ၊ ကြားလား'

'ဟုတ်ကဲ့ဆရာ'

'ငါ လှုပ်ရှားတာကိုကြည့်ပြီး ဝင်တိုက်ကြရမယ်'

ထိုသို့ပြောပြီး သူတို့ တီယင်ချီဘက်သို့ မြင်းကို အပြင်းနှင်လာကြ၏။

တီယင်ချီ၌ ရောင်ချွန်း ဘုန်းကြီးတိုင်ရှမ်းအား တာဝန်တစ်ခု ပေးထားခဲ့သည်လေ။

တိုင်ရှမ်းက သူဌေးလေးပေကျိချန်းအား လှည့်ဖျားလျက် သတ်ကွင်းသို့ ခေါ်ဆောင်လာမည်လေ။

ထိုအချိန်၌ ဘုန်းကြီးတိုင်ရှမ်းမှာ သူဌေးလေး ပေကျိချန်း အိမ်တွင် သူဌေးလေး ယုံကြည်အောင် လှည့်ဖျား ပြောဆိုနေခဲ့လေသည်။

'တီယင်ချီ ရဲတိုက်ထဲမှာ သူဌေးကတော် စေးရေးကို တွေ့ခဲ့ရတယ်၊ သူက သူဌေးကြီးကိုခေါ်ပေးဖို့ ဘုန်းကြီးကိုမှာတာနဲ့ ဘုန်းကြီး လာပြောရခြင်း အကြောင်းကြားရခြင်း ဖြစ်ပါတယ်'

'ဘာဖြစ်လို့ သူက ရဲတိုက်ကြီးထဲ သွားရတာလဲ၊ ဒုက္ခပါပဲ'

'သူကတော့ ဘယ်သွားပါမလဲ၊ အတင်းအဓမ္မခိုင်းရင်တော့ သွားရမှာပဲလေ'

ပေကျီချန်း ဇနီးသည့်စိတ်နှင့် ဓားတစ်ချောင်းဆွဲကာ ဘုန်းကြီး တိုင်ရှမ်းနောက်သို့ လိုက်ပါမိခဲ့ကြဟော့သည်။

ရဲတိုက်နှင့် ဘုန်းကြီးကျောင်းကြားသို့ ပေကျီချန်းအား ပါအောင် ခေါ်လာနိုင်ခဲ့သည့် ဘုန်းကြီးတိုင်ရှမ်းမှာ ဘုရားစာ ရွတ်ဖတ်လာခဲ့သည်။

သူ၏ပယောဂနှင့် လူတစ်ဦး၏အသက်မှာ မကြာခင်ဆုံးရှုံးရတော့မည် ဖြစ်သည်။

ရောင်ချွန်းနှင့် ချိန်းဆိုထားသော နေရာ ရောက်သော် ဘုန်းကြီးတိုင်ရှမ်းက စကားစတင်ဆိုလိုက်၏။

'ပေကျီချန်း ကျုပ်ကိုခွင့်လွှတ်ပါ'

'ဘာဖြစ်လို့များလဲ တိုင်ရှမ်းရဲ့'

'မင်းကို ငါ ဒီကို လိမ်ညာ လှည့်ဖျားပြီး ခေါ်လာခဲ့လို့ ပေါ့ကွယ်'

'ဘာ....ဘာကြောင့် ခေါ်ရတာလဲ'

တိုင်ရှမ်း ပေကျီချန်း၏အမေးကို ဖြေဆိုရန် မလိုအပ်ပါတော့။



ရှေ့ဆီ၌ ရောင်ချွန်းက ဓားတစ်လက်နှင့် ပေါ်လာသော ကြောင့် ဖြစ်သည်။

ရောင်ချွန်းအား မြင်လိုက်သည်နှင့် ပေကျီချန်း သဘော ပေါက်သွားပြီ ဖြစ်သည်။

သူက ဓားကို အဆင်သင့်တိုက်ခိုက်ရန် ပြင်လိုက်သည်။

ရောင်ချွန်းက လှမ်း၍ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား'

'ဒီတစ်ခါ ကျုပ်အလှည့်ပဲ ပေကျိချန်း'

'ကျုပ်ကတော့ ခင်ဗျားကို ရှုံးနိမ့်တဲ့လူကို အသက်ရှင်ခွင့် မပေးတတ်ဘူး၊ နိုင်ကြေးအဖြစ် အသက်ကို ယူမယ်'

ရောင်ချွန်း သူ၏ဓားကြီးအား တစ်ချက်ဝင့်လိုက်ကာ ပေကျိချန်းထံ တစ်ရှိန်ထိုး ပြေးဝင်လာ၏။

ပေကျိချန်းက လက်နှစ်ဖက်ဖြင့် သူ၏ဓားကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ရင်း ရောင်ချွန်း ပြေးလာသည်ကို မမှိတ် မသုန် ကြည့်ရှုနေ၏။

'ဟေး....'

'ခြင်....'

သူတို့နှစ်ဦး ရင်ဆိုင်ဆုံတွေ့လိုက်သောအခါ၌ ဓားသွား ချင်း ထိတွေ့လိုက်သံက ကျယ်လောင်စွာ မြည်သွားခဲ့သည်။

ရောင်ချွန်း အရှိန်လွန်ကာ ကျော်ထွက်သွားသည်။

ပေကျိချန်း တစ်ဖက်သို့ ပြန်လှည့်လိုက်သောအခါ ဓား သမားသုံးဦး ဖြစ်နေလေသည်။

ပေကျိချန်း ထိတ်လန့်သွား၏။

သူ့အား ရောင်ချွန်းသည် တစ်ခါကောက်ကျစ်ယုတ်မာစွာ လုပ်ကြံခဲ့ပြီဖြစ်ကြောင်း သိလိုက်သည်။

ယောက်ျားမဆန်သော အပြုအမူအား ရောင်ချွန်း ပြုမူခဲ့လေပြီ။

ဘုန်းကြီးတိုင်ရှမ်းကမူ စိတ်မကောင်းခြင်း အမူအရာနှင့် ပါးစပ်မှ တဖွဖွ ရွတ်ဖတ်နေရှာ၏။

ရောင်ချွန်းအား မလွန်ဆန်နိုင်ဘဲ ကြောက်ရွံ့ရသည်ဖြစ်၍ ပေကျိချန်းအား လှည့်ဖျားကာ လိမ်ညာခေါ်ဆောင်ခဲ့ရသော်လည်း တကယ်တမ်းမူ ပေကျိချန်းလို ဖြောင့်မတ်တည်ကြည်သော လူကို မသေစေချင်ရိုးအမှန် ဖြစ်၏။

ထို့ကြောင့် သူ့မှာ ပေကျိချန်းအတွက် ဆုမွန်ကောင်းတောင်းပေးနေမိ၏။

ပေကျိချန်းကမူ ရန်သူသုံးဦးအား အပြင်းအထန် ခုခံနေခဲ့လေသည်။

‘မင်းမိန်းမ မုဆိုးမဖြစ်မှာ မပူနဲ့ ပေကျိချန်း၊ ကျုပ်ခင်ဗျားနေရာကို ဆက်ခံယူပေးပါ့မယ် ဟဲ....ဟဲ’

မိန်းမကို စော်ကားသော စကားကို ကြားရသဖြင့် ပေကျိချန်း ပို၍ ဒေါသဖြစ်လျက် အပြင်းအထန် တိုက်၏။

ရန်သူသုံးဦးနှင့် ပြိုင်တိုက်နေရသဖြင့် ထိုအန္တရာယ်သိုင်းကွက်ကို သူထုတ်သုံးနေရ၏။

ဖိုခုံလောက်ဆိုင် ခုခံကာကွယ်ရသော အကွက်ဖြစ်သည်၊



သုံးခါးတစ်ခါး ယှဉ်ပြိုင်နေရသဖြင့် ပေကျိချန်းမှာ သတိအလွတ်မခံနိုင်၊ အမှားတစ်ကွက်မိသည်နှင့် ခါးဖျား၌ အသက်ပါသွားမည်ကို သိသည်။

ယင်ကဲ့ယန်းနှင့် ဒေါင်အိုက်မင်းတို့က အပြင်းအထန် တိုက်ခိုက်ခြင်း မပြုကြ။

ရောင်ချွန်း ရှုံးနိမ့်မည်ကို စိုးသဖြင့် ဝိုင်းဝန်းတိုက်ခိုက်ပေးနေခြင်းသာ ဖြစ်သည်။

သူတို့လည်း ပေကျိချန်းကို ရန်မပြုချင်။

တကယ်တော့ ပေကျိချန်းမှာ အေးဆေးစွာ နေထိုင်နေခဲ့သူတစ်ဦး ဖြစ်၏။

သူတို့နှင့် ရန်စရန်ကြွေးရှိသည်မဟုတ် ဆရာရောင်ချွန်း၏ ရန်ကြွင်းကို လက်စားချေခြင်းမျှသာ ဖြစ်လေသည်။

ရောင်ချွန်းကတော့ ပေကျိချန်းအား မနာလို မရှုစိမ့်နေသူတစ်ဦး ဖြစ်နေခြင်းကြောင့် အပြင်းအထန် ဖိတိုက်နေခဲ့၏။

မည်သို့ပင်ဖြစ်စေ ပေကျိချန်းမှာ အမောဖက်လာသည်။

ရောင်ချွန်း၏မျက်နှာ ယင်ကဲ့ယန်း၏မျက်နှာ ဒေါင်အိုက်မင်း၏မျက်နှာ စသည်တို့မှာ တဖြည်းဖြည်း ဝေဝါးမှုန်သီလာလေသည်။

ရောင်ချွန်း၏ မျက်နှာကား ကြောက်ဖွယ်ကောင်းလောက်အောင် ပေကျိချန်းကို စူးစူးရဲရဲကြည့်၍ တိုက်နေခဲ့လေသည်။

‘မင်းအတွက် နောက်ဆုံးတိုက်ပွဲပဲ ပေကျိချန်း’

ရောင်ချွန်း၏ ဓားချက်တစ်ချက် မြောက်တက်သွားတိုင်း ဘုန်းကြီးတိုင်ရှမ်းမှာ ရင်ဘတ်ကို ဖိမိသည်။

သို့ရာတွင် ရောင်ချွန်း၏ ဓားချက်တစ်ချက်က တစ်ကြိမ်တွင် ပေကျုံချန်း၏ ဓားကိုင်လက်ကို ခုတ်ဖြတ်သွားခဲ့သည်။

‘အို…ဘုရား….ဘုရား’

တိုင်ရှမ်း ဆုတောင်းမပြည့်ခဲ့၊ သွေးတို့က ရဲခနဲ ဖြာထွက်လာ၏။

ပေကျုံချန်း၏ဓားမှာ အဝေးသို့ လွင့်စဉ်ခဲ့သည်။

‘ဟား….ဟား….ဟား’

ရောင်ချွန်းက အောင်နိုင်သူတစ်ဦးပမာ အော်ဟစ် ရယ်သည်။

ပေကျုံချန်းကမူ လက်တစ်ဖက်ပြတ်နှင့် ရောင်ချွန်းကိုစိုက်ကြည့်၏။

‘မင်း ဘာလုပ်မှာလဲ ရောင်ချွန်း’

‘သတ်ရမှာပေါ့ ပေကျုံချန်း’

‘ဒါဆိုလဲ ငါ့ကို မြန်မြန်သတ်’

ပေကျုံချန်း ရောင်ချွန်းကို ခုန်အုပ်လိုက်၏။

ရောင်ချွန်းက သတိရှိစွာ ဓားဦးချွန်နှင့် လှမ်းထောက်လိုက်သည်။

ဓားဦးချွန်က ပေကျုံချန်း၏ ရင်ညွန့်ကို ဖောက်ဝင်သွားသည်။

သူ၏လက်ကမူ ရောင်ချွန်း၏လည်မျိုကို ဆုပ်မိသွားသည်။



ပေကျုံချန်းလက်က ပြုတ်ကျကြီးပမာ ရောင်ချွန်း၏လည်ပင်းကို ဖျစ်ညှစ်ထားလေသည်။

ရောင်ချွန်း မျက်လုံးပြူးနေတော့သည်။ မျက်လုံးတို့ပြာဝေလာ၏။

‘ဟော့….ဟော့ ကောင် တွေ၊ လုပ်….လုပ် ကြ ပါဦး’

ယင်ကွဲယန်းနှင့် ဒေါင်းအိုက်မင်းတို့၏ တစ်ဖက်တစ်ချက်မှ ပေကျုံချန်း၏လက်ကို ဝိုင်းဆွဲကြလေသည်။ သော်ရုံနှင့်လက်ကို ဖြုတ်မရနိုင်။

ရောင်ချွန်း ပေကျုံချန်း၏ ရင်ညွန့်ထဲ စူးဝင်နေသည့်ဓားအား ဆွဲထုတ်လိုက်၏။

သွေးတို့က ဝေါခနဲ ဓားနှင့်အတူ ပန်းထွက်လာသည်။

သူ၏ သန်မာသော လက်တို့မှာလည်း ပျော့ကျသွားသည်။

ပေကျုံချန်း ပုံလျက်သား လဲကျသွားလေ၏။ ပေကျုံချန်း အသက်ထွက်သွားခဲ့ပြီဖြစ်သည်။

ပေကျုံချန်း၏ လက်ပြတ်ကြီးကို ကောက်ယူလိုက်၏။

ရောင်ချွန်း အသက်ကိုဝအောင် ရှူရှိုက်လိုက်ရသည်။ ထို့နောက် …

‘ကဲ….ဒီအလောင်းကို တစ်နေရာရာမှာ မြှုပ်လိုက်ကြဟေ့၊ ဘယ်သူမှ မပေါက်ကြားစေနဲ့၊ ဒီအဖြစ်အပျက်တွေကိုလဲ မင်းတို့ခေါင်းထဲက ထုတ်ပစ်လိုက်ကြတော့၊ အေး….တစ်ဦးဦးကို ပြန်ပြောတဲ့လူဆိုရင်တော့ ငါ့ဓားက အဲဒီပြောတဲ့ပါးစပ်ကို အပိတ်ပဲကွ၊ ကြားလား၊ တိုင်ရှမ်းကြီးရော ကြားတယ်နော်’

'ကြား....ကြားပါတယ်....ရောင်ချွန်း'

ဘုန်းကြီးတိုင်ရွှမ်း တုန့်တုန့်ယင်ယင်နှင့် ဖြေလိုက်၏။

ရောင်ချွန်းကမူ ပေကျ်ချန်း၏ အလောင်းအား တံတွေးနှင့် တစ်ချက် ထွီ ခနဲထွေးကာ လှည့်ထွက်သွားလေတော့သည်။

တိုင်ရွှမ်းက ပေကျ်ချန်းအလောင်းဘေး၌ ဒူးထောက်ထိုင်ကာ ရှတ်ဖတ်သရဲ့ငိုကြွေးယ်နေတော့သည်။

ယင်ကဲ့ယန်းနှင့် ဒေါင်အိုက်မင်းကမူ အလောင်းအား မြှုပ်နှံရန် မြေကျင်းတစ်ကျင်းအား အလျင်အမြန် တူးနေကြတော့သည်။

ပေကျ်ချန်းကား မယားနှင့်သားကို ချန်ရစ်ကာ လူ့ယုတ်မာ ရောင်ချွန်း၏ လက်ချက်နှင့် တမလွန်သို့ရောက်ရှိသွားခဲ့လေပြီ။

*　　*　　*

ရောင်ချွန်းမှာ ပေကျ်ချန်းအား သတ်ဖြတ်ပြီး စေးရားအား ဖမ်းဆီးထားသော တောအုပ်ဆီသို့ ပြန်လာခဲ့၏။

သူ၏လက်တွင်လည်း အထုပ်တစ်ထုပ်ကို ကိုင်ဆောင်လာသည်။



စေးရားက သူ့ကို မြင်တွေ့လိုက်သည်နှင့် မုန်းတီးစက်ဆုပ်စွာ မျက်မှောင်ကုတ်လျက် စိုက်ကြည့်နေခဲ့သည်။

ရောင်ချွန်း စေးရားရှေ့သို့ ထိုအထုပ်အား ပစ်ချပေးလိုက်သည်။

'မင်းအတွက် ငါ့လက်ဆောင်ပဲ....ဟဲဟဲ'

စေးရား ထိုအထုပ်အား စိုးထိတ်လန့်စွာ ငုံကြည့်၏။

'ဖြေကြည့်လေကွာ ဘာလက်ဆောင်လဲဆိုတာ'

'မကြည့်ဘူး'

စေးရားက မျက်စောင်းထိုးပြီး ပြောလိုက်၏။

'မင်းယောကျ်ားပေးခဲ့တာပဲ'

စေးရား သူ့ယောကျ်ားပေးခဲ့သည်ဆို၍ စိတ်ဝင်စားသွားပြီး အထုပ်ကြီးအား စိုက်ကြည့်လိုက်သည်။

'ဘာများလဲဟင်'

'ဖွင့်ကြည့်ပေါ့ကွာ'

စေးရား သိချင်စိတ်ဖြင့် အထုပ်အား ဖွင့်လိုက်သည်။

'အမယ်လေး....'

စေးရာအော်ဟစ်ပြီး ထိုအရာအား လွှင့်ပစ်လိုက်တော့သည်။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ရောင်ချွန်းက အားရစွာ အော်ပစ်လိုက်၏။

'အဲဒါ မင်းယောကျ်ား လက်ဆောင်ပေးခဲ့တာကွ'

'ရှင်....'

စေးရား ရှိုက်ကြီးတငင်ငိုကြွေးလိုက်သည်။

'ရှင်....ရှင်....ကျွန်မယောကျ်ားကို သတ်လိုက်ပြီလား'

'အေး....ဒါပေမယ့် လှံနဲ့မထိုးဘူး ဓားနဲ့ထိုးတာကွ၊ သူ့မယားလိုချင် သူ့လင် လှံနဲ့ထိုး စကားအတိုင်းပေါ့'

'ဟား....ဟား....ဟား'

'လူ...လူယုတ်မာ လူယုတ်မာ'

စေးရား အော်ဟစ်ပြီး လက်သည်းထိုးကာ ရောင်ချွန်းအား စွပ်စွဲ၏။

'ဟုတ်ပါတယ်၊ အဲဒါတွေအားလုံးဟာ မင်းကိုချစ်လို့ မင်းကိုရယူဖို့ကွ၊ နားလည်လား'

ရောင်ချွန်းကလည်း သူမမျက်နှာကို လက်သည်းပြန်ထိုး ပြော၏။

'ရှင် ကျွန်မကိုတော့ မရဘူး၊ ကျွန်မအသက်ကိုပဲ ရမယ် သိလား'

'ဒီမှာ စေးရား၊ ရောင်ချွန်းဆိုတဲ့ကောင်က လောကမှာ လိုချင်တာကို မရရအောင်ယူတဲ့ကောင်ကွ၊ မင်းအချစ်မရရင် မင်းခန္ဓာကို ရအောင်ယူမှာပဲ ဟဲဟဲဟဲ'

'ရှင့်လိုလူယုတ်မာလက်ထဲမှာ ဘယ်တော့မှမနေဘူး၊အသေခံလိုက်မယ် မှတ်ထား'

ရောင်ချွန်းက အင်္ကျီကိုချွတ်လိုက်သည်။

ဓားကို ကြမ်းပြင်ပေါ် ချလိုက်သည်။

အရက်တစ်ခွက်ကို ငှဲ့ပြီး သောက်လျက် စေးရား၏အလှအပကို မျက်စိအရသာခံ ကြည့်သည်။



စေးရားကား ကလေးတစ်ဦး မွေးပြီးသော်လည်း အလှမပျက်သေး၊ သားသည်အမေဟု ပြောလျှင်တောင် ယုံရခက်ခက် မိန်းမမျိုးဖြစ်သည်။

တစ်သားမွေး တစ်သွေးလှ ဆိုသည့် မိခင်မျိုး ပင်။ ရောင်ချွန်း အရက်ငုံပြီး တစိမ့်စိမ့်ရှုနေ၏။

'ဟဲဟဲဟဲ... စေးရား စေးရား၊ တစ်နေ့တော့ မင်းဟာ ငါ့ မိန်းမ ဖြစ်တော့မှာပါပဲလား'

စေးရား အံကြိတ်နေမိသည်။

မျက်ရည်ပေါက်တို့က မျက်လုံးအစုံမှ တလိမ့်လိမ့် စီးဆင်းသည်။

ရှိုက်သံကမူ မထွက်၊ ရင်ထဲ၌ စေးရား ကြေကွဲနေသည်။

ယောကျ်ားမရှိတော့သည့် ဘဝ၊ မချစ်မနှစ်သက်သောသူ လူယုတ်မာလက်ထဲ အနှစ်မွန်းခံရတော့မည့် အခြေအနေ၌ သူ အသက်ရှင်ဖို့ မလိုလား၊ လောက၌ သူ မနေချင်တော့ပါပြီလေ။

ထို့ကြောင့် သူ၏ဆံပင်၌ ဝှက်ယူထားခဲ့သော ဆံထိုးကို ဖြုတ်ယူလိုက်သည်။

ထိုဆံထိုးက အဆိပ်လူးထားသော ဆံထိုးဆံညှပ်ဖြစ်သည်။ ရောင်ချွန်းကမူ ထိုအပြုအမူအား မသိ။

ရဲဆေးအဖြစ်အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက်ဖိသောက်နေ၏။

အရက်ပုလင်းဝယ် လက်တစ်လုံးခန့်သာ ကျန်ရှိတော့သည်။

သည့်တစ်ခွက်ဆိုလျှင်ဖြင့် အရက်တို့က ကုန်ပြီ။ အရက်ကုန်
သောအခါ အနှစ်နှစ် အလလ သူချစ်သော စေးရား ယာ
ထက်တိုင် လှဆဲ, ပဆဲ, ပျိုဆဲ, နုဆဲ စေးရားအား သူ ချစ်ရ
လိမ့်မည်ဖြစ်သည်။

စေးရားမှာမူ ဆံထိုးအား လက်ဝါးနှင့် အုပ်ကိုင်ကာ
သူမ၏လက်မောင်းထဲ အသာဖိသွင်းထိုးထည့်လိုက်၏။

သူမ၏မျက်နှာက နာကျင်သဖြင့် တစ်ချက် တွန့်ခနဲ ဖြစ်
လျက် ရှုံ့မဲ့သွားသည်။ ရောင်ချွန်းက ထိုအမူအရာအား တွေ့
လိုက်သည်။

'ဘာလဲ....စေးရား၊ ပေကျံချွန်းကို သတိရပြီး ဝမ်းနည်း
နေလို့လား၊ သူမရှိတော့ပြီဘဲကွာ၊ တကယ်တော့ မင်းကိုအရင်
ချစ်တာက ရောင်ချွန်းပါကွယ်၊ ငါက မင်းကို အရင်ချစ်မိတဲ့
သူပါ စေးရားရယ်'

စေးရားက သူ့အား မည်သို့မျှ မတုံ့ပြန်ဘဲ ငေးကြည့်နေ
ခဲ့လေသည်။

'မင်းယောကျ်ားအတွက် ငါ စိတ်မကောင်းပါဘူး၊ ဒါ
ပေမယ့် မတတ်နိုင်ဘူး စေးရား၊ သူမရှိမှ ငါ မင်းကို ချစ်နိုင်
မှာ'

စေးရားအမူအရာက မပြောင်းလဲ။ ငေးမြဲ ငေးလျက်
ရောင်ချွန်း စေးရား၏ လှပမှုထဲ နစ်မျောနေခဲ့လေသည်။ စေး
ရားမှာ လှဆဲ, ပဆဲ ချစ်ဖို့ကောင်းဆဲပင်။

ရောင်ချွန်း စေးရားအား ယစ်မူးရင်း ဒယိမ်းဒယိုင်နှင့်
ထလာခဲ့သည်။



စေးရားအနားထိ သူ ချဉ်းကပ်လာခဲ့၏။

သူ့အား စေးရား အကြောက်အကန်ငြင်းဆန်မည်ဟု သူ
ထင်ထားခဲ့သည်။

စေးရား၏အမုန်းများ နာကြည်းမှုများကို ခံယူပြီးမှ သူ့
အချစ်ကိုရမည်ဟု တွေးမိထားသည်။

## ( ၁၀ )

သို့ရာတွင် သူထင်သလိုမဟုတ်။

စေးရားက ငြင်းဆန် ရှုန်းကန်မည့်အမူအရာမပြခဲ့။ ငေးငိုင်နေရှာခဲ့သည်။

သူ စေးရားအပါးသို့ တိုးကပ်လိုက်၏။ စေးရားက ငြိမ်သက်နေသည်။

'မင်းကို ငါချစ်တယ် စေးရား၊ ငါ့ရဲ့အချစ်ဦးဟာ မင်း၊ ဒါ့အတွက် မင်း သိရဲ့လားဟင်'

သူ စေးရား၏ ပခုံးကို ဖက်လိုက်၏။

စေးရား မလှုပ်။ စေးရား၏ ပါးဖွေးဖွေးနုနုအား သူ ကပ်လိုက်သည်။

'ဟင်....'

စေးရား၏ မျက်တောင်တို့က မခတ်။ မျက်လုံး အစုံက ငေးငိုင်နေဆဲ။

'စေးရား....စေးရား'

ရောင်ချွန်း တုန်လှုပ်ချောက်ချားစွာ စေးရားကို ကိုင်လှုပ်သည်။

လက်ကိုကိုင်ကြည့်ပြီးသည့်အခါ ရင်ဘတ်ကို ဖိကြည့်သည်။ သွေးလည်းမရှိတော့။

အသက်လည်း မရှူတော့။ မျက်လုံးအစုံကို သူ့လက်ဝါးနှင့် အုပ်လိုက်သည်။

စေးရား မျက်လုံး ပိတ်သွားတော့၏။

'စေးရာ သေပြီ'

ရောင်ချွန်း ကြေကွဲသွားမိ၏။

သူမ သည်လိုလျင်မြန်စွာ သေဆုံးသွားသည်ကို သူမသိနိုင်။

တကယ်တော့ စေးရားကို အမှန်တကယ် ချစ်မိ၏။ သူချစ်ရသော စေးရား သေဆုံးသွားသည်ဆိုတော့ သူယူကျုံးမရနိုင် ဖြစ်နေမိသည်။

စေးရား သေဆုံးသွားသည်ဆိုတော့ ဆောက်တည်ရာမဲ့ ငေးငိုင်နေမိတော့သည်။



ရောင်ချွန်း ထိုတောထဲ၌ပင် စေးရားအား မြေမြှုပ်လိုက်ရ၏။

သူ၏ နောက်လိုက်တပည့်များကိုပင် အသိမပေးတော့ဘဲ နေ၏။

စေးရားကား အေးချမ်းစွာ မြေ၌ လဲလျောင်းနေခဲ့ပြီ။

'ငါ့ကို ခွင့်လွှတ်ပါ စေးရား'

* * *

ရောင်ချွန်းမှာ ပေကျို့ချုန်းတို့ လင်မယားအား ပျက်စီးရာပျက်စီးကြောင်း လုပ်မိခဲ့ပြီဖြစ်၍ တီယင်ချို၌ အစွမ်းကုန်ဟန်ဆောင်နေခဲ့ရလေသည်။

ပေကျို့ချုန်းတို့လင်မယား၏ ပျောက်ဆုံးသွားမှုကိုလည်း သူ အစွမ်းကုန် စုံစမ်းပေးမည်ဟု ရွာသူရွာသားတို့အား ကြေညာခဲ့ရသည်။

သူတို့၏ ကျန်ခဲ့သောလူမမည် သားလေး စွန်ချုန်းကိုလည်း ကြင်နာစွာ ချစ်ခင်ယောင်ပြ၏။

'ဘာမှ အားမငယ်နဲ့ကွာ ဘဘရှိတယ်၊ ဘဘ သားကို မွေးမယ်၊ ပညာတွေသင်ပေးမယ်၊ သိုင်းတွေ သင်ပေးမယ် ဟုတ်လား'

စွန်ချန်းကလေး ငါးနှစ်အရွယ်မျှသာ ရှိသေး၏။

လောကအကြောင်းလူ့အကြောင်း မည်သို့မျှမသိရှာသေး။ သူ့အား ကြင်နာယောင် ပြခဲ့သော ရောင်ချွန်းအား ချစ်ခင်နေရှာသည်။

'ဘဘနဲ့နေမယ် မဟုတ်လား.... ကလေး'

ရောင်ချွန်းအမေးအား ကလေးက ခေါင်းညိတ်ပြရှာသည်။

'ကဲ....ဒီကလေး ကျုပ်မွေးမယ်'

'ကျုပ်သားအရင်းအဖြစ် မွေးစားတော့မယ်'

ရောင်ချွန်း ထိုသို့ ကြေညာလိုက်တော့ ရွာသားအချို့ နားမလည်နိုင်ကြ၊ အချို့ကတော့ ရောင်ချွန်း၏ မေတ္တာအကြင်နာ ကြီးမားပုံကို ချီးမွမ်းနေကြ၏။

အကယ်၍သာ ရောင်ချွန်း၏ အတွင်းအဇ္ဈတ္တ သဏ္ဌာန်ကိုသာ သိပါမူ မည်သူမှ ချီးမွမ်းမိကြမည် မဟုတ်ပါလေ။

ရောင်ချွန်းက ပေကျိချန်း ကျန်ရစ်ခဲ့သည့် လယ်မြေဥစ္စာပစ္စည်းတို့ကို ထိန်းသိမ်းခွင့် ရရှိနိုင်မည် မဟုတ်ပါလား။

ဒေါင်အိုက်မင်းက ရှည်လျားစွာပြောပြီး မောပန်းနေ၏။

'ငါ့ကို ခွင့်လွှတ်ပါ သူငယ်ချင်း စွန်ချန်း'

စွန်ချန်း အဖြစ်ဆိုးလှသော မိခင်နှင့် ဖခင်အတွက် ဝမ်းနည်းကြေကွဲစွာ ငေးငိုင်နေရှာမိသည်။

သေအံ့မူးမူး လူတစ်ဦးအပေါ် မည်သို့ အပြစ်ယူရက်ပါအံ့နည်း။



သူ ဒေါင်အိုက်မင်း၏ တောင်းပန်စကားအား မတုံ့ပြန်မိ။ တကယ်တော့ ရောင်ချွန်းကြီးက သူ့အား ကျွေးမွေးစောင့်ရှောက်ခဲ့သည်ကား အမှန်ပင်။

သူ့အား သိုင်းပညာများကို သင်ကြားပေးခဲ့သည်လည်း အမှန်ပင်ဖြစ်သည်။

ယခုလို မြို့စားတန်ဘက်မှ တပ်ဖွဲ့တို့၏ ရန်အန္တရာယ်က တစ်ဖက် မြားနီဂိုဏ်းမှ ချင်ဆိုသော သူ၏ အနှောင့်အယှက်က တစ်ဖက်နှင့် ဖြစ်နေရသော ရောင်ချွန်းအား သူ လက်စားချေရန် တွန့်နေခဲ့မိသည်။

'ငါ့ကို ဘုန်းကြီးတစ်ပါးခေါ်ပေးမယ် မဟုတ်လား စွန်ချန်း'

'အေးပါကွာ၊ ငါ သွားခေါ်ပေးပါ့မယ်'

ဒေါင်အိုက်မင်းအား နှုတ်သိမ့်ပြီး သူ့အပါးမှ စွန်ချန်း ထွက်ခွာခဲ့လေသည်။ လမ်းတွင် ဘုန်းကြီးတိုင်ရှမ်းနှင့် တွေ့လေရာ....။

'ဒေါင်အိုက်မင်း ဘုန်းကြီးကို မျှော်နေတယ်'

'အေး....အခုသွားမလို့ပါပဲကွာ၊ ဒီကောင်သေမှာပဲ ထင်ပါရဲ့'

'သေတော့သေမှာပဲ၊ ဒါပေမယ့် သေရတာထက် သူ ပိုပြီး စိတ်ဆင်းရဲနေတာပဲလေ'

'မင်း သူနဲ့ စကားပြောခဲ့ရရဲ့လား'

'ခုပဲ သူ့ဆီက ပြန်လာတာ'

'သူ ဘာပြောသွားသေးလဲကွ....စွန်ချန်းဟင်'

'ပြောသွားခဲ့တာတွေတော့ အများကြီးပေါ့ဗျာ၊ လူတွေ အကြောင်းပေါ့'

စွန်ချန်း၏ ထူးဆန်းသောစကားကြောင့် ဘုန်းကြီး တိုင်ရှမ်းမှာ အနည်းငယ် မျက်နှာပျက်သွား၏။

'အေး....လူတိုင်းမှာ အပြစ်တွေရှိကြတယ်၊ သေခါနီး ကိုယ့်အပြစ်ကိုယ် ထုတ်ဖော်ပြောသွားတတ်ကြတယ်ကွ၊ သရဏဂုံ တင်တယ်ဆိုတာလဲ ဒီသဘောပဲ'

'ကျွန်တော်ကတော့ သေခါနီးလူဇတွေရဲ့ ဝန်ခံစကားထက် မသေခင် ဝန်ခံတဲ့စကားကို ပိုကြားချင်တယ်ဗျာ'

ဘုန်းကြီးတိုင်ရှမ်းမှာ သည်နေ့ စွန်ချန်းဆီမှ ကြားရသော စကားတို့က အနှောင့်အသွားမလွှတ်ဟု ထင်မှတ်နေခဲ့လေသည်။

'ဒါကတော့ အခြေအနေ အမျိုးမျိုးရှိကြသေးတာပဲကွာ'

ဘုန်းကြီးတိုင်ရှမ်းက သူ့အား အပြစ်ရှိသူတစ်ဦးနှယ် ပြောဆို ဆက်ဆံနေသည့် စွန်ချန်းသွား သတိထားမိသည်။

တိုင်ရှမ်းမှာ သူ့အား ပညာသင်ကြားပေးခဲ့သူ၊ စောင့်ရှောက်ခဲ့သူတစ်ဦးဖြစ်၏။

ရောင်ချွန်းပြီးလျှင် တိုင်ရှမ်းမှာ သူ၏ ကျေးဇူးရှင်တစ်ဦး ဖြစ်လေသည်။

သူ့၌ လက်စားချေရမည့်သူတွေက သူနှင့် ကျေးဇူးမကင်းရာမကင်းကြောင်းသူတွေသာဖြစ်၏။ စွန်ချန်း သက်ပြင်းရှည်တစ်ချက်ကို ချလိုက်၏။



သူ၏ မေးစားဖခင်နှင့် သူ့အား ကျွေးမွေးခဲ့သူ ဘုန်းကြီးတိုင်ရှမ်းတို့ပါ သူ့ဖခင်အား သတ်ရိုးမှန်ပါလျှင် လောကကြီး တစ်ခုလုံး အကောင်းတစ်ကွက်မှ မရှိကြတော့ပါချေ။

( ၁၂ )

ဤသို့ တွေးနေရင်း စဉ်းစားနေခိုက် စုဆွမ်အား သတိရလိုက်မိသည်။

စုဆွမ်မှာ ရဲတိုက်ကြီးထဲဝင်မိသည့်အချိန်မှစ၍ သူ့ထံပါးမှ ထွက်ခွာသွားခဲ့သည်။

ယခုအချိန်အထိ စုဆွမ် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို သူ မသိနိုင်။

သူနှင့်တွေ့လျှင်ကောင်းမည်၊ သူနှင့် တိုင်ပင်ဆွေးနွေးနိုင်မည် မဟုတ်ပါလား။

နောက်ပြီး ရောင်ချွန်းကြီးအား သူ၏ဖခင်အား သတ်သူဟု စတင်ပြောဆိုသူမှာ သည်စုဆွမ်ဆိုသည့် ကောင်လေးပင် ဖြစ်သည်လေ။

အတန်ကြာလျှင် ညနေစာစားချိန် ရောက်လာသဖြင့် ညစာကျွေးသော ခန်းမသို့ စွန်ချန်း ထွက်လာခဲ့၏။

အခန်းကြီးမှာ ခပ်ရှည်ရှည်ဖြစ်၍ မျက်နှာကြက်မှာမူ နိမ့်လှသည်။

နံရံတွင် လူရိုင်းများနှင့် အမဲလိုက်ခွေးများပုံကို ဆွဲထား၍ အချို့နံရံများတွင် လှံများ၊ လေးမျှားကို ပုံထား၏။

ညနေစာစားရန် ရောင်ချွန်းရော တိုင်ရှမ်းရော ရောက်မလာကြသေးပေ။

စုဆွမ်ကိုမူ လုံးဝမတွေ့ရတော့သဖြင့် စိုးရိမ်ပူပန်နေမိလေသည်။

ထို့ကြောင့် တစ်ဦးတည်း စားသောက်ပြီးလျှင် စားသောက်ခန်းမှ ထွက်မည်ပြုခိုက် ယင်ကဲ့ယန်း၏ မိန်းမနှင့် ဆုံတွေ့သည်။

သူက စတင်မေးမြန်းလိုက်မိသည်။

'ကျုပ်တို့ ရဲတိုက်ထဲ ဝင်တုန်းက စုံဆွမ်ဆိုတဲ့ ကောင်လေးခင်ဗျားနဲ့ လိုက်သွားတာ မြင်ပါတယ်၊ အခု အဲဒီကောင်လေး မမြင်ပါလားဗျာ'

ထိုအခါ ယင်ကဲ့ယန်း၏ မိန်းမက ရယ်မောလေသည်။

'မင်း အတော် မျက်စိရှင်တာပဲကွ'



'မျက်စိ ရှင်တာတွေ သေတာတွေ ဘေးချိတ်ထားစမ်းပါ၊ အဲဒီကောင်လေး အခု ဘယ်ရောက်နေသလဲ'

'မင်း သူနဲ့ နောက်ထပ် မတွေ့နိုင်တော့ဘူး'

'ဘာဖြစ်လို့လဲဗျာ၊ ဒီကောင်လေးကို ကျုပ် စောင့်ရှောက်ပါမယ်ဆိုတဲ့ကတိနဲ့ ခေါ်လာတာဗျ၊ သူ တစ်ခုခုဖြစ်ရင် ကျုပ်တာဝန် မကင်းဘူး၊ ကျုပ် ကာကွယ်ရလိမ့်မယ်'

ထိုအခိုက် လက်တစ်ခုက စွန်ချန်း၏ ပခုံးထက်သို့ ကျရောက်လာသဖြင့် လှည့်ကြည့်လိုက်ရာ ယင်ကဲ့ယန်း ဖြစ်နေလေတော့သည်။

ယင်ကဲ့ယန်း မိန်းမက သူတို့အား ထားရစ်ကာ ဆက်လက်ထွက်ခွာသွားလေသည်။

'မင်းကွာ လွှမ်းဖျား လွမ်းနာ ကျနေသလား၊ ဘာဖြစ်နေတာလဲ၊ ရဲတိုက်ထဲ ရောက်လာကတည်းက မင်း ငါ့ကို မင်းအဖေအကြောင်းပဲ မေးနေတယ်၊ ဒေါင်အိုက်မင်းလဲ မင်း မေးပြီးပြီး၊ ဘုန်းကြီး တိုင်ရှမ်းကိုလဲ ခပ်ရိရိ ပြောလိုက်သေးတယ်၊ ရှင်ရှင်ပျပျ နေစမ်းပါကွာ၊ မင်းကိုရောင်ချွန်းကြီး ခေါ်နေတယ်ကွ'

စွန်ချန်းက ယင်ကဲ့ယန်း၏ မျက်နှာအား မှုန်ကုပ်ကုပ်နှင့် ကြည့်သည်။

သူအကြည့်ကြောင့် ယင်ကဲ့ယန်း မနေတတ် မထိုင်တတ် ဖြစ်နေရှာသည်။

ဒေါင်အိုက်မင်း ပြောပြသောအကြောင်းတို့က မျက်စိထဲ မြင်ယောင်နေဆဲ ရှိသည်လေ။

သည့်ယင်ကဲ့ယန်းလည်း ကောင်းသူမဟုတ်။
သူ့အား ငယ်စဉ်က ခေါးသိုင်း၊ တုတ်သိုင်း၊ မြင်းစီး၊ လှံထိုး သင်ပေးခဲ့သူကား မှန်ပါသည်။
သို့ရာတွင် သူ့ဖခင်အား မတရား လုပ်ကြံရာ၌ အတူတူ ပါဝင်ခဲ့သူသာ ဖြစ်လေသည်။
'ကျုပ်တော့ မတရားလုပ်တာ ခံနေရတယ်လို့ ခံစားနေရတယ်ဗျာ၊ အနေအထိုင် ပျက်နေကြတာကော့ အမှန်ပဲဗျ'
'မင်းကတော့ ခက်နေပါပြီ၊ အရင်က အတိတ်က အကြောင်းတွေကို ပြန်မဖော်ချင်စမ်းပါနဲ့ စွန်ချန်းရယ်၊ မင်းကို ရောင်ချွန်းကြီးကစ တို့တွေအားလုံး ချစ်ခင်နေကြတာပဲ၊ ကိုယ့်ဒုက္ခ ကိုယ်မရှာချင်စမ်းပါနဲ့၊ ကိုင်း....လာလာ ရောင်ချွန်းကြီး ခေါ်နေတယ်၊ ကြာလို့ စိတ်ဆိုးနေရင် မကောင်းဘူး'
ယင်ကဲ့ယန်း စွန်ချန်းပခုံးဖက်ပြီး ချော့မော့ ခေါ်ဆောင်သွားသဖြင့် စွန်ချန်းမှာ လိုက်ပါ သွားရလေတော့သည်။

( ၁၃ )

မေးစားဖခင်နှင့်စွန်ချန်း

ရောင်ချွန်းမှာ ခန်းမကြီးထဲ၌ ဒေါသဖြစ်နေဟန် မျက်နှာထားကြီးနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။
အနားတွင်ကား မည်သူမှမရှိ။
ဘုန်းကြီးတိုင်ရှမ်းမှစသာ တစ်ဦးတည်းစဉ်းစားတွေးတော နေဟန် ရှိသည်။
'ကျွန်တော့်ကို ခေါ်တယ်ဆို'
သူက ရောင်ချွန်းကြီး၏ မျက်နှာကို မော့ကြည့်၍ မေးလိုက်သည်။

'အေးဟုတ်တယ်၊ မင်းကို စကားပြောချင်လို့ကွ၊ ငါဟာ မင်းအပေါ် အဖေရင်းလို ကောင်းခဲ့တဲ့လူ၊ အဲ့လိုလူကို မင်းအဖေကို သတ်တယ်ဆိုပြီး စွပ်စွဲနေတယ်ဆို၊ ဘာသဘောလဲ၊ မင်း ငါတို့ဘက်က သစ္စာဖောက်ပြီး ဘက်ပြောင်း သွားချင်လို့လားကွ၊ ဒါမှမဟုတ်ရင် ငါ့ကို မကောင်းကြံချင်လို့လား'

'ဘယ်လိုမှ မကြံပါဘူး၊ ကျွန်တော် ကျေးဇူးလဲ မမေ့ပါဘူး'

သူ၏အင်္ဂြေက မာပြီး ပြတ်နေသည်ဟု ထင်သည်။

'အေး... ကျေးဇူးမမေ့ဘူးဆိုရင် ငါ့အခြေအနေကို ပြောပြမယ်၊ ငါ့မှာ ပစ္စည်းတွေရှိုး၊ အရေးတွေနိမ့်လို့ ရန်သူတွေ ပတ်ပတ်လည် ဝိုင်းနေတဲ့အချိန်မှာ မင်းက ဟိုဟာ လျှောက်မေး ဒီဟာလျှောက်မေး မဟောက်ကရော်တွေ ပြုမူနေတာ ဘာလုပ်တာတုံးကွ၊ မင်း ငါ့ကို အန်တုမလို့လား၊ တုချင်ရင်လဲ ခပ်ရှင်းရှင်းသာ ပြောကွာ၊ ဒါမှမဟုတ် မင်း ဘာကို သိချင်နေတာလဲ အခု ဖွင့်ပြော၊ ငါ မင်းမေးသမျှကို ဖြေမယ်'

ရောင်ချွန်းကြီးက သူ့မျက်လုံးအစုံအား ထဲထဲဝင်ဝင် စိုက်ကြည့်ပြီး ဆို၏။

'ကျွန်တော့်အဖေနဲ့အမေဟာ ကျွန်တော် လူမမည်အရွယ်ထဲက သေသွားတယ်၊ သူတို့သေတာတစ်စုံတစ်ဦးက သတ်ပစ်လို့ဆိုပြီး ပြောနေတာ ကြားနေရတယ်၊ သတ်တဲ့လူဟာလဲ ဖခင်ကိုယ်တိုင်ပဲလို့ ပြောကြတယ်၊ ကျွန်တော့်အဖေသေတာကို ကွဲကွဲပြားပြား အကြောင်းစုံ မသိရသေးဘဲနဲ့တော့ ကျွန်တော် ဘယ်လိုတာဝန်တွေမှ မထမ်းဆောင်ချင်သေးဘူး'



စွန်ချွန်း၏စကားများအား ကြားတော့ ရောင်ချွန်းကြီးမေးကိုလက်နှင့် ပွတ်သပ်ပြီး စွန်ချွန်းကို စေ့စေ့ကြည့်ကာ....

'ငါကိုယ်တိုင် သတ်ခဲ့တဲ့လူရဲ့သားကို ဆက်ပြီး မွေးစားထားမယ်လို့ မင်းထင်နေလို့လား'

စွန်ချွန်းက အံကိုကြိတ်လိုက်ပြီး....

'ကျွန်တော်အခုပြောမယ့် စကားတွေဟာ ရိုင်းရင်တော့ နည်းနည်းသည်းခံပြီးနားထောင်ပါ၊ တကယ်သိုသာ ကျွန်တော့် လယ်တွေ၊ မြေတွေ၊ ပစ္စည်းတွေလဲ သိုးစွဲရ ကျွန်တော်လက်ထပ်မယ့် အခွင့်အရေးကိုလဲ လုပ်ပိုင်ခွင့်ရရင် လူတစ်ယောက်ဟာ ဘာလို့ မွေးစားသားတစ်ယောက် မထားနိုင်ဘဲ ရှိပါ့မလဲခင်ဗျာ၊ အဲဒီသဘောနဲ့ လူတစ်ယောက်က လူတစ်ယောက်ကို သတ်နိုင်ရင် ဒီလူ့ထက် ယုတ်ညံ့တဲ့လူ ရှိတော့မှာမဟုတ်ဘူး'

ရင်ထဲရှိရာ တွေးမိတွေးရာ စွန်ချွန်း ပြောကြားလိုက်မိသည်။

ရောင်ချွန်းကြီး လေးလေးနက်နက်ကြီး စဉ်းစားနေလေသည်။

'မင်းအရွယ်လောက်တုန်းက ငါဘယ်သူ့ကိုမှ အထင်မလွဲခဲ့ဘူး၊ နောက်ပြီး ဟောဒီက ဘုန်းတော်ကြီး တိုင်ချွမ်းကလဲ ဘုန်းကြီးလုပ်ပြီး ဘာလုပ်ဖို့ မင်းအဖေသတ်မှုထဲ ပါနေနိုင်ပါ့မလဲ၊ မင်း စဉ်းစားတတ်ရင် စဉ်းစားကြည့်စမ်းပါ'

'ဒါကတော့ ဖခင်က ဆရာပဲဗျ၊ ဘုန်းကြီးတိုင်ရှမ်းက ဖခင်နောက်လိုက်ပဲ၊ ဖခင်က စေ့ဆော်ရင် သူက နောက်လိုက် လုပ်ဖို့ ဝန်မလေးဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်ကတော့ ရှင်းရှင်းပြောနေတာပဲ၊ ကျွန်တော်သိချင်တာတွေကို သိအောင်လုပ်မှာပဲ'

'အေး… မင်း လူလားမြောက်တဲ့နေ့မှာ မင်းမေးသမျှကို ငါဖြေမယ်၊ အခုလို ငါ့ထမင်းစားနေတဲ့အခါမှာတော့ မင်း ငါ့ကိုပြောနေတာ စော်ကားရာကျနပြီ၊ ဒီမှာ မနေချင်ရင်လဲ တံခါးဖွင့်ထားတယ်ဆိုတာ ဟောဟို တီယင်ချီ သစ်တောအုပ်ထဲမှာ ငါ့ရန်သူတွေ ရှိနေလေရဲ့'

ထိုသို့ ရောင်ချွန်းကြီးက စကားကုန် ပြောချလိုက်သဖြင့် စွန်ချန်းရင်ထဲ များစွာ အောင့်သွားရလေ၏။

'ကျွန်တော်ဖခင်ကိုယုံပါတယ်၊ ကျွန်တော့်အဖေကိုသတ်တဲ့အထဲမှာ ဖခင်မပါဘူးမဟုတ်လား၊ ဖခင် ဘုရားမှာ ကျိန်ဆိုရဲရဲ့လား'

စွန်ချန်းက ဘုရားနှင့် ကျိန်တွယ်ခိုင်းလိုက်သဖြင့် ….

'အို….ဘုရားအဆူဆူစူးစေရဲ့ကွာ၊ ငါမင်းအဖေကို သတ်တဲ့အထဲ မပါဘူး'

စွန်ချန်းမျက်နှာ၌ ဝမ်းသာရှင်လန်းသွားရ၏။

ဖခင် ရောင်ချွန်းအား လက်ဆွဲနှုတ်ဆက်လိုက်သည်။

သို့သော် ထိုင်နေသော တိုင်ရှမ်းမှာမူကား ရောင်ချွန်း၏ လိမ်ညာပြီး ဘုရားစူးကျိန်နေသည်ကို ကြောက်လန့်လျက် တုန်လှုပ်ချောက်ချားနေ၏။



'ကျွန်တော် သူများအပြောတွေနဲ့ အထင်လွဲမိတာခွင့်လွှတ်ပါ'

'အေး….အေး….ခွင့်လွှတ်ပါတယ်ကွာ၊ လူဆိုတာ မမှားတဲ့လူ ဘယ်ရှိပါ့မလဲ'

စွန်ချန်းရင်ထဲ၌မူ ဒေါင်အိုက်မင်း သေခါနီးဖွင့်ဟ ပြောဆိုသွားသော စကားကို ပြောပြချင်နေမိ၏။

( ၁၃ )

သို့သော် စွန်ချန်းမျှသိပ်ခဲ့လေသည်။

သည့်အကြောင်း ဖွင့်ပြောလိုက်သည်နှင့် သူအား ဆက်ဆံရေးပြောင်းလဲသွားနိုင်သည်အား စွန်ချန်း တွက်ဆမိ၍ ဖြစ်သည်။

'ဒါတွေ ကျွန်တော့် အပြစ်ပါပဲဗျာ'

စွန်ချန်းမှာ ဘုန်းကြီးတိုင်ရှမ်းဘေးသို့ လှည့်လိုက်သည်။

တိုင်ရှမ်းမှာ ဣန္ဒြေမရအောင် အမူအရာများပျက်ကာ မျက်နှာကြီးနီမြန်းလျက်ရှိ၏။

စွန်ချန်းကမသက်သာသဖြင့် တိုင်ရွှမ်း၏ မူပျက်နေခြင်းအား စိုက်၍ ကြည့်နေမိသည်။

တိုင်ရွှမ်းမှာ စွန်ချန်း၏ မျက်လုံးဒဏ် မခံနိုင်ဟု ထင်သည်။

ဆောက်တည်ရာမရဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အော်ဟစ်လိုက်၏။

ရောင်ချွန်းကြီးက တိုင်ရွှမ်းထံပြေးသွားပြီး ပခုံးကိုကိုင်ပြီး ဆွဲလှုပ်လိုက်သည်။

'ဘာဖြစ်နေတာလဲ တိုင်ရွှမ်း၊ ဘာဖြစ်နေတာလဲ'

စွန်ချန်း တိုင်ရွှမ်းကိုပါ ကျိန်တွယ်ခိုင်းလျှင် ကောင်းမည်ဟု စဉ်းစားမိပြီး....

'အို....တိုင်ရွှမ်းကြီးဟာ ဘုရားစူး ကျိန်ရမယ်ဗျာ၊ ကျွန်တော့်ကို ပြောတဲ့လူတွေက တိုင်ရွှမ်းကြီးပါ အဲဒီထဲပါတယ်တဲ့'

'အေး....သူလဲ ကျိန်စေရင် ကျိန်ရမှာပေါ့'

ရောင်ချွန်းကသာ ကျိန်ခိုင်းနေခဲ့သည်။ တိုင်ရွှမ်းမှာမူ ထိတ်လန့်တုန်လှုပ်မှုက မပြေသေးဟန်ရှိသည်။

သူ့၌ သံသရာကိုလည်း ကြောက်ရွံ့သည်။ ပစ္စုပ္ပန်၌ ရောင်ချွန်းကြီးကိုလည်း ကြောက်ရွံ့နေပုံရရှာသည်။

ထိုအခိုက် အခန်းနံရံ ပြတင်းတစ်ခုကိုဖြတ်၍ မြားနီ တစ်ချောင်း လာရောက်စိုက်ဝင်သည်။ အမြီးကလေးက တလှုပ်လှုပ်နှင့် ဖြစ်နေ၏။



တိုင်ရွှမ်းမှာကား မြားနီလေးကို မြင်သည်နှင့် ဘုရား, ဘုရားဟု တစ်ချက်သာ တ,နိုင်ကာ သတိမေ့မြောသွားတော့သည်။

ရောင်ချွန်းနှင့် စွန်ချန်းတို့က ပြတင်းပေါက်သို့ အပြေးသွားရောက်ကြည့်ရှုကြသည်။

အဝေးတွင် တီယင်ချီသစ်တောကိုသာ မြင်ရပြီး မသင်္ကာဖွယ် မည်သူ့အားမှ မတွေ့ကြရပေ။

'ဒီမြား ဘယ်ကနေလာတာပါလိမ့်မလဲ'

ရောင်ချွန်းက ဓားသမား တစ်ဦးအား မေးမြန်းလိုက်သည်။

'ဟောဟိုတောအုပ်ဆီကလာတာ သခင်'

ဓားသမားတစ်ဦးက ပြန်လည်ဖြေကြားလိုက်သည်။ ရောင်ချွန်းလည်း စွန်ချန်းဘက်သို့လှည့်လျက်....

'မင်း ဒီမှာ ခဏစောင့်နေစမ်း၊ တိုင်ရွှမ်းကတော့ ကျိန်ကို ကျိန်ရမယ်၊ မကျိန်ရင် သူ့မှာ အပြစ်ရှိလို့ပဲဖြစ်မှာကွ'

ထို့နောက် သူ့အခန်းထဲသို့ ပြန်လည် ဝင်ရောက်သွားသည်။

နံရံတွင် စိုက်နေသော မြားနီကို သေချာစွာ ကြည့်ရှုနေသည်။

သူ့အဖို့ မြားနီကို ပထမဦးဆုံးအကြိမ် လက်တွေ့မြင်ဖူးခြင်းပင်ဖြစ်သည်။

မြားနီပေါ်တွင်ကား ထူးဆန်းစွာ စာရေးသားထားသည်။

တာမှာ....

'သင်တို့အားလုံး သေဆုံးကြရပေတော့မည်'

ဟူ၍ ရေးထားသည်ကို တွေ့ရသောအခါ ရောင်ချွန်းကြီးမှာ အလွန်ဒေါပွသွားလေတော့သည်။

'တောက်....'

ရောင်ချွန်းကြီး ဒေါသနှင့် တက်ခေါက်လိုက်မိ၏။ ထို့ကြောင့် တိုင်ရွှမ်းကြီး သတိမေ့ရာမှ လန့်နိုးလာ၏။ ရောင်ချွန်းကြီးကိုတွေ့သောအခါ....

'ခင်ဗျား ဘာလို့ညာပြီး ကျိန်ရတာလဲဗျာ၊ ခင်ဗျားတော့ တကယ်ဘုရားစူးတော့မှာပဲ'

'အေး....ခင်ဗျားလဲ ကျိန်ရမှာပဲ၊ ဘယ်လို ကျိန်တွယ်ရမယ်ဆိုတာသာ ပြင်ထား၊ ဒီနေ့ည ကျိန်ရမယ်၊ ကြားလား'

'ဘုရား....ဘုရား'

'အို....ဘုရားတွေဘာတွေ တ,မနေနဲ့၊ စွန်ချန်းကို ကျုပ်အကျိုးရှိဖို့အတွက် သုံးရဦးမယ်၊ သူလက်ထပ်မယ့် ကိစ္စမှာ ငွေညှစ်ပေါက်တစ်ခု ရှိနေသေးတယ်၊ ဒါပေမယ့် ဒီကောင်ကျုပ်ကို တပ်ပြီး နှောင့်ယှက်နေဦးမယ်ဆိုရင်တော့ သက်သာမယ် မဟုတ်ဘူး၊ သူ့အဖေလို သေချင်းဆိုးနဲ့ သေရဦးမှာပဲ၊ သူ့ကို အခု ဘုရားရှိခိုးခန်းမအထက်က' လုံခြုံရာ အခန်းထဲ ချုပ်နှောင်ထားဖို့ အမိန့်ပေးလိုက်ပြီ၊ ခင်ဗျားသာ ယုတ္တိ ရှိရှိယုံကြည်လောက်အောင် ကျိန်ပြလိုက်ရင်တော့ ကိစ္စမရှိဘူး၊ ဒီကောင်လေးကို ခဏလောက်တော့ သက်ညှာရမှာပဲ၊ အဲ.... ခင်ဗျားက ယုတ္တိနဲ့မကျိန်လို့ သူက မယုံမကြည်ဖြစ်လာရင်



တော့ ဒီကောင်ကို ကျုပ် သတ်ပစ်ရလိမ့်မယ်၊ အဲဒီတော့ ခင်ဗျား စဉ်းစား'

'ဘုရားရှိခိုးခန်းမအထက်က အခန်းထဲ ချုပ်ထားမယ်ပေါ့'

'ဟုတ်တယ်၊ အဲဒီတော့ ခင်ဗျားသူ့ကို သနားရင် ကယ်လိုက်ပါ၊ မကယ်ချင်ရင်လဲ ခပ်ရှင်းရှင်းနေ၊ ကျုပ် ဒီကောင့်ကို သတ်ပစ်လိုက်မယ်၊ ကဲ....ပြောစမ်း၊ ခင်ဗျား ကျိန်ဝံ့ရဲလား'

တိုင်ရွှမ်းမျက်နှာကို စေ့စေ့ကြည့်လျက် ရောင်ချွန်းမေးမြန်းလိုက်၏။

## ( ၁၄ )

'ကိုင်းဗျာ....ဒါဆိုလဲ ကျိန်ရတော့မှာပေါ့'

မကြာမီ စွန်ချန်းရွှေဝယ် ဘုန်းတော်ကြီး တိုင်ရှမ်းမှာ ကျိန်တွယ်ရန်ပြင်ဆင်နေခဲ့လေတော့သည်။ သူ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့် ဖြစ်နေရှာသည်။

'ငါတော့ မင်းရဲ့ယုံကြည်မှုကိုရအောင် ကျိန်ဆိုပြရတော့မှာပဲ၊ မင်းအဖေကို ငါမသတ်ပါဘူး၊ ငါသစ္စာနဲ့ ကျိန်ဆိုပါတယ်'

တိုင်ရှမ်းမှာ မျက်နှာမအီမသာနှင့် ကျိန်ဆိုပြနေရ၏။

'ခင်ဗျားမသတ်ဘူး ဆိုတာတော့ ယုံပါပြီ၊ ဒါပေမယ့် သူ့ကို သတ်တဲ့အထဲမှာ မကူညီဘူးလား'

'မကူညီဘူး'

တုန်တုန်ယင်ယင်နှင့် အပြစ်မရှိသူကဲ့သို့ ငြင်းဆို၏။

စွန်ချန်းက စူးစူးရဲရဲ စိုက်ကြည့်လိုက်သောအခါ တိုင်ရှမ်းမှာ အခြားတစ်ဖက်သို့ မျက်နှာကို လွှဲလိုက်သဖြင့်....

'ဘာဖြစ်သွာ တာလဲဗျ'

'ဘာမှ မဖြစ်ပါဘူး၊ နည်းနည်းနေမကောင်းလို့'

ခဏကြာလျှင် တိုင်ရှမ်းမှာ စွန်ချန်းရှေ့မှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

စွန်ချန်းကား ရောင်ချန်းနှင့် တိုင်ရှမ်းတို့၏ ကျိန်ဆိုမှုအား အခန်းလယ်တွင်ရပ်ကာ အတန်ကြာသည်ထိ စဉ်းစားနေမိခဲ့၏။

ရောင်ချန်းရော တိုင်ရှမ်းရော မျက်နှာအမူအရာတို့ ပျက်ပြားနေခဲ့ကြသည်။

ဒေါင်အိုက်မင်း မဲသေမီ ပြောပြချက်အား သူတို့အား ဖွင့်ချလိုက်လျှင်ဖြင့် မည်သို့ အခြေအနေ ဖြစ်လာနိုင်မည်လဲ၊ စွန်ချန်း တွေးတောနေမိလေသည်။

သူ ဒေါင်းကိုလှန်ပြီး စဉ်းစားလိုက်မိပြန်၏။

ထိုအခါ သူ့မျက်လုံးအစုံ၌ တစ်စုံတစ်ခုကို နံရံထက်တွင် တွေ့မြင်လိုက်ရသလို ဖြစ်သွား၏။

ထိတ်လန့်တုန်လှုပ်မှုလည်း ရင်ထဲတွင် ဖြစ်ပေါ်သွားလေ၏။



သူ မြင်လိုက်သောအရာကား နံရံတွင် ရေးဆွဲထားသော လူရိုင်းမုဆိုးတစ်ဦး၏ ပုံရိပ်ဖြစ်၏။

လူရိုင်းမုဆိုးမှာ လက်တစ်ဖက်က လှံကြီးတစ်ခုကို ကိုင်ထား၍ တစ်ဖက်ကား ခရာတစ်ခုကို မှုတ်နေဟန်ဖြစ်၏။

သို့သော် ထိုပန်းချီကားမှာ သာမန်ပန်းချီကားများတွင် တွေ့ရှိရသည့် ဆေးရေးမျက်လုံးကဲ့သို့ အသေမဟုတ်ဘဲ လူတစ်ဦး၏ ပကတိ မျက်လုံးအစစ်နှင့် မခြား အရှင်ဖြစ်နေကာ ပေကလတ် ပေကလတ်နှင့် သူ့အား လှမ်း၍ ကြည့်ရှုနေသောကြောင့် ဖြစ်သည်။

နေဝင်ဆည်းဆာချိန်ဖြစ်၍ မီးလင်းဖိုမှ မီးပုံတစ်ခုကို မီးဖိုထားသဖြင့် အနွေးဓာတ် ရရှိခလသည်။

မီးဖိုမှ အလင်းရောင်နှင့် စွန်ချန်းသည် မုဆိုး၏ မျက်လုံးက သူ့အား စိုက်ကြည့်နေသည်ကို မြင်တွေ့ရခြင်း ဖြစ်ပေသည်။

သူသည် မုဆိုး၏ မျက်လုံးကို စိုက်ကြည့်မြဲ ကြည့်နေ၏။ မီးဖိုမှ မီးရောင်မှာ အရှပ်ဘက်သို့ ထိုးနေရာ မျက်လုံးမှာ အသက်မရှိသော မျက်လုံးနှယ် လှုပ်ရှားနေသည်ကို မြင်ရပြီး ခဏချင်းအတွင်း မျက်လုံးမှာ ပြန်လည်ပိတ်သွားပြီး ထိုနေရာမှ ပျောက်ကွယ်သွားတော့၏။

မုဆိုးမျက်လုံးပေါက်မှနေကာ အဘက်အခန်းတချို့ဆီမှ လူတစ်ယောက်သည် စွန်ချန်းအား ချောင်းကြည့်နေသည်ကို စွန်ချန်း သိရှိရလေတော့သည်။

မိမိ၏ အခြေအနေကိုလည်း စွန်းချန်း သိရှိနားလည်သွားသည်။

ယင်ကွဲယန်း သတိပေးသည့် အေးအေးနေပါစွန်ချန်းရယ် ဟူသော စကားကို သူ ပြန်လည်ကြားယောင်၏။

ထို့ပြင် ဘုန်းကြီးတိုင်ရှမ်း၏ ပျက်နေသော အမူအရာအားလည်း မြင်ယောင်နေမိပြန်၏။

တကယ်တော့ ရောင်ချွန်း သူ့အား ခေါ်ခြင်းကား စစ်ဆေး မေးမြန်းလို၍ဖြစ်ပြီး သူ၏ သဘောထားအား သိရှိသောအခါ အဖြစ်ဒဏ် ရလိမ့်မည်ဟု စိတ်ထဲ သိရှိနေသလို ရှိ၏။

သည်ရဲတိုက်ကြီးမှာ သူ့အတွက် အကျဉ်းကျရာ ထောင်နရသိန်ကြီးနှင့်ပင် တူနေပြီလားဟု စွန်ချန်း တွေးနေမိ၏။ ထိုအခါ သူသည် စုဆွမ်ဆိုသော ကောင်လေးအား သတိတရ ရှိလာရတော့သည်။

ထိုသို့ အခန်းထဲ၌ တစ်ဦးတည်း အတွေးအမျိုးမျိုးနှင့် စဉ်းစားနေစဉ် ဓားသမားနှစ်ဦး အခန်းထဲဝင်လာကြသည်။

သူ့အနီးသို့ ရောက်လျှင် ဓားသမားတစ်ဦးက သူ့လည်မျိုအား ဓားနှင့် ထောက်ကာ....

'သခင်ရောင်ချွန်းရဲ့ အမိန့်အရ လိုက်ခဲ့ပါ'

'ဘယ်ကို လိုက်ခဲ့ရမှာလဲ'

'ဘုရားရှိခိုးခန်းမအထက်မှာရှိတဲ့ အလုံခန်းထဲကို ခေါ်သွားရမှာ'

'ငါ့ကို ဖမ်းကြတော့မှာလားကွ'



'မသိဘူး'

'အခန်းက ဘယ်လိုအခန်းလဲ'

'သိပ်လုံခြုံတဲ့ အခန်းတစ်ခုပဲ၊ တစ္ဆေခြောက်တယ်လို့ပြောတဲ့ အခန်း'

'ဘာ....အဲဒီအခန်းက တစ္ဆေလဲရှိတယ် ဟုတ်လား'

'ဟုတ်တယ်၊ တစ်ခါတုန်းက လူတစ်ယောက်ကို အဲဒီထဲမှာ ဖမ်းထားဖူးတယ်၊ တစ်ညပါပဲ၊ နောက်တစ်နေ့ကျတော့ အဲဒီလူ အစပျောက်သွားတာပဲ၊ တချို့ကလဲ တစ္ဆေစားသွားတယ်လို့ ပြောကြတယ်'

စွန်ချန်း သက်ပြင်းချလိုက်မိတော့သည်။

ရောင်ချွန်း၏ လက်ဦးမှုက ရသွားခဲ့ပြီပဲ။ နောက်မှ မီးစင်ကြည့်ကရတော့မည်လေ....။

'ဒါဆို လိုက်တာပေါ့ဗျာ'

သို့နှင့် သူ့အား ဖမ်းဆီးခေါ်ဆောင်သွားကြလေတော့သည်။

## ( ၁၅ )

### အကျဉ်းခန်းထဲမှ အချစ်

တီယင်ချီ ရဲတိုက်ကြီးတွင် ကင်းစောင့်နေသူများသည် ရဲတိုက်နံရံပေါ်ရှိ သူရဲခိုးများတွင်စောင့်နေသော်လည်း ရန်သူ၏ အရိပ်အခြည်ကို တစ်စုံတစ်ရာမျှ မတွေ့ရှိရပေ။

သို့ဖြင့်ပင် နေလုံးကလည်း အနောက်ဘက် တီယင်ချီ သစ်တောဘက်တွင် ကွယ်ပျောက်သွားကာ ညဉ့်၏အမှောင်ထုက စိုးမိုးဝင်ရောက် လာလေတော့သည်။

ညဉ့်နက်လာသောအခါ ရောင်ချွန်း၏စာကို ရန့်ကျင့်ဖေထံ ယူဆောင်သွားမည့် ကျူးစီရှာဆိုသည်မှာ ရဲတိုက်တံခါးဝ

အထက်နားရှိ ပြအိုးသဖွယ်ဆောင်ထားသော မျှော်စင်အတွင်းခန်းလေးတစ်ခု အတွင်း ရောက်နေလေသည်။

ထိုနေရာမှနေပြီး ကျူးစီရှာအား ရောင်ချွန်းနှင့် ယင်ကဲ့ယန်းတို့က ရဲတိုက်နံရံအတွင်း ကြိုးနှင့် လျှော၍ချပေးကြလေသည်။

ကျူးစီရှာသည် ကြိုးကိုကိုင်ပြီး ရဲတိုက်နံရံနှင့် အောက်ခြေအပြင်ဘက်သို့ လျှောဆင်းသွားရာ မကြာမီအတွင်း အောက်ခြေတွင် ရှိသော ကိုင်းပင်များကြားသို့ ရောက်ရှိသွားပေတော့သည်။

ထို့နောက် ကျုံးကိုဖြတ်ကူး၏။

ရောင်ချွန်းနှင့် ယင်ကဲ့ယန်းတို့မှာ ကျူးစီရှာ ကိုင်းပင်များထဲ တိုးဝင်ပျောက်ကွယ် သွားသည်အထိ စောင့်ကြည့်ပြီးမှ ပြန်လှည့်ထွက်သွားလေတော့သည်။

လမ်းတွင် ရောင်ချွန်းက ယင်ကဲ့ယန်းအား....

'မြားနီဂိုဏ်းကကောင်တွေလဲ လူတွေပဲကွာ၊ ဒီလိုအချိန်အိပ်ကြရောပေါ့၊ ကျူးစီရှာ ရဲတိုက်က ထွက်သွားတာကို သူတို့သိပုံမပေါ်ဘူး'

'ဆရာ ရောင်ချွန်း၊ မြားနီဂိုဏ်းကကောင်တွေကို လျှော့မတွက်နဲ့နော်၊ ဒီကောင်တွေက အင်မတန်လျှင်တဲ့ ကောင်တွေ'

'ဒါပေမယ့် ကျူးစီရှာက သူတို့နဲ့ ပါးနပ်တယ်လေ'

ယင်ကဲ့ယန်း မည်သို့မျှ ပြန်မပြောပါလေတော့၊ သူတို့နှစ်ဦးသား တိတ်ဆိတ်စွာ လျှောက်သွားကြလေသည်။



ထိုနေ့ည တစ်လျှောက်လုံး၌ စွန်ချန်းမှာ အမိန့်အမျိုးမျိုးအရ ဟိုနေရာပြောင်းရွှေ့ သည်နေရာပြောင်းရွှေ့ အလုပ်ခံနေရရာ အတည်တကျဟူ၍ နေရာမရှိခဲ့ချေ။

စွန်ချန်းသည် စုဆွမ်နှင့် အလွန်ပင် တွေ့မြင်ချင်၏။

သူနှင့်တွေ့လျှင် လွတ်ရာလွတ်ကြောင်း တိုင်ပင်ဆွေးနွေးလို့ရမည်။

သူ လွတ်မြောက်လျှင်လည်း စုဆွမ်အား မထားရစ်ခဲ့ချင်ပေ။

နောက်ဆုံးတွင်တော့ စွန်ချန်းမှာ မှန်အိမ်တစ်လုံးနှင့် ဘုရားရှိခိုးခန်းမ အထက်ရှိ အလုံခန်းသို့ သွတ်သွင်းခံရလေတော့သည်။

အခန်းမှာ အတော်ကျယ်၍ ခပ်နိမ့်နိမ့်ဖြစ်ပြီး ပျှင် မှောင်မိုက်လှ၏။

တစ်ခုတည်းသော ပြတင်းမှကြည့်လျှင် ရဲတိုက်ပတ်ချာလည်ရှိ ရေကျုံးကို မြင်နေရလေသည်။

ထိုနေရာမှ အောက်ခြေမြေပြင်အထိ အလွန်မြင့်မားသော်လည်း ပြတင်းပေါက်ကို သံတိုင်များ တပ်ဆင်ထားသည်ကို တွေ့ရ၏။

အခန်းထဲတွင်အိပ်ရန် ခုတင်တစ်လုံးရှိပြီး ခေါင်းအုံး တစ်လုံးလည်း ချထားပေးသည်။

နံရံတစ်လျှောက်တွင်ကား ဗီရိုများ၊ သေတ္တာများချထားကာ ရှုတ်တရက် မမြင်ရအောင် ဆေးသုတ်ခြယ်လှယ်ထားလေသည်။

စွန်ချန်းသည် အခန်းတွင်း၌ ဟိုဟိုသည်သည် လျှောက်ကြည့်သည်။

ထို့နောက် ဗီရိုများကိုဖွင့်ရန် ကြိုးစားသည်။
သို့သော်လည်း အားလုံးပင် သော့ခတ်ထားသည်ဖြစ်၍ ဖွင့်လို့မရ။
ထို့နောက် သူသည် ဝင်လာသောတံခါးကို မင်းတုံးထိုးပြီး အခိုင်အမာပိတ်လိုက်ကာ မှန်အိမ်ကို စားပွဲတစ်ခုပေါ်သို့ တင်ပြီး လျှောက်ကြည့်ပြန်၏။

သူ့အား သည်အခန်းထဲ၌ မည်သည့် အတွက်ကြောင့် လှောင်ပိတ်ရသနည်း။
ဤအခန်းကိုလာရောက်နိုင်သော လျှို့ဝှက်သည့်လမ်းများ ရှိနေသလော။
အခန်းတွင် တကယ်ပင် တစ္ဆေခြောက်သလော စသည်ဖြင့် စွန်ချန်းသည် သူနားမလည်သော အတွေးများကို စဉ်းစားနေတော့၏။
သူ၏ အခန်းအထက်၌ သူရဲခိုတွင် ကင်းစောင့်နေသော ကင်းသမား၏ခြေသံ ကြားနေရ၏။

အောက်တည့်တည့်တွင်ကား ဘုရားရှိခိုးခန်းမရှိပြီး ဘုရားရှိခိုးခန်းမ တစ်ဖက်တွင်ကား အခန်းမကြီးတစ်ခု ရှိသည်ကို သူသိသည်။
ခန်းမကြီးထဲတွင် လျှို့ဝှက်သောလမ်းတစ်ခု မှချရှိ၏။



လျှို့ဝှက်သော လမ်းရှိသောကြောင့်သာ ခန်းမကြီးထဲတွင် သူရှိနေစဉ် မုဆိုးရုပ် မျက်လုံးပေါက်မှလူတစ်ယောက်ချောင်း ကြည့်နေခြင်း ဖြစ်ရပေမည်။

## ( ၁၆ )

လျှို့ဝှက်သော လမ်းမသည် ဘုရားရှိခိုးခန်းမသို့ သွားရောက်နိုင်ခဲ့လျှင် ယခု သူရောက်ရှိနေသော အလုံခန်းသို့ အရောက်ဖောက်လုပ်ထားသော လမ်းဖြစ်မည်ဟု စဉ်းစားနေသည်။

ဤ အလုံခန်းထဲ၌ နှစ်ခြိုက်စွာ အိပ်မိလျှင် မိုက်မဲရာကျပေမည်။

သို့ဖြင့် သူသည် လိုလိုမည်မည် အသင့်လုပ်ထားကာ အခန်း ထောင့်တစ်နေရာ တံခါးဝနှင့်နီးသော နေရာတွင် ထိုင်နေ၏။

မိမိအား လာရောက်တိုက်ခိုက်လျှင် ရန်သူကို ပြန်လည်တိုက်ခိုက်ရင်း အစစ်ခံမည်ဟု စိတ်ကို ပိုင်းဖြတ်ထားလေ၏။

အလုံခန်းအထက်မှ ဘယ်သူလဲဟု မေးသံ စကားဝှက်ကို ဖြေသံ၊ လူသွားသော ခြေသံများကို ကြားရခြင်းကြောင့် သူ၏ ခိုတွင် ကင်းလဲနေကြောင်း ထင်ရှား၏။

ထိုအခိုက်တွင် တံခါးဝနားတွင် ကုတ်သံခြစ်သံကြားရပြီး အသံအနည်းငယ် ကျယ်လာကာ တီးတိုးလေသံနှင့်....

'စွန်ချန်း....စွန်ချန်း'

စွန်ချန်းသည် တံခါးဝသို့ ပြေးပြီး မင်းတုံးကို နုတ်ကာ ဖွင့်လိုက်ရာ စုဆွမ် ဝင်လာလေ၏။

စုဆွမ်မှာ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေပြီး မှန်အိမ်တစ်လုံးနှင့် ဓားတစ်ချောင်းကို ကိုင်လာ၏။

အထဲရောက်လျှင် စွန်ချန်းအား....

'ပိတ်ပိတ် တံခါးမြန်မြန်ပိတ်လိုက်၊ ဒီရဲတိုက်ကြီးတစ်ခုလုံး သူလျှိုတွေချည်းပဲ၊ အခုလာတာတောင် လိုက်ချောင်းနေကြတယ် ထင်တယ်'

စွန်ချန်းက တံခါးကို လျင်မြန်စွာ ပိတ်လိုက်လေသည်။

'အခိုက်အတန့်တော့ လုံခြုံပါတယ်ကွာ၊ မင်းနဲ့တွေ့ရတာ ဝမ်းသာလိုက်တာ၊ ငါက မင်းကို ထွက်ပြေးပြီလို့ ထင်နေတာ မင်း ဘယ်ရောက်နေတာလဲ'

'အို....ဒါတွေ မေးမနေစမ်းပါနဲ့၊ အခုချက်ချင်း တွေ့နေရပြီပဲ၊ ဒါက အရေးမကြီးပါဘူး၊ ဒါပေမယ့် စွန်ချန်း ခင်ဗျားကို သူတို့ ဘာလုပ်ကြမယ် ထင်သလဲ'



'မသိဘူးလေ'

'ဒီနေ့ညလား နက်ဖြန်ညလားတော့ မသိဘူး၊ ဒါပေမယ့် ဘယ်အချိန်ဖြစ်ဖြစ် သူတို့ ခင်ဗျားရဲ့ အသက်ကို လုပ်ကြံကြလိမ့်မယ်၊ အဲဒါ သူတို့ပြောမနေသံကို ကြားရတယ် သတိထား'

'ထင်တော့ ထင်သားပဲ'

စုဆွမ်က အခန်းတွင်းရှိ နေရာများကို လိုက်လံစူးစမ်းရင်း ကြည့်ရှုနေခဲ့သည်။

'လျှို့ဝှက်တဲ့လမ်းတော့ အရိပ်အယောင်တောင် မမြင်ရဘူး၊ ဒီအလုံခန်းကိုလာတဲ့ လျှို့ဝှက်တဲ့ လမ်းတစ်ခုရှိတာတော့ အမှန်ပဲ၊ ဒါပေမယ့် ကျုပ် ခင်ဗျားနားမှာ နေမယ်ဗျာ၊ ခင်ဗျားသေရင် ကျွန်တော်လဲ လိုက်ပြီး အသေခံမယ် တွေ့လား၊ ဒီမှာ ဓားမြှောင်တစ်လက် ခိုးလာခဲ့တယ်၊ ကျွန်တော် တော့ ဘယ်သူဖြစ်ဖြစ် ခင်ဗျားကိုထိရင် တွယ်မှာပဲ၊ ဒီအချိန်တွင်းမှာ ထွက်လမ်းတစ်ခုခု တွေ့ရင်လဲ ခင်ဗျားနဲ့အတူ ပြေးလိုက်ခဲ့မယ်'

စုဆွမ်က သူ့အပေါ် အလွန်သံယောဇဉ်ရှိနေသည်အား စွန်ချင်း သိရှိရလေသည်။

'မင်းကို ကျေးဇူးတင်ပါတယ်၊ သတ္တိကိုလဲ ချီးကျူးပါရဲ့'

'ပြေးဖို့အခွင့်အရေးတစ်ခုတော့ ရှိတယ်၊ ရောင်ချွန်းဆီက ရန်ကျင့်ဖေဆီကို လွှတ်လိုက်တဲ့ စီကျူးရှာဟာ အခုနကပဲ ရဲတိုက်ပေါ်က ကြိုးနဲ့ လျှောဆင်းတယ်၊ အဲဒီကြိုးဟာ လျှော

ဆင်းတဲ့နေရာမှာပဲ ရှိဦးမယ် ထင်တယ်၊ မျှော်လင့်ချက်တော့ ရှိပါတယ်'

စုဆွမ်က သူရရှိခဲ့သော သတင်းများနှင့် ဖြစ်နိုင်သည်များကို ပြောပြ၏။

'ဟော....တိုးတိုးပေါ့ တိုးတိုး'

နားစွင့်ထောင်လိုက်ရာ ကြမ်းပြင်အောက်ဆီတွင် တစ်စုံတစ်ဦး လမ်းလျှောက်နေရာမှ ရပ်တန့်သွားသံကို ကြားရသဖြင့် စုဆွမ်က တီးတိုးပြောသည်။

'တရုံယောက်ယောက် အောက်က အခန်းထဲမှာ လမ်းလျှောက်နေတယ် ထင်တယ်'

'အောက်မှာ တခြားအခန်း မရှိဘူးကွ၊ ဘုရားရှိခိုးခန်းပဲရှိတယ်၊ ငါ့ကို သတ်မယ့်လူဟာ လျှို့ဝှက်တဲ့လမ်းအတိုင်း လာနေတာ ထင်တယ်၊ လာစမ်းပါစေ ကိုယ့်လူတော့ ဒီရောက်ရင် အသေတွယ်ရမှာပဲ'

'ဒါဖြင့် မှန်အိမ်တွေကို ငြိမ်းထားရအောင်'

သို့ဖြင့် သူတို့မှန်အိမ်များကို ငြိမ်းလိုက်ကြ၏။

အောက်မှ ခြေသံများမှာ ညင်သာစွာ ကြားရပြီး မကြာမီ ခြေသံကို ပြန်ကြားရပြန်ကာ အလုံခန်းထောင့် တစ်နေရာမှ မီးရောင်ကလေး ထိုးထွက်နေသည်ကို မြင်ရ၏။

မကြာမီ အတွင်းထိုထောင့်မှ နံရံသည် မြင့်တက်လာပြီး လျှို့ဝှက်သော တံခါးဝသည် ပွင့်လာကာ မီးရောင်ဝင်လာသည်ကို တွေ့ရပေသည်။



တံခါးကို လက်တစ်ဖက်က ဖွင့်နေသည်ကို မြင်ရသဖြင့် စွန်ချန်းသည် လူပေါ်လာလျှင် ပစ်ခတ်ရန် လေးနှင့်ချိန်ထားသည်။

ထိုအခိုက်တွင် ရဲတိုက်ပေါက်ဝဆီမှ ဆူဆူညံညံအသံများကို ကြားရ၏။

ဓားသမားများသည် တစ်စုံတစ်ဦး၏ နာမည်ကို ဟစ်အော်၍ ခေါ်နေကြလေသည်။

လူသတ်မားသည် ရဲတိုက်ပေါက်ဝမှ အော်သံကြားရသဖြင့် ရေးကြီးသုတ်ပျာနှင့် ပြန်သွားဟန်တူသည်။

သူ၏ခြေသံမှာ အလုံခန်း အောက်နားတစ်လျှောက် ကြားရပြီး ပျောက်ကွယ်သွားလေသည်။

ဤတွင် စွန်ချန်းတို့မှာ အသက်ရှူပေါက် အနည်းငယ် ရလိုက်ကြ၏။

လူသတ်သမားအား နောက်ဆုတ်သွားစေသော ရဲတိုက် ပေါက်ဝမှ အသံများမှာ ဆင့်ကာဆင့်ကာ ကျယ်လောင်လာ လေသည်။

ရဲတိုက်တစ်ခုလုံးတွင်ပင် ပြေးကြလွှားကြနှင့် ခြေသံများ၊ အော်ဟစ်သံများ တံခါးကို ဖွင့်သံ ပိတ်သံများနှင့်အတူ ရောင်ချန်း၏ ကျင်ကျူး....ကျင်ကျူးဟု အော်သံများကို ကြားနေရလေသည်။

'ကျင်ကျူးလို့ ခေါ်နေတယ်၊ ကျင်ကျူး ထွက်ပြေးလို့ လိုက်ဖမ်းနေတာ ထင်ပါရဲ့၊ ဒါပေမယ့် ဒီရဲတိုက်ထဲမှာ ငါ သိသလောက်တော့ ကျင်ကျူးဆိုတဲ့လူ မရှိပါဘူး၊ ဒီလူ ဘယ် သူများပါလိမ့်'

စုဆွမ်သည် စကားပြန်မပြောဘဲ ပြတင်းပေါက်ဆီသို့ တိုး သွားလေ၏။

မိုးကောင်းကင်မှာကား မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေး များနှင့် ကြည်လင်သန့်စင်လျက် ရှိ၏။

ကြယ်ရောင်ဝိုးတဝါးမှ အလုံခန်းတစ်ခုလုံး မှောင်အတိ ကျနေလေသည်။

စွန်ချန်းက စုဆွမ်အား မေးမြန်းလိုက်လေသည်။

'ဟေ့...မင်း အဲဒီကျင်ကျူးဆိုတာကို သိသလား၊ ငါ တော့ မကြားမိပါဘူး'

'ဒီကောင်မလေးကို မတွေ့ဖူးဘူး'



'ဘာ....ကောင်မလေး ဟုတ်လား၊ မိန်းမနာမည်လား'

စွန်ချန်းက အံ့ဩသောမျက်နှာဖြင့် မေးမြန်းလိုက်သည်။

ထိုအခိုက်တွင် ခြေသံတစ်ခုသည် အလုံခန်းနှင့်နီးလာကာ ရောင်ချန်း၏ လေသံမျိုးဖြင့် ကျင်ကျူးအား ဟစ်ခေါ်ခြေ ခေါ်နေသလို ကြားကြရလေ၏။

'မင်း ကျင်ကျူးကို မတွေ့ဖူးရင် တခြားလူတွေ သူ့ အကြောင်း ပြောသံ ဆိုသံကိုရော မကြားမိဘူးလား'

'ပြောသံဆိုသံတော့ ကြားဖူးပါရဲ့'

'ဟေ့....မင်းအသံက ဘာလို့ တုန်တာတုန်းကွ၊ ဘာဖြစ် နေတာလဲ နေမကောင်းဘူးလား၊ ကျင်ကျူးထွက်ပြေးတာလဲ ကောင်းကောင်းပဲဟေ့၊ သူ့ကိုလိုက်ဖမ်းနေရတာနဲ့ ရောင်ချန်း တို့ဟာ တို့ကို ခဏတော့ မေ့နေမှာပဲ'

'အို... စွန်ချန်း၊ ကျွန်မဟာ ကျင်ကျူးပဲ'

'ဘာ....မင်းဟာ ကျင်ကျူး'

စွန်ချန်း အံ့ဩသောမျက်နှာဖြင့် စိုက်ကြည့်၏။

'ဟုတ်တယ်၊ သူတို့က ဖမ်းမိသွားရင် ရှင်ရော ကျွန်မရော ဒုက္ခရောက်လိမ့်မယ်၊ ဒီရဲတိုက်ထဲက မြန်နိုင်သမျှမြန်မြန်ထွက် ပြေးမှ ဖြစ်မယ်ထင်တယ်'

ဤတွင်မှ စွန်ချန်းသည် ယောကျ်ားလိုဝတ်ထားသူ စုဆွမ် သည် ကျင်ကျူးဆိုသော မိန်းကလေးတစ်ဦး ဖြစ်နေမှန်း သိ ရလေတော့သည်။

'ဩော်....လက်စသတ်တော့ မင်းဟာ ငါ့ကိုလက်မထပ်ချင် ဘူးဆိုတဲ့ ကျင်ကျူးကိုး'

ကျင်ကျူးကား စကားပြန်မပြောနိုင် ငြိမ်သက်တိတ်ဆိတ် နေ၏။

'မင်းက ငါ့အသက်ကိုလဲ ကယ်ခဲ့တယ်၊ ငါကလဲ မင်း အသက်ကို ကယ်ခဲ့တယ်၊ တစ်ခါတုန်းက မင်းကို ငါခါါးကြိုး နဲ့ ရိုက်မယ်လုပ်ဖူးတော့ မိတ်ဆွေလဲ ဖြစ်ဖူးသလို ရန်သူလဲ ဖြစ်ဖူးတာပေါ့ကွာ၊ ဒါပေမယ့် ငါမင်းကို မိန်းကလေးလို့ မထင်ခဲ့ဘူး၊ ယောကျ်ားလေးလို့ပဲ ထင်ခဲ့တာပဲ၊ အခု ငါ့မှာ သေရမယ့်အရေးနဲ့ ရင်ဆိုင်နေရပြီ၊ ဒါပေမယ့် ငါမသေခင် မင်းကို ပြောပစ်ခဲ့ချင်တယ်'

စွန့်ချွန်းက စုဆွမ်ခေါ် ကျင်ကျူးအား စူးစူးရဲရဲ ကြည့် ကာ ဆက်လက်ပြောပြန်သည်။

'မင်းဟာ အလွန်ရဲရင့်ပြီး လှပတဲ့မိန်းမတစ်ဦးပဲ၊ တကယ် လို့သာ အသက်ရှင်နေဦးမယ်ဆိုရင် ငါမင်းကို ဘယ်နည်းနဲ့ မဆို လက်ထပ်မှာပဲ၊ ဘာပဲဖြစ်ဖြစ် သေရသည်ဖြစ်စေ, ရှင်ရ သည်ဖြစ်စေ ငါမင်းကိုချစ်တယ်'

ကျင်ကျူးသည် စကားတစ်ခွန်းမှ ပြန်မပြောသေးချေ။ တိတ်ဆိတ်ငြိမ်သက်၍ မလှုပ်မယှက် ငေးငိုင်လျက်ရှိ၏။

'ဟေ့ ...ပြောပါဦးကွ၊ မင်း ငါ့ကို ပြန်ချစ်နိုင်မှာလား'

'ဩြော်....မချစ်ရင် ဒီလို ရှင်နဲ့လာတွေ့ပါ့မလားရှင်'

စွန့်ချွန်းမျက်နှာမှာ ဝမ်းသာအားရဖြင့် ပျော်ရွှင်သွား သည်။

'အေး....ငါ အရမ်းဝမ်းသာတာပဲ၊ ငါတို့အတူထွက်ပြေး ပြီး လွတ်မြောက်သွားရင် လက်ထပ်ကြမယ် ဟုတ်လား၊ သေရ



မယ်ဆိုရင် အတူတူပဲ သေမယ်၊ ဒါနဲ့နေပါဦး၊ မင်း ဘယ်ပုံ ဘယ်နည်း ဒီအခန်းထဲ ရောက်လာတာလဲ၊ ငါရှိတယ်လို့ မင်းကို ဘယ်သူက ပြောသလဲ'

'ယောင်ကဲ့ယန်းမိန်းမကို မေးကြည့်လို့ သိတာပေါ့'

## ( ၁၈ )

ထိုစဉ် စကားပြောနေကြခိုက် တံခါးဝဆီမှ ခြေသံကြားရပြီး ပြင်းထန်စွာ တံခါးခေါက်သံကို ကြားရကာ အသံတစ်ခုက....

'ဟေ့....စွန်ချွန်း တံခါးဖွင့်စမ်းကွာ'

စွန်ချွန်းက မည်သို့မျှမလှုပ် ပြန်လည်မထူးဘဲ ငြိမ်သက်စွာနေ၏။

စုံဆွမ်ခေါ် ကျင်ကျူးမှာ ငိုမဲ့မဲ့မျက်နှာလေးနှင့် စွန်ချွန်းအား ကြောက်လန့်တကြား ဖက်ထားသည်။

'ကျွန်မတို့ သေကြရတော့မှာပဲ'

တံခါးဝအပြင်ဘက်တွင်ကား တဒုန်းဒုန်းနှင့်ထုနေကြပြီး တစ်ဦးပြီးတစ်ဦး ရောက်လာကြသဖြင့် နောက်ဆုံး၌ ရောင်ချွန်း ကိုယ်တိုင် ရောက်လာပြီး အော်ဟစ်ခေါ်နေတော့သည်။

'ဟေ့ ကောင်စွန်ချန်း တံခါးဖွင့်စမ်း၊ အဲဒီထဲမှာကျင်ကျူး ရောက်နေတယ်ဆိုတာ တို့သိထားတယ်ကွ'

စွန်ချန်းမှာ မည်သို့မှ မတုံ့ပြန် တိတ်ဆိတ်မြဲ တိတ်ဆိတ် နေ၏။

အပြင်ဘက်တွင်ကား ရောင်ချွန်းသည် လွန်စွာ ဒေါသူလျက် ရှိ၏။

'ဒီလောက်တောင်ဖြစ်တာ တံခါးကိုဖျက်ကြစမ်းဟေ့'

မကြာမီ တံခါးအား ဓားများ ပုဆိန်များနှင့် ဝိုင်းဝန်း ထိုးခုတ်နေကြတော့သည်။

တံခါးမှာ အလွန်ခိုင်ခံ့သော်လည်း မကြာမီပင် ပွင့် ထွက်သွားရတော့မည်ဖြစ်သည်။

ဤအချိန်တွင် ကံကြမ္မာသည် သူတို့အား ဖေးဖေးမမ ကူလိုက်ပြန်သည်။

တံခါးကို ထုရိုက် ထိုးခုတ်နေစဉ်မှာပင် ရဲတိုက် နံရံတွင် ကင်းစောင့်နေသူ ဓားသမားများထဲမှ ဟစ်အော်သံများအား ကြားကြရပြန်၏။

ထို့အတူ သစ်တောဘက်ဆီမှလည်း အော်ဟစ်သံများကို ကြားရသဖြင့် မြားနီဂိုဏ်းသားများက ရဲတိုက်ကြီးကိုတိုက်ခိုက် နေသည်ဟု ထင်ရလေသည်။



ထို့ကြောင့် ရောင်ချွန်းနှင့် သူ၏ နောက်လိုက်များမှာ တံခါးကို ထိုးခုတ် ရိုက်ဖွင့်နေခြင်းမှ ရပ်တန့်ကာ လျင်မြန်စွာ ထို နေရာမှ ထွက်ခွာသွားကြလေတော့သည်။

'ခုထိတော့ တို့များဘက် ကံကြမ္မာကရှိသေးတယ်'

စွန်ချန်းသည် အိပ်ရန် ခင်းထားသည့် ခုတင်ကြီးကို ကျင် ကျူး၏ အကူအညီနှင့် နှစ်ယောက်သားမယူကာ တံခါးတွင် ပိတ်၍ချထားလိုက်၏။

* * *

'ဒီလိုလုပ်ရင် ပိုဆိုးမှာပေါ့၊ ဒီတစ်ခါလာရင် လျှို့ဝှက်တဲ့ လမ်းကနေပြီး လာလိမ့်မယ်ထင်တယ်'

'ကိစ္စမရှိပါဘူး၊ ရောင်ချွန်းဟာ ဒီ လျှို့ဝှက်တဲ့ လမ်းကို တော့ တခြားလူတွေ အသိပေးမှာမဟုတ်ဘူး၊ ငါတို့ အဲဒီ လျှို့ဝှက်တဲ့လမ်းအတိုင်း ပြေးကြရအောင်၊ အပြင်ဘက်ကလဲ မြားနီဂိုဏ်းကတိုက်တာ ပြီးသွားပြီထင်တယ်၊ အသံမကြားရ တော့ဘူး၊ တကယ်ရော မြားနီဂိုဏ်းက လာတိုက်တာမှ ဟုတ် ရဲ့လား မသိဘူး'

စင်စစ်အားဖြင့် ရဲတိုက်ကြီးကို မြားနီဂိုဏ်းက တိုက်ခိုက်ခြင်း မဟုတ်ပေ။

အမှန်မှာ မိုးမခရွာတိုက်ပွဲမှ နောက်ထပ် ထွက်ပြေးလာသူများကို ရဲတိုက်တွင်းမှ လူများက အသင်လွဲနေကြကာ မှားယွင်း အော်ဟစ်ကြခြင်းသာ ဖြစ်သည်။

သို့သော်လည်း ချက်ချင်းပင် အကြောင်းမှန်ကို သိရှိသွားကြကာ ထွက်ပြေးလာသူများအား ရဲတိုက်အတွင်းသို့ ဝင်ခွင့်ပြုလိုက်သဖြင့်၊ တိုက်ပွဲမှ ပြေးလာသူများမှာ ရဲတိုက်အလယ်ရှိ အဆောက်အအုံတွင် ရောက်နေကြလေပြီ။

'ကိုင်း....လာဟေ့ လျှို့ဝှက်တဲ့လမ်းအတိုင်း ပြေးကြစို့၊ တော်ကြာ ရောင်ချွန်းကြီး ရောက်လာလိမ့်မယ်'

စွန်ချန်းသည် ငြိမ်းထားသော မှန်အိမ်ကို ပြန် ထွန်းညှိကာ လျှို့ဝှက်လမ်းရှိရာထောင့်သို့သွားပြီး နံရံမှ သစ်သားပြားကြားထဲတွင် ဓားမြှောင်သွားအား သွင်းပြီး ထိုးကော်လိုက်သည်။

အပေါက်မှာ ကံကောင်းစွာပင် ပွင့်လာ၏။

ထို ပွင့်လာသောအပေါက်မှ သူတို့ တိုးဝင်လိုက်ကြသည်။

လမ်းတွင် လှေကားတစ်ခုတွေ့ရပြီး လိုက်ဆင်းသွားရာ လူသတ်သမား လာစဉ်က ကျန်ရစ်ခဲ့သော မှန်အိမ်တစ်လုံးကို တွေ့ကြရ၏။

သို့ဖြင့် သူတို့သည် မှန်အိမ်ကို ငြိမ်းပစ်လိုက်ကာ ဆက်လက်၍ လှေကားအတိုင်း ဆင်းလာကြ၏။



ထိုစဉ် သူတို့နှစ်ဦး၏ အလုံအခန်းတံခါးအား ရောင်ချွန်းနှင့် သူ၏ နောက်လိုက်များက ဓားများ လှံများဖြင့်ထိုးခုတ်ရိုက်ပုတ်လျက် ဖွင့်နေကြပြီဖြစ်လေသည်။

စွန်ချန်းနှင့် ကျင်ကျူးတို့နှစ်ဦးကား လျှို့ဝှက်လမ်းငယ်အတိုင်း တောက်လျှောက် ဆက်လက် ပြေးနှင်လျက် ရှိကြလေတော့သည်။

( ၁၉ )

**လမ်းဆုံးတစ်နေရာ**

လျှို့ဝှက်သောလမ်းမှာ ကျဉ်းမြောင်းပြီး မှောင်မိုက်လှ၏။ လမ်းဆုံးသို့ ရောက်သောအခါ တံခါးပေါက်တစ်ခုမှာ ပွင့်လျက်ရှိ၏။

လူသတ်သမားလာစဉ်က လူသတ်သမားမှာ ရေကြီးသုတ်ပျာ ပြန်သွားရသဖြင့် တံခါးကို ပြန်မပိတ်ဘဲ ဖွင့်လှစ်ထားခဲ့ခြင်း ဖြစ်ပေသည်။

တံခါးပြင်ဘက်တွင် လမ်းနှစ်ခုကို တွေ့ရ၏။ စွန်ချန်းတို့လည်း လမ်းတစ်ခုအတိုင်း စွတ်ပြီး ဝင်သွား၏။

အောက်မှ ကြမ်းပြင်မှာကား ဘုရားရှိခိုးခန်းမပေါ်တွင် ရှိသောကြောင့် ခြေသံဖြင့် လိုက်သံထွက်နေသည်။

အချို့နေရာများတွင် ချောင်းကြည့်ရန် အပေါက်များကို တွေ့သဖြင့် အပေါက်တစ်ခုကို လှမ်းကြည့်လိုက်ရာ ဘုရားရှိခိုးခန်းမကြီးကို တွေ့မြင်ရလေသည်။

ဘုရားရှိခိုးခန်းမထဲတွင်ကား တိုင်ရှမ်းမှာ ဘုရားရှေ့တွင် ဒူးထောက်ပြီး အာရုံပြုနေသည်ကို တွေ့ရသည်။

နောက်ထပ်ဆက်၍ သွားပြန်ရာ လှေကားထစ် အတိုင်း ဆင်းကြရ၏။ လမ်းမှာ ပိုမို၍ ကျဉ်းမြောင်းလာသည်။

နံရံတစ်ဖက်မှာ ပျဉ်ပြားဖြင့် ပြုလုပ်ထားရာ တစ်ဖက်ခန်းဆီမှ စကားပြောနေကြသော လူသံများကို ကြားရလေသည်။

တစ်ဖန် အပေါက်တစ်ခုကို တွေ့ရပြန်သဖြင့် ချောင်းကြည့်လိုက်ရာ ဓားသမားများ စုဝေးနေသည့် အဆောက်အအုံ ဖြစ်နေ၏။

မိုးမခတိုက်ပွဲမှ ပြန်ရောက်လာသူ ဓားသမားများ အရက်သောက်လျက်ရှိသည်ကို တွေ့ရသည်။

စွန်ချန်းက...

'ဒီလမ်းကတော့ မစွံဘူးဟေ့၊ နောက်ပြန် ဆုတ်ပြီး တခြားလမ်းက သွားကြည့်ရအောင်'

'မဟုတ်ပါဘူး၊ ဆုံးအောင် သွားကြည့်စမ်းပါဦး'

ဟု ပြောကာ ကျင်ကျူးသည် ရှေ့သို့ တိုးသွားလေ၏။



သို့သော်လည်း လမ်းမှာ မကြာမီ ဆုံးခန်းသို့ ရောက်နေတော့၏။

တစ်ဖက်ခန်းတွင် ဓားသမားများ ရှိနေသဖြင့် ဆက်သွား၍ မဖြစ်နိုင်ဘဲရှိနေ၏။

သို့ဖြင့် သူတို့နှစ်ဦးသည် နောက်ပြန်ဆုတ်ကာ အခြားလမ်းတစ်ခုသို့သွားရန် စိုင်းပြင်းကြ၏။

ထိုလမ်းမှာ များစွာ ကျဉ်းမြောင်းပြီး လူတစ်ဦး ကောင်းစွာ လှမ်းလျှောက်ရန် မလွယ်လှပေ။

နောက်ဆုံးတွင် ဆင်းလိုက်တက်လိုက်ဖြင့် လျှောက်သွားကြရ၏။ စွန်ချန်းတို့မှာ ရဲတိုက်ကြီး၏ မည်သည့် အပိုင်းသို့ ရောက်နေကြသည်ကိုပင် မခန့်မှန်းနိုင်အောင် ဖြစ်နေကြသည်။

နောက်ဆုံးတွင် လမ်းမှာ ကျဉ်းသထက်ကျဉ်း ကျပ်သထက် ကျပ်ပြီး နိမ့်ဆင်းလျက်ရှိသည်ကို တွေ့ရ၏။

မကြာမီအတွင်း သူတို့သည် ထောင့်တစ်ထောင့်ကို ရောက်လာပြီး လမ်းမှာ လှေကားတစ်ခုအတိုင်း တက်သွားလေ၏။

လှေကားထိပ်တွင် ကျောက်တုံးကြီးတစ်ခုကို ချထားရာ ကျောက်တုံးမှာ အောက်တွင်ရှိသော အခန်းတစ်ခု၏ အပေါက်တွင် ဖိပိတ်ပြီး ချထားခြင်းဖြစ်ဟန်တူ၏။

စွန်ချန်းသည် ကျောက်တုံးကို တွန်းကြည့်ရာ လုံးလုံး မလှုပ်သဖြင့် ကျင်ကျူးက....

'တစ်ယောက်ယောက်က ကျောက်တုံးကို ထိန်းထားတယ် ထင်တယ်'

'ဟာ....မဖော်နိုင်တာကွာ မင်းကလဲ၊ ဘယ်သူက ဒီကျောက်တုံးကို မ,ထားနိုင်မှာလဲ၊ ကိုင်းလမ်းလဲ ဆုံးနေပါပြီ၊ မထူးတော့ပါဘူး၊ တို့ကို သူတို့ ပြန်မိမှာပါပဲ၊ ထိုင်ကွာ....ဟိုလူတွေ တို့ကို မမိခင် ရှာနေကြတုန်း စကားလေးတွေ အေးအေး ဆေးဆေးပဲ ပြောကြရအောင်'

'ရှင် ဒီလို ဒုက္ခရောက်ရတာမှာ ကျွန်မဟာ တရားခံပါပဲ'

'အို....ကုသိုလ်ကံပေါ့ကွာ၊ ဘယ်တတ်နိုင်မှာလဲ၊ နေပါဦး၊ ဘယ်ပုံ ဘယ်နည်းနဲ့ ရောင်ချွန်းရဲ့ အဖမ်းကို ခံရတာတုံး၊ ပြောပြစမ်းပါဦး'

'ကျွန်မလဲ ရှင့်လိုပဲ မအေမိဘမရှိဘူး၊ ဒါပေမယ့် ငွေကြေးတော့ ချမ်းသာတယ်ပေါ့လေ၊ ကျွန်မကို ပြုစုတဲ့ မွေးစားဖခင်က လင်ဟုတ်အန်းလို့ ခေါ်တယ်၊ ဒါပေမယ့် ရောင်ချွန်းဟာ ဘုရင်မင်းမြတ်အမိန့်နဲ့ ကျွန်မရဲ့ လက်ထပ်ခွင့် အခွင့်အရေးကို အဘိုးကြီး ဈေးကြီးပေးပြီး ဝယ်ယူတယ် ထင်ပါရဲ့၊ ကျွန်မ ဒီရောက်လာတာပဲ၊ ဘာလို့လဲဆိုတော့ ရောင်ချွန်းရဲ့ ဆရာလုပ်တဲ့လူက တိုက်ပွဲနိုင်ပြီး ကျွန်တစ်ဖက်မှာ တိုက်ပွဲရှုံးတာကိုး၊ ဒါနဲ့ တစ်ခါ လင်ဟုတ်အန်းတို့ဘက်က တိုက်ပွဲနိုင်ပြန်တော့ ကျွန်မဟာ လင်ဟုတ်အန်းဆီကို ပြန်ရောက်သွားပြီး လင်ဟုတ်အန်းဟာ ကျွန်မကို ငွေ ၅၀၀ နဲ့ ရောင်းပြီး ပိုအင်ဆိုတဲ့လူနဲ့ လက်ထပ်ဖို့ ဖြစ်လာတယ်။

'အမှန်အတိုင်းဆိုရင် မနက်ဖြန်ဟာ ကျွန်မနဲ့ ပိုအင် လက်ထပ်ရမယ့် ရက်ပဲ၊ ဒါပေမယ့် အဲဒီအခါမှာ ရောင်ချွန်းရောက်



လာပြီး ရှင်နဲ့ လက်ထပ်ပေးဖို့ ကျွန်မကို အတင်းဖမ်းခေါ်လာတာပဲ'

'ဩော်....ဒါဖြင့် မင်းဟာ လင်ဟုတ်အန်းနဲ့ ရောင်ချွန်းတို့က ရောင်းစားပြီး လက်ထပ်ပေးဖို့ကြံနေတာကို ခံနေရတာပေါ့၊ လင်ဟုတ်အန်းက မင်းကို ပိုအင်ဆိုတဲ့လူနဲ့ လက်ထပ်ပေးနိုင်ရင် ပိုအင်ဆီက ငွေ ၅၀၀ ရမယ်၊ ရောင်ချွန်းက မင်းကို ငါနဲ့လက်ထပ်ပေးနိုင်ရင် ငါက ရောင်ချွန်းကိုငွေ ၅၀၀ ပေးရမယ်ပေါ့၊ တော်တော် အကြံပက်စက်တဲ့လူတွေပဲ'

'ဟုတ်တယ်၊ ရောင်ချွန်းဟာ ကျွန်မ လင်ဟုတ်အန်းရဲ့အိမ်ဥယျာဉ်ထဲမှာရှိနေတုန်းခိုးယူလာပြီး ယောက်ျားလေးလို ဝတ်ခိုင်းတာပဲ၊ သူနဲ့အတူ ဓနိုင်းတစ်ရာရွာကို ရောက်လာပြီး ကျွန်မကို 'ရှင်နဲ့ပေးစားမယ်ချည်း ပြောပြောနေခဲ့တယ်၊ ကျွန်မကလဲ မယူဘူး၊ ပိုအင်ကိုပဲ ယူမယ်လို့ပြောပစ်လိုက်တယ်'

'အင်း....ဒါဖြင့် မင်း ပိုအင်ကိုကြိုက်နေတယ်ပေါ့'

'မကြိုက်ပါဘူး ရောင်ချွန်းကိုမုန်းတာနဲ့ သက်သက်ရွဲ့ပြီးပြောတာ၊ ဒါပေမယ့် တကယ်ဘမ်း ရှင်နဲ့ တွေ့ကြရတော့

ရှင့်ရဲ့ရဲရင့်မှုတွေ သစ္စာရှိမှုတွေ သဘောထားကောင်းမှုတွေကို တွေ့ရတော့....

'ချစ်တယ် ဆိုပါတော့'

'အင်း....ချစ်မိတာပေါ့၊ ရှင်နဲ့လက်ထပ်ရမယ်ဆိုရင် ကျွန်မ ကြည်ကြည်ဖြူဖြူ လက်ထပ်ပါ့မယ်၊ ကံမကောင်း အကြောင်း မလှလို့ လက်ထပ်ခွင့်မရရင်လဲ ကျွန်မရှင့်ကို ဘယ်တော့မှ မမေ့ဘူး'

'အေး....ငါကတော့အရင်က အလွန်မိန်းမမုန်းတဲ့ကောင်ပဲ ဒါပေမယ့် မင်းနဲ့တွေ့တယ်ဆိုရင်ပဲ မင်းကို ယောကျ်ားလေးပဲ ထင်မှတ်နေပေမယ့် ဘာဖြစ်လို့မှန်းတော့ မသိဘူးကွ၊ ချစ်သလို ကြင်နာသလိုတော့ ရှိသား၊ မင်းကိုခါးကြိုးနဲ့ ရိုက်မယ်ကြံ တုန်းက ငါမရိုက်ရက်ဘူး၊ မိန်းကလေးတစ်ယောက်မှန်း သိရ တော့ ငါမချစ်ဘဲ မနေနိုင်တော့ဘူး၊ အသည်းနှလုံးထဲကနေ ပြီး ချစ်ပါတယ်'

'ဟော....ခြေသံကြားတယ်၊ တစ်ယောက်ယောက် လာနေ ပြီ ထင်တယ်'

အမှန်ပင် ခြေသံတစ်ခုသည် သူတို့နှစ်ဦးနှင့် နီးကပ်နေ သည်ကို ကြားရ၏။

မကြာမီတွင် မီးရောင်တစ်ခုကို မြင်ယောင်စ ပြုလာ၏။ စွန်ချိန်းသည် ဘယ်သူလာနေသည်ကိုကြည့်ရန် နေရာမှထလိုက် သော်လည်း အချိန်မရတော့ပေ။

မီးရောင်မှာ အတော်လေး နီးကပ်လာပေပြီ။



မကြာမီတွင် လမ်းအုံတောင့်နေရာမှ ယင်ကဲ့ယန်းသည် မီးအိမ်တစ်လုံးကိုကိုင်ပြီး လာနေသည်ကို တွေ့ရ၏။

သူ့မှာ အဖော်မပါ တစ်ယောက်တည်းဖြစ်ရာ စွန်ချိန်း သည် သူ့ထံသို့ သွားရောက်ကာ....

'ယင်ကဲ့ယန်း ခဏလောက်နေပါဦး'

'သြော်....မင်းတို့က ဒီရောက်နေကြတာကိုးကွ၊ မင်း ဘာ လုပ်နေတာလဲ၊ ကျင်ကျူး အဲဒီမှာ ရှိနေတယ်ထင်တယ်'

'မေးမနေစမ်းပါနဲ့ဗျာ၊ ခင်ဗျား ကျုပ် မေးမှာကိုသာ ဖြေစမ်းပါ၊ ဘာလို့ ကျုပ်ကို အလုံခန်းထဲ ထည့်ထားကြ တာလဲ၊ ကျုပ်ထံကို လူတွေ အတင်းလာပြီး တံခါးဖွင့်ဖို့ ကြိုးစားကြတာလဲ၊ ကျုပ်ရဲ့ မွေးစားဖခင်အိမ်မှာ ကျုပ်က ဒီလိုပုန်းနေဖို့လိုသလားဗျ'

'အေးကွာ၊ မင်းက ရဲတော့ ရဲရင့်ပါရဲ့ ဒါပေမယ့် မလိမ္မာ ဘူး၊ လူဆိုတာ လိမ္မာသလို ကြည့်နေရတယ်ကွ'

'သြော် ဒါဖြင့် ခင်ဗျားက အကြောင်းစုံ သိသကိုး'

'ကိုင်း....မထူးပါဘူးဗျာ၊ ရောင်ချွန်းကို ပြောလိုက်ပါ၊ ကျုပ်ဒီမှာ ရှိနေတယ်လို့ ဖမ်းချင်ရင်လဲ လာခဲ့ပါလို့ ပြောလိုက် စမ်းပါ'

ယင်ကဲ့ယန်းသည် အတန်ကြာ စကားမပြောဘဲနေပြီး....

'အေး....ပြောတော့ ပြောရမှာပဲ၊ ဒါပေမယ့် ရောင်ချွန်း
၁၆ မလာခင် မင်းထွက်ပြေးရင် ကောင်းမယ်ထင်တယ်'

'ဘယ်လိုလုပ်ပြီး ပြေးမလဲဗျ၊ မပြေးတတ်လို့ ထိုင်နေ တာပေါ့'

'ဟောဟိုထောင့်မှာ လက်နဲ့ရိုက်ကြည့်စမ်း၊ ဘာတွေ့ရမလဲ ဆိုတာ၊မကြာခင်က ရောင်ချန်းက ရန်ကျင့်ဖေဆီလွှတ်လိုက်တဲ့ ကျုဖရှားဆီဆင်းတဲ့ကြိုး ရှိလိမ့်ဦးမယ်ထင်တယ်၊ ဟဲ....ငါ ကူညီနိုင်တာ ဒါပဲ၊ မင်း မြန်မြန်ပြေးပေတော့၊ တော်ကြာ ငါ ရောင်ချန်းကို သွားခေါ်ရလိမ့်မယ်'

ယင်ကဲ့ယန်းသည် လျှိုဝှက်လမ်းအတိုင်း ထွက်ခွာသွား၏။

* * *

စွန်ချန်းသည် ယင်ကဲ့ယန်းပြောသည့် ထောင့်ကိုသွား၍ စမ်းကြည့်ရာ သံမောင်းတံတစ်ခုကို တွေ့ရသဖြင့် တအား ပင့်တင်လိုက်သောအခါ ယခင်က ကျောက်တုံးကြီး ချထား သော နေရာမှ တံခါးသည် မြင်သာစွာ ပွင့်သွားလေ၏။

ထိုသို့ပွင့်သွားသော တံခါးအတိုင်း ဝင်သွားရာ စွန်ချန်း တို့သည် အခန်းတစ်ခုအတွင်းသို့ ရောက်ရှိသွားကြလေသည်။



အခန်း၏တစ်ဖက်တွင် တံခါးပေါက်တစ်ခုရှိ၍ ကျန်တစ် ဖက်တွင်ကား ခေါးသမားများနေသည့် အခန်းရှိ၍ ခေါးသမား နှစ်ယောက်မှာ မြင်းတစ်ကောင်ကို ပွတ်သပ်ပေးနေကြ၏။

အခန်းထဲတွင်ကား မီးအိမ်တစ်ခုကို ထွန်းထားရာ လင်းနေ လျက် ရှိပေသည်။

( ၂၀ )

## မြွေနီဂူကျွန်းသို့ရောက်ရှိခြင်း

စွန်ချန်းသည် လက်မှမီးအိမ်ကို ငြိမ်းလိုက်ကာ အခန်းတွင်းရှိ လှေကားတစ်ခုအတိုင်း တက်သွားရာ ရဲတိုက်ပုံ ရဲပြအိုးတစ်ခုတေးတွင် ကျူစီရှာဆင်းသောကြိုးကို အဆင်သင့်တွေ့ရပေသည်။

ကြိုးမှာ ပြအိုးခန်းထဲရှိ ခုတင်တွင် အစတစ်ခုကို ချည်ထားလေသည်။

သို့ဖြင့် စွန်ချန်းသည် ကြိုးအတိုင်းလျှောပြီး ရဲတိုက်ကြီး နံရံအတိုင်း အပြင်ဘက်သို့ ဆင်းစပြုနေသည်။

ကျင်ကျူးမှာကား ထိပ်တွင် ကျန်ရစ်ခဲ့ကာ ကြောက်စိတ်ဝင်လျက်ရှိသည်။ သို့ဖြင့် စွန်ချန်းအား လှမ်းပြီး....

'ကျွန်မတော့ ကြိုးအတိုင်း လျှောမဆင်းနိုင်ဘူး ထင်တယ်၊ လိမ့်ကျလိမ့်မယ်'

'ဟော့....ကြောက်မနေနဲ့ကွ၊ ဆင်းမှဖြင့် ဆင်းခဲ့'

'မဆင်းနိုင်ဘူးရှင့်'

'မင်း မဆင်းနိုင်ရင် ငါ ဘယ်လိုလုပ် ပြေးပါမလဲကွ၊ မင်းမပါရင် ငါကျုံးကို ဖြတ်မကူးနိုင်ဘူး၊ ငါမှ ရေမကူးတတ်တဲ့ မင်း ငါ့ကို ပစ်ထားမလို့လား'

'တကယ် မဆင်းနိုင်လို့ ပြောတာရှင့်'

'အေး ...မဆင်းနိုင်ရင် နှစ်ဦးလုံး ပြန်မိမှာပဲ'

ထိုအခိုက်တွင်ပင် ခြေသံတစ်ခုကို ကြားရသဖြင့် ပြန်တက်လာကာ အခန်းတံခါးကို ပိတ်ရန် ကြိုးစားလေသည်။

သို့သော်လည်း မင်းတုံးမထိုးရမီပင် အပြင်ဘက်မှ သန်မာသော လက်ဖျားက တံခါးကိုတွန်းလျက် ရှိလေသည်။

စွန်ချန်းလည်း တအားတွန်းပြီး ပြန်ပိတ်ထားသော်လည်း အားမတန်သဖြင့် လက်လျှော့လိုက်ကာ နောက်ပြန်ပြေးရာ ပြတင်းပေါက်ဆီသို့ ရောက်လာခဲ့သည်။

ထိုနေရာတွင်ကား ကျင်ကျူးမှာ မမေ့တစ်ချက် မေ့တစ်ချက်နှင့် လဲနေသည်။



သို့ဖြင့် ကျင်ကျူးအား ပွေ့ချီနေခိုက် တံခါးတွန်းပြီး ဝင်လာသူသည် သူ့အား ဖမ်းဆီး ချုပ်နှောင်လိုက်သည်။

သို့သော်လည်း ထိုသူမှာ စွန်ချန်း၏ သွက်လက်ဖျတ်လတ်သော ခြေကန်ချက်ကြောင့် နောက်သို့ယိုင်ပြီး လဲကျသွားရလေသည်။

ထိုသို့လဲကျသွားခိုက် အခွင့်ကောင်းယူကာ စွန်ချန်းသည် ကြိုးကိုကိုင်ပြီး နံရံအတိုင်း လျှောချလိုက်လေသည်။

ကြိုးမှာ တစ်လျှောက်လုံး ထုံးထားသဖြင့် ဆင်းရန် ပို၍ လွယ်ကူစေပေသည်။

လေမှာ ညင်သာစွာ တိုက်နေ၍ ကောင်းကင်ထက်မှာကား ကြယ်များသည် မှိတ်တုတ်မှိတ်တုတ်နှင့် ဖြစ်နေကြ၏။ အောက်ခြေတွင် ကျုံးရေမှာ ကောင်းကင်မှ ကြယ်တွေပေါ်လျက် ကြည်လင်စွာနေ၏။

အောက်ခြေသို့ရောက်သောအခါ အခြားကြိုးတစ်ချောင်းကို တွေ့ရပြန်၏။

မော့ကြည့်လိုက်သောအခါတွင်ကား ရဲတိုက်နံရံပေါ်တွင် မီးရောင်များဖြင့် ထိန်လင်းကာ လူများတွေ့၏။ မျက်နှာကို လှမ်းမြင်နေရ၏။

ထိုလူများမှာ လူကိုရှာနေဟန်ဖြင့် ဟိုဟိုသည်သည်ကြည့်နေသည်။

သို့သော်လည်း မီးရောင်မှာ အောက်ခြေသို့ရောက်အောင် ပြန်မလာသဖြင့် စွန်ချန်းအား မမြင်ကြရပေ။

စွန်ချန်း နောက်ထပ်တွေ့ရသောကြိုးမှာ ကျုံးရေကိုဖြတ်ကူးရန် တွယ်ထားသော ကြိုးဖြစ်ရာ အက်သားဖြစ်သော ကျူရှောမှာလည်း သူကဲ့သို့ပင် ရေကူးတတ်သူဖြစ်ဟု တွေးမိ၏။

စွန်ချန်းမှာ ထိုကြိုးကိုအားပြုလျက်ရှိကာ ကျုံးကိုဖြတ်ကူးလျက် ရှိ၏။

တစ်ဖက်ကမ်းသို့ရောက်လုနီးနီးအချိန်တွင် ကြိုးကို လက်လွှတ်ပြီး တအားခုန်လိုက်ရာ ကမ်းစပ်ကိုင်းတောထဲသို့ရောက်သွား၏။

သို့ဖြင့် ကိုင်းတောထဲမှနေကာ ကုန်းပေါ်သို့ လှမ်းတက်လိုက်ရလေတော့သည်။

ကုန်းပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ရဲတိုက်ပေါ်မှ လူများသည် သူ့ကိုလှမ်းမြင်လိုက်ကြ၏။

မကြာမီအတွင်း မြားချက်များသည် သူ့အေးတစ်ဝိုက် အမှောင်ထဲသို့ သဲကြီးမဲကြီး ကျလျက်ရှိသည်။

ထိုအခိုက် မီးတုတ်တစ်ခု အပေါ်မှကျလာကာ ကမ်းပါးပေါ်တွင် ထိန်လင်းစွာ တောက်ပနေသဖြင့် စွန်ချန်းမှာ မီးတုတ်ကိုယူပြီး ရေထဲနှစ်ကာ ငြိမ်းလိုက်ပြီး ထွက်ပြေးလေသည်။

ထိုအခိုက်တွင် အပေါ်မှလူများက လေးနှင့်ပစ်ကြရာ မြားတစ်ချောင်းသည် စွန်ချန်း၏ပခုံးကိုထိမှန်ပြီးကျန်တစ်ချောင်းက လွဲသွားခဲ့၏။



မြားချက် မှန်လိုက်သည်နှင့်တစ်ပြိုင်နက်ပင် စွန်ချန်းသည် ယခင်ကထက် လျင်မြန်စွာပြေးပြန်ကာ ဘယ်ရောက်၍ ဘယ်ပေါက်ပြန်သည် မမှန်းဆတတ်ဘဲ ခရီးတွင်အောင်သာ အားထုတ်နေရတော့သည်။

( ၂၂ )

အတန်ကြာအောင်ပင် မြားများသည် တစ်စင်းပြီး တစ်စင်း ကျရောက်နေသော်လည်း လေးအတွင်း၌ပင် နောက်မှ လေးနှင့်ပစ်သူများသည် ရပ်တန့်သွားလေ၏။

နောက်ဆုံး တစ်နေရာတွင် ရပ်တန့်ကာ နောက်သို့ လှည့်ကြည့်လိုက်သော အခါတွင်မူ သူသည် ရဲတိုက်ကြီးနှင့် အတော်ဝေးလာပြီဖြစ်၍ ရဲတိုက်နံရံပေါ်မှ မီးရောင်များကို လှမ်းမြင်နေရလေသည်။

သို့ဖြင့် သူသည် သစ်ပင်တစ်ပင်ကို မှီလျက်ရပ်ကာ အမောဖြေနေလေ၏။

တစ်ကိုယ်လုံး ရေများရွှဲရွှဲစိုကာ မြားချက်ဒဏ်ရာမှလည်း နာလှလေ၏။

ရဲတိုက်ထဲတွင် ရောင်ချွန်း၏ လက်ထဲ၌ ကျင်ကျူးသာ ကျန်ရစ်ခဲ့သော်လည်း သူ ဘာမှမတတ်နိုင်တော့ချေ။

ရောင်ချွန်းသည် ရက်စက်ကြမ်းကြုတ်သော်လည်း မိန်းမသားများ အပေါ်တွင်ကား သက်ညှာမှုရှိသူဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အနည်းဆုံး ကျင်ကျူးအား ရောင်းစားကာ လူတစ်ယောက်ယောက်နှင့် ထပ်၍ ပေးစားပစ်ချင် ပစ်ဦးမည်ဟု တွေးမိကာ စွန်ချန်းသည် စိတ်မကောင်းဖြစ်နေလေသည်။

သို့သော်လည်း တစ်နေ့နေ့တွင် ရောင်ချွန်းအား တိုက်နိုင်မည့် နည်းလမ်းများကို ရှာကြံမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

သို့ဖြင့် သူသည် အားအင် ပျော့နွဲ့စွာဖြင့် တီယင်ချီ တော အုပ်ဆီသို့ လျှောက်ခဲ့လေသည်။ သို့သော်လည်း ကြာရှည် မလျှောက်နိုင်ရှာပေ။

ဒဏ်ရာကလည်းနာ၊ မှောင်ကလည်းမှောင် စိတ်ကလည်း မကောင်းဘဲ အားပြတ်နေရာ သစ်ပင်တစ်ပင်တွင် မှီ၍ထိုင်နေပြန်၏။



ထိုင်နေရင်းမှ အိပ်ပျော်သွားကာ မည်မျှ ကြာသည်မသိ၊ နိုး၍ မျက်စိ ဖွင့်ကြည့်လိုက်သောအခါ နံနက် လင်းလုချိန် အရုဏ်တက်စဖြစ်နေသည်ကို သတိထားမိလေ၏။

လေပြည်လေညင်းလေးမှာ ဖြည်းညင်းစွာ တိုက်ခတ်နေသဖြင့် စွန်ချန်းသည် တောင်မြှောက်လေးပါးကို ကြည့်လိုက်ရာ ရှေ့တည့်တည့်ရှိ သစ်ပင်တစ်ပင်တွင် မည်းမည်းသဏ္ဌာန် တစ်ခု တွဲလောင်းဖြစ်နေသည်ကို တွေ့ရလေသည်။

အလင်းရောင်သည် တဖြည်းဖြည်း အားကောင်းလာသည် ဖြစ်၍ ထိုမည်းမည်းသဏ္ဌာန်ကို သေချာစွာ ကြည့်လိုက်ရာ သစ်ပင်တစ်ပင်ပေါ်မှ ကြိုးဆွဲချသတ်ထားသူ လူတစ်ဦး၏ အလောင်းတစ်လောင်း ဖြစ်နေသည်ကို တွေ့ရှိရလေသည်။

လူသေကောင်မှာ ခေါင်းငိုက်စိုက်ကျကာ တစ်ကိုယ်လုံး မှာအား ကြိုးတန်းလန်းနှင့် ပတ်ချာလည် ယိမ်းထိုးလိုက်နှင့် ဖြစ်နေ၏။

စွန်ချန်းသည် သည်နေရာမှထကာ သစ်ပင် တစ်ပင်နှင့် တစ်ပင်ကို အမှီသဟဲပြု၍ လက်ဖြင့်ကိုင်ရင်း လူသေအလောင်း ရှိရာသို့ ထိုးသွား၏။

ကြိုးတွဲလွဲကျနေသော ယစ်ကိုင်းမှာ အတော်လေးမြင့်ရာ လူသေလောင်းမှာ စွန်ချန်း လက်လှမ်းမီသည်ထက် မြင့်နေလေသည်။

မျက်နှာကိုလည်း ကောင်းစွာ မမြင်ရဘဲ ဖြစ်နေလေတော့သည်။

သို့သော်လည်း ဘေးဘက်ဝဲယာသို့ ကြည့်လိုက်သောအခါ တွင် ကြိုးဆွဲချထားသော ကြိုးတစ်ဖက်စမှာ မြေပြင်ရှိ သစ်ပင်ငယ် တစ်ပင်တွင် ချည်နှောင်ထားသည်ကို တွေ့ရသဖြင့် ခါးတွင်ပါသော ဓားမြှောင်နှင့် ကြိုးကို ဖြတ်စပြုလေ၏။

မကြာမီတွင် သစ်ပင်တွင်တွဲလောင်းဖြစ်နေသောအလောင်း ကြီးသည် မြေပြင်ပေါ်သို့ ကြိုးပြတ်ပြီး ဝုန်းခနဲ ကျလာလေ သည်။

အလောင်းနားသို့ရောက်၍ လူသေ၏မျက်နှာကို ကြည့်လိုက် သော အခါတွင်ကားဆက်သားအဖြစ် ရောင်ချွန်းက ရန်ကျင့် ဖေထံ လွှတ်လိုက်သော ကျူစီရှာ ဖြစ်နေသည်ကို တွေ့ရှိရလေ သည်။

သူ့အိတ်ထဲတွင်နှိုက်၍ ရှာကြည့်သောအခါတွင် မြားနီ ဂိုဏ်းသား ရှာဖွေရန် မေ့သွားသဖြင့် ကျန်ရစ်ခဲ့ဟန်တူသော ရောင်ချွန်းထံမှ ရန်ကျင့်ဖေထံ ပေးသောစာကို တွေ့ရှိရလေ သည်။

စာမှာ....

မြို့စား တန် ဘက်သို့ စေ့စပ်ကြောင်းလမ်းလိုကြောင်း ရေးထားသည်ဖြစ်ရာ နောင်အခါတွင်ရောင်ချွန်းအား အကျပ် ကိုင်စရာရှိလျှင် လည်းကောင်း၊ ဒုက္ခပေးစရာရှိလျှင် လည်း ကောင်း၊ ကြီးစွာသောအထောက်အပံ့ကို ရနိုင်သောကြောင့် စွန်ချွန်းသည် စာရွက်ကို သူ၏အိတ်ထဲသို့ ထည့်သွင်းကာ သိမ်း ဆည်း ထားလိုက်လေသည်။



ထို့နောက် သူသည် တီယင်ချီ သစ်တောတွင်းသို့ ဝင်သွား လေ၏။

တစ်ကိုယ်လုံးမှာ အင်အားဆုတ်ယုတ်ခြင်းကြောင့် တုန်တုန် ချည့်ချည့် ဖြစ်နေ၏။

( ၂၄ )

လမ်းလျှောက်နေခိုက် မာကျောသည့် အသံနက်ကြီးတစ်ခုက အော်ဟစ်ဟစ်အမိန့်ပေးလိုက်သံ ကြားရ၏။

'ဟေ့....ရပ်လိုက်'

စုန်ချန်းက....

'ရပ်ခိုင်းမနေနဲ့ဟေ့....ငါလဲ လဲကျတော့မယ်'

ဟု ပြောပြောဆိုဆို အားအင်ကုန်ခန်းကာ မြေပေါ်သို့ လဲကျသွားလေ၏။

ဤတွင် အစိမ်းရောင်ဝတ် မြားနီဂိုဏ်းသားတစ်ဦးသည် ချုံစပ်မှထွက်လာကာ စွန်ချန်းအား သေချာစွာ ကြည့်လိုက်ပြီး....

'ဒီမှာ စွန်ချန်းပါလားဗျ'

'အေး....ကောင်းတာပေါ့၊ တို့ခေါင်းဆောင် ချင်ကူတော့ ဝမ်းသာမှာပဲ၊ ကြည့်စမ်း....ဒီလူ တစ်ယောက်ယောက်နဲ့ တိုက်ခိုက် လာတယ် ထင်တယ်၊ ဒဏ်ရာတွေနဲ့ကွ'

သို့ဖြင့် မကြာမီအတွင်းမြားနီဂိုဏ်းဝင်နှစ်ဦးသည် စွန်ချန်းအား ကျောပေါ်တွင်ပိုးလျက် ခေါ်ဆောင်သွားကြ၏။

သို့အော်လည်း စွန်ချန်းအားထမ်းသူက သူ့အဖော်အား....

'ဟေ့....ဘန်တိတ်၊ မင်း နေရစ်ခဲ့၊ ကင်းစောင့်မြဲ စောင့်နေ၊ ငါ ခေါ်သွားမယ်'

'အေး .... ကောင်းတယ်၊ ဒါဖြင့် မင်းပဲ ခေါ်သွားပေတော့'

နေမင်းသည် ထန်းတစ်ဖျားခန့် မြင့်တက်လာသည်။

မလှမ်းမကမ်းတွင်ရှိသော တီယင်ချီ ရွာလေးမှာ ခနေရောင်အောက်တွင် ဆိတ်ငြိမ်စွာရှိနေ၏။

တီယင်ချီရွာလေးနားသို့ ရောက်သောအခါ ကင်းမျှားက စွန်ချန်းအား ထမ်းထားသူအား....

'ဟေ့....ဘယ်သူလဲ'

ဟု မေး၏။

လေးမင်းက ...

'ဟေ့ ကောင်တွေ ငါပါကွ၊ ငါ့ကိုမင်းတို့သိသားနဲ့'



'ဟာ....မဲရှဘူး....စကားဝှက်ကိုပြော'

'မေ့နေတယ်ကွ'

'မေ့နေရင် ပစ်သတ်ပစ်လိုက်မယ်နော်'

'ဟေ့....ဟေ့....သိပါတယ်ကွ'

'သိရင်ပြောလေ'

'တိတ်ဝှက်နဲ့ စွန်ချန်းလေကွာ'

'ကဲ....ဒါဖြင့် ဝင် ဝင်'

'တိတ်ဖုက် ဘယ်မှာလဲဟေ့'

'တီယင်ချီရွာကို တို့သိမ်းထားတော့ အခွန်လောက်နေတယ်လေကွာ'

* * *

သို့ဖြင့် လေးမင်းသည် စွန်ချန်းအားထမ်းပြီး ရွာထဲသို့ဝင်သွားရာ ပျော်ပွဲစားရုံတစ်ခုတွင် ရွာသားများထံမှ အခွန်ကောက်ရင်း ပြေစာများအား ရေးပေးနေသော တိတ်ဝှက်အား တွေ့ရလေသည်။

ရှာသားများမှာကား မြားနီ ဂိုဏ်း သား များ အား စေတနာ ထက်သန်စွာဖြင့် အခွန်ဆောင်လျက် ရှိကြ၏။

ဘိတ်ဝှက်သည် လေးမင်းအားမြင်လျှင် ရှာသားများအား ပြန်လွှတ်လိုက်ပြီး စွန်ချုန်းအား သေချာစွာကြည့်ကာ ပျော်ပွဲစားရုံ အခန်းတစ်ခုတွင်းသို့ ခေါ်သွားခိုင်း၏။

အခန်းထဲသို့ရောက်လျှင် စွန်ချုန်းက သတိပြန်လည်လာသဖြင့် တိတ်ဝှက်က....

'လူကလေး ဘာမှ မစိုးရိမ်နဲ့၊ မင်းအဖေနဲ့ငါက မိတ်ဆွေရင်းတွေပဲကွ၊ မင်း ခဏနားနေဦးပြီးတော့မှ မင်း ဘယ်လိုဖြစ်လာလဲဆိုတာ ပြောပြဟုတ်လား'

ထိုနေ့ နေ့လယ်ပိုင်းတွင် တိတ်ဝှက် တစ်ဖန်ရောက်လာပြန်ကာ စွန်ချုန်း၏နံဘေးတွင်ထိုင်ပြီး စကားပြောနေရာ သူ့အမူအရာကိုကြည့်ရခြင်းဖြင့် ခန့်ညားပြီး ကြင်နာစိတ်ရှိပုံရသဖြင့် စွန်ချုန်းသည် သူ့အကြောင်းစုံကို ပြောပြလိုက်၏။

တိတ်ဝှက်က....

'အေး....မင်း ကံကောင်းတာပေါ့ကွာ၊ ငါ့ဆီရောက်လာတာ ငါ့ကိုသာ သစ္စာမဖောက်နဲ့၊ မင်းအဖေနဲ့ ငါနဲ့က အလွန်ခင်တဲ့ မိတ်ဆွေတွေ၊ ငါတတ်နိုင်သလောက် မင်းကို ကူညီမယ်၊ တစ်နေ့နေ့မှာ ရောင်ချွန်းကို လက်စားချေရမှာပေါ့ကွာ'



'ခင်ဗျား ရဲတိုက်ကြီးကို တိုက်မလို့လား'

'မဖြစ်သေးဘူးကွ၊ သူတို့ဘက်က လူအားကောင်းနေသေးတယ်၊ ငါတို့ တောထဲပြန်ခိုပြီး ရောင်ချွန်းကို ခုတော့ဒီအတိုင်းထားရဦးမှာပဲ'

'ကျွန်တော်က ကျူကျောင်းအတွက် စိုးရိမ်လို့ပါ'

* * *

'မစိုးရိမ်ပါနဲ့ကွာ၊ ကျူကျောင်းကို တစ်ယောက်ယောက်နဲ့ လက်ထပ်မယ်ကြားရင် တို့တိုက်တာပေါ့၊ ဒါပေမယ့် ခုတော့ တော်သလို ပုန်းနေဦးမယ်ကွယ်၊ တို့ပုန်းနေတုန်း ရောင်ချွန်းက သူ့ရန်သူတွေ မရှိဘူးထင်ပြီး အတင့်ရဲလာတော့မှ အလစ်ဝင်တိုက်ရမှာပေါ့၊ စိတ်ချပါ မတိုက်ဘဲတော့ မနေဘူး'

နောက်နှစ်ရက်ခန့် ကြာသောအခါ ရောင်ချွန်းမှာ လူအင်အား တောင့်လာပြီး ဓားသမားများသည် တီယင်ချီရွာဝသို့ ရောက်အောင်ပင် ချီတက်လာကြ၏။

သို့သော် ရန်သူ မြားနီဂိုဏ်း၏ လှုပ်ရှားမှုကို မတွေ့ရ။

ရွာဝင်တံတားတွင်လည်း မြားနီဂိုဏ်း၏ ကင်းစောင့်များ မရှိတော့သဖြင့် ရွာတွင်းသို့ ဝင်လိုက်ရာ ရောင်ချွန်းမှာ အေးချမ်းစွာ ကြည့်နေသော ရွာသားများကို တွေ့လိုက်ရ၏။

ရွာသားများထဲမှ သတ္တိကောင်းသူတစ်ယောက်သည် ရှေ့သို့ တိုးလာပြီး စာတစ်စောင်ကို ရောင်ချွန်းအား လာရောက်ပေးလေသည်။

စာကို ဖတ်လိုက်သောအခါတွင် စာမှာ....

အလွန် ရက်စက်ကြမ်းကြုတ် ယုတ်မာတဲ့ ရောင်ချွန်း၊ ခင်ဗျားဟာ အလွန်ယုတ်မာတယ်ဆိုတာ ကျုပ်သိရတယ်၊ ကျုပ်အဖေကို ခင်ဗျားပဲ သတ်တာရှိ ပါစေတော့၊ ဒါပေမယ့် တစ်နေ့တော့ တွေ့ကြရဦးမှာ ပေါ့ဗျာ၊ ခင်ဗျား ကျုပ်ရဲ့ သုတ်သင် ချေမှုန်းမှုကို စောင့်မျှော်နေပါ၊ နောက်တစ်ခု သတိပေးလိုက်ဦးမယ်၊ ကျူကျင်းကို ဘယ်သူနဲ့မှ ပေး စားမယ် မကြံနဲ့၊ သူ့ကို ကျုပ်ကိုယ်တိုင် လက်ထပ်ယူဖို့ သစ္စာဆိုပြီးသား ဖြစ်နေတယ်၊ အဲ....တခြားသူနဲ့ ခင်ဗျား လက်



ထပ်ပေးလိုက်ရင်တော့ ခင်ဗျားဟာ သင်္ချိုင်းနဲ့ နီးနေပြီဆိုတာ သတိပြုပါ။

စွန်ချန်း

ရောင်ချွန်းသည် စာကိုဖတ်ကာ မျက်နှာတစ်ခုလုံး နီမြန်းနေ၏။

( ၂၄ )

## မြားနီဂိုဏ်း၏ လှုပ်ရှားမှု

တီယင်ချီ ရဲတိုက်ကြီးမှ စွန်ချန်းထွက်ပြေးပြီး လပေါင်း အတော်ကြာလျှင် ထိုလများအတွင်း တရုတ်ပြည်၏ အခြေအနေမှာ အမျိုးမျိုးပြောင်းလဲလျက်ရှိ၏။

တိုက်ပွဲတွင် အရေးနိမ့်နေသော မြို့စားလီမှာထိုလအတွင်း ခေါင်းထောင်လာကာ တန်တို့ဘက်ကလည်း အဘက်ဘက်တွင် အရေးနိမ့်လာပြန်သည်။

ခဆောင်းတွင်းသို့ ရောက်လာသောအခါတွင် ရောင်ချွန်း၏ လူစုဖြစ်သော လဝ်ဘက်တော်သားများသည် တန်ဘက်မှ လူစုအား ခေါင်းမထောင်နိုင်အောင်ပင် တိုက်ခိုက်နှိမ်နင်းလျက် ရှိကြသည်။

ရွှေသံ၀ါ မြစ်ကမ်းပေါ်တွင်ရှိသော မျောက်ပါးစပ်ရွာလေးမှာကား လဝ်ဘက်မှ လူများနှင့် ပြည့်ကျပ်လျက်ရှိသည်။

မိုးမခ ရွာစားမှာ လူပေါင်း ၃၀၀ ခန့်နှင့် ရောက်နေသည်။

မျောက်ပါးစပ် ရွာစားမှာလည်း ခားသမား များစွာ အဆင်သင့်ရှိ၏။

ရောင်ချွန်းမှာကား မျောက်ပါးစပ်ရွာတွင် အိမ်တစ်လုံး၌ သူ၏ လူပေါင်းများစွာနှင့် လာရောက်နေထိုင်လျက် ရှိရာ လုယက်ဖမ်းဆီး မတရားသိမ်းပိုက်လျက်ရှိသော ပစ္စည်းများနှင့် တစ်ဖန် ချမ်းသာကြွယ်ဝလျက်ရှိနေပြန်၏။

အချိန်မှာ အေးချမ်းသော ညနေပိုင်းဖြစ်၍ လေခပ်ပြင်းပြင်း တိုက်နေကာ ဆီးနှင်းများ တဖွဲဖွဲကျနေ၏။

မျောက်ပါးစပ်ရွာရှိ ဆိပ်ကမ်းအရက်ဆိုင်တွင် လူသုံးလေးဦးခန့် အရက်သောက်လျက်ရှိနေကြ၏။

လူများမှာ ကြမ်းတမ်းသော ရွာသူရွာသားများဖြစ်သော်လည်း သတ္တိကောင်းသူများဖြစ်ဟန်ရှိသည်။

ထိုလူများနှင့် မလှမ်းမကမ်း၌ မိုးပုံဘေးဝယ် လူငယ်တစ်ဦး ထိုင်နေသည်။



သူ၏ပုံပန်းမှာ အထက်တန်းစား လူကုံထံထဲမှ ဖြစ်ဟန်ရှိ၍ အချိန်ကာလသာကောင်းပါကရှိသေကိုင်းရှိုင်းရမည့်ပုံသဏ္ဍာန် ရှိလေသည်။

စားပွဲတွင်ထိုင်ကာ အရက်သောက်နေသူတစ်ယောက်က....

'ငါတို့ ဒီရွာကို မကြိုက်ဘူးကွာ၊ တို့လို ပျော်တတ်တဲ့ လူတွေက လွတ်လွတ်လပ်လပ်မှ ကောင်းတယ်၊ အခုတော့ တို့တွေဟာ ရွာထဲမှာ ရန်သူတွေကြားထဲ နေနေရတော့ မနိမ့်လှဘူး'

'အို....စွန်ချွန်းကြောင့် လာရတာပေါ့ကွာ'

ထိုသို့ပြောပြီး မီးပုံဘက်သို့ မေးငေါ့ပြလေ၏။

ထိုအခါ ပထမလူက....

'ငါတော့ စွန်ချွန်းအတွက်ဆိုရင် ဘာမဆိုလုပ်ပေးဖို့အသင့်ပဲဒေါ်ပေမယ့် သေမင်းနဲ့ ရင်ဆိုင်ရမယ့်အလုပ်ကိစ္စတွေ ကျရင်တော့ မလွယ်ဘူး'

ထိုအခိုက် အရက်ဆိုင်တံခါးတစ်ချက်ပွင့်လာကာ လူတစ်ဦးရောက်လာပြီး စွန်ချွန်းနားသို့ သွားကာ....

'ဟေ့....စွန်ချွန်း လူကုံထံရောင်ချွန်းတော့ လေးသမားလေးယောက်နဲ့ ထွက်သွားလေရဲ့'

ဟု သတင်းပေးပို့လာ၏။

စွန်ချွန်းမှာ နေရာမှထကာ အရက် သောက်နေသူများအား....

'ဟေ့....ဒီမှာ ထွန်မင်ရှမ်းပြောတာ ကြားရဲ့လား၊ သူပြောတဲ့အတိုင်း လိုက်ရလိမ့်မယ်'

'ဘန်တိတ်က ငါ့နောက်လိုက်ခဲ့၊ ဒီလူကြီးဟာ တန့် ဘက်
က လူတွေဆီ သွားတာထင်တယ်၊ထွန်မင်ရှမ်းက ရှေ့ကသွား
ကွာ'

မကြာမီအတွင်း သူတို့လူစုသည် မှောင်မိုက်သော လမ်း
အတိုင်း သွားကြလေသည်။

ခဏကြာလျှင် ထွန်မင်ရှမ်း ညွှန်ပြသော နေရာသို့ကြည့်
လိုက်ရာ မလှမ်းမကမ်းတွင် မီးရောင်တစ်ခုကို မြင်ရလေ၏။

မျောက်ပါးစပ်ရွာတွင် ရွာသူရွာသားတို့မှာ အိပ်ရာဝင်
လျက်ရှိကြ၍ တစ်ရွာလုံး တိတ်ဆိတ်နေခဲ့သည်။

စွန်ချန်းတို့ နောက်ယောင်ခံလိုက်နေသူများမှာ ရှေ့မှသွား
လျက်ရှိ၏။

နှစ်ယောက်မှာ ရှေ့ကသွား၍ နောက်တစ်ယောက်က
ဝတ်ရုံတစ်ခုကိုခြုံကာ နောက်မှလိုက်၏။

တစ်ဖန် ထို့နောက်မှ ဓားများကိုယ်စီ ကိုင်စွဲထားသောလူ
များက လိုက်၏။

သူတို့သည် ရေးကြီးသုတ်ပျာနှင့် ချောင်းကမ်းပါးစပ်ဆီ
သို့ သွားနေကြ၏။

စွန်ချန်းသည် ထွန်မင်ရှမ်းအား တီးတိုးလေသံနှင့်....
'ဒီလူတွေ ညတိုင်း ဒီလိုပဲ သွားကြတာပဲလား'
'ဒီလိုသွားတာ တတိယညပဲ၊ ဒီလိုအချိန်ကျမှ သွားတယ်'
'လျှို့ဝှက်တဲ့ကိစ္စထင်ပါတယ်'

ရှေ့မှသွားနေသော ရောင်ချွန်းနှင့် လူခြောက်တို့မှာမြို့ပြင်
သို့ ရောက်စပြုနေပြီဖြစ်သည်။



မျောက်ပါးစပ်ရွာလေးကို လမ်းမြို့စား နောက်လိုက်များ
က တစ်ဖန် တာဝန်ယူ စောင့်ကြပ်နေသော်လည်း ရွာလေး
မှာ ဝင်လမ်းအများအပြားပင် ရှိသောကြောင့် တစ်စုံတစ်ဦး
သည် ကင်းများကို လွယ်ကူစွာ ရှောင်တိမ်းကာ ရွာတွင်းသို့
ဝင်နိုင်ထွက်နိုင်လေသည်။

( ၂၅ )

ရောင်ချွန်းတို့လည်း လမ်းဆုံးအောင်သွားကာ ရပ်လိုက်ကြ၏။

သူတို့ရှေ့တွင်ကား မြစ်ကမ်းမှ လှိုင်းရိုက်သံများ ကြားနေရ၏။

ထိုနေရာတစ်ဝိုက်တွင် လူနေအိမ်ခြေကင်းမဲ့ကာ ကင်းချထားခြင်းလည်း မရှိခဲ့။

စွန်ချမ်းနှင့် သူ့အဖော်နှစ်ဦးတို့သည် ရောင်ချွန်းတို့အနီးသို့ တိုး၍သွား၏။

သို့သော်လည်း အိမ်ကွက်တစ်ခုကို ကျော်လွန်သွားသည်နှင့် မလှမ်းမကမ်းမှ မီးရောင်တစ်ခုသည် ရောင်ချွန်းထံသို့ ကျသလျက်ရှိသည်ကို မြင်ရသည်။

ရောင်ချွန်းတို့မှာကား ရှိမြဲနေရာတွင် ရပ်တန့်နေကြကာ လာသောမီးရောင်ကို စောင့်ဆိုင်းနေကြလျက်ရှိ၏။

မကြာမီတွင် မီးရောင်သည် နီးလာကာ လူလေးယောက်ကို လှမ်းမြင်နေရ၏။

သူတို့ထဲတွင် ဝတ်ရုံတစ်ခုကို ဝတ်ထားသော သူတစ်ဦး ပါလာသဖြင့် ရောင်ချွန်းက ဘယ်သူလဲဟု လှမ်းမေးသည်။

ထိုအခါ တစ်ဖက်မှလူက...

'ကျွန်တော်တို့ပါ၊ အသံမှတ်မိတယ် မဟုတ်လား'

'မှတ်မိပြီ၊ ဒါပေမယ့် မြန်မြန်သွားကြစို့ဗျာ၊ ရောင်းမယ့် ကောင်မလေးကို မြန်မြန်တွေ့ရင် ကောင်းမှာပဲ'

'ခင်ဗျား ကောင်မလေးကို ဘာလို့ မခေါ်ရတာလဲခင်ဗျ'

'ကောင်မလေးကို မြန်မြန်ရောင်းထုတ်လိုက်ပြီး ငွေရရင် ပြီးရောမဟုတ်လား'

'ကျုပ် ရောင်းပြီးလို့ ခင်ဗျား လက်ထပ်ရရင် ကျေနပ် ရောပေါ့ဗျာ'

'ကျုပ်ကျင်းကို ခေါ်လာဖို့က အန္တရာယ်မကင်းဘူးဗျ'

ထိုသို့ ပြောဆိုပြီးနောက် ရောင်ချွန်းတို့သည် သောင်ပြင် အတိုင်း ဆက်လက်ထွက်ခွာသွားကြ၏။

သူတို့နောက်တွင်ကား စွန်ချန်းတို့က ထက်ကြပ်မကွာ လိုက်ကြလေ၏။



စွန်ချန်းမှာ ရောင်ချွန်းတို့ စကားပြောသည်ကို မကြား သော်လည်း ဝတ်ရုံဝတ်ထားသော အခြားသူမှာ မျောက်ပါးစပ်ရှာဘားဖြစ်ကြောင်း သိ၏။

မကြာမီတွင် ရောင်ချွန်းတို့သည် မြစ်ကမ်းစပ်သို့ ရောက်လာ၏။

ထိုနေရာတွင် ဝင်းထရံခိုင်ခံ့စွာ ခက်ထားသော ဥယျာဉ်ကြီးတစ်ခုရှိ၍ အလယ်တွင် အဆောက်အအုံ တစ်လုံးကို မြင်ရ၏။

* * *

ရှေ့ဆုံးမှ မီးတုတ်ကိုင်ထားသူသည် ဝင်းတံခါးကို သော့နှင့်ဖွင့်ကာ ရောင်ချွန်းတို့လူစုအားလုံး ဝင်ပြီးသောအခါ၌ ပြန်ပိတ်လိုက်၏။

သို့ဖြင့် စွန်ချန်းတို့မှာ ဆက်၍မလိုက်နိုင်တော့ဘဲ အပြင်ဘက် ချောင်ကောင်းသောနေရာဝယ် ထိုင်၍စောင့်နေကြ၏။

ဥယျာဉ်တွင်း၌ကား မီးရောင်များသည် ဟိုရှေ့သည်ရှေ့နှင့် ဖြစ်နေကြ၏။

ခဏကြာလျှင် ဥယျာဉ်တွင်းမှ လူများ ပြန်ထွက်လာပြီး အပြင်ရောက်သည်နှင့် တစ်ပြိုင်နက် ရောင်ချွန်းနှင့် မျောက်ပါးစပ် ရှာဘားတို့သည် တစ်ဦးနှင့် တစ်ဦး နှုတ်ဆက်ကာ အိမ်သို့ အသီးသီး ပြန်သွားကြ၏။

သူတို့၏ခြေသံတိတ်သွားမှ စွန်ချန်းမှ နေရာမှ ထကာ ဥယျာဉ်ဝင်းထရံနားသို့ သွားလေ၏။

ဝင်းထရံနားသို့ ရောက်လာလျှင် ထွန်မင်ရှမ်းက ခါးကုန်း ပေးနေခိုက် စွန်ချန်းသည် ထွန်မင်ရှမ်း၏ ခါးပေါ်မှ တစ်ဆင့် ထိုဝင်းထရံပေါ်သို့ တက်လိုက်၏။ အပေါ်ရောက်လျှင် အောက်သို့ ပြန်ငုံ့ကြည့်ပြီး ဘန်တိတ်အား....

'မင်းလဲ တက်လိုက်ခဲ့ဟေ့၊ ဒီပေါ်ကိုရောက်ရင် မင်းက ဒီပေါ်မှာ ဝပ်နေ၊ တစ်ခုခုဖြစ်ရင် ငါ့ကို ကူညီဖို့မမေ့နဲ့'

စွန်ချန်း ဥယျာဉ်တွင်းသို့ ခုန်ချလိုက်သည်။

ညအမှောင်ထုသည် ထူးကဲစွာ မှောင်မိုက်နေ၏။ အိမ်ဆီမှလည်း မီးရောင်ကို မမြင်ရပေ။

လေသည် ဥယျာဉ်တွင်းရှိ ချုံကြိုချုံကြားတို့တွင် ပြေးလွှားနေကာ မြစ်ကမ်းဘက်တွင်မူ လှိုင်းများလည်း တဝုန်းဝုန်းရိုက်နေ၏။ လှိုင်းသံမှအပ အခြား မည်သည့် အသံမှ မကြားကြရပေ။

စွန်ချန်းသည် ချုံတစ်ခုကြားထဲသို့ ကျရောက်သွားကာ ခြေထောက်မှာကား မာကျောသော မြေပြင်ကို ထိတွေ့ရသောကြောင့် လမ်းတစ်ခုပေါ်သို့ ရောက်နေပြီဟု တွက်ဆမိ၏။

ကျသောနေရာတွင်ပင် ခေတ္တရပ်နေကာ အရေးအကြောင်းရှိလျှင် အသင့်ပြင်ရန် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခဲ့မိတော့သည်။

( ၂၆ )

## မှားယွင်းသောတိုက်ပွဲ

လမ်းမှာ အဆောက်အအုံငယ်လေးများဆီသို့ ဈေးရှူလျက်ရှိ၏။

အဆောက်အအုံအားလုံးလိုလိုပင် ပျက်စီး ယိုယွင်းနေသည်။

မြင်း ဝင်းတံခါးများကို တွေ့ရာ ပျဉ်ပြားများနှင့် ကာထား၏။

မြင်းဇောင်းများတွင်ကား မြင်းပင် ကစ်ကောင်တလေမျှ မရှိချေ။

အိမ်ကြီးမှာ လူသူကင်းမဲ့ဟန် ပုံသဏ္ဌာန်ကို ဆောင်လျက်ရှိသည်။

သို့သော်လည်း စွန်ချန်းသည် လက်မလျှော့ဘဲ အိမ်ပတ်ဝန်းကျင်သို့ လျှောက်ကြည့်ရာ မြစ်ဘက်ဆီသို့ မျက်နှာမူနေသောဘက်၌ အထပ်ထပ်တွင် မီးရောင်တစ်ခုကို လှမ်းမြင်ရသည်။

နောက်သို့ အနည်းငယ်ဆုတ်ပြီးကြည့်လိုက်ရာ အထပ်ထပ်တွင် သူတစ်ဦး လှုပ်ရှားနေသည်ကို တွေ့ရလေသည်။

စွန်ချန်းသည် မြင်းဇောင်းထဲ ရောက်စဉ်က လှေကားတစ်ခုကို လက်နှင့်စမ်းမိခဲ့သောကြောင့် လှေကားယူရန် မြင်းဇောင်းဘက်သို့ သွားလေ၏။

လှေကားများ တိုတောင်းသော်လည်း ထိပ်ဆုံး အထပ်ပေါ်တွင် ရပ်လိုက်သောအခါ၌ သူ့လက်သည် ပြတင်းပေါက်ရှိ သံတိုင်များကို လှမ်းမိသောကြောင့် သံတိုင် ကိုင်ထားသောလက်ကို အားပြုပြီး ကိုယ်ကို ဆွဲတင်ကာ အခန်းတွင်းသို့ကြည့်လိုက်၏။

အခန်းထဲတွင် လူနှစ်ဦးကို လှမ်းမြင်ရလေသည်။

တစ်ဦးမှာ ယင်ကဲ့ယန်း၏ဇနီးဖြစ်၍ ကျန် တစ်ယောက်မှာ အရပ်ရှည်ရှည်၊ အရွယ်ငယ်ငယ် လှပချောမောသော ကျင်ကျူး ဖြစ်လေ၏။

သို့ဖြင့် စွန်ချန်းသည် အပေါ်ဆုံး လှေကားထစ်ပေါ်သို့ ကိုယ်ကို လျှောချလိုက်ပြန်သည်။

ထိုအခိုက်တွင် အောက်နားဘက်ဆီမှ လူသံကြားရသောကြောင့် 'ဘယ်သူလဲ' ဟု တီးတိုး မေးလိုက်၏။



အောက်ဘက်မှလူက လေသံဖြင့် ပြန်လည် မဖြေကြားသည်။

'ဘန်တိတ်'

'ဘာကိစ္စလာတာလဲ'

'ဒီအိမ်ကို ချောင်းနေတဲ့ တခြားလူတွေရှိတယ်၊ ငါ အုတ်ဝင်းထရံပေါ်မှာ အလျားမှောက်နေတုန်း လူတွေ မှောင်ထဲမှာ သွားနေကြပြီး သူတို့ချင်း စကားပြောသံကို ကြားရတယ်'

'ဩော်.... ရောင်ချွန်းရဲ့ လူတွေ ပြန်လာတာ မဟုတ်ဘူးလား'

'မဟုတ်ဘူး၊ အခုလူတွေက အဖြူရောင် ဝတ်စုံတွေနဲ့၊ အမှောင်ထဲမှာဆိုတော့ အဖြူရောင်ကို မြင်နေရတာပေါ့'

'ဟာ.... ဒါဆို တို့တွေ မြန်မြန်လစ်မှထင်တယ်၊ ဒီမှာကြာကြာနေဖို့ မကောင်းဘူး၊ အိမ်ထဲမှာ ရောင်ချွန်းကြီးရဲ့ မားသမားတွေ ရှိတယ်၊ အပြင်မှာရှိတဲ့ အဖြူရောင်ဝတ်တွေနဲ့ တိုက်ကြရင် တို့က အခြောက်တိုက် မြေဇာပင်ဖြစ်နေလိမ့်မယ်၊ ကိုင်း.... တို့တွေ သွားကြစို့ကွာ'

စွန်ချန်းသည် လှေကားအား မြင်းဇောင်းထဲသို့ ပြန်လည်သွင်းပြီး ဝင်းထရံဘက်ဆီသို့ လျှောက်ခဲ့၏။

လေးမင်းမှာ ဘန်တိတ်၏ နေရာဖြစ်သော ဝင်းထရံပေါ်တွင် အလျား မှောက်နေပြီး လက် လှမ်း ပေးသောကြောင့် နှစ်ယောက်သား ဝင်းထရံကိုကျော်ကာ တစ်ဖက်သို့ ခုန်ချလိုက်ရ၏။

အပြင်ရောက်လျှင် စကားမပြောရသေးဘဲ ယခင်က ထိုင်နေခဲ့သည့် နေရာသို့ သွားထိုင်ကြကာ စွန်ချန်းက လေးမင်းအား....

'ကိုင်း....မင်းက မျောက်ပါးစပ်ရွာကို အမြန်သွား၊ ရသမျှလူတွေစုပြီး ဒီနေရာကိုခေါ်ခဲ့၊ တကယ်လို့ တို့လူတွေကို အဆင်သင့် ရှာမတွေ့ဘဲ မိုးလင်းခါနီးထိ နောက်ကျနေမယ်ဆိုရင် ဒီနေရာကို မလာခဲ့နဲ့၊ မြို့စွန်ကိုထွက်ခဲ့၊ ဘန်တိတ်နဲ့ ငါနဲ့က ဒီမှာစောင့်နေမယ်'

ထိုအခါ လေးမင်းက အလျင်အမြန် ထွက်သွားလေသည်။

စွန်ချန်းနှင့် ဘန်တိတ်တို့သည် ဥယျာဉ် ဝင်းထရံအတိုင်း ကပ်ကာ အထဲသို့ လှမ်းပြီး ထောက်လှမ်း ကြည့်ရှုနေကြလေသည်။

သို့သော်လည်း ဘာမျှ မတွေ့ရပေ။

မြစ်ဘက်ကျသော ဝင်းထရံမှာ ရေစပ်နှင့်နီးသောကြောင့် စွန်ချန်းတို့သည် ထိုနေရာတွင် အေးမြသောရေကိုဖြတ်လျှောက်နေကြရ၏။

ထိုစဉ် ဝင်းထရံနားတွင် လူတစ်ယောက်၏ အရိပ်ကို မြင်ရသည်။

ထိုလူသည် မတ်တတ်ရပ်ပြီးလျှင် လက်နှင့် အချက်ပြလျက်ရှိ၏။

သူ ထိုင်ချလိုက်သောအခါ မလှမ်းမကမ်းရှိ လူတစ်ယောက်က ထပြီး အချက်ပြပြန်၏။



သို့ဖြင့် အိမ် ဝင်းထရံ ပတ်လည် တစ်လျှောက်လုံးတွင် အချက်ပြများကို တစ်ယောက်ပြီး တစ်ယောက် တွေ့နေရလေသည်။

စွန်ချန်းတို့လည်း နောက်ကျောဘက်တွင် မြစ် ရှိနေသဖြင့် ရန်သူ၏ မြင်ကွင်းကျနေသောကြောင့် ယခင် ပုန်းအောင်းရာ နေရာသို့ ပြန်သွားကြလေ၏။

ပုန်းကွယ်ရာသို့ရောက်ကြလျှင် စွန်ချန်းက....

'ဘန်တိတ် မျောက်ပါးစပ်ဆီကို မြန်မြန် ရောက်လာပါစေလို့ ဆုတောင်းရတာပဲ'

'ဘာဖြစ်လို့ ဒါလောက် အရေးကြီးနေတာလဲကွ'

'အို....ဟိုအိမ်ထဲမှာ ငါ့ရည်းစားရှိတယ်၊ အခုအိမ်ကို ဝိုင်းနေတဲ့လူတွေဟာ သူ့ရန်သူတွေဖြစ်မှာပဲ'

'ဒါဖြင့်လဲဘန်တိတ်ပြန်လာရင် ကောင်းကောင်းတိုက်ရမှာပေါ့၊ တို့လူတွေ အနည်းဆုံး နှစ်ဆယ်လောက်တော့ ရောက်လာမှာပဲ၊ ဒါပေမယ့် မင်းရည်းစားဟာ အခု ရောင်ချွန်းရဲ့ လက်ထဲမှာပဲကွ၊ သူ့ဆီကနေပြီး ကောင်မလေးကို တခြားလူတွေက လုပ်ကြံဦးမ ထင်တယ်၊ ဒီအဖြူရောင်ဝတ်တွေဟာ ဘယ်သူတွေများပါလိမ့်'

'ကျုပ်တော့ မျောက်ပါးစပ်ရွာစားရဲ့ လူတွေပဲထင်တယ်၊ ဒီကောင်တွေဟာ ဘယ်တုံးက ရောက်နေကြတာလဲ'

'မင်းလဲ ဥယျာဉ်ဝင်းထဲ ခုန်ချပြီးရော၊ သူတို့ကိုငါစမြင်ရတာပဲ'

ထိုအချိန်တွင် ဥယျာဉ်အတွင်းရှိ အိမ်ပေါ်ထပ်မှမီးရောင်ကို မမြင်ရတော့ပေ။

သို့သော်လည်း ဥယျာဉ်တွင်းရှိ ချောင်းမြောင်းနေသူများက မည်သည့်အချိန်တွင် တိုက်ခိုက်ကြမည်ကို မမှန်းဆနိုင်ပေ။

စွန်ချန်းမှာ ကျင်ကျူးအား မျောက်ပါးစပ်ရှာစားထံ ရောက်သွားခြင်းထက် ရောင်ချန်း၏ လက်တွင်ရှိနေခြင်းအား ပို၍ ကြိုက်၏။

ထို့ကြောင့်သူသည် တိုက်ပွဲစသည်နှင့်တစ်ပြိုင်နက် ချောင်းနေသော ရန်သူကို ချေမှုန်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။

အချိန်မှာ တရွေ့ရွေ့ ကုန်လျက်ရှိ၏။

သို့သော်လည်း ထူးခြားသော လှုပ်ရှားမှုကိုကား မမြင်ရသေးပေ။

ချောင်းနေသော သူများသည် ယခင်ကနည်းအတိုင်း အချင်းချင်းအချက်ပြလျက်ရှိကြ၏။

ဥယျာဉ်တွင်းရှိ အိမ်မှာကား ဆိတ်ငြိမ်လျက်ရှိကြသည်။

မကြာမီအတွင်း စွန်ချန်း၏ မျောက်ပါးစပ်မှလူများ သုံးဆယ်ခန့် ရောက်လာကြ၏။

ရောက်လာသူများကို နှစ်စုခွဲပြီး တစ်စုကို ဘန်တိတ်အား အုပ်ချုပ်စေပြီး လူနည်းစုကိုမူ သူကိုယ်တိုင် အုပ်ချုပ်၏။

"ဟော့....မင်းက မြစ်ဘက်ကျတဲ့ အုတ်ဝင်းထရံထောင့်မှာ စောင့်နေ၊ ငါတို့က ဟိုဘက်ထောင့်ကိုရောက်အောင် စောင့်နေရမယ်၊ အဲဒီဘက်မှာ ရန်သူ့ရဲ့ခေါင်းဆောင် ရှိလိမ့်မယ်၊ ခေါင်းဆောင်ကျသွားရင် ကျန်တဲ့လူတွေ ထွက်ပြေးမှာပဲ၊



ပြေးချင်ပြေးပေစေ၊ မလိုက်နဲ့၊ နောက်ပြီးတော့ မင်းတို့လေးနဲ့ မြားကို မသုံးရဘူး၊ ကိုယ့်အချင်းချင်း မှန်ကုန်လိမ့်မယ်၊ ဓားနဲ့ပဲ တိုက်ကြ၊ စေ့စေ့စပ်စပ်လုပ်ကြကွာ၊ နိုင်လို့ရှိရင် မင်းတို့ကို ငါဆုချမယ်"

မြားနီဂိုဏ်းခေါင်းဆောင် တိတ်ဝှက် စုဆောင်းထားသော သူခိုး၊ ဓားပြ၊ လူပေလူတေ လူမိုက်များအနက် အတွေ့အကြုံရှိပြီး သတ္တိကောင်းသူအချို့သည်လည်း စွန်ချန်းနှင့်လိုက်ရန် သဘောတူကြသည်။

လူသူအားလုံးမှာ မျောက်ပါးစပ်ထဲတွင် ရောင်ချန်းအား ချောင်းရမြောင်းရလွန်းသောကြောင့် ပျင်းရိငြီးငွေ့နေကြရာ ယခု လှုပ်လှုပ်ရှားရှားနှင့် တိုက်ပွဲဝင်ရတော့မည်ဖြစ်၍ ပျော်ပျော်ပါးပါး အသင့်ဖြစ်ကြလေ၏။

အားလုံးသည် အစိမ်းရောင် ယူနီဖောင်းကိုဝတ်ထားပြီး ခါးတွင် ဓားရှည်ကြီးများကို ချိတ်ထားကြသည်။

ခေါင်းပေါ်တွင် အဝတ်စတစ်ခုအား ပတ်ထား၍ ဓားမြောင်များကိုလည်း ကိုင်ဆောင်ထားကြသည်။

စွန်ချန်းသည် သတ်မှတ်ထားသော ထောင့်သို့ရောက်သောအခါ သူ့လူများအား အုတ်နံရံ အနီးတွင် စီခိုင်းထားသည်။

သူကိုယ်တိုင်ကမူ ရွှေနားတစ်နေရာတွင် နေရာယူ၏။

ပြီးလျှင်ပြီးချင်း အသံကုန်ဟစ်ကာ ရန်သူဘက်ဆီသို့ တစ်ဟုန်ထိုးဝင်တိုက်ကြတော့သည်။

မြေပေါ်ဝယ် လဲလျောင်းပြီး ဖြန့်နားသော ရန်သူများမှာ ရုတ်တရက် ချောင်းမြောင်းပြီး အတိုက်ခံရသောကြောင့်

ကြောက်ကြောက်ရွံ့ရွံ့နှင့် နေရာမှထကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြ၏။

ထိုအခိုက်တွင်ပင် တစ်ဖက်တောင့်မှ ဘန်တိတ်၏ လူများက လည်း ပြောသံပေးပြီး ပြေးဝင်လာသောကြောင့် ရန်သူများ မှာ နှစ်ဖက်ညှပ်အတိုက်ခံရပြီထင်၍ ခွေးပြေးဝက်ပြေး ဖရို ဖရဲပြေးကြရတော့သည်။

ဤသို့ဖြင့် မြားနိဂိုဏ်း ဘပ်သားအနည်းငယ်ခန့်သည်လူဦး ရေများသော ရန်သူအား အုတ်နံရံနှင့် မြစ်၏အကြားဌ် သုတ် သင် ချေမှုန်းကြလေ၏။

ရန်သူဘက်မှာမူ ထွက်ပြေးသူပြေး၊ သေသူသေ ဖြစ်နေ ကြသော်လည်း ရန်သူ၏ ဦးရေမှာ မှောင်မိုက်ထဲ၌ မမြင်မကန်း နှင့် ခုတ်ထစ်တိုက်ခိုက်နေကြလေသည်။

ရန်သူမှာ လက်နက်အင်အားကောင်းသောကြောင့် ထင် သလောက် တိုက်ခိုက်ရန် မလွယ်ကူလှပေ။

စွန်ချန်းတစ်ဦးတည်းကိုပင် ရန်သူ ဦးလေးဦးက ဝိုင်း တိုက်နေ၏။

ပထမလူအား အနိုင်တိုက်လိုက်နိုင်သော်လည်း ကျန်လူ နှစ်ယောက်က ဒေါ့တိုးလာကာ စွန်ချန်းတို့ နှစ်ယောက်အား ဓားနှစ်လက်နှင့် ခုခံနေရသည်။

ထိုနှစ်ဦးအနက် တစ်ယောက်မှာ ကိုယ်ခန္ဓာ ထွားကျိုင်း တောင့်တင်းသူဖြစ်၍ နှစ်ဖက်သွား တပ်ထားသော ဓားနှင့် တိုက်ခိုက်နေသဖြင့် စွန်ချန်းမှာ ထိုသူအား တိုက်ခိုက်ရသည် မှာ ခက်ခဲပင်ပန်းနေရ၏။



ဒုတိယလူမှာမူကား စွန်ချန်း၏ဓားချက်ကို မခုခံနိုင်ဘဲ ဒဏ်ရာရရှိပြီး အနာဘရ ဖြစ်နေဟန်ရှိ၏။

ထွားကျိုင်းသူ နှစ်ဖက်သွားနှင့် ဓားသမားသည်လည်း အပြင်းအထန် ဆက်လက်တိုက်ခိုက်နေလေ၏။

စွန်ချန်းလို ဓားသမား၏ ဓားရေးအား ခက်ခက်ခဲခဲ ကျပ်ကျပ်တည်းတည်း ခုခံကာကွယ်နေရသည်။

ထိုဓားသမားက ဓားကွက်များ စုံလင်စွာနှင့် တိုက်ခိုက် သည်။

စွန်နွတ်သီး၊ ကျားလျှာ၊ မျောက်လက်စသော သိုင်းကွက် များကို တစ်ခုပြီးတစ်ခု ထုတ်သုံးပြီး တိုက်၏။ စွန်ချန်းက လည်း မောပန်းနေသည့်ကြားမှ အတွင်းအားများကိုစုစည်း ပြီး ခံနေရသည်။

ခဏကြိမ်တွင် ဓားသမားကြီး၏ နှစ်ဖက်သွား ဓားကြီး မြောက်တက်လာသည်အား ရိပ်ခနဲ တွေ့လိုက်ပြီး သူ့ထံ အရှိန် နှင့် ကျရောက်လာလေသည်။

စွန်ချန်းလည်း လျင်မြန်စွာ လျှပ်တစ်ပြက်ခုန်ပြီး ရှောင် လိုက်ရ၏။

ထိုအခါ ဓားသမားကြီးမှာ အရှိန်လွန်ပြီး တစ်ကိုယ်လုံး အောက်သို့ ငိုက်ဆင်းသွားသည်။

ဤတွင် စွန်ချန်းက သူ၏ဓားဖြင့် လှမ်းပက်လိုက်ရာ ထို ဓားသမား အသံတစ်ချက် အင့်ခနဲထွက်သွား၏။

သို့သော်လည်း ဓားနှင့်ဆင့်၍ ခုတ်ချလိုက်ရာ ရန်သူမှာ မြေပေါ်သို့ ပြားပြားဝပ် လဲကျသွားလေတော့၏။

ထိုစဉ် သူ့အား နောက်ထပ်ရန်သူတစ်ဦးက ရှတ်တရက် ဝင်ရောက်တိုက်ခိုက်လာပြန်သည်။ ကိုယ်ခန္ဓာမှာ စွန်ချန်းခန့် လောက်ပင်ရှိ၏။

ရန်သူ၏လက်၌ ဓားတိုတစ်ချောင်း၊ ဓားရှည်တစ်ချောင်း ကိုင်ဆောင်ထားကာ တိုက်လေသည်။

ထို့ကြောင့် ထိုရန်သူအား လွယ်လွယ်နှင့် တိုက်ခိုက်၍ မရပေ။

အတန်ကြာတိုက်သော်လည်း တစ်ဦးနှင့်တစ်ဦး ရှုံးအောင် မတိုက်နိုင်ကြသေးဘဲရှိ၏။

သို့သော် အသက်ကြီးလာဟန်ကူသောရန်သူမှာ မောဟိုက် လာပုံရ၏။

စွန်ချန်းကမူ အမောလုံး၍ ကြံ့ခိုင်သူတစ်ဦးဖြစ်၍ တိုက် အားက မကျသေးဘဲရှိသည်။

သူတို့နှစ်ဦးမှာ တိုက်ရင်းခိုက်ရင်းနှင့် မြစ်ကမ်းစပ်သို့ ရောက်ရှိသွားကြ၏။

ကမ်းစပ်၌ ရှတ်တရက် မြေနိမ့်တစ်နေရာအား စွန်ချန်း နင်းလိုက်မိသည်နှင့် ကိုယ်ဟန်ပျက်သွားရာ ထိုရန်သူ ဓား သမားကြီးက စွန်ချန်းအား ဓားရှည်နှင့် အပေါ်မှ ဆီး၍ ခုန်လျက်ခုတ်ချသည်။

သို့သော် ကံကောင်းချင်၍ထင်၏။

မြစ်ထဲမှ ဒီရေတစ်လုံးက ရိုက်ချလိုက်သဖြင့် ဓားသမား ကြီးမှာ လိုရာသို့မရောက်ဘဲ စွန်ချန်း၏ ဘေးသို့ရှပ်၍ မြေကြီး အား ခုတ်မိသွားသည်။



စွန်ချန်းက လဲနေရာမှ ဓားကိုဆတ်ပြီး ခတ်ထုတ်လိုက် သည်။

ဓားသွားက ရန်သူ၏ ရင်ဘတ်အား ဆွဲဖြတ်သွားသဖြင့် ရန်သူမှာ လန့်ပြီး 'အမား' ခနဲအော်လျက် ရေထဲသို့ ကျသွား သည်။

ဒီရေတက်လာသည့်ကမ်းစပ်မှာ ရေတိုက်လွှမ်းနေသည်။

ရန်သူက ရှတ်တရက် ချော်မှုန်းနေ၍ ပြန်ထလာနိုင်ဘဲရှိ သည်။

စွန်ချန်းက ခုန်၍ထပြီး ရန်သူ့လည်မျိုကိုဓားနှင့်ထောက် လိုက်၏။

'ဟေ့ကောင်....အရှုံးပေးပြီလား'

ရန်သူမှာရေမွန်းပြီး ဓားလည်းလွင့်သွားပြီဖြစ်၍စွန်ချန်း အား မျက်လုံးပြူးလျက် မော့ကြည့်သည်။

'ဘယ်လိုလဲ၊ အရှုံးမပေးဘူးလား'

စွန်ချန်း ထိုရန်သူအား အနိုင်ရနေပြီဖြစ်၍ မသတ်ချင် သဖြင့် ဓားဦးအား စိုက်ပြီး မေးမြန်းလိုက်သည်။

'အား....အား....အရှုံးပေးပါပြီ၊ မလုပ်ပါနဲ့၊ အသက် ချမ်းသာ ပေးပါ'

တိုက်ပွဲရှုံးသော ရန်သူက စွန်ချန်းအား တောင်းပန်နေ သည်။

ထိုစဉ်၌ သောင်ခုံပေါ်ဝယ် တိုက်ပွဲများပြင်းထန်နေဆဲပင် ဖြစ်၍ ဓား,ဓားချင်း ခုတ်မိသောကြောင့် တချွင်ချွင်မြည်သံ၊

ဒဏ်ရာရရှိသူတို့၏ ညည်းညူသံ၊ ညာသံပေးပြီး တိုက်ခိုက်နေသံတို့ဖြင့် ပွက်လောညံလျက်ရှိ၏။

'ဒါဆို မင်းတို့ခေါင်းဆောင် ဘယ်မှာလဲ'

'ခေါင်းဆောင်က ကျုပ်ပဲ'

'ဒါဖြင့် ဓားသမားတွေကို တိုက်ပွဲအရပ်ခိုင်းပြီး အရှုံးပေးပစေ'

စွန်ချန်းက အမိန့်ပေး ခြိမ်းခြောက်လိုက်သဖြင့် ရန်သူတို့၏ ခေါင်းဆောင်မှာ သူ့လူများဘက်သို့ ချက်ချင်းလှည့်ပြီး....

'ဟေ့....ငါ့လူတွေ အားလုံး လက်နက်ချကြစမ်း၊ ဒီမှာ ငါ့ကို မိနေပြီကွ၊ အရှုံးမပေးရင် ငါ သေရလိမ့်မယ်'

ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

သောင်ခုံပေါ်မှတိုက်ပွဲမှာ မီးကို ရေနှင့် သတ်လိုက်သလို ငြိမ်းသွားလေ၏။

'ဟေ့....တို့လူတွေကော ဘယ်သူတွေ ကျသေးလဲကွ'

'တစ်ယောက်မှ အထိအခိုက်မရှိဘူး'

ဓားသမားတစ်ဦးက ပြန်လည် ဖြေကြားသည်။ ထိုစဉ် ရန်သူ၏ခေါင်းဆောင်က စွန်ချန်းအား မေးသည်။

'ခင်ဗျားတို့ထဲမှာ လူကုံထံရောင်ချန်းပါသလား'

ရန်သူခေါင်းဆောင်မှာ အံ့အားကြီး သင့်သွားပြီး စွန်ချန်းကို ကြည့်၏။

'အို....ဒါဖြင့် ခင်ဗျား ရောင်ချန်းရဲ့လူ မဟုတ်ဘူးပေါ့'

'ဘယ်က ဟုတ်ရမှာလဲ'



'ဒါဆို ကျုပ်ကို ဘာဖြစ်လို့တိုက်ရတာလဲ၊ ခင်ဗျား ဘယ်သူလဲ'

စွန်ချန်းက အံ့ဩမှင်တက်နေမိလေသည်။

'ဆရာ... ဒီလူတွေဟာ ရောင်ချန်းရဲ့လူတွေ မဟုတ်ဘူးဆိုရင်တော့ သူတို့နဲ့ ကျွန်တော်တို့တိုက်တာဟာ မှားတာပဲ၊ အခုတောင် ဥယျာဉ်ဝိုင်းထဲမှာရှိတဲ့ ရောင်ချန်းရဲ့လူတွေဟာ မျောက်ပါးစပ်ရွာကိုလုမ်းပြီး အကူအညီတောင်းနေလောက်ပြီ၊ မကြာခင် ကျွန်တော်တို့ နှစ်ဖွဲ့လုံး အတိုက်ခံရတော့မှာပဲ၊ ဒီမှာ ကြာကြာနေလို့ မတော်ဘူး၊ ပြန်ဆုတ်မှဖြစ်မယ်'

ရန်သူတစ်ဦးက ခေါင်းဆောင်ဖြစ်သူအား ပြောနေလေသည်။

'အေး....မင်းပြောတာ မှန်တယ်'

ခေါင်းဆောင်က သူ့လူ၏စကားအား ထောက်ခံကာ စွန်ချန်းဘက် လှည့်ပြီး ...

'ဘယ်ဘက်ကိုဆုတ်ရင် ကောင်းမလဲဗျ'

'ဟုတ်တယ်....တစ်ခုတည်း ဆုတ်လို့တော့ မကောင်းဘူး၊ ခင်ဗျားက ခင်ဗျားလူတွေ ခေါ်သွား၊ ကျုပ်က ကျုပ်လူတွေကို ခေါ်မယ်၊ ခင်ဗျားကြိုက်တဲ့ နေရာကိုပြော၊ နောက်ပြီး ပြန်ဆုံကြရအောင်'

'ကောင်းတယ်....မနက်ဖြန်ကျရင် အရှိုးဖြူအရပ်မှာ ဆုံကြစို့၊ ကိုင်း....လာကြဟေ့၊ ငါ့လူတွေအားလုံး လာကြ'

ပြောပြောဆိုဆိုနှင့် သူ့လူများကိုခေါ်ကာ ထွက်သွားလေသည်။

ထိုအခိုက် စွန်ချန်းသည် အုတ်တံတိုင်းနားသို့သွားပြီး တစ်ဖန် တက်ပြီး လေ့လာအကဲခတ်လေရာ အိမ်အပေါ်ထပ် အပေါက်တစ်ခုမှ မီးရောင်တစ်ခု ထိုးထွက်နေသည်အား မြင်ရလေ၏။

ထိုမီးရောင်မှာ မျောက်ပါးစပ်ရွာမှ လှမ်းမြင်နိုင်သည်ဖြ ရာ မကြာမီ သည်နေရာသို့ ရောင်ချန်း၏ဓားသမားတို့ ရောက်ရှိလာတော့မည်ဟု ထင်မှတ်နေလေသည်။

သူသည် မြေကြီးနားသို့ကပ်၍ နားထောင်ကြည့်ပြန်ေ မျောက်ပါးစပ်မှ မြင်းများစိုင်းနှင်လာသံကို ကြားရသလိုလ ရှိ၏။

ထို့ကြောင့် မြစ်ဘက်သို့ ပြန်လျှောက်လာကာ ရန်သူ့ အလောင်းများအား မြစ်ထဲသို့ ဆွဲချဖျောက်ဖျက်ရန် အမိန့် ပေးလိုက်သည်။

မကြာမီ မျောက်ပါးစပ်ရွာဘက်မှ မြင်းများ ၃၀-၄၀ ခန့် ဒုန်းစိုင်းနှင်လာသည်အားတွေ့ရပြီးမြစ်အနီးရှိ ဥယျာဉ်နှင့် အိမ်အိုကြီးမှာကား တိတ်ဆိတ်ငြိမ်သက်မြဲ တိတ်ဆိတ်နေလေသည်။

ထို့ကြောင့် စွန်ချန်းနှင့် သူ့လူများသည် ဆိတ်ငြိမ်စွ ဆုတ်ခွာလာကြပြီး မြစ်ဆိပ် အရက်ဆိုင်ကြီးတစ်ခုတွင် ကို ယောင် ဖျောက်လိုက်ကြတော့သည်။

စာစဉ် (၁) ပြီး

ရဲရန်အော